


www.burmeseclassic.com
BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

## မိုးနဂါးကွန်ချာ သိုင်းဝိဇ္ဇာ

ကျောက်သားပြင်ပေါ်သို့ တစ်စက်ချင်း ကျနေသော ရေပေါက်တစ်ပေါက်၏အသံမှာ မကျယ်လောင်လှပါ။

သို့သော် တိတ်ဆိတ်သော ဂူကြီးတစ်လုံးထဲတွင် ဖြစ်သောကြောင့် ထိုရေစက်ကျသံသည် လုံဘုန်းယိနားထဲတွင် အုံးမောင်းခေါက်သံကဲ့သို့ ကြားနေရသည်။

'တောက်'

'တောက်'

သူ၏ခေါင်းမှာ ကိုက်ခဲရိဝေနေသောကြောင့် ဂူအမိုးပေါ်မှ ကျောက်သားပြင်ပေါ်သို့ ကျသည့်ရေစက်သံမှာ သူ၏ခေါင်းကို တူနှင့်ထုနေသကဲ့သို့ ထင်မှတ်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



'အား'

သူသည် စိတ်ရှိလက်ရှိ အသံကိုညှစ်ကာ အော်ပစ်လိုက်မိလေတော့သည်။

သူ့အော်သံသည် လိုဏ်ဂူပြင်ပမှ ပဲ့တင်ထပ်ကာ ဂူထဲတွင် အထပ်ထပ်ကြားနေရလေသည်။

တကယ်တော့ သူ သေသွားဖို့ကောင်းပြီ။

လောကတွင် သေချင်သူများထဲ၌ လိုကျွန်းယိုပါလေသည်။

သူ့ခန္ဓာကိုယ်တွင် ရရှိထားသော အတွင်းဒဏ်ရာများက ကျက်ဆက်ကင်း မပျောက်ကင်းနိုင်တော့မည် မဟုတ်ကြောင်းကို သူ သိလေသည်။

'ငါ ဘာလို့အသက်ရှင်နေရသေးတာလဲ၊ ငါ့ရဲ့အသက်ရှင်မှုဟာ ငါ့အားလုံးအတွက် ဆင်းရဲခြင်းပဲ'

သူသည်မျက်လုံးကိုမှိတ်ကာ ထိုသို့စဉ်းစားလိုက်မိလေသည်။

သို့သော် ထိုသားနှင့်ယောက်ဥ်ကြောင့်ပင် သူသည် ကိုယ့်ကိုယ်ကို သတ်မသေဖြစ်ခြင်းပင်။

ဘဝ၌ သူ၏ ရှုံးနိမ့်ရခြင်းမျိုးလောက် မည်သူတစ်ဦးတစ်ယောက်မျှ ရှုံးနိမ့်ဖူးမည် မထင်ပေ။

တစ်ချိန်ကတော့ သူသည် မီးနဂါးကွန်ချာ သိုင်းဇတ္တာသမားကြီး တစ်ဦးအဖြစ် သိုင်းလောက၌ ထင်ရှားခဲ့၏။

BURMESE CLASSIC .com



သူ့ဇနီး လင်းခရွှေးရှိစဉ်ကတော့ သူ့ဘဝသည် လှပသာယာခဲ့သည်ဟု ဆိုရပေမည်။

သူသည် အတိတ်မှဖြစ်ရပ်များကို ပြန်လည်မြင်ယောင်လာမိသည်။

ယင်ချုန်တောင်ကုန်းဒေသပေါ်သို့ လူငယ်လေးတစ်ယောက် တက်လာသည်။

သူသည် အိမ်တွင်နေ၍မရသောကြောင့် ထွက်လာရသော လူငယ်လေးတစ်ဦးဖြစ်၏။

သူ့အိမ်မှာ ကြီးမားလှသော လူကုံထံတို့၏စံအိမ်ကြီးဖြစ်၏။

သို့သော် သူ့အဖေက သူ့အမေဆုံးပြီးနောက် နောက်အိမ်ထောင်ပြုလိုက်သောအခါတွင် မိန်းမဘက်မှ သားသမီးများက သူ့ကို လက်မခံလိုကြတော့။

သူ့အဖေ လုံးကောင်းချုန်သည် အသက်ငါးဆယ်အရွယ်တွင် ဇနီးဖြစ်သူ ယန်ချီသေဆုံးသွားသောကြောင့် နောက်အိမ်ထောင်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည့် မုယုယုဆိုသော မိန်းမတစ်ယောက်နှင့် လက်ထပ်လိုက်လေသည်။

မုယုယုမောင် ခီမင်းနှင့် သူမ၏သား စီရှန်းတို့ ပါလာကြသည်။

ခီမင်းသည် နေဘီလူးသိုင်းဂိုဏ်းမှ ဂိုဏ်းဝင်တစ်ဦးဖြစ်သည်။ ခီမင်းကို သူ့သားမတော် သူ့အဖေကပါ ထိတ်လန့်နေရသည်။

သူ့အဖေ၏စံအိမ်ကြီးထဲတွင် ထိုမိသားစု ရောက်လာပြီးကတည်းက သူ့အတွက် ကံဆိုးမိုးမှောင်ကျလာသည်ဟု ဆိုရပေမည်။

လက်ထပ်၍ အိမ်သို့ပြောင်းလာပြီး နောက်တစ်နေ့မှာပင် ခီမင်းသည် လုံကျန့်ယိနေထိုင်သည့် အခန်းကျယ်ကြီးကို အပိုင်စီးဖို့ ကြံလေသည်။

'လုံကျန့်ယိ ထွက်မေ၊ မင်းကလူငယ်ပဲ၊ ဟိုမီးဖိုဘက်က အခန်းကျဉ်းကိုပြောင်း၊ ငါ ဒီအခန်းမှာနေမယ်'

လုံကျန့်ယိမှာ စိတ်ထဲတွင် ဒေါသ ထောင်းခနဲဖြစ်မိသည်။

'ဒီအိမ်မှာ အခန်းတွေ အများကြီးပဲဗျာ၊ ဒါ ကျုပ် တစ်သက်လုံး နေလာခဲ့တဲ့အခန်း၊ ဒီအခန်းကိုတော့ ဖယ်မပေးပါရစေနဲ့'

ထိုစဉ်က လုံကျန့်ယိ၏အသက်မှာ ရှစ်နှစ်ခန့်သာ ရှိသေးသည်။

သူသည် စာပေပညာကို ဝါသနာပါ၍ သိုင်းပညာလည်း ယခုမှ လေ့လာဆည်းပူးဆဲသာ ရှိသေးသည်။



တကယ်တော့ လုံကျန့်ယိမှာ ကြားဖူးနားဝဖြင့် လေ့ကျင့်ထားသော နှင်းပူတောင် သိုင်းပညာလောက်သာရှိ၏။

ထိုသိုင်းပညာမှာ အခြေခံအဆင့်တွင် ရန်သူကို တိုက်ခိုက်နည်း မပါ။ ခုခံကာကွယ်ရုံသာ ပါဝင်သည်။

'အောင်မယ်၊ မင်းကအကြီးကို ပြန်ပြောရသလား၊ တို့ဟာ မိသားစုဖြစ်သွားပြီ၊ မင်းထက်ငါက အကြီးပဲ၊ ဒီတော့ မင်း အခန်းပြောင်းလိုက်ဆိုရင် ပြောင်းလိုက်'

သူ့အိမ်ပေါ်သို့ရောက်လာ၍ သူ့အား ထိုကဲ့သို့ မောက်မာစွာ ပြောဆိုခြင်းကိုတော့ လုံကျန့်ယိက လက်မခံနိုင်ပါချေ။

'တခြားအခန်း နေချင်တဲ့နေရာနေဗျာ၊ ကျုပ်အခန်းကိုတော့ မဖယ်နိုင်ဘူး၊ ဒါအပြတ်ပဲ'

သူတို့နှစ်ဦး စကားအချေအတင် ပြောနေစဉ် သူ့အဖေနှင့် မုယုယုဆိုသော ဇနီးသစ်တို့မှာ ဧည့်ခန်းထဲတွင် ရယ်မောကာ စကားပြောဆိုနေကြ၏။

သူ့အဖေက သူ့အသံကိုကြား၍ ထမည်အပြုတွင် မုယုယုက သူ့အဖေ၏လက်ကို ဖိထားလိုက်သည်။

'အစ်ကိုချွန်း၊ သူတို့လူငယ်ချင်း စကားပြောနေပါစေ၊ ပြီးတော့ အစ်ကိုချွန်းရဲ့သားက အငယ်ပဲ၊ ကျန်မမောင်က အကြီးဖြစ်တယ်၊ ပြီးတော့ သူက လူငယ်တွေကို လိမ္မာအောင် ဆုံးမတတ်ပါတယ်'

မုယုယုမှာ သူ့မောင် ခီမင်းကို ယုံကြည်စိတ်ချသံဖြင့် ပြောလိုက်သည်။

သူ့အဖေမှာ ဇနီးသစ်ကလေး၏ဆန္ဒကို မလွန်ဆန်နိုင်ပေ။

www.burmeseclassic.com

www.burmeseclassic.com



'မင်းကော ခေါင်းမာရင်လဲ မင်းကိုငါ အခန်းထဲက ဆွဲထုတ်ပြီး နေရမှာပေါ့ကွာ'

'ကောင်မယ်၊ စော်ကားလို့'

'ကဲ…ခေါင်းမာချင်ဦးကွာ'

စီမင်းက လုံကျွန်းယိကို လက်ဖြင့်လှဲရိုက်လိုက်သည်။

လုံကျွန်းယိက ခေါင်းကိုအသာကလေး ငုံ့ရှောင်လိုက်သည်။

စီမင်းမှာ အရှိန်လွန်ကာ ကိုယ်တစ်ပတ်လည်သွားသည်။

အမှန်မှာ ယိုအချိန်မျိုးတွင် လုံကျွန်းယိက စီမင်း၏နံကြားကို ခြေဖျားကလေးနှင့် ထိုးလိုက်လျှင် အခန်းပြင်သို့ လွင့်ထွက်သွားနိုင်သည်ဖြစ်၏။

သို့သော် နှင်းပွင့်တောင် သိုင်းပညာတွင် ထိုအကွက်မျိုးအထိ လုံကျွန်းယိက မတတ်သေးချေ။

သူ့ရိုက်ချက်ကို အသာကလေးခေါင်းငုံ့ကာ ရှောင်တိမ်း ပေးလိုက်၍ စီမင်းမှာ အံ့အားသင့်သွားလေသည်။

'ဩော်…မင်းကငါ့ကို ယှဉ်ပြိုင်ချင်တဲ့ သဘောပေါ့ မင်း သိုင်းပညာ ဘယ်လောက်ရှိတယ်ဆိုတာ ကြည့်ရသေးတာပေါ့'

စီမင်းသည် ပြေးလာကာ လုံကျွန်းယိ၏မျက်နှာကို ခြေဖဝါး ဖြင့် ခုန်ကန်လိုက်သည်။

လုံကျွန်းယိသည် ထိုကန်ချက်ကို ဒူးတစ်ဖက်ထောက် သို့ ထိုင်ချ ကာ ကိုယ်ကိုစောင်းလှည့်၍ ရှောင်တိမ်းပေးလိုက်လေသည်။

အကယ်ဆိုလျှင် ခြေထောက်ဖြင့် ရှေ့သို့ချော်ကာ အားလွန် သွားသော စီမင်း၏ ဝမ်းဗိုက်ကို သူ့အောက်မှ ခြေထောက်ကို



မျှ ပင့်ကန်လိုက်လျှင် စီမင်းအထိနာကာ ပက်လက်လန်ကျသွား နိုင်လေသည်။

သို့သော်…

ရှောင်သာ ရှောင်တတ်၍ပြန်လည်တိုက်ခိုက်မှုမျိုးကိုမပြုတတ် သေးသော လုံကျွန်းယိမှာ ဘေးသို့ခုန်ထွက်ကာ ရပ်နေလိုက်လေ သည်။

'ခင်ဗျားလွန်လာပြီစီမင်း၊ ခင်ဗျားဟာ ကျုပ်အိမ်မှာလာပြီး ဒီလိုစော်ကားတာ မကောင်းပါဘူး'

'မင်းက သိုင်းသေး တစ်ကွက် နှစ်ကွက်-တတ်တာနဲ့ ငါ့ကို အနိုင်တိုက်ရမယ် ထင်တာကိုး၊ ကဲ ဒီတစ်ခါ ရှောင်ကြည့်ပါဦး'

စီမင်းက နဂါးလှူးသိုင်းကွက် ၃၉ ကွက်ထဲမှ ဘီလူးခြေ သိုင်းကွက်ကိုသုံးကာ ခြေထောက်ကို တစ်ချက်ပြီးတစ်ချက်ဆက် ကန်လိုက်သည်။

'အိုး'

'အိုး'

လုံကျွန်းယိသည် ပထမခြေကန်ချက်ကိုတော့ လွတ်အောင် ရှောင်တိမ်းနိုင်ပါသည်။

သို့သော်…

လုံကျွန်းယိ ရှောင်တိမ်းပုံကို သိနေသော စီမင်း၏ နောက် ထပ် ခြေကန်ချက်ကိုမူ လုံကျွန်းယိမရှောင်တိမ်းနိုင်တော့ပါ။

'ဘုတ်'

'အား'

www.burmeseclassic.com

www.burmeseclassic.com



စီမင်း၏ ခြေဖောင်းက လုံကျန်းယိ၏ ဝမ်းဗိုက်ကိုတည့်တည့် ဝင်သွားသည်။

လုံကျန်းယိ ခါးကုန်းသွားလေသည်။

နောက်တစ်ပတ်ပတ်ကာ ခြေထောက်ဖြင့် စီမင်း ထပ်ကန်လိုက်သောအခါတွင် လုံကျန်းယိ၏ မေးသို့ စီမင်း၏ခြေထောက်သာ တိတိကျကျပင် ပက်လိုက်မိလေတော့၏။

'ခွပ်'

'ဘုန်း'

'အား'

သည်တစ်ခါတော့ လုံကျန်းယိမှာ မေးစေ့ကို အကန်ခံလိုက်ရသည်ထက် ကြမ်းပြင်ပေါ်သို့ ပက်လက်လန်ကျကာ နောက်စေ့နှင့် ဆောင့်မိသောကြောင့် အတော် နာကျင်သွားလေ၏။

'ဖေဖေရေ...ဒီမှာ မဖခဲ့ယောက်ဖက ကျွန်တော့်ကိုအနိုင်ကျင့်နေပြန်ပြီ၊ လာပါဦး'

သူ့အဖေကို လုံကျန်းယိက အားကိုးတကြီး ခေါ်လိုက်လေသည်။

သူ့အဖေမှာ သားဇောဖြင့် ဝုန်းခနဲ ထရပ်လိုက်သည်။

'အစ်ကိုချုန်း စီမင်းက သားယိကို ဆုံးမနေတာဖြစ်မှာပါ'

နောက်က လက်ကို မမီမကမ်းဆွဲရင်း ပြောလိုက်၏။

သို့သော်...

ထိုစကားကို လုံကောင်းချန်မှာ နားထောင်ခြင်း မပြုနိုင်တော့ပါ။



သူ့သားအခန်းသို့ ဝင်လိုက်သည်နှင့် မြင်ရသည့် မြင်ကွင်းက စိတ်မသက်သာစရာ ကောင်းလှပေတော့သည်။

သူ့သား လုံကျန်းယိမှာ ကြမ်းပြင်ပေါ်တွင် ပက်လက်လန်ကာ စန့်စန့်ကြီးဖြစ်နေပြီး စီမင်းက သူ့သား၏ ဝမ်းဗိုက်ပေါ်တွင် ခြေတစ်ဖက် နင်းထား၏။

'ဟေ့ကောင် စီမင်း၊ မင်းက ငါ့သားကို အနိုင်ကျင့်နေတာကိုး'

ပြောပြောဆိုဆို လုံကောင်းချန်သည် စီမင်း၏ ခေါင်းကို ဝင်ကာ နားရင်းအုပ်လိုက်တော့သည်။

'ဖြောင်း'

'အို'

စီမင်းမှာ ရုတ်တရက်ဖြစ်၍ မရှောင်နိုင်ဘဲ လည်ထွက်သွားသည်။

အခန်းဝမှ တွေ့လိုက်ရသော မုယုယုမှာ ရင်ဘတ်ကို လက်နှင့်ဖိကာ အော်လိုက်သည်။

'ဟင် အစ်ကိုချုန်း၊ ရှင် ကျွန်မမောင်ကို ရိုက်တယ်ဟုတ်လား တော်ပြီ ရှင် ဒီလိုရက်စက်တယ်ဆိုရင် ကျွန်မ ရှင့်အိမ်မှာ မနေဘူး၊ ရှင့်ကိုလဲ မပေါင်းနိုင်တော့ဘူး'

မုယုယုက ငိုသံဖြင့် ပြောရင်း သူ့မောင်ကို ပြေးဖက်လိုက်သည်။

'ညီမ မုယု'

လုံကောင်းချန်၏ အသံမှာ တုန်နှင့်နေလေသည်။

'မခေါ်နဲ့ ရှင်နဲ့ ကျွန်မ ဒီအချိန်ကစပြီး ပြတ်ပြီ'

www.burmeseclassic.com

www.burmeseclassic.com



'အို…ဒါကိစ္စကို ညီမယူ ကြိုက်သလို ဖြေရှင်းပါ၊ မနေ့ကမှ လက်ထပ်တာ၊ ခုချက်ချင်း ဆင်းသွားရင် ညီမနဲ့ အစ်ကိုတို့ရဲ့ ဂုဏ်သိက္ခာ ကျဆင်းမှာပေါ့'

မှုယှုယှုကို မကဲ့နိုင်သော လုံကောင်းချွန်က တောင်းပန်စကားလိုလို အားလိုလို လေသံမျိုးဖြင့် ပြောလိုက်၏။

အိမ်ထောင်ဦးစီးဆား ကျူးသော မှုယှုယှုက လုံကောင်းချွန်၏ စကားနှင့် စိတ်သဘောထားကို အကင်းပါးစွာ ရိပ်မိလိုက်ပြီ ဖြစ်သည်။

'အို…ကျွန်မကတော့ အကြီးနဲ့အငယ်ဖြစ်ရင် အကြီးကိုဆုံးမတာ မကြိုက်ဘူး'

'အစ်ကိုက ဟိုနေ့ကတည်းက သတိထားနေရမှာမို့လို့ပါ၊ သိပ်နာအောင် ရိုက်ဆိုက်တာ မဟုတ်ပါဘူး'

ရိပ်မိသည့်ပုံပင် ပြန်၍တောင်းပန်နေရသော သူ့အဖေ၏ အဖြစ်ကို လဲကျနေရာမှ ထရပ်လိုက်သော လုံကျွန်းယိမှာ တော်တော် စိတ်ပျက်သွားလေသည်။

'မေမေ ဒီအိမ်မှာ အခန်းတွေ အများကြီး ရှိလျက်သားနဲ့ သူက ကျွန်တော်နေတဲ့အခန်းကို ဖယ်ပေးရမယ် ပြောတယ် မေမေ အဲဒါကို သားက လက်မခံလို့ သားဗိုက်ကို တစ်ချက်၊ မေးကို တစ်ချက် သူကကန်တယ်'

လုံကောင်းချွန်က ဝင်ပြောမည့်အပြုတွင် မှုယှုယှုက ရှေ့မှဖြတ်၍ ပြောလိုက်သည်။

'ခအားလေ မင်းက အငယ်ပဲ၊ လူကြီးတွေရှေ့မှာ တောင်ဒီလို လက်ညှိုးတထိုးထိုးနဲ့ ပြောနေရသလားကွယ်၊ သူက အကြီး၊



ဒီအခန်းမှာ နေပါစေလွား၊ မင်းက မီးဖိုဘေးက အခန်းကို ပြောင်းပေါ့၊ ဒါကို မေမေ စီစဉ်တာပဲ'

'ဩော်…ခင်ဗျားစီစဉ်တာမတော်တော်ကောင်းတယ်၊ ခင်ဗျား မောင်ကျတော့ နေရာကောင်းနေစေ၊ ကျုပ်ကျတော့မီးဖိုနား က အခန်းကျဉ်းကို ပြောင်းရမလား'

'အစ်ကိုချွန်၊ အစ်ကိုချွန်သားက မိုက်ရိုင်းလှချည်လား၊ အတိုင်းဆို ကျွန်မတို့ ဆက်ပေါင်းနေလို့ မဖြစ်ဘူး'

လုံကောင်းချွန်က ကြောက်ရွံ့သည့် အချက်ကိုပင် မှုယှုယှုက ကိုင်တွယ်ပိုက်ပြန်သည်။

'သား လုံကျွန်းယိ၊ ဟုတ်သားပဲ၊ သားက ဒီအခန်းထဲမှာ နေနေရတာ ရှိနေပါပြီကွာ၊ ပြောင်းပေးလိုက်စမ်းပါ'

သူ့အဖေ၏ စကားကြောင့် လုံကျွန်းယိမှာ အံကိုကိုက်ထား မျက်ရည်ဝဲ၍ အခန်းထဲမှ ထွက်လာခဲ့မိလေတော့သည်။

'သားရေ…ထမင်းစားမယ်တဲ့'

မှုယှုယှုက ယှုတ်သား ငါးနှစ်အရွယ် စီရွှန်းကို ထမင်းစား ခေါ်လိုက်သည်။

ထိုအချိန်တွင် နေမြင့်လာပြီဖြစ်သောကြောင့် လုံကျွန်းယိမှာ ဗိုက်ဆာနေပြီဖြစ်သည်။

နံနက်ကလည်း အိပ်ရာထနောက်ကျ၍ လက်ဖက်ရည်ဝိုင်းတွင် သူ့ဖို့မုန့်မကျန်သောကြောင့် ဘာမှမစားရပေ။

www.burmeseclassic.com

www.burmeseclassic.com



လူ့အဖေမှာ သုံးရက်ခရီးထွက်သွား၍ လုံကျန်းယိမှာ အိမ်ထဲတွင် စိတ်ဆင်းရဲစွာ ကျန်ရစ်ခဲ့လေသည်။

အစားမှာလည်း ဖြစ် လိုသာ စားခဲ့ရသည်။ သူသည် မုယာယု တို့သားအမိစားနေသည့် ဇွန်းသံ၊ ခွက်သံများကိုလည်း ကြားနေရသည်။

ထိုအချိန်တွင် အိမ်ရှေ့မှ ခြေသံတစ်သံကို ကြားရသည်။ မကြာမီ သူ့အခန်းရှေ့မှ ဖြတ်လျှောက်သွားသောစိမ်းကို မြင်လိုက်ရသည်။

'မောင်လေး၊ မောင်လေးပါ တစ်ခါတည်း ဝင်စားလိုက်၊ ပုဇွန်ထုပ်သုံးကောင်နဲ့ ကြက်ကင်သုံးခုတည်း လုပ်ထားတာ'

'ဟုတ်ကဲ့'

စိမ်းက ထမင်းဝိုင်းတွင် ဝင်စားလိုက်ပြန်သည်။

လုံကျန်းယိမှာ သူတို့သုံးဦးကို မျက်နှာချင်း မဆိုင်ရဲပါ၊ စကားလည်း အဖက်လုပ်၍မပြောချင်ပါ။ ဆာဆာနှင့်အခန်းထဲတွင် စာအုပ်တစ်အုပ်ကိုဖတ်ကာ ငြိမ်နေသည်။

နေအတော်မြင့်မှ သူတို့သုံးယောက် ထမင်းစားခန်းထဲမှ ထွက်သွားကြ၏။

လုံကျန်းယိသည် ထမင်းစားခန်းထဲသို့ဝင်ကာ အိုးများကို လှန်ကြည့်လိုက်လေသည်။

ဟင်းဆို၍ ဘာမျှမရှိတော့ပါ။ ထမင်းချိုသာအိုးထဲတွင် နည်းနည်းကျန်ခဲ့၏။



သူသည် ကြောင်အိမ်ပေါ်မှ ဝက်သားခြောက်များကို ယူကာ လှီး၍ ဒယ်အိုးထဲသို့ဆီထည့်ကာ ကြော်စားဖို့ ပြင်လိုက်လေသေးသည်။

ရှဲ

ဆီထည့်သံ၊ ဝက်သားခြောက်ထည့်သံတို့ကြောင့် မုယာယုသည် မီးဖိုပေါ်သို့ ရောက်ရှိလာလေသေးသည်။

'ဟင်... မနက်ဖြန်အတွက် ထားတဲ့ ဝက်သားခြောက်တွေကို ယူလုပ်နေပါလား'

'ယူမလုပ်ရင် ကျွန်တော်ဘာနဲ့စားမလဲ ဒေါ်ဒေါ်'

လုံကျန်းယိမှာ စကားမပြောချင်သော်လည်း မတတ်သာ၍ ပြန်ပြောရတော့၏။

'မေးမနေပါနဲ့၊ ဒီမှာမင်းအတွက် ကြက်ဥတစ်လုံး ကြော်ထားတယ်၊ အဲဒါနဲ့စား'

ကြောင်အိမ်ထဲသို့ ထိုးသွင်းကာ ဝက်သားသောဒယ်အိုးထဲမှ ကြက်ဥကြော်ကို ချပေးလိုက်သည်။

ကြက်ဥကြော်မှာ သေးသေးနှင့် ပြားချပ်ချပ်လေးဖြစ်နေ၏။

'ဟာ... ဒါနဲ့စား'

ကြက်ဥကြော်ကို ပန်းကန်ထဲသို့ ထည့်ပေးပြီးနောက် ဆီအိုးထဲထည့်မည့် ဝက်သားခြောက်များကို ယူကာသိမ်းဆည်းလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

'ဟင့်အင်း...ကျွန်တော် ဒီကြက်ဥကြော်နဲ့ မစားတတ်ဘူး။ ပေးပါ ဝက်သားခြောက်ကို၊ ကျွန်တော် ဘာသာ ကြော်စားပါ့မယ်'

လုံကျွန်းယီသည် မုယွယုထံမှ ဝက်သားခြောက်များကိုလုယူကာ မီးဖိုပေါ်မှ သံအိုးထဲသို့ထည့်ကာ ကြော်လိုက်လေတော့သည်။

မင်းက တော်တော်လူပါးဝပါလား။ ကျွေးတာနဲ့ကို မစားချင်ဘူး'

'ဘာလို့ စားရမှာလဲ၊ ခင်ဗျားတို့သိုးယောက်ကျတော့ ပုစွန်ထုပ်နဲ့ကြက်ကြော်စားပြီး ကျုပ်ကိုတော့ ကြက်ဥကြော် တစ်လုံးနဲ့ကျွေးလို့စားမလား။ ကျုပ်ကို ကျုပ်အမေရော ကျုပ်အဖေပါ ဒီလိုတစ်ခါမှ မကျွေးဖူးဘူး'

'ဟင်း...အစ်ကိုချွန်သာမှ နင့်ကိုပြန်တိုင်ပြောမယ်'

'ပြော၊ ကြိုက်သလောက် ပြော'

ထမင်းထည့်ထားသောပန်းကန်ထဲသို့ ဒယ်အိုးထဲမှဝက်သားချောင်းများမှောက်ချရင်း ခပ်တည်တည်ပင် ပြောလိုက်လေသည်။

မုယွယုက ခြေဆောင့်ကာ အပြင်သို့ ထွက်သွားလေတော့သည်။

'မမ-ဘာဖြစ်လာတာလဲ'



ညှိခန်းထဲတွင် အခန့်သားထိုင်နေသောစီမင်းက သူ့အစ်မကို မေးလိုက်သည်။

'ဟိုအကောင်းပေါ့၊ ငါ့ကိုမိုက်ရိုင်းပြီး စော်ကားနေတယ်လေ....'

'ဘာ...ကျွန်တော် ဟိုတစ်ခါလုပ်ထားတာ မမှတ်သေးဘူး၊ စော်ကားပြန်ပြီလား'

'ငါတော့ ဒီကောင့်အတွက် စိတ်အနှောင့်အယှက် တော်တော်ဖြစ်ရတယ်၊ မင်း ဆုံးမလိုက်စမ်းပါဦး'

'စိတ်ချ၊ သူထွက်လာပါစေ'

ဝက်သားခြောက်နှင့်ထမင်းအား အားရပါးရ စားနေသောလုံကျွန်းယီကတော့ ညှိခန်းထဲက အခြေအနေကို လုံးဝမသိပါချေ။

သူသည် ထမင်းစားပြီးနောက် မီးဖိုဆောင်မှ သူ့အခန်းသို့ဝင်ကာ ခုတင်ပေါ်တွင် လှဲ၍ စာအုပ်တစ်အုပ် ဖတ်နေလိုက်လေသည်။

ခဏကြာသောအခါ အခန်းဝတွင် စီမင်း၏မျက်နှာ ပေါ်လာသည်။

'ဟေ့ ကောင်၊ လာပါဦး'

လုံကျွန်းယီက မကြားချင်ယောင်ဆောင်ကာ ခပ်တည်တည်ဖြင့် စာအုပ်ကိုဖတ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟော… ကောင်လေး ငါခေါ်နေတာ မကြားဘူးလား'

လုံကျွန်းယိက အရေးမလုပ်ပေ။ စီမင်းသည် ဒေါသထွက်လာ၏။

'လုံကျွန်းယိ၊ မင်းကို ငါခေါ်နေတာ မကြားဘူးလား'

'ကျုပ်နာမည်က ဟေ့ကောင်မှ မဟုတ်ဘဲ၊ ကျုပ်နာမည်ကို ခေါ်ရင် ကျုပ်ထူးမှာပေါ့'

လုံကျွန်းယိက ခုတင်ပေါ်တွင်ထိုင်ရင်း ခပ်ပြတ်ပြတ် ပြောလိုက်သည်။

'ဆောရီး… စာရင်းရှင်းစရာရှိလို့'

လုံကျွန်းယိသည် သူ့အားအနိုင်ကျင့်မည်ကို သိသော်လည်း အမှုမထားသော မျက်နှာထားဖြင့် ထွက်လာခဲ့သည်။

'ဘာစာရင်းရှင်းစရာရှိလို့လဲ၊ ခင်ဗျားတို့လာ မတရားလုပ်တာ မဟုတ်လား'

လုံကျွန်းယိက ထွက်ထွက်ချင်း ပြောလိုက်သောကြောင့် စီမင်းမျက်နှာ ပျက်သွားလေသည်။

'ငါ့အစ်မက တစ်အိမ်လုံးကို စီစဉ်ချက်ပြုတ်ပေးနေတာ၊ မင်းက သူ့ကျေးဇူးတော့ သာလို့ လုပ်နေတာလဲ'

စီမင်းက ခါးထောက်ကာ မေးလိုက်သည်။

'ခင်ဗျားအစ်မက ခင်ဗျားတို့ကိုတော့ ပုစွန်ထုပ်နဲ့ ကြက်ကြော်ကျွေးပြီး ကျွန်တော်တို့ကျတော့ ကြက်ဥတစ်လုံး ကြော်



ကျွေးတာ တရားသလားဗျ။ ခင်ဗျားအစ်မက ဘာစီစဉ်စီစဉ် ကျုပ်အမေပေးတဲ့ငွေနဲ့ပဲ၊ ကျုပ်စားချင်တာကို စားမှာပေါ့'

စီမင်းမှာ ဟုတ်တိုင်းမှန်ရာ အပြောခံရသောကြောင့် မခံချင်ဖြစ်ရလေ၏။

ထို့ကြောင့် လုံကျွန်းယိကို သူသည် ခြေထောက်ဖြင့် လှမ်းကန်လိုက်သည်။

လုံကျွန်းယိက နောက်သို့ ခုန်ဆုတ်ပေးလိုက်၏။ စီမင်းက မကျေနပ်၍ နံရံရှိ ကျာပွတ်ကို ဆွဲဖြုတ်လိုက်လေသည်။

'နင့်ကို ဒီတစ်ခါတော့ မှတ်လောက် သားလောက်အောင် ဆုံးမမယ်'

ပြောပြောဆိုဆို ကျာပွတ်ကို ဖြောင်းခနဲ ဆန့်ကာ ရှမ်းခနဲ ရိုက်ချလိုက်လေသည်။

လုံကျွန်းယိက ခုန်ရှောင်ပေးလိုက်၍ ကျာပွတ်ရိုက်ချက်က လွဲကာ သူ့နောက်တွင် ရပ်နေသော စီရှန်းကို ထိသွားလေသည်။

'အမယ်လေးဗျ'

စီရှန်းက ကျောကော့ကာ အော်လိုက်လေသည်။

'ဟဲ့ စီမင်း၊ ငါ့သားကို ရိုက်မိပြီ'

'ကောင်းတာပေါ့၊ ခင်ဗျားသားကို ခင်ဗျားမောင်က ရိုက်တာပဲ'

www.burmeseclassic.com

www.burmeseclassic.com



လုံကျန်းယိက ညှော်ခန်းထဲမှ ခုန်ထွက်လိုက်ရင်း ပြောလိုက်လေသည်။

ကျာပွတ်ကိုဆုပ်ကိုင်ကာ စီမင်းက ပြေးလာသည်။

လုံကျန်းယိက အိမ်တံခါးကို ဆောင့်တွန်း၍ ပိတ်လိုက်လေသည်။

'ဝုန်း'

'အား'

ရုတ်တရက်ဖြစ်၍....

စီမင်းမှာ နဖူးနှင့် တံခါးဆောင့်မိကာ ဖင်ထိုင်လျက်သား ကျသွားလေတော့သည်။

လုံကျန်းယိသည် လမ်းမပေါ်သို့ ရောက်ရှိလာသည်။

စီမင်းသည် နဖူးတွင် သွေးများယိုစီး၍ ကျာပွတ်ကို ကိုင်ရင်း လှမ်းအော်လိုက်သည်။

'လုံကျန်းယိ မင်း ဘတ္တိရှိရင် ပြန်လာခဲ့၊ မင်း အိမ်ထဲကိုဝင်လာတဲ့ အချိန်က သေမယ့်အချိန်ပဲ'

လမ်းပေါ်တွင် လုံကျန်းယိ၏ အသိမိတ်ဆွေများက ရောက်ရှိလာကြ၍ စီမင်းမှာ လမ်းပေါ်သို့ မထွက်ရဲဘဲ ကြိမ်းဝါးလိုက်သည်။

'စိတ်ချ၊ ကျုပ်ပြန်လာတဲ့ အချိန်ကတော့ ခင်ဗျားကိုသတ်နိုင်တဲ့ အချိန်ပဲ'



လုံကျန်းယိမှာ နောက်ဆုံးစကားကို ပြောကာ ထွက်လာခဲ့လေတော့သည်။

သူ့သူငယ်ချင်း ထုံရှန်းက နောက်မှ ပြေးလိုက်လာလေသည်။

'လုံကျန်းယိ ဘာဖြစ်တာလဲ'

'မုယုယု့ရဲ့ မောင်နဲ့ သားခုလေး၊ ငါ့ကိုဝိုင်းပြီး အနိုင်ကျင့်လို့ ငါတတ်နိုင်သလောက် ခုခံပြီး အိမ်ကထွက်လာတာ'

'စီမင်း မဟုတ်လား'

ယဲ့ရှန်းက စိုးရိမ်သံဖြင့် မေးလိုက်သည်။

'ဟုတ်တယ် ထုံရှန်း'

'ဒီကောင်က နေဘီလူးသိုင်း ဂိုဏ်းဝင်တစ်ယောက်ပဲ၊ သူက ဂိုဏ်းချုပ်ရာထူးကို မဘန်မရ လိုချင်နေတယ်၊ ဒီခုတော့ မင်းအဖေရဲ့ စည်းစိမ်ကို သုံးပြီး အဲဒီရာထူးကို ရယူ လိမ့်မယ်၊ လုံကျန်းယိ မင်း တွက်မသွားပါနဲ့'

လုံကျန်းယိ ခေါင်းခါလိုက်သည်။

'ငါ ဆက်နေလို့ မဖြစ်တော့ဘူး ထုံရှန်း'

www.burmeseclassic.com

www.burmeseclassic.com



လုံကောင်းချန် ပြန်ရောက်လာသောအခါ တစ်အိမ်လုံးတွင် တိတ်ဆိတ်နေလေသည်။

လုံကောင်းချန်သည် မသိမသာ အိမ်ထဲသို့ ဝင်လာကာ သူ့သား လုံကျုန်းယီ အခန်းကို အကဲခတ်ကြည့်လိုက်လေသည်။

လုံကျုန်းယီသည် အခန်းထဲတွင် မရှိချေ။

'ဟင်... ဒီကောင် ဘယ်များ သွားနေပါလိမ့်၊ ငါမရှိတုန်း များ စီမင်းနဲ့ ရန်ဖြစ်နေပြီလား'

ပါလာသော ပစ္စည်းများကို ယူလာခဲ့ကာ ဧည့်ခန်းထဲတွင် ချထားလိုက်သည်။

'ဪ... အစ်ကိုချန် ပြန်လာပြီလေ၊ ဟင် ပါလာတာတွေလဲ မနည်းပါလား'

လုံကောင်းချန် နောက်မှ ရှုဆားသော အိတ်ကြီး နှစ်လုံးကို ကြည့်ရင်း ပြောလိုက်သည်။

လုံကောင်းချန်သည် အိတ်ကြီးတစ်လုံးထဲတွင် ကြက်ခေါင် ငါးရံ့ ထည့်လာခဲ့သည်။

ထိုအခိုက်မှာ ဘူတိုအိမ်တွင်မျှသော လူငယ်ယောက်ျား သားရှိ အထွက် မှန်ဖွယ်ကာ ဝင်လာခဲ့ခြင်း ဖြစ်သည်။

'လုံကျုန်းယီကော မတွေ့ပါလား'

'လုံကျုန်းယီအကြောင်းကို မမေးပါနဲ့ဦး အစ်ကိုရေ၊ အစ်ကိုချန် အမေမာမပြေဖြစ်သွားမယ်၊ နားနားနေနေ နေပြီးတော့မှ ကျွန်မ ရှင်းပြပါမယ်'



ပါးနပ်သော မုယုယုက သူ့ယောကျ်ားကို မျော့မျော့ရွှဲပြောဆိုကာ ပစ္စည်းများကို သိမ်းဆည်းထားလိုက်လေ၏။

ပြန်ရောက်ရောက်ချင်း သားကို မတွေ့ရသောကြောင့် လုံကောင်းချန်မှာ စိတ်မကြည်မသာ ဖြစ်သွားလေတော့သည်။

'ညီမ မုယုယု ဘာဖြစ်ကြသလဲဆိုတာ ပြောပါ၊ ရန်ဖြစ်ကြ ပြန်ပြီလား'

လုံကောင်းချန်က မီးဖိုထဲဝင်သွားသော သူ့မိန်းမကို လှမ်း မေးလိုက်သည်။

မုယုယုက...

'မပြောချင်ပါဘူး အစ်ကိုကြီးရေ၊ ကျွန်မကတစ်ယောက်တစ် ကို ဟင်း အညီအမျှ ပေးတာ သားက သူ့ကို ဒီလောက်ပေးလို့မရဘူးဆိုပြီး မနက်ဖိုထားတဲ့ ကော်သားခြောက်တွေကိုယူပြီး ကြော်စားတယ်၊ သူ့မှာက ကျွန်မတို့အပေါ် မကျေနပ်တဲ့ စိတ်အခံက ရှိတော့ သူ့အမေမရှိတုန်းအရှုံ တိုက်တာပေါ့၊ အဟင့်...ဟင့်... ဟင့်...'

မုယုယုက မျက်ရည်ခံလေးထိုးကာ ပြောကြားလိုက်လေသည်။

လုံကောင်းချန်မှာ မုယုယုပြောသော စကားကို အဟုတ်ဟု ထင်မှတ်သွားလေတော့သည်။

ထိုစဉ်မှာပင်...

ခန်းကျယ်ကြီးထဲမှ စီမင်းထွက်လာ၏။

စီမင်း၏ နဖူးတွင် ပတ်တီးစည်းထားချေ၏။

www.burmeseclassic.com



'စီမင်း မင်းရဲ့နဖူးက ဘာဖြစ်တာလဲ၊ ပတ်တီးနဲ့ပါလား'

'ဟုတ်တယ် အစ်ကို၊ အစ်ကို့သားပေါ့၊ မမနဲ့ ရန်ဖြစ်နေတာ ကျွန်တော်က ဝင်တားတော့ ကျွန်တော့်ကို တီးသွားတယ်လေ'

စီမင်းက ဟန်ပါပါဖြင့် ရှင်းပြလိုက်သည်။

'သားကိုလဲ ကျွာပွတ်နဲ့ရိုက်သွားတယ် ဖေဖေကြီး ဒီမှာ'

'ဟင်'

စီရှန်းက ထွက်လာပြီး သူ့ကျောမှ အရိုးရှိရာကိုလှန်ပြလိုက်လေသည်။

လုံတောင်းချန်မှာ သူ့သားကို တော်တော် ဒေါသထွက်သွားလေသည်။

'တောက်...ဒီကောင် တော်တော်မိုက်ရိုင်းတာပဲ၊ သူက ဒီလောက်အထိ လူတွေကို လုပ်ရသလား၊ ပြန်လာရင်တော့ မှတ်လောက်သားလောက်အောင်ကို ဆုံးမလိုက်ဦးမယ်'

'အစ်ကိုချန့်သားက အိမ်ထဲကမထွက်ခင်တောင် ကြိမ်းသွားသေးတယ်၊ ကျုပ်ပြန်လာရင် အကုန်သတ်ပစ်မယ်တဲ့'

ငိုမဲ့မဲ့ဖြင့် ပြောလိုက်သော မုယုယု၏ပခုံးကို လုံကောင်းချန်က လက်ဖြင့် ဆုပ်ကိုင်လိုက်လေသည်။

'သည်းခံပါ ညီမရယ်၊ အစ်ကို့သားရဲ့ မိုက်ရိုင်းစော်ကားမှုတွေကို အစ်ကို တောင်းပန်ပါတယ်၊ သူပြန်လာရင်လဲ အစ်ကို ဆုံးမပါ့မယ်'



'အဲ့ ပြန်လာရင်တော့ ကျွန်မတို့သုံးယောက် ဒီအိမ်မှာ နေလို့မဖြစ်တော့ဘူး အစ်ကိုချန်'

ထိုစကားကြောင့် လုံကောင်းချန်မှာ မျက်မှောင်ကြုတ်သွားလေသည်။

'သူက သတ်မယ်လို့ ကြိမ်းထားတာ၊ နောက်တစ်ခါ လာရင်တော့ ကျွန်မတို့ကို သတ်ဖို့ပဲ ရှိတော့တယ်'

'စိတ်ချပါ ညီမရယ်၊ ဒီကောင့်ကို ဆုံးမလို့မနာခံရင် အိမ်မှာ မထားတော့ဘူး'

ထိုစကားကြားတော့မှပင် မုယုယုမှာ ကျေနပ်သွားကာ မျက်ရည်များ သုတ်လိုက်လေတော့သည်။

မုယုယုသည် သူ့မောင်ကို လှမ်း၍မျက်ရိပ်ပြလိုက်လေသည်။

စီမင်းက မီးဖိုထဲသို့ဝင်သွားကာ ကြက်ပေါင်တစ်ပေါင်၏ ခြေထောက်ရိုးကို ချိုးလိုက်သည်။

ထိုကြက်ပေါင်အပေါ်တွင် ဖြူဖြူအဆိပ်များကို သုတ်လိမ်းလိုက်လေတော့သည်။

မယားယိုသော လုံကောင်းချန်မှာ ညစာကို စားပြီးနောက် မထသော အိပ်စက်ခြင်းဖြင့် အိပ်စက်သွားလေတော့သည်။

ထိုဖြစ်ရပ်များကို လုံကျန်းယိက မသိရှိနိုင်ပါတော့ချေ။ သူသည် ခြေဦးတည့်ရာသို့ ထွက်သွားခဲ့ပြီ ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



လုံကျွန်းယိသည် တောင်ထိပ်တွင်ရပ်ရင်း သူ အိမ်မှထွက်လာခဲ့သည့် အကြောင်းကို ပြန်၍စဉ်းစားလိုက်လေသည်။

သူ့ဖခင်က သူ့ကိုအထင်လွဲအောင် မုယုယုတို့သုံးယောက်က ပြောမည်ဟု သူကတွက်ဆထားပြီး ဖြစ်လေသည်။

သူသည် အိမ်ကထွက်ခဲ့သော်လည်း မည်သည့်နေရာသို့သွားရမှန်း မသိသောကြောင့် တောင်ထိပ်ပေါ်တွင်ထိုင်ကာ စိတ်ပျက်ဝမ်းနည်းလျက် ရှိလေသည်။

ထိုစဉ်မှာပင် သူသည် အော်ဟစ်သံတစ်ခုကို ကြားလိုက်ရလေသည်။

'ရှင်ကိုလွှတ်၊ ကျွန်မအဖေသိရင် ရှင်တို့ကို အကုန်သတ်မှာပဲ'

'ဟား....ဟား...ဟား၊ မင်းအဖေက မင်းကိုပြန်တွေ့ရတော့မှာမှ မဟုတ်တဲ့ ဘာလို့ဒီစကားတွေ ပြောနေတာလဲ'

'ဟင်'

တောင်ပေါ်သို့တက်လာသည့် လမ်းပေါ်တွင် အပြန်အလှန်ပြောဆိုနေကြသော စကားသံများကို သူကြားလိုက်ရတော့သည်။

'အင်း...ဒါဟာမိန်းကလေးတစ်ယောက်ယောက်ကို မတရားဖမ်းလာတာပဲ'

လုံကျွန်းယိက အသံကြားသည်နှင့် ဖျတ်ခနဲ တွေးလိုက်မိသောကြောင့် ချုံတစ်ချုံတွင်ဝင်ကာ ပုန်းအောင်းနေလိုက်လေတော့သည်။



မကြာမီ ချောမောလှပသော မိန်းကလေးကို သူရောက်နေသည့် တောင်ပေါ်သို့ဆွဲခေါ်လာသည့် လူသုံးဦးကို တွေ့လိုက်ရလေသည်။

သူတို့၏ခါးတွင် ဓားများလွယ်ထားပြီး မျက်နှာမှာ ကြမ်းတမ်းခက်ထန်နေလေသည်။

'လွှတ်...ကျွန်မကိုလွှတ်'

မိန်းမပျိုက ရုန်းကန်နေလေသည်။

မိန်းမပျို၏လက်နှစ်ဖက်ကို တစ်ယောက်စီ လူနှစ်ဦးက ဆွဲခေါ်၍ လူတစ်ဦးက တောင်ပေါ်တက်ရန် မိန်းမပျိုကို တွန်းအင်နေလေသည်။

အဘယ်ကြောင့် မိန်းမပျိုကို တောင်ထိပ်ပေါ်သို့ခေါ်ဆောင်လာရသနည်း ဆိုသည်ကို လုံကျွန်းယိ မစဉ်းစားတတ်ပေ။

ရုန်းရင်းကန်ရင်းနှင့်ပင် မိန်းမပျိုမှာ တောင်ထိပ်ပေါ်သို့ ရောက်ရှိလာသောအခါ

'ကဲ သူ့ကိုကြိုးတုပ်လိုက်တော့ ကောက်ချွန်း'

တုတ်တုတ်ခိုင်ခိုင်နှင့်လူက ကောက်ချွန်းဆိုသော လူပိန်ပိန်သေးသေးလေးကို ခိုင်းလိုက်သည်။

ပိန်ပိန်သေးသေးလေးသည် မိန်းမပျိုကို ကြိုးတုပ်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှုန်းကန်နေသောမိန်းမပျိုကို အခြားတစ်ဦးကဖိုင်း၍ ချုပ်နှောင်ပေးသည်။

ထိုနောက်—

လက်ကို နောက်ပြန်ကြိုးနှင့်တုပ်ကာ ခြေထောက်များကိုပါ ကြိုးတုပ်နှောင်ပြီးပါးစပ်ထဲသို့ အဝတ်ဆို့လိုက်သောကြောင့် မိန်းမပျိုမှာ တွန့်လိမ်လှုပ်ရှားရင်း တောင်ထိပ်ပေါ်တွင် ဒုက္ခရောက်နေလေတော့သည်။

'ကဲ…ဆရာကိုနီးချုန်းရင်၊ ပတ္တမြားသခင်ကြီးကို ကောင်မလေးကို ဖမ်းလာပြီဆိုတဲ့အကြောင်း သွားပြောလိုက်'

ကုန်းချုန်းရင်ဆိုသောလူကို တုတ်ခိုင်သောလူက ပြောလိုက်ပြန်သည်။

'ဆရာဟုံးလီ၊ ပတ္တမြားသခင်ကြီးက ဒီကိုလိုက်လာမှာလား'

'ကျိန်းသေတာပေါ့၊ မင်းတို့ကို ကောင်မလေး မမြင်ရတဲ့ ပတ္တမြားသုံးလုံးကို ဘယ်ပေးမလဲ၊ ဒါကြောင့် ဟိုလမ်းဆုံကနေ ဒီတောင်ပေါ်ကို လှမ်းပြ၊ တောင်ထိပ်ပေါ်မှာ ကောင်မလေးကိုတွေ့ရင် သူ မင်းလက်ထဲကိုပတ္တမြားသုံးလုံးထည့်ပေးပြီး ဒီကိုလိုက်လာမှာပေါ့'

ဟုံးလီဆိုသော ခေါင်းဆောင်က ပြောလိုက်၏။

ဒီပတ္တမြားသခင်ကလဲ မိန်းမတွေ သုံးလေးယောက် ရှိရက်သားနဲ့ ကျုပ်လင်းကို ထပ်လိုချင်ရတယ်လို့'



ကောက်ချုန်းက ဟုံးလီကို အမြင်ကတ်သံဖြင့် ပြောလိုက်လေသည်။

'ကောက်ချုန်း၊ သူ့ဟာသူ မိန်းမအယောက်တစ်ရာပဲ ယူယူ တို့အလုပ်မဟုတ်ဘူး၊ ပတ္တမြားသုံးလုံး တို့အတွက်ရရင် ပြီးရောပေါ့၊ သူကပတ္တမြားသုံးလုံးပေးတဲ့ ကောင်မလေးကိုခေါ်သွားမှာစိုးလို့ ဒီလိုစီစဉ်တာ'

ကောက်ချုန်းကို ဟုံးလီက ရှင်းပြလိုက်လေသည်။

ကုန်းချုန်းရင်က....

'ဒါဆို ကျွန်တော်သွားမယ်၊ ဒီအတိုင်း ကောင်မလေးကို တောင်ထိပ်ပေါ်မှာ ထားနဲ့ဦး၊ တောကြား လူသွားလူလာ တွေ့သွားလို့ ကျုပ်ထန်းချုန်းရဲ့သွားပြောရင် ဆရာဟုံးလီတို့ နှစ်ယောက် အသက်ပျောက်နေလိမ့်မယ်'

'သွားစမ်းပါကွာ—နိမိတ်မရှိ နမာမဖျိတွေ ပြောမနေနဲ့၊ ပတ္တမြားသခင်ကြီးလက်ထဲ သူရောက်သွားမှ သူတို့ချမ်းချမ်းသာဖြစ်ဖြစ်'

ဟုံးလီက ပြောလိုက်သည်။

ကုန်းချုန်းရင်သည် တစ်ခဏအတွင်း တောင်ပေါ်က ပြေးဆင်းသွားလေသည်။

ကုန်းချုန်းရင် ထွက်သွားတော့မှ ဟုံးလီက ကောက်ချုန်းကို အမိန့်ပေးလိုက်လေသည်။

'ကောက်ချုန်း၊ ဟိုကောင်မလေးကို ချုပ်ထဲဆွဲသွင်းထားစမ်း၊ လမ်းသွားလမ်းလာတွေ တွေ့သွားမယ်'

www.burmeseclassic.com

www.burmeseclassic.com

ကောက်ချွန်းက ချိုင်းမှကိုင်ကာ ကျိုယုလင်းကို ချုံထဲသို့ ဆွဲသွင်းလိုက်လေသည်။

ထိုချုံမှာ လုံကျန်းယီပုန်းအောင်းနေသော ချုံပင်ဖြစ်သည်။

လုံကျန်းယီသည် သူ့ ချုံထဲသို့ ဆွဲလာမှန်း သိ၍ နောက်သို့ ကိုယ်ကိုကျုံ့ကာ ကပ်နေလိုက်သည်။

ချုံကြီးမှာ အတော်ပင် ကြီးသောကြောင့် လူသုံးယောက် ဝင်ပုန်း၍ ရနိုင်ပေသည်။

ချုံထဲတွင် လုံကျန်းယီသည် အေးငွေ့ကြောင့်ထိုင်ကာ မူးကို လက်ဖြင့် ပတ်ထားလေသည်။

တုံးလုံးလဲနေသော ကျိုယုလင်းက ခေါင်းကိုစောင်းကာ ကြည့်လိုက်ရာ…

သူ့မျက်လုံးအကြောင်သားနှင့်ကြည့်နေသော လုံကျန်းယီကို တွေ့လိုက်ရလေသည်။

သူမသည် ယိတ်ခနဲ ဝမ်းသာသွားလေသည်။

ထို့ကြောင့် လုံကျန်းယီကိုကြည့်ကာ သူ့ကိုယ်ကိုလည်း ငုံ့၍ ကြည့်လိုက်သည်။

ပါးစပ်ထဲတွင် အဝတ်ဆို့ထားသောကြောင့် စကားမပြော နိုင်ချေ။

သူ့ကိုကယ်တင်ရန် အချက်ပြလိုက်ခြင်းပင် ဖြစ်သည်။

ကြိုးဖြေပေးရန် လက်လှမ်းလိုက်စဉ် တုံးလီ၏အသံထွက်ပေါ် လာ၍ လုံကျန်းယီမှာ တွန့်ခနဲ ဖြစ်သွားလေသည်။

'ကောက်ချွန်း ငါ့အရက်သောက်ချင်တယ်ကွာ၊ မင်း အရက် သွားရှာဝယ်စမ်းပါ'



'ဆရာတုံးလီကလဲ တောမြို့သုံးလုံးရှိ ယွန်း…ပြီးတာဝင်ပြီး စားသောက်ဆိုင် ကောင်းကောင်းကိုဝင်ပြီး စားသောက်ကြ တာပေါ့'

'ပြီး… ကျွန်းချန်နင်ကမတ္တမြို့… ကြီးမှာတုံးတောင် ကို ရောက်ထော်သွားရဦးမှာ၊ ငါမစောင့်နိုင်ဘူးကွ၊ ဒီအနီး အပါးက ရွာတွေမှာ သွားရှာစမ်းကွာ'

'ဒါဆိုလဲ သွားရှာပေါ့ ဆရာတုံးလီရယ်၊ ဟိုကောင် ရောက်လာလို့ ကိစ္စဝိစ္စပြီးရင်လဲ ထွက်မသွားနဲ့ဦး'

ကောက်ချွန်းက သူ့ဝေစုမရမှာစိုးသောကြောင့် စိတ်မပူနိ သံဖြင့် ပြောလိုက်သေသည်။

'မင်း ငါနဲ့အလုပ်တွဲလုပ်တာ ကြာပြီပဲကွာ၊ အာလိဒိန်းသားကို တောင် ကြောက်နေရသလား၊ အရက်သာ မြန်မြန်သွားရှာစမ်း ကွာ'

'ကောင်းပါပြီ'

ကောက်ချွန်း တောင်ဆောက်သို့ ပြေးဆင်းသွားပြန်လေ၏။

တောင်ထိပ်ပေါ်တွင် ခေါင်းဆောင်လုပ်သူ တုံးလီတစ်ဦး တည်းသာ ကျန်ရှိနေတော့သည်။

တုံးလီသည် တောင်ထိပ်ပေါ်၌ရပ်၍ ကောက်ချွန်းထွက်သွား ရာသို့ မျှော်ကြည့်နေသည်။

ထိုအခိုက် အာစိတ်ကူးရသည် မသိပါ။

ကျိုယုဆင်းရှိရာ ချုံသို့ လျှောက်လာကာ ကျိုယုလင်းကို တစ်ချက်ငုံ့ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

ကျွဲယုလင်းကို တွေ့ရတော့မှ သူသည် ဘေးဘီတစ်ချက် ကြည့်ကာ တောင်ပေါ်မှ ပြေးဆင်းသွားလေသည်။

တကယ်တော့ တုံးလီဟာ အကြံကြီးမားသူဖြစ်သည်။

ပတ္တမြားသခင်ကြီးကို သူသည် ကျောက်မြောင့်ဂူသို့ မနေ့ကတည်းက ကြိုတင်ချိန်းဆိုထားကာ သူ့ အဖော်ဖြစ်သော ဘောက်ချွန်နှင့် ကုန်းချွန်းရှင်တို့ကို တစ်ယောက်တစ်လမ်း ခေါ်ထုတ်ပြီးနောက် ကုံးလီသည် ထိုတောင်ထိပ်၏မျက်နှာချင်းဆိုင်ရှိ ကျောက်မြောင့်ဂူသို့ ပြေးဆင်းသွားခြင်းပင် ဖြစ်သည်။

လုံကျွန်းယီသည် ထိုအခါ တောင်ထိပ်ရှိ ချုံထဲမှ ထွက်၍ ရပ်ကာ တစ်ချက်လှမ်းကြည့်လိုက်လေသည်။

တုံးလီ တောင်ပေါ်မှ အတော်ဝေးဝေးသို့ ရောက်သွားသည်ကို မြင်ရတော့မှပင် လုံကျွန်းယီသည် ကျွဲယုလင်းပါးစပ်ထဲမှ အဝတ်စကို ဆွဲထုတ်လိုက်သည်။

'ရှင်ကလဲ ကြိုးကိုမြန်မြန်ဖြေပေးတာ မဟုတ်ဘူး'

'ဟိုကောင်တစ်ကောင်ရှိနေသေးလို့၊ မင်းကဘာမှအရိပ်အခြည် မသိဘူး'

'ခုကော'

'ခုတော့ သုံးယောက်လုံး မရှိတော့ဘူး၊ မကြာခင်ပြန်ရောက်လာကြမယ်ထင်တယ်'

'ဒါဆိုမြန်မြန်လုပ်ပါရှင်'

'မင်း ငြိမ်ငြိမ်နေ၊ မင်း လှုပ်နေရင် ကြိုးကဖြေရတာ မလွယ်ဘူး'



လုံကျွန်းယီသည် လက်မှကြိုးကို ဖြုတ်ပေးလိုက်သည်။

ထို့နောက် ထ၍ထိုင်ကာ ကျွဲယုလင်းက သူမဘာသာ ဖြေလေသည်။ သို့သော် ကြိုးကတင်းကျပ်စွာ ချည်နှောင်ထား၍ ဖြေမဖြေ၍ မရပေ။

လုံကျွန်းယီက အမြင်မတော်သောကြောင့် ကျွဲယုလင်း၏ လက်များကို ဆွဲဖယ်ကာ...

'ဖယ်ပါ၊ ကြိုးထုံးက ခြေသလုံးနောက် ရောက်နေတာ၊ ဟိုတက်လှည့်'

ဟု ပြောလိုက်၏။

သည်တစ်ခါတော့ ကျွဲယုလင်းသည် မည်သို့မျှမပြောဘဲ သူမ ကိုယ်လေးကို ခေါင်းကာအိပ်၍ ခြေနှစ်ချောင်းကို နောက်သို့ ကွေးပေးလိုက်သည်။

အိညက်သော တင်ပါးများမှာ ဖွံ့ထွားလှ၏။

ကျွဲယုလင်းမှာ ကိုယ်လုံးကိုယ်ပေါက် အတော်လှသော မိန်းကလေးဖြစ်ကြောင်းကို လုံကျွန်းယီ သတိထားလိုက်လေသည်။

ကြိုးများကို ဖြေပြီးနောက် လုံကျွန်းယီက ကြိုးနှစ်ချောင်းကို ကောက်ယူ၍ သူ့ ခါးတွင် ပတ်ထားလိုက်သည်။

'ဒီကြိုးတွေက ဘာလုပ်ဖို့လဲ'

'လိုရမည်ရပေါ့၊ ကဲ...သွား၊ သူတို့တွေက ပြန်တက်လာရင် တောင်တက်လမ်းမှာ မျက်နှာချင်းဆိုင်တွေ့ပြီး ဒုက္ခများမယ်'

လုံကျွန်းယီသည် တောင်ဆင်းလမ်းမှ မဆင်းဘဲ ချုံနွယ်များထပ်သော မတ်စောက်သည့် တောင်နောက်ကျောဘက်မှ တောင်အောက်သို့ ဆင်းလေသည်။

www.burmeseclassic.com

www.burmeseclassic.com



လမ်းမှာကြမ်းတမ်းသွားသည်။

တချို့နေရာများမှာ ပေါက်ခေါက်နေမှာ

'ရှင်လှုပ်တာနဲ့ နှစ်ယောက်လုံး ချောက်ထဲကျပြီး သေတော့မှာပဲ'

'မင်းပါးစပ်ကို ပိတ်ထားလိုက်စမ်းပါကွာ'

လိုကျွန်းယိနှင့် ကျိုယုလင်းတို့သည် တိုင်ပေါင်၏ အောက်ခြေသို့ ရောက်သည်နှင့် တောလမ်းအတိုင်း သုတ်ခြေတင်ခဲ့ကြလေတော့သည်။

တုံးလိုက်တိုက်၍ လိုက်လာပါက လွတ်မြောက်ရန် ရည်ရွယ်၍ သူသည် ရှေ့မှ တအားပြေးနေသော

ကျိုယုလင်းမှာ မရပ်မနားပြေးနေသောလိုကျွန်းယိကြောင့် မောပန်းလာလေသည်။

'ဘာလို့ ပြေးနေတာလဲ၊ ဒီမှာ နောက်ကလူက အမောဆို့လို့ သေတော့မယ်'

ကျိုယုလင်း၏စကားသံကို ကြားလိုက်ရတော့မှပင် လိုကျွန်းယိမှာ ပြေးနေရာမှ ရပ်လိုက်လေတော့သည်။



'ဟိုလူသုံးယောက်လိုက်လာရင် မင်းကိုပြန်မိခံမှာစိုးလို့လေ'

'သူတို့လိုက်လာရင် ရှင်ကတိုက်ခိုက်ပေါ့၊ ဒီလောက်မှအား မကိုးရဘူးလား'

ကျိုယုလင်းက ခေါသံဖြင့် ပြောလိုက်လေသည်။

လိုကျွန်းယိက မျက်နှာမှချွေးများကို သုတ်လိုက်သည်။

ပြီးနောက်...

ခြေပစ်လက်ပစ် ထိုင်ချလိုက်သော ကျိုယုလင်းကို ငုံ့ကြည့်ကာ...

'မင်းက ငါ့ကို တော်တော် အထင်ကြီးပါလား၊ ငါက ဘာသိုင်းပညာမှ မတတ်လို့ တောင်ထိပ်ပေါ်မှာပုန်းပြီးကြည့်နေတာပေါ့၊ နို့မို့ မင်းကို ဆွဲခေါ် တင်ထားကတည်းက ငါ သူတို့သုံးယောက်ကို တိုက်ပစ်လိုက်မှာပေါ့'

ဟုပြောလိုက်သည်။

ထိုအခါတွင်...

ကျိုယုလင်းမှာ လိုကျွန်းယိ၏ အဖြစ်ကို သိရှိကာ အားတုံ့အားနာ ဖြစ်သွားသည်။

'မသိလို့ပါရှင်၊ ကျွန်မ ပြောမိတာ စိတ်မဆိုးပါနဲ့'

'မင်းကိုစိတ်မဆိုးပါဘူး၊ ငါ့ကိုယ်ငါသာ စိတ်ပျက်မိတာပါ'

ကျိုယုလင်းမှာ ပွင့်လင်းသော လူငယ်လေး လိုကျွန်းယိကို ခင်မင်သွားမိလေသည်။

'ရှင် စိတ်မဆိုးပါနဲ့၊ ကျွန်မ အဖေက မီးနဂါးသိုင်းပညာရှင် ကျိုထန်ရှန်း ဆိုတဲ့လူပဲ၊ ရှင် ဖေဖေ့ရဲ့နာမည်ကို ကြားဖူးမှာပေါ့'

www.burmeseclassic.com



'မီးနဂါးသိုင်း ဆိုတာတော့ ကြားဖူးပါတယ်၊ ဒါပေမယ့် မင်းအဖေရဲ့ နာမည်ကိုတော့ တိတိကျကျမသိဘူး'

လိုကျန်းယိက ပွင့်ပွင့်လင်းလင်းပင်ပြောလိုက်လေသည်။

'ကျွန်မကလဲ ခုမှ ဖေဖေ ဆီက သိုင်းပညာသင်ဖို့ စိတ်ကူးရတာပါ။ ရှင် သာတော့ အဖော်ရတာပေါ့'

ကျိယုလင်းက ဝမ်းသာအားရပြောလိုက်လေသည်။

သိုင်းပညာတစ်ခုခုကို ကျွမ်းကျင်အောင် သင်ကြားလိုသော လိုကျန်းယိမှာ ထိတ်ခနဲ ဝမ်းသာသွားလေဟန်တူသည်။

'မင်းက တကယ်ပြောတာလား'

'ရှင်က ကျွန်မ အသက်ကို ကယ်တဲ့သူပဲ၊ ပတ္တမြားသခင်ကြီး လက်ထဲကို ကျွန်မရောက်သွားရင် ငရဲကျတာနဲ့အတူတူပဲပေါ့'

'ဘာဖြစ်လို့လဲ'

'ရှင်က သူ့ကိုမှ မတွေ့ဖူးသေးပဲကိုး'

ကျောက်တောင်နှစ်ခုသည် ဘေးချင်းကပ်ပူးနေပြီး၊ ထို ပူးကပ်နေသောနေရာ၌ လူငါးယောက်ဝင်စာ ဂူပေါက်ကြီးတစ်ခု ရှိလေသည်။

ကျောက်တောင်နှစ်လုံးမှာ ကော်နှင့်ကပ်ထားသကဲ့သို့တစ်ခုနှင့် တစ်ခုထိစပ်ကာ အလယ်တွင် ဂူပေါက် ရှိနေသောကြောင့်



ထိုဂူကို ကျောက်မြွာဂူဟု လူအများက ခေါ်ကြခြင်း ဖြစ်လေသည်။ ကျောက်မြွာဂူမှာ ဝူယင်ဂိုဏ်း၏ ပိုင်နက်တွင်ရှိ၍ ဝူယင်ဂိုဏ်းချုပ်ကြီးက ထိုဂူကို ဧည့်ဂေဟာကဲ့သို့ ငှားထားလေ့ရှိ၏။

ဂူအတွင်းပိုင်းတွင် မိသားစုတစ်စုနားနေစရာပစ္စည်းစုံလင်စွာ ရှိသည်။

ထိုဂူထဲသို့ ဝင်ကြည့်လိုက်မည်ဆိုလျှင် ထိုင်ခုံတစ်လုံးပေါ်တွင် ထိုင်နေပသော အဆမတန် ဝသည့် လူကြီးတစ်ဦးကို တွေ့ရမည် ဖြစ်သည်

ထိုလူဝကြီးမှာ ခေါင်းမှဆံပင်ကို သပ်ရပ်စွာ ဖြီးကာသင်ထားပြီး အနီရောင်ဝတ်စုံသို့ ဝတ်ဆင်ထား၏။

သူ့ကုလားထိုင် ဘေးတွင် လှံရှည်ကြီးများ ကိုင်ထားသော တပည့်ကြီး နှစ်ဦးက တစ်ဖက်တစ်ချက်တွင် ရပ်နေ၏။

လူထွားနှစ်ဦးမှာ ပတ္တမြားသခင်ကြီး၏ လက်တော်စောင့်များ ဖြစ်သော အိရန်နှင့် အိဟင်း ဆိုသူတို့ပင် ဖြစ်သည်။

အိရန်နှင့် အိဟင်းသည် "ကျန်းဆူ" ခေါ် လှံရှည်သိုင်းပညာတွင် တစ်ဖက်ကမ်းခပ်သူ နှစ်ဦးပင် ဖြစ်သည်။

မိုးကြိုးသွားကဲ့သို့ အတွန့် သုံးတွန့်ပါသော အသွားတပ်ထားသည့် လှံရှည်ကြီးများကို အသွားထောင်ကာ ဘေးတစ်ဖက်တစ်ချက်မှ ရပ်စောင့်နေကြသည်မှာ ရုပ်တုတစ်ခုကိုထောင်ထားသော နတ်ဆိုးများ၏ပုံနှင့်ပင် တူနေလေသည်။

ပတ္တမြားသခင်ကြီးသည် ပါးများဖောင်းနေသည့် ပါးစပ်ကို လှုပ်ကာ သူ့ရှေ့တွင် ချထားသော သစ်သီး ပန်းကန်ထဲမှ စပျစ်သီးများကို ဖြုတ်ခြွေကာ မျို့နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ၏ လူယုံတော် ကျုံးမိုးသည် ပတ္တမြားသခင်ကြီး၏ ရှေ့ ကျောက်သားပြင်ပေါ်တွင်ထိုင်ကာ ရေတခေါင်းထဲမှ အရက်ကို ထည့်ကာ အခွက်ပန်းကန်ကို ပတ္တမြားသခင်ကြီးထံ လက်နှစ်ဖက်ဖြင့် ပေးလိုက်သည်။

'ဒီကောင်တွေ ခုထိရောက်မလာသေးဘူး ကျုံးရှိတို့၊ နေမွန်းမတည့်မီ ဂူကို ကောင်မလေး လာပို့ပေးပါမယ်လို့ ပြောထားတာ...'

'လာမှာပေါ့ သခင်ကြီး၊ တုံးလီဟာ ကတိ ဖျက်ခဲပါတယ်'

ကျုံးမိုးက သူ့သခင်ကြီး စိတ်အေးစေရန် ပြောဆိုလိုက်သည်။

ပတ္တမြားသခင်ကြီးသည် အရက်ခွက်ကို မော့ကာ သောက်လိုက်သည်။

ထိုစဉ်မှာပင်....

ဂူပေါက်ဝသို့ လူတစ်ယောက် ဝင်လာသည်ကို တွေ့လိုက်ရလေသည်။

'ဟော ပြောရင်းဆိုရင်း တုံလီလာပြီ'

တုံလီသည် ပတ္တမြားသခင်ကြီးရှေ့သို့ ဒူးထောက်လိုက်၏။

'တုံလီရောက်လာပြီကိုး၊ ကောင်မလေးရော'

'ဒီဂူရှေ့တည့်တည့်က တောင်ထိပ်ပေါ်မှာ ရှိပါတယ် သခင်ကြီး'

'ကဲ ဒီရန်၊ ဝေယံဉ်ပြင်ဖို့ ပြောလိုက်စမ်း'

'ဟုတ်ကဲ့'



ပတ္တမြားသခင်ကြီးမှာ ကျိုယုလင်းဆိုသည့် မိန်းကလေးကို သိုင်းဂိုဏ်းချုပ်များ တွေ့ဆုံပွဲတွင် ကျိုထန်းချန်းနှင့် လိုက်လာရာမှ တွေ့ရှိခြင်း ဖြစ်လေသည်။

မိန်းကလေးတစ်ယောက်ကို ပတ္တမြားသခင်ကြီးက မြင်မိပြီ ဆိုလျှင် မရရအောင် ယူလိုက်ရမှ ကျေနပ်သည်။

လူသည် ငွေကြေးချမ်းသာ၍ ပတ္တမြားတွင်း တစ်တွင်းကို ပိုင်ခဲ့ရာ ထိုတွင်းက အောင်သောကြောင့် ကြေးစားသိုင်းသမားများကို စုဆောင်းကာ ဘုရင်တစ်ဆူကဲ့သို့ နေထိုင်သူဖြစ်လေသည်။

သူ တွင်တိုက်ကျကျ ယူထားသော မယားလေးဦးရှိ၍ ယခုကဲ့သို့ သိချင်သော မိန်းမကို တွေ့နှင့်ခုအောင် ရှာနိုင်းကာ လုပိုင်းနှစ်ပိုင်း ပေါင်းခဲ့ခြင်းများကတော့ မရေတွက်နိုင်တော့ပေ။

ပတ္တမြားသခင်ကြီး တောင်ထိပ်အထိ လိုက်လာမည်ဆို၍ ထဘောကျသွားလေသည်။

သို့သော်...

သူ့ အဖေနှစ်ဦးဖြစ်သော ကောက်ချွန်းနှင့် ကုန်းကျွန်းရှင်တို့ ပြန်ရောက်လာမည်ကို သူ စိုးရိမ်နေလေသည်။

သို့သော်...

ပတ္တမြားသခင်ကြီး၏ ဝေါ်ထမ်းသမား လေးဦးက ဂူထဲမှ ဝေါ်ကိုယူကာ ထမ်းခိုင်းလိုက်၍ သူ စိတ်အေးသွားသည်။

ဒီရန်နှင့် ဒီတင်းတို့မှာလည်း လှံရှည်ကြီးများကို ကိုင်ကာ ပတ္တမြားသခင်ကြီး ဝေယံဉ် တစ်ဖက်တစ်ချက်မှ လှံများကို ထမ်းကာလိုက်ပါလာသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟိုမြင်နေရတဲ့ တောင်ထိပ်လား တုံလီ'

'ဟုတ်ပါတယ် သခင်ကြီး'

'တစ်ခါတုန်း ကျောက်မြွေဂူထဲကို ခေါ်လာခဲ့ပြီးရော ခုတော့ တောင်ထိပ်ပေါ်မှာ ထားခဲ့ရတယ်လို့'

'သူ့ကို ကြိုးတုပ်ပြီးထားပါတယ်၊ လွတ်မပြေးနိုင်ပါဘူး'

'သူ့ခမျာ နာနေမှာပေါ့ကွာ၊ ခုလောက်ဆို အသားလေးတွေများ ပွန်းကုန်ရောပေါ့'

ပတ္တမြားသခင်ကြီးက ခပ်သည်းသည်း ပြောလိုက်သော ကြောင့် တုံလီမှာ ပြုံးလိုက်သည်။

'ဒေါင်မလေးက ရုပ်ချည်းချောသလောက် ဆိုးပါတယ် သခင်ကြီး၊ သူ့ကို ဒီလိုမှဖမ်းမလာရင် လမ်းမှာတင် ပြဿနာ ဖြစ်ပြီး လွတ်ပြေးသွားမှာပေါ့'

တုံလီက အခြေအနေကို နားလည်သဘောပေါက်အောင် ရှင်းပြလိုက်သည်။

'အေးလေ မလုပ်ရဘူးတော့ ငါ မကန့်ကွက်ပါဘူး၊ သူ့ အဖေကလဲ နာမည်ကြီး သိုင်းသမားပဲ၊ မင်းတို့မှာ အခက်အခဲ ရှိမယ်ဆိုတာ ငါသိပါတယ်'

ပတ္တမြားသခင်ကြီးက တုံလီကို အပြစ်မတင်သော့ဘဲစိတ် ကျေနပ်မှု ရသွားမှ တုံလီမှာ စိတ်အေးသွားသည်။

သူ့အတွက် အချိန်က အရေးကြီးနေသောကြောင့် တောင် ထိပ်သို့ ဆပြေးအလွှား တက်လိုက်သည်။

မကြာမီ...



ပတ္တမြားသခင်ရော တုံလီပါ တောင်ထိပ်ပေါ်သို့ ရောက် လာသည်။

ပတ္တမြားသခင်ကြီးက ဝေယဦကို အပြန့်တွင် ကျိုယုလင်း အား စီးခိုင်းပြီး သူက လမ်းလျှောက်ဖို့ စိတ်ကူးထားလေ၏။

တောင်ထိပ်တွင် မည်သည့်အရာမျှ မမြင်ရသော ကြောင့် ပတ္တမြားသခင်ကြီးမှာ သံသယဝင်သွားလေသည်။

'တုံလီ ကျိုယုလင်း ဘယ်မှာလဲ'

'ရှိပါတယ်၊ ခဏလေး ကျွန်တော် ထုတ်ခဲ့ပါ့မယ်'

ကောက်ချွန်းကို ထည့်ခိုင်းထားသော ချုံထဲသို့ ဝင်သော တုံလီ ကြည့်လိုက်သည်။

'ဟင်

ချုံထဲတွင် မည်သည့်အရာမျှ မရှိတော့၊

တုံလီမှာ ချုံတစ်ခုလုံး ပတ်ရှာရာ ချုံပုတ်မှာ လှုပ်နေ တော့၏။

တုံလီသည် တောင်ထိပ်ရှိချုံများသို့ ဟိုချုံခြေပြေးဝင်လိုက်၊ သည်ချုံခြေပြေးဝင်လိုက်ဖြင့် သူ့ ယောင်မှားနေသလားဟုသံသယ ဖြစ်ကာ ချုံများကို တစ်ခုပြီးတစ်ခု တိုးဝင်၍ ရှာနေလေသည်။

တုံလီ၏ အဖြစ်ကိုကြည့်ကာ ပတ္တမြားသခင်ကြီး ဒေါသ ထွက်လာသည်။

'ဟေ့ကောင် တုံလီ'

'ဗျာ'

'ခါ ဘာလုပ်နေတာလဲ၊ မင်း ငါ့ကို တစ်ပတ်ရိုက်တာလား'

www.burmeseclassic.com

www.burmeseclassic.com


'မဟုတ်ပါဘူး၊ ကျွန်တော် ဒီချုံထဲမှာ စောစောကတင် ကောင်မလေးကို ကြိုးတုပ်ထားခဲ့တာပါ'

'မဖြစ်နိုင်တာကွာ၊ ကြိုးတုပ်ထားရင် ရှိမှာပေါ့ကွ'

'ဟုတ်တယ်၊ ဒါကြောင့် ကျွန်တော် ရှာနေတာပါ'

တုံးလီသည် စကားပြောရင်း ချုံတစ်ခုထဲသို့ တိုးဝင်ကာ ကြည့်လိုက်ပြန်သည်။

ပတ္တမြားသခင်ကြီး သက်ပြင်းချလိုက်သည်။

'တုံးလီ မင်းကောင်လေးကို အောင်ထိပ်ပေါ် ခေါ်လာပြီး ချုံတိုးပြီးနေတာပဲ၊ ဟော ကောင်တွေ ဝေါယာဉ်ယူခဲ့'

သူ့အစေခံလေးဦးကို ဝေါယာဉ်အား သူ့အနားသို့ ရွှေ့ခိုင်းလိုက်ပြီး ဝေါယာဉ်ပေါ် တက်လိုက်၏။

'နောက်ကျောက်မြို့ကို ပြန်မယ်'

တင်းမာသော မျက်နှာထားဖြင့် ပတ္တမြားသခင်ကြီးက ပြောလိုက်သည်။

ပတ္တမြားသခင်ကြီး၏ ဝေါယာဉ်မှာ တောင်ခြေဘက်သို့ တလှုပ်လှုပ်ဖြင့် ဆင်းသွားလေတော့သည်။

တောင်ပေါ်တွင်မူကား တုံးလီ တစ်ယောက်သာ အရှုံး ထွေ့ယ် ကျန်ခဲ့လေသည်။

ပတ္တမြားသခင်ကြီး၏ ဝေါယာဉ်ကြီးမှာ လှုပ်လှုပ်လှုပ်လှုပ်ဖြင့် မျက်ကွယ်သွားချိန်တွင် ကောက်ချွန်းသည် တောင်ပေါ်သို့ ဝါးဆစ်ဘူး နှစ်ဘူးကိုင်ကာ ပြေးတက်လာလေသည်။

'ရှာလိုက်ရတာဗျာ၊ ဟိုဘက်က တောင်ခြေရွာလေး ရောက်မှပဲ အရက်ရတော့တယ်၊ ဒီမှာ စားစရာဆိုလို့ ဝက်ပေါင်ခြောက်ရတာနဲ့ ဝယ်လာခဲ့တယ်'

ဝါးဆစ်ဘူး နှစ်ဘူးကို ချလိုက်ရင်း ကောက်ချွန်းက ပြောလိုက်သည်။

ကောက်ချွန်း ပြောနေသော စကားကို တုံးလီက စိတ်မဝင်စားပေ။

'တို့တော့ ခံသေသမျှ သဲရေကျ ဖြစ်နေပြီ ကောက်ချွန်း'

'ဘာလဲ ဆရာတုံးလီ၊ ကုန်းချွန်းရင် မရောက်လာသေးလို့လား၊ ပတ္တမြားသခင်ကြီးရဲ့နေရာကတော့ ကြာမှာပေါ့လာပါ၊ ဒီမှာ အရက်ရပြီ၊ သူ့ကို အရက်သောက်ရင်း စောင့်တာပေါ့'

'ကောက်ချွန်း'

တုံးလီက မှုန်မှိုင်းသောအသံဖြင့် ခေါ်လိုက်၍ ကောက်ချွန်းက တုံးလီကို မော့ကြည့်လိုက်သည်။

'ဘာလဲ ဆရာတုံးလီ'

'ငါ အရက်မသောက်ချင်တော့ဘူး'

'ဘာဗျ၊ ခင်ဗျားပဲ ကျုပ်ကို အရက်သောက်ချင်တယ်ဆိုလို့ တောင်ခြေရွာအထိ အရက်သွားရှာလိုက်ရတာ၊ ကျုပ်ကိုကော်ပန်းအောင် ခင်ဗျားလုပ်တာလား'

'မဟုတ်ပါဘူးကွာ၊ အခုမြဲသာ ပေါ်နေပြီ၊ ငါပြောလိုက်ရင် မင်းလဲ အရက်သောက်ချင်မှာ မဟုတ်တော့ဘူး'

'ပြောပါဦး၊ ဘာဖြစ်လို့လဲ'

www.burmeseclassic.com

www.burmeseclassic.com

'ကျွဲယုလင် မရှိတော့ဘူး'

ထိုအခါတွင်ကော့ အေးအေးဆေးဆေး ထိုင်နေသော ကောက်ချွန်းမှာ ဝုန်းခနဲ ခုန်ထလိုက်သည်။

သူ့ကျောတွင် လွယ်ထားသော ဓားကိုလည်း ဆွဲထုတ်လိုက်လေတော့သည်။

'ဆရာတုံးလီ၊ ကျုပ်ကို ဒီလိုလှည့်စားမယ်တော့ မကြံပါနဲ့၊ ဘယ်မှာလဲ ကျုပ်ဝေစု ပတ္တမြားတစ်လုံး ပေး'

ဓားနှင့်ချိန်ရွယ်ကာ ဟောက်ဆိုလိုက်၍ တုံးလီအခက်တွေ့သွားသည်။

'ကြံကြံဖန်ဖန်ကွာ၊ ကျွဲယုလင်း ပျောက်သွားပါတယ်ဆိုမှ ဘယ်ကပတ္တမြားက ရမှာလဲ'

တုံးလီပြောသောစကားကို ကောက်ချွန်းမှာ လုံးဝမယုံကြည်ပေ။

'ခင်ဗျားက ကျုပ်ကို လူအ မျှားအောက်မေ့နေလား၊ ကျုပ် တောင်ပေါ်တက်လာတော့ ပတ္တမြားသခင်ကြီးရဲ့လူတွေ တောင်ခြေမှာ တွေ့လိုက်ရတယ်၊ ဒါ ကျွဲယုလင်းကိုခေါ်ပြီး ပတ္တမြားသခင်က ပတ္တမြားသုံးလုံး ခင်ဗျားကို ပေးခဲ့လို့ပဲပေါ့၊ ခင်ဗျား ဘာပြောချင်သလဲ'

တုံးလီမှာ ရှင်းပြ၍ ရမည်မဟုတ်မှန်းသိ၍ ကျောမှဓားကို ဆွဲထုတ်လိုက်သည်။

'ကောက်ချွန်း၊ မင်း ငါ့ကိုမယုံရင်လဲ မတတ်နိုင်ဘူး၊ မင်းမယုံရင် ကုန်းချွန်းရှင်ကို စောင့်ကြည့်ပေါ့'



ထိုစကားအဆုံးမှာပင် တောင်ပေါ်သို့ မောကြီးပန်းကြီး တက်လာသော ကုန်းချွန်းရှင်ကို တွေ့လိုက်ရလေသည်။

ကုန်းချွန်းရှင်သည် တောင်ထိပ်တွင် တစ်ဦးနှင့်တစ်ဦး ဓားနှင့် ချိန်ရွယ်နေသော ကောက်ချွန်းနှင့် တုံးလီတို့ကို တွေ့လိုက်ရ၍ အံ့အားသင့်သွားသည်။

'ပတ္တမြားသခင်ကြီး အရေးကြီးတဲ့ခရီး ထွက်သွားလို့တဲ့ဗျာ၊ သူ့ အိမ်မှာ မတွေ့ခဲ့ဘူး'

ဘာမှမသိသေးသော ကုန်းချွန်းရှင်က သူတို့နှစ်ဦးကို ပြောလိုက်သည်။

တုံးလီက—

'တွေ့လို့ပါလာလဲ ကျွဲယုလင်းက မရှိတော့ဘူး၊ ထွက်ပြေးသွားပြီ'

'ဘာ... ဘယ်လိုဖြစ်တာလဲ'

'ငါက ဒီကောင့်ကို အရက်ရှာခိုင်းတယ်၊ ငါအပေါ့အပါး သွားချင်လို့ တောင်ပေါ်က ဆင်းသွားတယ်ကွာ၊ ပြန်လာတော့ မရှိတော့ဘူး'

'ဆရာတုံးလီ၊ ခင်ဗျားလိမ်တာ'

'ခင်ဗျား သက်သက်ကျုပ်တို့နှစ်ယောက်ကို လွှတ်ပြီးတော့ ပတ္တမြားသခင်ကြီးကို လက်သိပ်ထိုး ကောင်မလေး ပေးလိုက်တာပဲ'

www.burmeseclassic.com



'မတုတ်ပါဘူးကွာ၊ ဒီကောင်မလေးကို တစ်ယောက်ယောက် အကူအညီရလို့ ထွက်ပြေးသွားတာ ဖြစ်ရမယ်၊ မင်းတို့ငါနဲ့ ရန်ဖြစ်နေရင် ကောင်မလေး လွတ်သွားမယ်၊ အဲဒါစဉ်းစား'

သည်တစ်ခါပြောလိုက်သော တုံးလီစကားက ထိရောက်လှသည်။

တုံးလီကဲ့သို့ပင် ကောက်ချွန်းနှင့် ကုန်းချွန်းရှင်တို့သည် ချုံထဲသို့ ဝင်လိုက်ထွက်လိုက်လုပ်ကာ ကျိုယုလင်းကို ရှာဖွေလိုက်ကြသည်။

ကောက်ချွန်းသည် သူ ထည့်ထားသော ချုံထဲသို့ သေချာငုံ့ကာ ကြည့်သောအခါ ချုံတစ်ဖက်မှထွက်သွားသောသဲလွန်စကို သတိထားမိ၏။

ဆင်ခြေလျှောတွင် ကျိုယုလင်း၏ခေါင်းစည်းစ အပြာလေးသည် သစ်ကိုင်းဖြင့်ချိတ်ကာ ကျန်ခဲ့ပြီး သဲပေါ်မှခြေရာများလည်း တွေ့လိုက်ရလေသည်။

'ကောင်မလေးက ဒီတောင်ကမ်းပါးစောက်က ဆင်းပြေးတာပဲဗျ'

ဟု ကောက်ချွန်း အော်သံကြောင့် သူတို့နှစ်ဦးချုံနောက်သို့ တိုးကာ ကြည့်လိုက်ကြလေသည်။



'ဪ...ရှင်ကလဲ လက်စသတ်တော့ ဂုဏ်ရောက်လာတဲ့ လူတစ်ယောက်ကိုး'

ကျိုယုလင်းက သူ့ဘဝအကြောင်းကို ပြန်ပြောင်းပြောပြသည့် လုံကျွန်းယီစကားများကို နားထောင်ကာ မှတ်ချက်ချလိုက်လေသည်။

သူတို့စကားထိုင်ပြောသည်မှာ ညနေ နေဝင်ဖို့ကာလ အချိန် ဖြစ်လာ၏။

'ညီမတို့နေတဲ့နေရာကိုဆက်ဖို့ ဘယ်လောက်လိုသေးလဲဟင်'

သူ့ဘဝအကြောင်းပြောသည့် စကားများကို ရပ်ကာ လုံကျွန်းယီက မေးလိုက်သည်။

'မီးနဂါးတောင်အထိ သွားရမှာ အစ်ကို၊ ခုမှ ယင်ချုန်တောင်ကုန်းလွန်ကာရှိသေးတော့ ကျွန်မတို့နောက်ထပ်တစ်ရက် ခရီးလောက် သွားရဦးမှာ'

'ဒါဆိုရင် အစ်ကိုတို့ ခရီးဆက်လို့မကောင်းဘူး၊ ဒီပြင်ဆာ နေစရာ တစ်နေရာရှာကြမှ ဖြစ်မယ်၊ ခုလောက်ဆို ဟိုတုံးလီဆိုတဲ့ လူစု ညီမပျောက်သွားတာ ရိပ်မိပြီး လိုက်ရှာကြရောပေါ့'

ထိုအခါတွင်မှ ကျိုယုလင်းမှာ အသက်ဝင်လှုပ်ရှားလာသည်။

'အင်း...ဒီနားမှာ ဂူတွေတော့ပေါသားပဲ၊ လာ...ကျွန်မတို့ လုံခြုံတဲ့တစ်နေရာ ရှာကြတာပေါ့'

လုံကျွန်းယီနှင့် ကျိုယုလင်းတို့သည် နေရောင်ရှိတုန်း သူတို့

www.burmeseclassic.com

www.burmeseclassic.com



နေထိုင်ရာရှိသော ခနရာကို ရှာဖွေကြရာ ဆန့်ပြန့်ရှင်းလင်းသော ဂူလေးတစ်ဂူကို တွေ့ရလေသည်။

လူဘိုနှစ်ဦးသည် ဂူလေးထဲသို့ ဝင်လိုက်ကြလေသည်။

နှစ်ဦးသား စရိုးပန်းလာကြ၍ ခြေပစ်လက်ပစ် ထိုင်လိုက်ကြသည်။

'ညီမ မောနေဦး၊ စားစရာ ရှာလိုက်ဦးမယ်'

ဟု ပြောကာ လုံကျွန်းယိက ဂူပြင်သို့ ထွက်လာလေသည်။

သူသည် ခရီးသွားရင်း မြွတ်ပြေးသွားသော ယုန်များကို မကြာခဏတွေ့ရ၍ ယုန်ထောင်ချောက်လုပ်ရန် နွယ်ကြိုးနှင့် သစ်ကိုင်းများကို ချိုးလိုက်သည်။

သို့နောက် နွယ်ကြိုးနှင့်ပိုက်ကွန်လေးလုပ်ကာ သစ်ပင်နှစ်ပင်ကြားတွင် တုတ်ချောင်းများနှင့် ရက်ထားသောပိုက်ကလေးကို ချည်နှောင်ထားလိုက်လေသည်။

သူသည် သစ်ကိုင်းတစ်ကိုင်းနှင့် ချုံနွယ်များကို လိုက်ကာ ထားလိုက်ပါလေတော့သည်။

'ဟေး ဟေး ဟေး'

'ဘုန်း ဘုန်း ဘုန်း'

ထောင်ချောက်ရှိရာသို့ ပြေးလမ်းဖြစ်နိုင်သော ချုံနွယ်များကို သစ်ကိုင်းများဖြင့် တဝုန်းဝုန်းရိုက်လိုက်ကြလေသည်။

'ဝေါ'

'ရှတ် ရှတ် ရှတ်'



'ချုံတွင်း၌ရှိနေသော ယုန်များမှာ ထိတ်လန့်တကြားထွက်ပြေးကြရာ လုံကျွန်းယိထောင်ထားသော နွယ်ကြိုးပိုက်တွင် ယုန်နှစ်ကောင်က ငြိုးမိသွားလေသည်။

ယုန်သည် လန့်တတ်၏၊ အသည်းနု၏၊ ထို့ကြောင့် ယုန်နှစ်ကောင်ကိုလည်ပင်းမှ လုံကျွန်းယိဆုပ်ကိုင်လိုက်သော အချိန်တွင် အသက်မရှိတော့ပေ၊

ယုန်နှစ်ကောင်ကိုဆွဲကာ လုံကျွန်းယိက သူတို့နေထိုင်သော ဂူငယ်ကလေးထဲသို့ ပြန်လာခဲ့လေသည်။

'ဟင်...မြန်လှချည်လား'

ယုန်နှစ်ကောင်ကိုဆွဲကာ ဝင်လာသော လုံကျွန်းယိကိုတွေ့၍ ကျိယုတင်းက ပြောသည်။

ယုန်နှစ်ကောင်ကိုမစ်ချကာ ဂူဝမှသစ်ကိုင်းများကိုကောက်လိုက်၏။

ထို့နောက်...

လုံကျွန်းယိသည် ကျောက်တုံးနှစ်တုံးဖြင့် တီးခတ်ကာ သစ်ရွက်ခြောက်များကိုညှပ်၍ မီးခတ်လိုက်သည်။

သုံးလေးချက်မီးပွင့်ကာ သစ်ရွက်ခြောက်များကို မီးစွဲ၍ တဖျစ်ဖျစ်မြည်ကာ လောင်မြိုက်လာသည်။

ကျိယုသင်းကသည်း သစ်ကိုင်းများကိုချိုးကာ မြေပြင်တွင်စိုက်ချင်း ယုန်များကိုကင်၍ရအောင် ပြုလုပ်ပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



မီးဖိုဘေး၌မိုးယားသော သစ်ကိုင်းခွနှစ်ခုပေါ်တွင် တုတ်ရှည်ရှည်တစ်ချောင်း တင်လိုက်၏။

ထို့နောက် ယုန်နှစ်ကောင်ကို ကြိုးနှင့်ချည်၍ မီးမြှိုက်လိုက်သည်။

လုံကျွန်းယီသည် ခြေသလုံးခန့်တုတ်သော သစ်ကိုင်းတစ်ချောင်းကို နှစ်တောင် သာသာခန့် သူ့ဓားနှင့် ဖြတ်နေသည်။

'ဒါ ဘာလုပ်တာလဲ အစ်ကို'

'ဒါက ရန်သူကိုတိုက်ဖို့ပေါ့ ညီမ'

'ခစ် ခစ် ခစ်'

ကျိုယုလင်း၏ ရယ်သံကြောင့် လုပ်လက်စအလုပ်ကို ရပ်ကာ လုံကျွန်းယီက ကျိုယုလင်းကို လှမ်းကြည့်လိုက်သည်။

'ညီမက ဘာရယ်တာလဲ'

'ကြည့်...သိုင်းသမားတွေကို ဒီသစ်ကိုင်းတုတ် အားကိုးနဲ့ တိုက်လို့ရမယ်လို့ အစ်ကိုက ထင်နေတာကိုး'

'အင်း...မျက်နှာချင်းဆိုင်တော့ တိုက်လို့မရဘူးပေါ့၊ ဒါပေမယ့် တစ်ခါတစ်ရံ ဘယ်လောက် သိုင်းပညာတော်တဲ့သူပဲ ဖြစ်ဖြစ် အဲဒီကိမ်တုတ်တာပဲ'

'အင်း ပေါ့လေ၊ အစ်ကိုထင်သလိုဖြစ်လာရင်တော့ ကောင်းတာပေါ့'

ကျိုယုလင်းက ခပ်ပေါ့ပေါ့ ပြောလိုက်သည်။



လုံကျွန်းယီကတော့ သစ်ကိုင်းကို ဆက်ဖြတ်နေသည်။ ပြတ်သွားသောအခါတွင် သူသည် လက်နှစ်ဖက်နှင့်ကိုင်ကာ ဆကြည့်လိုက်သည်။

'အဆတော်ပဲ'

သူဖြတ်ထားသည့် သစ်ကိုင်းကို သူကြည့်ပြီးပြော၍ ကျိုယုလင်းလ ပြုံးလိုက်မိသည်။

အိတ်ထဲမှ တော်တော်စိတ်ကူးယဉ်တဲ့သူပဲ ဟူ၍လည်း တွေးလိုက်မိလေသည်။

မီးမြှိုက်၍ ယုန်မွေးများကို အရည်ခွဲခွာကာ ညှပ်ဘီးဖြင့်ညှပ်၍ ကျိုယုလင်းမှာ မီးပုံတွင် ကောင်းကောင်း ကင်နေလေသည်။

ထိုအချိန်တွင်....

လုံကျွန်းယီမှာ ဂူပေါက်ဝတွင် တောင်ထိပ်ပေါ်၌ ကျိုယုလင်းကို ချုပ်နှောင်ရာမှ ယူလာသည့်ကြိုးကို ငုတ်တိုင်နှစ်တိုင်စိုက်၍ ဟိုဘက်သည်ဘက် ချည်နှောင်နေလေသည်။

'အဲဒါ ဘာလုပ်နေတာလဲ'

'အရံအတား လုပ်နေတာလေ'

ကြိုးမှာ မြေကြီးပေါ်မှတစ်ထွာသာသာ အမြင့်ရှိ၍ဂူပေါက်ဝတွင် ကန့်လန့်ဖြတ်တန်းနေသည်။

ဘေးမှသဲမြေများကို ရှင်းလင်းကာ ကြိုးတန်းကို မမြင်သာအောင် သစ်ခက်များဖြင့် အုပ်ထားလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယုန်ကင်နံ့မှာ မွှေးပျံ့လာသည်။ လုံကျွန်းယီမှာ ဗိုက်ဆာလောင်သည်နှင့်ကျိုယုလင်း၏မျက်နှာချင်းဆိုင်နံရံ၌ ကျောမှီကာ ထိုင်လိုက်လေသည်။

မီးရောင်ကြောင့် ကျိုယုလင်း၏မျက်နှာမှာ ဝင်းပနေ၏။ ကပိုကရိုကျနေသော ဆံနွယ်လေးများကြားမှ တောက်ပနေသော မျက်လုံးများက တစ်စုံတစ်ရာကို စိုးရိမ်နေပုံရလေသည်။

သူသည် လမ်း၌ခရီးသွားရင်း ကျိုယုလင်းကို အကဲမခတ်မိပေ။ အခုသေချာအကဲခတ်မိတော့မှပင် အပြစ်ကင်းစင်လှပသော မိန်းကလေးတစ်ဦးဖြစ်မှန်း သိလိုက်ရတော့၏။

ကျိုယုလင်းမှာ လုံကျွန်းယီအကြည့်ရှုနေမှန်းသိ၍မျက်လွှာကို ချလေ၏။

'ညီမ ယုလင်း'

သူက ခေါ်ကြည့်လိုက်သည်။

'အစ်ကိုပေါ့ ဗိုက်တော်တော် ဆာနေပြီ၊ညီမရော မဆာဘူးလား'

'ဆာတာပေါ့၊ တစ်လမ်းလုံး အတင်းပြေးနေတာကိုး၊ ဆာလဲဆာတယ်၊ ပြီးတော့ အနားလဲယူချင်နေပြီ၊ ယုန်တစ်ကောင်ကတော့ ကျက်သွားပြီ၊ အစ်ကိုစားရင်စားပေါ့'

ယုန်ကင်ကို ကျိုယုလင်းက လုံကျွန်းယီထံ လှမ်းပေးလိုက်သည်။



'လာခဲ...ညီမလဲ အတူစားပေါ့၊ တော်ကြာရင် ဟိုတစ်ကောင်ကျက်မှာပဲ၊ ဒါပေမယ့် ယုန်တစ်ကောင်ကိုတောင် ကုန်ချင်မှကုန်မှာပါ'

'ဘယ်ကုန်မလဲ၊ ဒီတစ်ကောင်က မနက်ကြမှ စားဖို့ထားရမှာပေါ့'

ပြောပြောဆိုဆို ကျိုယုလင်းက ညှပ်တံဖြင့် ညှပ်ထားသော ယုန်တစ်ကောင်ကိုထောင်ထားခဲ့ရာလုံကျွန်းယီထိုင်သကဲ့သို့ ဂူနံရံကို မှီ၍ထိုင်လိုက်သည်။

'ဟုတ်တယ်၊ အဲဒီလိုထိုင်တာ လူသက်သာတယ်၊ ဒါပေမယ့် စားရင်းလဲ အိပ်ပျော်နေဦးမယ်'

ကျိုယုလင်းပြုံးကာ မျက်စောင်းထိုးရင်း လုံကျွန်းယီဖဲ့ပေးသော ယုန်ပေါင်တစ်ပေါင်ကို လှမ်း၍ယူလိုက်လေသည်။

သူတို့သည် ဆာဆာနှင့်စကားမပြောကြတော့ဘဲ ယုန်သားကင်ကိုသာ စားနေကြသည်။

ဗိုက်ဝလာသောအခါတွင် မျက်လုံးများ စင်းလာကြလေတော့သည်။

'ကဲ...ညီမ၊ အိပ်ချင်ရင် ဟိုဂူထောင့်မှာ သစ်ရွက်တွေ ခင်းထားတယ်၊ အဲဒီမှာသွားအိပ်တော့၊ စိတ်ချလက်ချ အိပ်တော့သိလား'

'အစ်ကိုကရော'

www.burmeseclassic.com

www.burmeseclassic.com



'အစ်ကိုက ဟိုနားမှာအိပ်မယ်လေ'

ထိုအခါမှပင်...

ကိုယုလင်းသည် လုံကျန်းယီက အိပ်ရာနှစ်ခုခွဲ၍ လုပ်ထားသည်ကို သိလိုက်ရသည်။

သူ့အတွက် မီးဖိုနှင့်နီးသော ဂူအတွင်းပိုင်းတွင် လုံကျန်းယီက ဂူပေါက်ဝ သူချည်ထားသော ကြိုးငုတ်၏ ဘေးနားတွင် အိပ်ရာခင်းထားလေသည်။

ကိုယုလင်းမှာ မျက်လုံးများ ငိုက်စင်းနေ၍ သစ်ရွက်ခင်း အိပ်ရာပေါ် အိပ်ချလိုက်သည်နှင့် အိပ်ပျော်သွားလေ၏။

တုံးလီတို့သုံးဦးမှာ ပတ္တမြားသုံးလုံး ရရှိလုနီးမှ ဘားကောင်က လှတ်မြောက်သွားသောကြောင့် ခြေရာခံကာ တရကြမ်းလိုက်လာခဲ့ကြလေသည်။

သူတို့မှာ ယင်ချန်တောင်ကုန်းဒေသကို ကျွမ်းကျင်သူများဖြစ်၍ ခရီးလမ်းကို တွက်ချက်တတ်လေသည်။

တုံးလီသည် သူ့အာပြစ်ဖြစ်သောကြောင့် ကောက်ချွန်းနှင့် ကုန်းချွန်းရင်တို့ကို....

'ဒီကိစ္စကို ငါဦးဆောင်ပြီးလုပ်တာပဲ၊ ဒါပေမယ့် ငါအသုံးမကျလို့ ခုလို ဖြစ်ရတယ်ဆိုတာ ဝန်ခံပါတယ်၊ ဒါပေမယ့် ဒီ



ကောင်မလေးဟာ ဒီနေ့သောက်အချိန်မှာ ယင်ချန်တောင်ကုန်းကို ကျော်နိုင်မှာ မဟုတ်သေးဘူး'

ဟုပြောလိုက်သည်။

သူတို့သည် တောင်ခြေကို ရောက်သည်နှင့် ကျောက်ချွန်းကမှူးများ ချုံနွယ်ပိတ်ပေါင်းများ ကင်းရှင်းသည့် လမ်းကြောင်းကို ကြည့်ရှုလိုက်လေသည်။

'ကောက်ချွန်း ဒီသဲပြင်ပေါ်မှာကြည့်စမ်း၊ လူနှစ်ယောက်ရဲ့ ခြေရာတွေ တွေ့တယ်မဟုတ်လား'

'ဟုတ်တယ် ဆရာတုံးလီ၊ ကောင်မလေးနဲ့အတူ လူ တစ်ယောက်ပါတယ်၊ သူ့ခြေရာကကြီးတယ်၊ ယောကျ်ား တစ်ယောက်ရဲ့ ခြေရာပဲ'

ကောက်ချွန်းက ခြေရာများကိုကြည့်ကာ ဝေဖန် ပြောဆိုလိုက်သည်။

'ကျုပ် ဖိုးရိမ်တာကတော့ တခြားတစ်ယောက်က လာတယ်ရင်တော့ အကြောင်းမဟုတ်ပါဘူး၊ သူ့အဖေ ကိုယ်တိုင်သာ လိုက်လာတာ ဆိုရင်တော့ အခု သူ့နောက်လိုက်လာတာ ကိုယ့်သေတွင်း ကိုယ်တူးသလို ဖြစ်မှာပဲ'

ကုန်းချွန်းရင်၏ စကားကြောင့် သူတို့သုံးယောက်လုံး၏ခြေလှမ်းများ တုံ့ခနဲ ရပ်သွားကြလေသည်။

တုံးလီက ခြေရာကို သေသေချာချာကြည့်၍ သူ့မေးကိုပွတ်ကာ စဉ်းစားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'မဖြစ်နိုင်ဘူး၊ သူ့အဖေ လောကယ်တာတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး'

တုံးလီက ယတိပြတ် ဆုံးဖြတ်ချက်ချလိုက်၏။

'ဆရာတုံးလီက ဒီလို ဘာဖြစ်လို့ ပြောနိုင်တာလဲ'

ကောက်ချွန်းက တုံးလီ၏ စကားကို မယုံသလို အသံမြင့်၍ မေးလိုက်သည်။

'ဒါက ရှင်းရှင်းလေးပဲကွာ၊ အဖေနဲ့သမီး လမ်းလျှောက်ရင် ဘယ်လိုလျှောက်မလဲ'

တုံးလီက သူ ဆက်စပ်မိသည့် အချက်ကို ထုတ်မပြောသေးဘဲ ကောက်ချွန်းနှင့် ကုန်းချွန်းရင်တို့ မျက်နှာကိုအကဲခတ်ကြည့်ရှုရင်း မေးလိုက်သည်။

'လမ်းလျှောက်တာပဲဗျာ ဘယ်တစ်လှမ်း ညာတစ်လှမ်းသွားမှာပေါ့'

ကုန်းချွန်းရင်က တုံးလီကို အမြင်ကတ်သလိုစိတ်ပြင့်ပါးစပ်ထဲဖွင့် တွေ့ရာပြောလိုက်သည်။

'ကုန်းချွန်းရင် မင်းဟာ စဉ်းစားဉာဏ် တော်တော်လေးမရှိတဲ့ ကောင်ဘဲ၊ ဒါကြောင့်လဲ မင်း ဒီလိုအဝမျိုး ဖြစ်နေသာ'

တုံးလီက အမြဲတစေ ခပ်ပေါ့ပေါ့နေတတ်ပြီး ပတ်ဝန်းကျင်လေ့လာမှု နည်းပါးသော ကုန်းချွန်းရင်ကို ဒေါသထွက်၍ ပြောဆိုလိုက်သည်။

'ကျုပ်က စဉ်းစားဉာဏ်နည်းချင်သာ နည်းမယ်၊ တာဝန်ပျက်ကွက် ပေါ့လျှော့မှုတော့ မရှိဘူးဗျ'



တုံးလီအပေါ်တွင် ကျိယုလင်း လွတ်သွားမှုနှင့် ပတ်သက်၍ စကျေနပ်ဖြစ်နေသော ကုန်းချွန်းရင်က အကွက်ကျကျ ပြောလိုက်၍ တုံးလီမှာ ဒေါသထွက်သွားလေတော့သည်။

'ငါလဲ ဒီလိုဖြစ်ချင်မလားကွာ၊ ဒီကိစ္စ မကျေနပ်တော့ မင်းက ဘာလုပ်ချင်သတုန်း'

'ဒီမှာ ဆရာတုံးလီ၊ ကျုပ်တို့သုံးယောက် ဒီအလုပ်မလုပ်ခင်က ဘယ်လိုအကြောင်းခံ ရှိခဲ့သလဲ'

'သစ္စာဖောက်တဲ့ကောင်ကို သတ်ကြေးလေ'

'ဒါဆိုရင် ခင်ဗျားက သစ္စာဖောက်ပဲ'

'ဘာ'

တုံးလီမှာ ဓားကိုဆွဲထုတ်ပြီးသား ဖြစ်နေလေ၏။

'ဟေ့ကောင် ကောက်ချွန်း၊ ဆရာတုံးလီက ပတ္တမြားသခင်ကြီးယာ သူ့စံအိမ်မှာမရှိဘဲ ငါတို့သက်သက် လွှတ်တာကွ…'

'ပြီးတော့ မင်းကို အရက်ရှာခိုင်းတာလဲ သူနဲ့ ကောင်မလေး နှစ်ယောက်တည်း ကျန်ခဲ့ချင်လို့…'

'ပြီးတော့ ကောင်မလေးကို သူတစ်ယောက်ယောက်လက်ထဲ ထည့်လိုက်တာ၊ သူ သစ္စာဖောက်'

ဓားကိုဝှေ့ယမ်းရင်း ကုန်းချွန်းရင်က ပြောလိုက်သည်။

သို့သော်…

ကောက်ချွန်းက မတုန်မလှုပ်ရပ်နေသည်။

သူသည် အကျိုးသက်ရောက်မှုကို စဉ်းစားနေခြင်း ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



'ကုန်းချန်းရင် မင်းဒေးကို ပြန်ထည့်ထားလိုက်စမ်း၊ ဆရာ တုံးလီလဲ ဓားကို ပြန်သွင်းလိုက်ပါဗျာ၊ ဘာအကျိုးမှ မရှိဘဲ ကျုပ်တို့အချင်းချင်း သတ်ဖြတ်ပြီး အကျိုးမဲ့ဖြစ်တာ သဘာဝ မကျဘူး'

ဒေါသထွက်နေသူ နှစ်ဦးမှာ ကောက်ချွန်း၏ စကားကြောင့် ဓားကိုပြန်ထည့်ထားလိုက်သည်။

ကောက်ချွန်းသည် တုံးလီနှင့် ကုန်းချန်းရင်တို့ကိုကြည့်ကာ တော်တော် စိတ်ပျက်နေသည်။

'ဒီအလုပ်ဟာ အန္တရာယ်များတယ်၊ အကျိုးဖြစ်ထွန်းနိုင်ပေမယ့် သေချာတိကျဖို့ လိုတယ်ဆိုတာ ကျုပ် အစကတည်းကပြောခဲ့သားပဲ၊ ခင်ဗျားတို့ တစ်ယောက်နဲ့ တစ်ယောက် ဒေါသထွက်နေရင် ကျုပ် သမ်းခွဲနိုင်မယ်'

ကောက်ချွန်း၏ ပြတ်သားသော စကားသံကြောင့် ဆရာ တုံးလီက တံတွေးမျိုချလိုက်သည်။

'ကောက်ချွန်း ငါ့အပြစ်ကို ငါဝန်ခံပါပြီ၊ ကောင်မလေးကို ပြန်ဖမ်းမိဖို့ ငါ့ဘာဝန်ယူတယ်၊ မင်းတို့ ငါ ပြောသလိုသာလုပ်ပါကွာ'

တုံးလီမှာ အစီအစဉ်တော့ ကောင်းသူဖြစ်ကြောင်း သူတို့ နှစ်ယောက်လုံး သိထားသည်။

ထို့ကြောင့်....



တုံးလီ၏ ဆက်ပြောမည့်စကားကို နားထောင်နေကြ၏။

'သူ့အဖေ ကျိုထန်းချန်းသာ သူ့သမီးကို လာကယ်မယ်ဆိုရင် ဒီလို နိုးကြောင်ခိုးဝှက် တိတ်တဆိတ်လာမှာ မဟုတ်ဘူး၊ ဘိုသုံးယောက်ရဲ့ သိုင်းပညာကို သူ့အဖေက ဘယ်ဂရုစိုက်မလဲ၊ မဟုတ်ဘူးလား'

ကောက်ချွန်းက ခေါင်းညိတ်လိုက်သည်။

'ခင်ဗျားပြောတာ သဘာဝကျပါတယ်'

ကုန်းချန်းရင်ကတော့ ဘာမှဝင်မပြောဘဲ မျက်မှောင်ကုတ်ကာ ကြည့်နေလေသည်။

'ပြီးတော့ ဒီခြေရာနှစ်ခုရဲ့ သွားပုံလာပုံကိုကြည့်ရင် ပိုပြီး သိသာတယ်၊ ယောကျ်ားခြေရာက ကျိုယုလင်းရဲ့ခြေရာထက် တပြည်းပြည်း ဝေးသွားတယ် တွေ့လား၊ ဒါကြောင့် အဖေနဲ့ သမီး မဖြစ်နိုင်ဘူး၊ သားအဖဆိုရင် သမီးကို နောက်မှာထားပြီး ရှေ့ကအဖေ ပြေးမှာမဟုတ်ဘူး၊ ကျိုထန်းချန်းဟာ ပြေးစရာ လိုတဲ့လူလဲ မဟုတ်ဘူး'

'ဒါလဲမှန်တာပဲ'

ကောက်ချွန်းက ထောက်ခံလိုက်ပြန်၏။

ကုန်းချန်းရင်ကတော့ မျက်မှောင်ကုတ်၍သာ နားထောင်နေသည်။

'ဒီလမ်းဟာ ယင်ချန်တောင်ကုန်းကနေပြီးတော့ မီးနဂါးတောင်ဘက်ကိုသွားတဲ့လမ်းပဲ၊ ဒါပေမယ့် ယင်ချန်တောင်ကုန်း

www.burmeseclassic.com

www.burmeseclassic.com



ကို ဒီည သူတို့ကျော်မသွားနိုင်ဘူး၊ ကောင်မလေးကို လာကယ်တဲ့ သူဟာ တို့ရဲ့သိုင်းပညာကို ကြောက်ကယ်၊ ဒါကြောင့် သူ့ရှေ့ကအားသွန်ပြေးတာ၊ ပြီးတော့ ကိုယ်ဖျောက်ပညာမရှိဘူး၊ အဲဒီတော့ ယင်ချန်တောင်ကုန်းမှာ သူတို့ညအိပ်မှာပဲ၊ ကဲ... တို့အမျိုးမီးလိုက်ကြရအောင်'

တုံးလီက စကားဆုံးသည်နှင့် မြေလွှမ်းကို စလွှမ်းရင်း ပြောလိုက်သည်။

'ခင်ဗျားပြောသလိုဆိုရင် ယင်ချန်တောင်ကုန်းက ဂူပဒေသာစခန်းလေးက်မှာ သူတို့ပုန်းပြီး အိပ်မှာပဲ'

ကုန်းချုန်းရင် စိတ်ပြေသွား၍ တုံးလီကို ပြန်ပြောလိုက်၏။

'အသွန်ဆုံး သူတို့ခရီးအကွာအဝေးကလဲ ဒီလောက်ပဲ ရှိနိုင်တယ်၊ ဒီလမ်းက လမ်းခွဲမရှိဘူး၊ တို့မီနိုင်လောက်ပါတယ်'

တုံးလီတို့သုံးယောက်သည် ဂူပဒေသာစခန်းသို့ ရောက်ရှိလာကြလေသည်။

အချိန်မှာလည်း ညမှောင်မိုက်စပြုနေပြီဖြစ်သည်။

'ကဲ... လူပုန်းလို့ရတဲ့ဂူမှန်သမျှကို ဝင်သာကြည့်၊ တွေ့တာနဲ့ သူ့ကို ကယ်တင်တဲ့ကောင်ကို တစ်ခါတည်းသတ်၊ ကောင်မလေးကို ဖမ်း'

တုံးလီက သူ့အစီအစဉ်ကို ပြောလိုက်သည်။

သူတို့သုံးဦးလုံး ဓားများကို ကိုယ်စီထုတ်လိုက်ကြသည်။

ဂူပဒေသာစခန်းမှာ ဂူငယ်လေးများ များစွာရှိလေသည်။

ထို့ကြောင့် တစ်ယောက်လျှင် တစ်ဂူကျပြေးဝင်ကာ ကြည့်ကြသည်။

မတွေ့လျှင် ပြန်ထွက်လာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



'သူတို့က ဒီလမ်းနဲ့နီးတဲ့ ဂူမှာတော့ ဝင်ပြီးပုန်းမှာမဟုတ်ဘူး၊ ခက်ခက်ခဲခဲသွားရတဲ့ ချောင်ကြိုချောင်ကြား ဂူမှာပဲ ပုန်းမယ် ထင်တယ်'

ဂူဟောင်းတော်များများ ဝင်ကြည့်ပြီးနောက် ကောက်ချွန်းက မှတ်ချက်ချလိုက်သည်။

ဟောင်ပွစာကဲ့သို့ ဂူငယ်များမှာ မှိုပေါက်သကဲ့သို့ ပေါက်နေသော နေရာဖြစ်၍ မည်သည့်ဂူနေရာတွင် ပုန်းနေသည်ကို ခန့်မှန်းရန် ခက်ခဲလေသည်။

'ကဲပါကွာ...လရောင်ရှိနေတာပဲ၊ တတ်နိုင်သမျှ ဂူတွေကို တော့ လိုက်ရှာရမှာပဲ'

ဖင်စစ် ကျိုယုလင်းတို့မှာ ဂူပဒေသာစခန်း၏ နောက်ဆုံး မရောက်မီ တတိယမြောက်ဂူ၌ ဝင်၍ တစ်ညအိပ်ကြခြင်းသာ ဖြစ်သည်။

သူတို့ ထိုစခန်းသို့ရောက်လာချိန်တွင် ကျိုယုလင်းမှ အိပ်ပျော် နေပြီ၊ လုံကျွန်းယီက ဂူပေါက်ဝတောင်ဘက်လွှဲလျှပ် သစ်ကိုင်း တုတ်ကြီးကိုချကာ တွေးတောနေဆဲဖြစ်သည်။

သူသည် အိပ်ချင်စိတ်က လွှမ်းမိုးနေပြီ ဖြစ်သော်လည်း ကျိုယုလင်း၊ အိပ်ပျော်နေ၍ ရန်သူများ လိုက်လာမည်စိုးကာ နားစွင့်၍ အိပ်ချင်စိတ်ကို ချုပ်တည်းနေချိန်ပင် ဖြစ်သည်။

ဘုံးလီတို့သုံးယောက်သည် ကိုယ့်စိတ်ကူးနှင့်ကိုယ် ဂူငယ်များထဲ ဝင်ကြည့်၍ ရှာကြရာ သူတို့သုံးယောက်မှာ လူစုကွဲ သွားလေသည်။



ကုန်းချွန်းရှင်က လုံကျွန်းယီတို့ ပုန်းနေရာဂူသို့ တဖြည်းဖြည်း ချဉ်းကပ်လာသည်။

'ရှပ်...ရှပ်...ရှပ်'

... ခြေသံတိုးတိုး ပေါ်တွင် ... ကြားရ သည်နှင့် လုံကျွန်းယီမှာ ဆတ်ခနဲ တလိုက်သည်။

သူ အားကိုးအားထားဖြစ်နေသော သစ်ကိုင်းတုတ်ကြီးကို လက်နှင့် စုံကိုင်ကာ ဂူနံရံဘေးတွင် ရပ်လိုက်လေသည်။

မီးခဲသဖွယ်သော မီးဖိုမှ မီးအလင်းရောင်က မှိန်တုပ်တုပ် လင်းနေသေးသည်။

အပြင်တွင် လမင်းကြီးက လင်းနေသော်လည်း ဂူထဲမှာ မှောင်မည်းနေသည်။

ကုန်းချွန်းရှင်မှာ မီးခဲရောင်မြင်ရ၍ ဂူထဲသို့ ခြေသံမြဲ သွက်သွက်ဖြင့် လှမ်းဝင်လာလေသည်။

'အိုး'

'ဘုန်း'

'ခွပ်'

ဂူပေါက်ဝတွင် ဟန်းထားသောကြိုးကို ခလုတ်တိုက်ကာ လဲကျသွား၏။

ကုန်းချွန်းရှင်၏အသံ၊ လဲကျသံနှင့် သစ်ကိုင်းတုတ်ကို စုံကိုင်ကာ ရိုက်ချလိုက်သော လုံကျွန်းယီ တုတ်ချက် အသံ စည်းဝါးညီညီ ပေါ်ထွက်လာသည်။

လုံကျွန်းယီမှာ သိုင်းပညာမတတ်သော်လည်း ဉာဏ်ရှိသူ ဖြစ်၍ ကုန်းချွန်းရှင် ကြိုးကိုခလုတ်တိုက်ကာ မှောက်လျက်လဲ

www.burmeseclassic.com



သည်နှင့် ခေါင်းပေါ်သို့ သူ့တုတ်ကို မိမိရရ ရိုက်ချလိုက်ရာ ကုန်းချန်းရင်မှာ ပြန်မထနိုင်တော့ပါချေ။

'အစ်ကို ဘာလဲ၊ ဘာဖြစ်တာလဲ'

အော်သံ၊ ငိုသံ၊ ရိုက်သံကြောင့် အအိပ်ဆတ်သော ကျိုယုလင်မှာ လူးလဲထကာ မေးလိုက်သည်။

'မျှူး...ဟိုလူသုံးယောက်ထဲက တစ်ယောက်တော့ကြွပြီ၊ သူ့လူ နှစ်ယောက် လာလိမ့်ဦးမယ်ထင်တယ်'

'ဟုတ်လား အစ်ကို'

ရင်ဘတ်ကို လက်နှင့်ဖိကာ ကျိုယုလင်း လာ၍ကြည့်သည်။

'ဒါ...ဒါ ကုန်းချန်းရင်ဆိုတဲ့ လူပဲအစ်ကို'

'ဟုတ်တယ်၊ ရော့...ညီမ တုတ်ကိုယူထား၊ သူ့ကို အစ်ကို ဆွဲပြီး ရွထဲထည့်လိုက်မယ်'

'အို....ကြောက်စရာကြီး'

ကျိုယုလင်း လက်နှစ်ဖက်ကိုကာ၍ ပြောလိုက်သည်။

'ကြောက်မနေပါနဲ့၊ သူ့ကိုဒီအတိုင်းထားရင် ဟိုလူတွေကို ဆတိပေးသလို ဖြစ်သွားမယ်'

တုတ်ကို ကျိုယုလင်း၏ လက်ထဲသို့ အတင်း ထိုးထည့်ပေးပြီး နောက် လိုကျုန်းယီက ကုန်းချန်းရင်ကို ချိုင်းနှစ်ဖက်မှ မကာ ဂူအတွင်းပိုင်းသို့ ဆွဲခေါ်သွားလေသည်။

သူတို့နှစ်ဦးသည် ဂူနံရံ တစ်ဖက်စီတွင်ကပ်ကာ ရပ်နေလိုက်ကြသည်။

'ဒီမှာညီမ၊ ဂူထဲကိုဝင်တာနဲ့ကြိုးကိုခလုတ်တိုက်မိမှာပဲ၊ ခလုတ်တိုက်မိရင် လဲကျမှာပဲ၊ လဲတာနဲ့ အဲဒီတုတ်နဲ့သာချ၊ သိလား'



သတိရ၍ကျိုယုလင်းနားသို့ ပြေးလာကာခပ်တိုးတိုး ပြော လိုက်သည်။

'အစ်ကိုကကော'

'အစ်ကိုက ဒီမှာ ခါးရှိတယ်၊ မတော်လို့ ဂူထဲကိုကျွံဝင် လာရင်လဲ အစ်ကိုကကြိုးစားပြီးတိုက်မယ်၊ ညီမက အဲဒီတုတ်နဲ့ အသံမပေးဘဲကြည့်နေ၊ အစ်ကိုတစ်ယောက်တည်းထင်လို့ မဲတိုက် တုန်းမှာ နောက်ကသာ ခေါင်းကို တစ်ချက်တည်း ဝင်ပြီး ရိုက် ကြားလား'

'အင်း'

ကျိုယုလင်းကတုန်ယင်သောအသံဖြင့် အင်း ဟု ပြောလိုက် လေသည်။

ကုန်းချန်းရင်ကို သူရိုက်ပြီး၊ ကြက်ဖ ငါးတွန်စာလောက် ကြာသောအချိန်တွင် တိုးလီက ဂူထဲသို့ ဓားကိုင်ကာ တအား ပြေး၍ဝင်လာသည်။

'အို'

'ဘုန်း'

လိုကျုန်းယီ ဆင်ထားသော ကြိုး ထောင်ချောက် မိကာ မှောက်လျက် လဲကျသွားသည်။

ထိုအချိန်တွင်...

ကျိုယုလင်းမှာ ကြောက်ကြောက်နှင့် ပြေးကာ တုတ်နှင့်ရိုက် လိုက်လေသည်။

'ဝုန်း'

www.burmeseclassic.com

www.burmeseclassic.com



'ဟင်'

သူမ၏ ရိုက်ချက်မှာ ခေါင်းပေါ်သို့မကျဘဲ၊ ကျောပေါ်သို့ ကျသွား၍ တုံးလီသည် ခါးကော့သွားသည်။

သို့သော်...

မျက်လုံးထဲသို့ သဲများ ဝင်သွား၍ ထရပ်ကာ မျက်လုံးကို ပွတ်နေသည်။

အခြေအနေကိုရိပ်မိသွားသော သိုကျုန်းယီက ကျိုယုလင်း ထံမှ တုတ်ကို ပြေးကာ ဆွဲယူလိုက်သည်။

ပြီး -နောက်...

ကျိုယုလင်းကို ဘေးသို့ တွန်းထားခဲ့ပြီး သစ်ကိုင်းတုတ်ကို စုံကိုင်ကာ ခေါင်းကို တစ်ဖက်ယမ်း၍ တစ်ဖက်ကမျက်လုံးကို ပွတ်နေသော တုံးလီ၏ ရှေ့ ခြေသလုံးကို ခေါင်းငုံ့ကာ သိမ်းရိုက် ပစ်လိုက်လေသည်။

'ဖြောင်း'

'အား'

ဓားချွန်ကို ကြောက်၍ဝပ်ကာ သိမ်းရိုက်လိုက်သော တုတ် ချက်က တုံးလီ၏ ခြေသလုံးအရိုးကိုထိကာ အားခနဲ အော်သံ နှင့်အတူ ဖင်ထိုင်လျက်သား ကျသွားလေသည်။

တုံးလီမှာ ခြေထောက် မကျိုးရုံတစ်မည် နာသွား၍ ရုတ်တရက် မထနိုင်။

သို့သော်...

တုံးလီက သတိကောင်းသည်။



ဓားကိုတော့လက်မလွှတ်ဘဲ ဘေးပတ်ဝန်းကျင်သို့ဝေ့ယမ်း ထား၏။

ထိုစဉ်မှာပင်...

ဂူအနီးမှ မေးသံပေါ်လာသည်။

'ဆရာတုံးလီ၊ အထဲမှာ ရှိနေလား'

ကောက်ချွန်း၏ အသံဖြစ်သည်။

'အား ... ရှိတယ်၊ ငါ့ကို ...တ်နေပြီ လုပ်ပါဦး'

တုံးလီမှာ ထိတ်လန့်သံနှင့် အော်လိုက်သည်။

ထို့ကြောင့်...

တုတ်ကိုင်ထားသော တုံးလီမှာ တုန်လှုပ်သွားသည်။

ဂူထဲသို့ ကောက်ချွန်းရောက်လာလျှင် သူတို့နှစ်ယောက် နိုင်မည် မဟုတ်တော့။

ဓားနှင့် ဝေ့ယမ်းနေ၍ အနီးသို့ကပ်ကာ တုံးလီကိုတုတ်နှင့်လည်း မရိုက်ရဲ။

မထူးတော့သည့်အဆုံး သိုကျုန်းယီသည် သူ့စိတ်ကူးနှင့်သူ ဆုံးဖြတ်ချက် တစ်ချက်ကို ချလိုက်တော့သည်။

တုံးလီ၏ ခေါင်းကို သူ့တုတ်နှင့် ချိန်ရွယ်ကာ ခြေလှမ်း လေးလှမ်းကွာမှ ပစ်လွှတ်လိုက်လေတော့သည်။

'ဒိုး'

'ဂေါင်'

'အား'

အော်သေးသည်။

www.burmeseclassic.com

တုတ်မှာ ယွေ့ယမ်းနေသော ခါးနှင့် လွတ်ကာ တုံးလီ၏ နောက်စေ့ကို ခေါင်းလောင်းထိုးသကဲ့သို့ ထိပ်နှင့်တည့်မတ်စွာ ထိသွားသည်။

တုံးလီ သဲပေါ်သို့ လဲကျသွားလေတော့သည်၊

ဂူများမှာ နီးကပ်၍ ပဲ့တင်သံထွက်နေသောကြောင့် ကောက်ချွန်းမှာ အသံလာရာဂူကို မမှန်းနိုင်ဘဲ လုံကျန်းယီတို့ ပုန်းနေသောဂူဘေးသို့ ပြေးဝင်သွားလေသည်၊

အတွင်းသို့ရောက်မှ ရန်သူမရှိမှန်းသိ၍ ပြန်ထွက်လာတော့သည်၊ ထိုအချိန်တွင် တုံးလီမှာ သတိမေ့၍ လုံကျန်းယီကတုတ်ကို ပြန်ကိုင်ထားလိုက်ပြီ ဖြစ်သည်၊

ကောက်ချွန်းသည် ပါးနပ်သူဖြစ်သည်။ ဂူဝတွင် သစ်ခက်အချို့ တွေ့ကတည်းက ထိုဂူထဲတွင် တုံးလီအခြေအနေမကောင်းတော့ကြောင်း သိလေသည်၊

'ဟေ့...ဂူထဲက ကျိယုံလင်းနဲ့ ဟိုအကောင်၊ ထွက်ခဲ့စမ်း'

ကောက်ချွန်းက ဂူထဲသို့မဝင်ဘဲ ဂူဝမှရပ်ကာ အော်လိုက်တော့သည်၊

'မထွက်ဘူးကွ၊ သတ္တိရှိရင်ဝင်ခဲ့'

ကြိုးတောင်ချောက်ဆင်ထား၍ လုံကျန်းယီက အပြင်မထွက်ဘဲ အထဲမှ [illegible]မ်း၍ ဖိတ်ခေါ်လိုက်သည်။

'သတ္တိရှိရင် အပြင်ထွက်ခဲ့၊ မင်းကိုအရှင်မထားဘူး'

'အေး...ငါ့ကိုအရှင်မထားတာ ထားဦး၊ မင်းလူနှစ်တော့ ကြွပြီ

ဟင်'



ဂူထဲမှ လုံကျန်းယီ၏အသံကြောင့် သူ့မှာ အံ့အားသင့်သွားသည်။ သူသည် စိတ်ဓာတ်စစ်ဆင်ရေးအရ အားငယ်သွားလေသည်၊

ဂူထဲမှထွက်လာသည့် သူ့ထက်သိုင်းပညာတော်သော တုံးလီကိုပင် အနိုင်တိုက်လိုက်ပြီဆိုပါက သူ့ကိုအသာပင်အနိုင်ယူလိမ့်မည်ဟု ကောက်ချွန်းတွေးလိုက်မိလေတော့သည်၊

အပြင်တွင် လသာနေသောကြောင့် သူရပ်နေသည်ကို လုံကျန်းယီက ချောင်းကြည့်လိုက်သည်။ သူ့မှာ ရှေ့လည်းမတိုး၊ နောက်လည်းမဆုတ် တွေဝေနေသည်။

'မင်းလို လူယုတ်မာကို ငါအရှင်မထားဘူးကွ၊ မင်း ဂူထဲဝင်မလာရင် ငါဂူပြင်ကို လာခဲ့ရမှာပေါ့ကွာ'

သူ၏ မတွေဝေမှုကိုသိသော လုံကျန်းယီမှာ ထပ်၍ခြိမ်းခြောက်လိုက်သည်နှင့် သူ့အဖော်နှစ်ယောက် ကျဆုံး၍ စိတ်ဓာတ် ပျက်ပြားနေသော သူ့မှာ လှစ်ခနဲ နောက်ကြောင်းသို့ထွက်ပြေးသွားလေတော့သည်။

'အစ်ကို...သိပ်ဉာဏ်များတာပဲ၊ ဟင်း'

ဂူပြင်သို့ထွက်သွားသော လုံကျန်းယီ၏နောက်သို့ လိုက်လာရင်း ကျိယုံလင်းက ပြောလိုက်လေသည်။

'လူဆိုတာ ညီမရယ်၊ ကိုယ့်အသက်တော့ နှမြောတဲ့လူချည်းပဲမဟုတ်လား၊ လရောင်ကမျက်နှာကို ထိုးနေတော့ သူ့လူနှစ်ယောက်ကျဆုံးပြီဆိုတဲ့ အသံကြားကတည်းက သူကြောက်စိတ်ဝင်သွားတာ အစ်ကိုသိသားပဲ၊ ဒါပေမယ့် သူသာထွက်မပြေး

www.burmeseclassic.com

www.burmeseclassic.com



သွားရင် အစ်ကိုဟာ သူ့ကို သိုင်းကွက်တစ်ကွက်လောက် ယှဉ်နိုင်မှာမဟုတ်ဘူး'

'အစ်ကို့လိုဥာဏ်မျိုးနဲ့သိုင်းပညာ တတ်ရင်တော့ တကယ့်အကျော်အမော် ဖြစ်မှာပဲ'

ကျိုယုလင်းက လုံကျွန်းယီကို ချီးကျူးစကား ဆိုလိုက်လေတော့သည်။

'သိပ်လဲမချောက်ပါနဲ့ ညီမရယ်၊ အခုက ကံကောင်းလို့ပါ။ ပြီးတော့ ညီမရဲ့အကူအညီလဲပါလို့'

'မဟုတ်ပါဘူး၊ အစ်ကိုအကွက်ဆင်တာကိုက ကောင်းလို့ပါ။ ကြီးကိုယူသွားတုန်းက ဘာလုပ်ဖို့ရယ်လို့ ညီမမရိပ်မိဘူး၊ ခုမှပဲ သဘောပေါက်တော့တယ်'

ကျိုယုလင်းမှာ လုံကျွန်းယီသိုင်းပညာမတော်တဲ့ သူ့ကိုဟန်ပါပါ တားဆိုက်နိုင်မှုကို ကျိတ် သဘောကျသွားလေတော့သည်။

ကျိုထန်းချန်းသည် ဒေါသထွက်နေသည်။

သူ့သမီးသည် မီးနဂါးတောင်ခြေရှိ သမားတော်ကြီးကျိုးကု ထံသို့ဆေးကုရန် မလွှတ်လိုက်ရာ လမ်းတစ်ဝက်တွင်ပျောက်ဆုံး သွားသောကြောင့် ဖြစ်သည်။

ကျိုထန်းချန်း၏အိမ်တော်တွင် သူ့ညီကျိုထန်းယဲ့ ရပ်နေ၏။



သူ့တပည့်သုံးဦးဖြစ်သော ကောင်းချိန်၊ ကျိုးရင်နှင့်ရှောင် အုံမှတို့မှာ ကျိုထန်းချန်း၏ရှေ့တွင် ရပ်နေကြသည်။

ကောင်းချိန်၊ ကျိုးရင်နှင့် ရှောင်အုံမှတို့သည် ကျိုထန်းချန်း ထံမှ ပညာသင်ထားသော ညီအစ်ကိုသုံးဖော် ဖြစ်ကြ၏။

'ကျွန်တော်တို့ သမားတော်ကြီးကျိုးကုထံကို ရောက်ခဲ့ပြီးပါပြီ၊ ဆရာကြီးကျိုးကုက သူ့ဆီကိုရောက်မလာဘူးလို့ ပြောပါတယ်'

ကောင်းချိန်က ပြောပြီးသောအခါ ကျိုးရင် ထပ်ပြောလိုက် လေသည်။

'အားလုံး...မီးနဂါးတောင်နဲ့ ယီဘုံရွာက အသင်လောက် ဝေးသို့လဲ အရင်လဲပါ တွက်ဆေးကို သမီးကျိုယုလင်းပဲ သွားယူနေတာ ပျောက်သွား'

'ဟုတ်ပါတယ် ဆရာထန်းချန်း၊ မီးနဂါးတောင်ရဲ့အနီးတစ်ဝိုက်မှာ ဆရာထန်းချန်းကို စော်ကားရဲတဲ့လူ မရှိပါဘူး'

ကျိုးရင်ကသည်း ဆရာ့အကြံကိုလိုက်၍ ပြောလိုက်လေသည်။

'ကျိုးရင်မပြောကားရင် ငါ့သမီးတော့ တစ်ယောက်တည်းခရီးတည့်ရာ ထွက်သွားမယ့် မိန်းကလေးမျိုးတော့ မဟုတ်ဘူးကွ'

ကျိုထန်းချန်းက ကျိုးရင်ကို စိတ်ညစ်ညစ်နှင့် ပြောလိုက် သည်။

'ဒါကြောင့် အစ်ကိုကို ကျွန်တော်ပြောတာပေါ့၊ ယုလင်းကို သိုင်းပညာ သင်ပေးပါဆိုတော့ ဆယ့်ရှစ်နှစ်မပြည့်သေးလို့

www.burmeseclassic.com



ဘာညာနဲ့ အချိန်ဆွဲထားတာ၊ မနက်ဖြန်ဆယ့် ရှစ်နှစ်ပြည့်မယ့် နေ့လေ'

ဦးလေးတော်သူ ကျိုထန်းယီက သူမ၏မွေးနေ့ကို မှတ်မိ၍ ပြောလိုက်လေသည်၊

'အင်း...ဆယ့်ရှစ်နှစ်ပြည့်တဲ့ မွေးနေ့ကျရင် သမီးကို သိုင်းစသင်ပေးမယ်ရည်မှန်းထားတာ၊ ခုတော့ငါ့ဆန္ဒပြည့်ဝပါ့မလား မသိဘူး'

ကျိုထန်းချွန်းက သက်ပြင်းချရင်း ပြောလိုက်ပြန်လေ၏၊

ကောင်းချိန်သည် တပည့်သုံးဦးထဲတွင် သိုင်းပညာအတော်ဆုံးဖြစ်၍ ချောမောလှပသော ကျိုယုလင်းကို စိတ်ထဲတွင် ကျိတ်၍ကြိုက်နေသူဖြစ်သည်၊

သူသည် ကျိုယုလင်းကို မတွေ့မချင်းရှာဖွေရန် ဆုံးဖြတ်လိုက်လေသည်၊

'ဆရာထန်းချွန်း၊ ကျွန်တော်ခုပဲ တောင်အောက်ကို ဆင်းပြီး တော့ရှာပါ့မယ်၊ တကယ်လို့ နှောင့်ယှက်ထားတဲ့သူ တွေ့ရင်လဲ ပြတ်ပြတ်သားသား ဆုံးမပြီးတော့ ညီမယုလင်းကိုပြန်ခေါ်လာခဲ့ပါ့မယ်'

တပည့်ဆီမှ ထိုကဲ့သို့ရဲဝံ့သောစကားကို ကြားရ၍ ကျိုထန်းချွန်းမှာ သဘောကျသွား၏၊

'ကောင်းတယ် ကောင်းချိန်၊ တို့နယ်ထဲကို မသမာတဲ့ သိုင်း



သမားတွေရောက်လာပြီး သမီးကို ဖွတ်တရွတ် ဖမ်းသွားတာ ဖြစ်မယ်'

'ဖွတ်တရွတ်ဖမ်းသွားတာက အကြောင်းတော့ ရှိမှာပေါ့'

ကျိုထန်းယဲ့က ဝင်၍ ပြောလိုက်ခြင်းဖြစ်သည်၊

'သမီးကို ချစ်မြတ်နိုးလို့ ဆိုရင်တော့ ကိစ္စမရှိဘူးထန်းယဲ့၊ ဒီလိုမဟုတ်ဘဲ ယင်ချန့်ဒေသအထိ ခေါ်သွားပြီး ပြည့်တန်ဆာ ဂေဟာတို့ ဘာတို့မှာ ရောင်းစားမှာစိုးရ တယ်'

ထိုစကားကြောင့် ကောင်းချိန်မှာ မျက်စိမျက်နှာပျက် ဖြစ်သွားလေသည်၊

'ဒီလိုသာဆိုရင်တော့ ကျွန်တော် အဲဒီပြည့်တန်ဆာဂေဟာ တစ်ခုလုံးကလူတွေကိုသတ်ပြီး မီးရှို့ခဲ့မှာပဲ'

ကောင်းချိန်က တကယ်လုပ်တော့မည့် ဟန်မျိုးဖြင့်ပြောလိုက်လေသည်၊

'ကောင်းချိန်၊ မင်းတစ်ယောက်တည်းမသွားနဲ့၊ အန္တရာယ်တွေ့ရင်ကိုင်ပင်ရအောင် ကျိုးရင်ကိုပါ ခေါ်သွား'

ကျိုးရင်က ခရီးဝေးသွားရမည်ကို သိပ် စိတ်ပါလက်ပါ မရှိပါ၊

သူသည် သိုင်းပညာတတ်သော်လည်း သတ္တိကတော့ သိပ်ရှိလှသူမဟုတ်ပေ၊

'ဟို...ဟိုဆရာ၊ ခုထလောမှာ ကျွန်တော်က ကျန်းမာရေ

www.burmeseclassic.com

www.burmeseclassic.com



သိပ်မကောင်း၊ ခရီးဝေးထွက်ရင် ကျွန်တော်မကြောင့် နှောင့်နှေးမှာစိုးရတယ်'

ကျီးရှင်က သူမလိုက်လိုသည်ကို ကြည့်ပြီးတော့ ပြောကြားလိုက်လေသည်။

'ကျီးရှင်...မင်းမလိုက်ချင်လဲ နေခဲ့ပါ၊ ငါ ရှောင်အိမ့် ခေါ်သွားမယ်'

ရှောင်အိမ့်မှာ အသယ်ဆုံးဖြစ်၍ မိတ်ဆက်သူဖြစ်၏။ ဘာမဆို အစွမ်းဆုံးတခါ ကတ်ကန်း၊ လှပ်ကတ်သူတစ်ယောက် ဖြစ်လေသည်။

သူ့ သမီးကိစ္စဖြစ်၍ အပည့်များကိုစွမ်းတရွတ် ခံစလှုပ်ခြင်း မျိုးပြုလုပ်ပေး ထိုကြောင့် ရှောင်အိမ့်အပြောကို စောင့်နေလေသည်။

'ကျွန်တော် လိုက်သွားမယ်ဆရာကြီး၊ ဒါဟာ ကျွန်တော်တို့ မိန့်ဂိုဏ်းသိုင်းပညာ အဖွဲ့ကို စော်ကားတာပဲ၊ ဒီလိုအောင် မျိုးတွေကို ကျွန်တော်မတ်လောက် သားသတ်အောင် ဆုံးမ ပါမယ်'

'တဲ့...ဒါဆိုလဲ မင်းတို့နှစ်ယောက် ခုတည်းက ခရီးထွက် ကြရအောင်၊ လိုအပ်တာတွေကိုယူသွား၊ တဲ့...ထန်းယွဲ့သူတို့ကို ငွေတွေအလှူတွေပါ ထုတ်ပေးပြီး စီစဉ်ပေးလိုက်ပါ'

'ဟုတ်ကဲ့...ဆင်ဖုံထန်းချွန်'

အောင်ခပါရှိ သူတို့ခန်းမဲလုံခြုံသော အခန်းဆောက်အအုံ



လေးတစ်ခုထဲသို့ ထန်းယွဲ့က ကောင်းချိန်နှင့် ရှောင်အိမ့်တို့ကို ခေါ်ဆောင်သွားလေ၏။

လမ်းခရီးအတွက် လိုအပ်သော သက်နယ်များနှင့် ငွေများကို ထန်းယွဲ့က ထုတ်ပေးလိုက်တော့၏။

'ရှောင်အိမ့်၊ မင်းသိမလား မသိဘူး'

'ငါလေ—ညီမလေး ယုလင်းကို သိပ် သဘောကျနေတယ် ဆိုတာပေါ့'

'သိပါတယ် အစ်ကိုချိန်ရှ၊ အားတာနဲ့သွားပြီးတော့ စကားပြောနေတာ၊ မယုလင်းကရော ဘယ်လိုသဘောသလဲ'

'သူကတော့ ရိုးရိုးပဲကွ၊ သူကငါ့ကိုတော့ခင်ပါတယ်'

စိတ်အားလျော့သံမျိုးဖြင့် ကောင်းချိန်က ပြောလိုက်လေသည်။

'ခင်ရင်တော့ ကြာရင်ရင်းနှီးပြီးတော့ ချစ်သူဖြစ်သွားနိုင်ပါတယ်၊ ဒါပေမယ့် ဆရာထန်းချွန်းနဲ့ ဆရာထန်းယွဲ့တို့က စိတ်များဆိုးမလားမသိဘူး'



'ဆရာထန်းယွဲ့ကတော့ နည်းနည်းရိပ်မိပုံရတယ်ကွ၊ ဒါပေမယ့် သူကငါ့ကိုချစ်တော့ ကာမှုပြဿနာမရှိဘူး၊ ဆရာထန်းချွန်ရဲ့သဘောကတော့ ဘယ်လိုလဲဆိုတာ ပြောလို့မရဘူး'

'ကြည့်လုပ်ပါ အစ်ကိုချိန်ရှ၊ တော်ကြာသိုင်းပညာတစ်ဝက်တစ်ပျက်နဲ့ မီးနဂါးကောင်ပေါက ဆင်းပြေးနေရဦးမယ်'

'အေး—ငါလဲအဲဒါကို လန့်လို့ကွ၊ ဒါပေမယ့် ဆရာထန်းချွန်းက ညီမယုလင်းကို သိပ်ချစ်တာ၊ သူ သဘောကျရင်တော့ ဆရာထန်းချွန်းက ကန့်ကွက်မယ်လို့ ငါမထင်ဘူး'

စကားတွေပြောပြောနှင့် မီးနဂါးတောင်ခြေသို့ သူတို့နှစ်ယောက်ရောက်ရှိလာကြ၏။

'ကိစ္စတွေထားပါဦး၊ အခု မယုလင်းကိုတွေ့အောင် ယင်ချန်မြို့အထိသွားရလိမ့်မယ် ထင်တယ်'

'ဟုတ်တယ်၊ ကစ်ခါကလေ အဲဒီဘက်က သိုင်းသမားတွေက မီးနဂါးတောင်ခြေအထိ ခရီးလှန်လာတတ်ကြတာပဲ၊ ဒါပေမယ့်သူတို့သိုင်းပညာတွေက ဒီလောက်တော့ အဆင့်မရှိပါဘူး'

'ဟုတ်ပါတယ် အစ်ကိုချိန်၊ မီးနဂါး သိုင်းကွက်တွေကို ကျော်နိုင်တဲ့ သိုင်းပညာရှင်ရယ်လို့ ရှားပါးပဲ'

သူတို့နှစ်ဦး မီးနဂါးတောင်ခြေသို့ ရောက်သည့် အချိန်မှာပင် ကျိုယုလင်းနှင့်လုံကျန်းယိတို့သည်လည်း ယင်ချန်တောင်ကုန်းမှမီးနဂါးတောင်ခြေရှိရာသို့ ဆင်းသက်လာကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ယင်ချွန်တောင်ကိုင်းမှဆင်းလာသော ဆင်ခြေလျှောတောင်ခြေဆင်းလမ်းမှ ကြည့်လိုက်လျှင် မြင့်မားစွင့်ကားသော နဂါးဆံမောက်သဏ္ဌာန်ထိပ်သို့ ငိုက်စွန်းထွက်နေသည့် တောင်ကြီးကို မြင်တွေ့လိုက်ရလေသည်။

ထိုနေရာမှကြည့်လျှင် မီးနဂါးတောင်၏ရှုခင်းမှာ အလှဆုံးဖြစ်နေသည်။

တောင်နံရံဘေး၌ ပေါက်နေသော သစ်ပင်များက နဂါးဦးခေါင်းမှမီးလျှံများ ဖြာထွက်နေသည်နှင့် တူနေလေတော့သည်။

အတွန့်သုံးတွန့်ရှိသော နဂါးဦးခေါင်းမှာ ကြည့်၍လှပနေလေတော့သည်။

'ဟိုဟာ ညီမတို့နေတဲ့ မီးနဂါးတောင်ကြီးမဟုတ်လား'

လုံကျန်းယီက လက်ညှိုးညွှန်၍မေးရင်း ပြောလိုက်လေတော့သည်။

'ဟုတ်တယ် အစ်ကို၊ အစ်ကိုဘာပြောမလဲလို့ ညီမကစောင့်ကြည့်နေတာ၊ ညီမတို့နေတဲ့တောင်က သိပ်လှတာပဲ မဟုတ်လား'

'ဟုတ်တယ် ညီမ၊ တကယ့်နဂါးခေါင်းကြီးနဲ့တူပြီး အဝါရောင်ဖြစ်နေတဲ့ သစ်ပင်တွေကလဲ မီးတောက်ကလေးတွေနဲ့ သိပ်တူတာပဲ'



ငေးမောကြည့်ရှုရင်း လုံကျန်းယီက ချီးကျူးစကားကို ဆိုလိုက်လေသည်။

'ဟုတ်တယ်၊ ညီမက ဒီတောင်ပေါ်မှာမွေးတာ၊ ညီမရဲ့မေမေက အဲဒီတောင်ပေါ်မှာပဲ ဆုံးသွားတာပေါ့'

'ဪ…ညီမက ငယ်ငယ်ကတည်းက အမေ ဆုံးသွားတာပေါ့နော်'

'ဟုတ်တယ်၊ အဲဒီတုန်းက ညီမတို့ဖေဖေက မီးနဂါးသိုင်းပညာကိုလေ့ကျင့်ခါစ၊ မီးနဂါးတောင်ကို ကျားညီနောင်လို့ အမည်ခံထားတဲ့ သိုင်းသီအစ်ကိုတွေက လာပြီး လုယက်တိုက်ခိုက်သတဲ့—

'အဲဒီမှာ မေမေရယ်၊ ဖေဖေ့ရဲ့အစ်ကိုကြီးရယ် သေဆုံးပြီးတော့ ကျားညီနောင်နှစ်ဦးလဲ ဒဏ်ရာရပြီး ထွက်ပြေးသွားတယ်…

'ဖေဖေဟာ သူတို့ကိုလက်စားချေချင်လို့ မီးနဂါးသိုင်းကွက်တွေကိုလေ့ကျင့်တာ ခုတော့ပြီးဆုံး အောင်မြင်သွားပြီ၊ ဒါပေမယ့် သိုင်းလောကမှာ ကျားညီနောင်ဆိုတဲ့ အမည်ဟာ ပျောက်ချင်းမလှ ပျောက်ကွယ်သွားတယ်'

'သူတို့နာမည် ပြောင်းသွားကြတာ ဖြစ်မှာပေါ့'

'ဟုတ်ချင်လဲ ဟုတ်မှာပေါ့ အစ်ကို၊ ဒါပေမယ့် သူတို့ဟာ မီးနဂါးတောင်ကိုတော့ ယောင်လို့တောင် လာမယ်တော့ဘူး။

www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်လို့လဲဆိုတော့ဖေဖေ့ရဲ့နဂါးသိုင်းပညာဟာ သိုင်းလော ကမှာ ပြိုင်ဘက်ကင်း ထိပ်သီးသိုင်းပညာလို့ ကျန်ခဲ့တဲ့ငါးနှစ် လောက်ကတည်းက နာမည်ကြီးနေတော့တာကိုး'

'ဒါများညီနောင်က သူတို့ကိုလက်စားချေမှာစိုးလို့ပုန်းကွယ် နေကြတာလဲ ဖြစ်နိုင်တာပေါ့'

လုံကျန်းယိက ထင်မြင်ချက်ကို ပေးလိုက်သည်။

'အစ်ကိုပြောတာ ဖြစ်နိုင်ပါတယ်'

သူတို့နှစ်ဦးသည် မီးနဂါးတောင်ခြေသို့ကပ်သည့် ဝက်ပေါ သန့်ဆန် လမ်းကျေးကလေးများသို့ ရောက်ရှိလာကြ၏။

ထိုလမ်းကြော မလေးများတွင် ညီညာသောမြက်ရိုင်းပင်များမှာ အစုလိုက်ပေါက်လျက်ရှိ၏။

ထိုနေရာတွင်...

သူ့အစ်မနှင့် ငယ်ငယ်ကရောက်တိုင်း ကျိုယုလင်းသည် ပုန်း ရှောင်ကစားတတ်သည်။ သူ့အစ်မရှာမတွေ့အောင် သူမသည် ပျော် နေသည်။

နောက်ဆုံး အရှုံးပေးတော့မှပင် သူမက ထွက်လာတတ်လေ သည်။

သူမနေထိုင်ရာ တောင်အနီးသို့ ရောက်လာသောကြောင့် ကျိုယုလင်း၏စိတ်ထဲတွင် ပျော်ရွှင်နေသည်။



သူမသည် လုံကျန်းယိကိုနောက်ပြောင်ကစားချင်သောစိတ် ဖြစ်ပေါ်လာသည်။

'အစ်ကိုလုံကျန်းယိ'

'ဘာလဲ ညီမ'

'ဒီနေရာကလေးက တူတူပုန်းတမ်းကစားလို့ သိပ်ကောင်း တာပဲ၊ ညီမပုန်းရင် အစ်ကိုရှာနိုင်ပါ့မလား'

'ကြုံကြုံဖန်ဖန် ညီမကလဲ၊ ကြိုးစားပြီးရှာရင် တွေ့ချင်လဲ တွေ့မှာပေါ့'

'အစ်ကို...စမ်းကြည့်လေ'

ပြောပြောဆိုဆို မြက်ရိုင်းချုံအကွယ်သို့ ကျိုယုလင်းက လှစ် ခနဲ ပျောက်ဝင်သွားလေတော့သည်။

'ဟင်'

လုံကျန်းယိမှာ ကလေးဆန်ဆန် တကယ်လုပ်သည်ကို တွေ့ ရ၍ အံ့အားသင့်သွားသည်။

ပုံစံတူ မြက်ရိုင်းအုပ်စုများက များနေသောကြောင့် မည် သည့်နေရာသို့ရောက်ရှိသွားသည်ကို မခန့်မှန်းနိုင် ဖြစ်သွားလေ သည်။

လုံကျန်းယိမှာ ကွေ့ကွေ့ကောက်ကောက် လမ်းများတွင် လိုက်၍ရှာဖွေသော်လည်း မတွေ့ရှိရသောကြောင့် အနည်းငယ် စိတ်ပူလာသည်။

www.burmeseclassic.com

www.burmeseclassic.com



'ညီမ ယုလင်းရေ…အသံပေးပါဦး'

'ဟော'

မီးနဂါးတောင်ခြေကိုကျော်ကာ မြက်ရိုင်းတက်ပါသို့ ရောက်ရှိလာသောကောင်းချိန်နှင့် ရှောင်အုံ့မူတို့မှာ ယောကျ်ားသံတစ်သံကို ကြားလိုက်ရပြီး ယူကျိုးဆရာကြီး၏သမီးအမည်ကို ခေါ်သံကြားလိုက်၍ မြက်ရိုင်းတောနောက်သို့ဆုတ်ကာ ကာကွယ်လိုက်သည်။

ကောင်းချိန်နှင့် ရှောင်အုံ့မူတို့မှာ တစ်ဦးမျက်နှာ တစ်ဦး ကြည့်လိုက်ကြသည်။

'ဒီကောင်ဟာ ညီမယုလင်းကို ဖမ်းသွားတဲ့ကောင် ဖြစ်ရမယ်၊ ပြီးတော့ ညီမယုလင်းကို ဘာနဲ့ဖြားယောင်းထားလဲမသိဘူး၊ ဒါပေမယ့် ညီမကသာ သဘောပေါက်လို့ ခုလိုပုန်းရှောင်ပြီး မီးနဂါးတောင်ခြေကို ပြန်တက်လာတာဖြစ်ရမယ်'

ကောင်းချိန်က ရှေ့မြက်ရိုင်းစုကြီးများကို တကုန်းကုန်း လိုက်လံချောင်းမြောင်းကာ ကြည့်နေသောလုံကျန်းယီ၏အခြေအနေကို အကဲခတ်နေသည်။

'ဒါဆို ဒီမြက်ရိုင်းတောထဲမှာ မမယုလင်းရှိမှာ သေချာတယ်အစ်ကို'

'အေး…အရေးကြီးတာက ယုလင်း သူ့လက်က လွတ်ဖို့ပဲ၊ ဒီတော့ ငါ အသံပေးလိုက်မယ်၊ မင်း အဲဒီကောင်ကို ပြေးပြီး တွယ်လိုက်ပေတော့'



ကောင်းချိန်သည် ပညာသင်သုံးဦးထဲတွင် အကြီးဆုံး ဖြစ်သည့်အတိုင်း အမိန့်ပေးလိုက်သည်။

သို့သော်…

သူ့အာချုံနှင့် သူ့ရိုက်ချက်ကြောင့် ချုံကြီးများကိုကွေ့ကာ ဝတ်ကာ ကျိုယုလင်းကို လိုက်ရှာနေသော လုံကျန်းယီမှာ မျက်စိအောက်တွင် ပျောက်ကွယ်သွားလေသည်။

ရှောင်အုံ့မူက သူ့အစ်ကိုကြီး၏အမိန့်အတိုင်း ဓားကို ဆွဲထုတ်ကာ လုံကျန်းယီနောက်သို့ လိုက်သွားလေသည်။

သို့သော်…

လုံကျန်းယီမှာ အဆစ်ချိုးနှစ်ခုကွေ့ကာ နောက်သို့မြက်ရိုင်းချုံသုံးချုံပတ်ကာ ပြန်ရှာလာဖြင့် ရှောင်အုံ့မူနှင့် လမ်းချင်းလွဲသွားလေတော့သည်။

ရှောင်အုံ့မူက ကျိန်းသေ ကျိုယုလင်း၏နောက်သို့ လိုက်နေသောရန်သူကို နှိမ်နင်းမည်ဟု ယုံကြည်ထားသော ကောင်းချိန်က…

'ညီမလေး ယုလင်းရေ၊ အစ်ကိုတို့ရောက်လာပြီဟေ့၊ ဘာမှ မပူနဲ့တော့'

ဟု အော်လိုက်၏။

'ဟင်'

www.burmeseclassic.com

www.burmeseclassic.com



လုံကျန်းယီကိုပုန်းနေသော ကျိယုလင်းက ထိုအသံကို ကြားလိုက်ရသောကြောင့် ထိတ်ခနဲဖြစ်သွားလေသည်။

'အစ်ကိုကောင်းချိန် မှားကုန်မယ်၊မှားကုန်မယ်'

ကျိယုလင်းမှာ သူ၏အဖေဖြစ်သူ၏ အကြီးဆုံးအသံကို မှတ်မိ၍အောင်ဟစ်ကာ ပုန်းနေရာမှ ပြေးထွက်လာသည်။ သို့သော် ချုံများအခံနေ၍ ကောင်းချိန်နှင့် လုံကျန်းယီနှစ်ဦးကို သူမှက မတွေ့ရပေ။

'အစ်ကိုလုံကျန်းယီရေ'

'ညီမ ယုံလင်း'

လုံကျန်းယီနှင့် ကျိယုလင်းတို့မှာလည်း တစ်ဦးနှင့် တစ်ဦးအသံပေးမိကြသော်လည်း လူချင်းမတွေ့ရပေ။

ကောင်းချိန်သည် ကျိယုလင်းက ရန်သူ၏ သိုင်းပညာကိုကြောက်၍ပုန်းကွယ်နေသည်ဟု ထင်မိသည်။

'ညီမလေး ရှောင်အွံ့မူရေ၊ အဲဒီကောင်ကို မြန်မြန်သာ ရှင်းပေတော့....'

'အို....မလုပ်နဲ့၊ ရှောင်အွံ့မလုပ်နဲ့'

ကျိယုလင်းက ကောင်းချိန်အမိန့်ကို နောက်ထပ်ကန့်ကွက်လိုက်လေသည်။

ထိုခဏမှာပင် ချုံတစ်ချုံဆီမှထွက်လာသော ရှောင်အွံ့မူနှင့် လုံကျန်းယီတို့မှာ မျက်နှာချင်းဆိုင် တွေ့မိကြလေ၏။



'သေပေတော့'

'ဗိုး'

'အိုး'

ရှောင်အွံ့မူက ပြေးဝင်ကာ လုံကျန်းယီကို တိုက်ခိုက်လိုက်လေသည်။

ရှောင်အွံ့မူ၏ပထမဓားချက်ကို နှင်းပုတောင် သိုင်းကွက်ဖြင့် လုံကျန်းယီက ရှောင်တိမ်းလိုက်နိုင်၏။

သို့သော်....

သူရှောင်ပုံကိုသိ၍ ဒုတိယအကြိမ် ဓားကိုပင့်တင်လိုက်သော ရှောင်အွံ့မူ၏ဓားချက်ကိုမူ လုံကျန်းယီမရှောင်နိုင်တော့ပေ။

'ဒုတ်'

'အား'

အားခနဲအော်သံ ကြားလိုက်ရ၍ ကျိယုလင်းသည် အသံကြားရာဆီသို့ လှစ်ခနဲပြေးကာ ရောက်ရှိသွားလေသည်။

ရှောင်အွံ့မူ ပင့်တင်လိုက်သောဓားချက်က လုံကျန်းယီ၏ ချိုင်းအောက်သို့ ဝင်ရောက်သွားသည်။

လုံကျန်းယီမှာ နောက်သို့ယုန်ကာ ရှောင်လိုက်သောကြောင့် ဓားချက်မှာ လုံကျန်းယီလက်ကို မဖြတ်မိဘဲ ရှပ်၍ထိကာ ပက်ကက်လန် လဲကျသွား၏။

www.burmeseclassic.com

www.burmeseclassic.com



ကျိုယုလင်းသည် လုံကျန်းယိကို ပြေးကာမွေ့ဖက်လိုက်သည်၊

'အစ်ကို...အစ်ကို ဒုက္ခပါပဲ'

'ဟင်'

လုံကျန်းယိကို ပြေးကာမွေ့ယူလိုက်ခြင်းကြောင့် နောက်ထပ် ပွဲသိမ်းဓားချက်ကို အသုံးပြုမည့် ရှောင်အုံမူမှာ အံ့အားသင့်သွားသည်။

နောက်ထပ် ဓားချက်ကို မသုံးနိုင်စေရန် ကျိုယုလင်းက လုံကျန်းယိ ကိုယ်ပေါ်တွင်မှောက်ကာ ကာကွယ်ထားလေသည်။

ထိုအဖြစ်အပျက်ကို တွေ့မြင်လိုက်ရသော ကောင်းချိန်၏ ရင်ထဲတွင် နင့်ခနဲ ဖြစ်သွားသည်။

ကောင်းချိန်သည် ရှောင်အုံမူကို လှမ်းကြည့်လိုက်လေသည်။

သဘောမှာ ဒီကောင့်ကို ချက်ကောင်းထိရဲ့လားဟု မေးလိုသော သဘောဖြစ်သည်။

'ညီမ ရန်သူကို ကာကွယ်မနေပါနဲ့၊ သူဟာ ညီမရန်သူပဲ၊ ညီမကို တစ်ခုခုနဲ့ ဖြားယောင်းသားလို့ ညီမနားယောင်နေတာ ဖြစ်ရမယ်၊ ညီမဖယ်လိုက်၊ သူ့ သိုင်းပညာဘယ်လောက်တော်တော် အစ်ကိုတို့ ရှင်းလိုက်မယ်'

တစ်ခုခုနှင့် ဖြားယောင်းထားသည်ဟုထင်ကာ ကောင်းချိန်က ကျိုယုလင်းကို ချော့မော့လိုက်၏။

လုံကျန်းယိ ကိုယ်ပေါ်တွင်မှောက်၍ ကာကွယ်ထားရာမှ မခွာဘဲ ကျိုယုလင်းက ငိုသံဖြင့် ပြောလိုက်သည်။



'အို...မဟုတ်ဘူး၊ မဟုတ်ဘူး၊ ဒါ ညီမကို ဖမ်းသွားတဲ့ လူတွေရဲ့လက်ထဲက ကယ်လာတဲ့ ကျေးဇူးရှင်ရှင်၊ အစ်ကိုတို့ ထိပ်မှားနေပြီ၊ သူသာမကယ်ရင် ကျွန်မ ခုလောက်ဆိုရင် ရေတိမ် နစ်နေပြီ'

ထိုစကားသံကြောင့် ရှောင်အုံမူရော ကောင်းချိန်ပါ အံ့အား သင့်သွားကြလေသည်။

'ဘာပြောတယ် ညီမ၊ သူက ညီမကျေးဇူးရှင် ဟုတ်လား'

'ဟုတ်ပါတယ် အစ်ကိုကောင်းချိန်၊ ကျွန်မရဲ့အသက်သခင်သာ သေသွားရင်တော့ အစ်ကိုတို့ကို ဘယ်တော့မှ ခွင့်လွှတ်မှာ မဟုတ်ဘူး သိလား'

'ဟင်'

'ဒီလိုကိုး'

ကောင်းချိန်မှာ အခုမှ မှားမှန်းသိလိုက်သကဲ့သို့ ရှောင်အုံမူမှာလည်း မျက်နှာမပျက်တာ သူ့ဓားကို ပြန်သိမ်းလိုက်၏။

'မသိလို့ပါ ညီမရယ်၊ ဟော့ကောင် ရှောင်အုံမူ၊ မင်းကလဲ့ အရမ်းလုပ်တာပဲ၊ ဒဏ်ရာပြင်းလား'

'သိပ်မပြင်းဘူး၊ ထင်ပါတယ်'

ရှောင်အုံမူက မကျေမနပ်ဖြင့် ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဒါဆိုရင် ညီမဖယ်၊ သူ့ကိုပြန်ပြီးတော့ အစ်ကိုတို့နှစ်ယောက် မီးနဂါးတောင်ပေါ်ကို ထမ်းခေါ်သွားပါမယ်'

ထိုအခါမှ လုံကျွန်းယိ ကိုယ်ပေါ်တွင်မှောက်ကာ ကာကွယ်ထားသော ကျိယုလင်းမှာ ခွာပေးလိုက်တော့၏။

လုံကျွန်းယိမှာ သူ၏ကိုယ်ပေါ်သို့ ကျိယုလင်းမှောက်ချလိုက်သည့်အထိ သတိရှိသေးသည်။

စင်စစ် ဓားချက်သည် သူ၏ဘယ်ဘက်လက်မြင်းကို စိုက်ဝင်သွားခဲ့ခြင်း ဖြစ်သည်။

ဤသို့ ဖြစ်ရသည်မှာ သူ့ကိုယ်ကို နောက်သို့လှန်ချလိုက်ခြင်းကြောင့်သာ ဖြစ်၏။

ရှောင်အုံမှု ရည်ရွယ်သည့်အတိုင်းသာ ဓားချက်မိမိရရ ထိခဲ့မည်ဆိုပါက လုံကျွန်းယိဘယ်ဘက်ကိုယ်တစ်ခြမ်းမှာ ပြတ်ထွက်သွားနိုင်မည်ဖြစ်သည်။

ရှောင်အုံမှုက မီးနဂါးလည်ပြန်ဟု ခေါ်သော သိုင်းကွက်ဖြင့် ရန်သူ၏လစ်ဟာနေသော ဘယ်ဘက်ကိုယ်တစ်ခြမ်းကို ပိုင်းဖြတ်လိုက်ခြင်းဖြစ်သည်။



သိုင်းပညာ မတောက်တခေါက်တတ်သော လုံကျွန်းယိက ဖလှန်လျှင်မြန်စွာ မြေပြင်ကိုခြေကန်၍ လက်နှစ်ဖက်ကားကာ နောက်သို့လှန်လှဲရှောင်မှုကြောင့် ဓားချက်က အဖျားခတ်ကာ လက်ပြင်တွင် ဟက်ခနဲ အလှီးခံလိုက်ရခြင်း ဖြစ်၏။

သွေးများ ဒလဟောထွက်မှုနှင့် ကျိယုလင်းဖိထားမှုကြောင့် ခန့်ကာ လုံကျွန်းယိမှာ သတိလက်လွတ် ဖြစ်သွားလေတော့သည်။

ကျိယုလင်းသည် လုံကျွန်းယိကိုယ်ပေါ် မှောက်ထားရာမှ ထကာ သူ့အနေဖြင့်တည့်နှမ်ဦးကို ဒေါသဖြင့် ရန်တွေ့လိုက်သည်။

'အစ်ကိုကောင်းချိန်၊ ဒါရှင်သတ်ခိုင်းတာ ကျွန်မ သေသေချာချာ ကြားတယ်၊ ရှင့်ကို မေးဖန်နဲ့ တိုင်ပြောရမယ်၊ ရှောင်အုံမှုနဲ့ ငါ့အခါခနတဲ့ ကြားထဲက တိုက်ဖြစ်အောင်တိုက်တယ်၊ အစ်ကို လုံကျွန်းယိသာ သေရင်တော့ နင်တို့လဲ သူ့လိုဖြစ်ရမှာပဲ'

ထိုစကားကြောင့် ကောင်ချိန်ရော၊ ရှောင်အုံမှုပါ ပျာပျာသလဲ ဖြစ်သွားသည်။

'သူ မသေနိုင်ပါဘူး မယုလင်း၊ ကျွန်နော်တို့က မယုလင်းကို လိုက်ဖမ်းနေတယ်ထင်လို့ ဝင်ကယ်တာပါ'

'ဟုတ်တယ်လေ၊ ဒါဆို ညီမက သူ့ကိုသာလို့ မုန်းနေရတာလဲ'

ထိုအမေးကို ကျိယုလင်း မဖြေနိုင်ပါ။

လုံကျွန်းယိက ချစ်ခင်နှိုးကားနေပါသည်ဟု ဖြေလျှင် သူ့အဖေထံရောက်က အရှက်ကွဲစရာ ဖြစ်ပေမည်။

www.burmeseclassic.com

www.burmeseclassic.com



‘လူချင်းကွဲသွားလို့ ဒီဒေသကို မရောက်ဖူးတဲ့ အစ်ကို လုံကျွန်းယိကို ဆက်သက် ငါကပုန်းနေတာပါ၊ ဒါဟာ ငါ့အပြစ်ပဲ၊ ငါ့ရဲ့အသက်သခင်ကို ငါဟာ ဒုက္ခပေးသလို ညှုပ်မိပြီ’

မျက်ရည်များကိုသုတ်ရင်း ကျိုယုလင်း ငိုချလိုက်သည်၊

ကျိုယုလင်း ငိုလိုက်သောကြောင့် ကောင်းချိန်မှာ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားလေသည်၊

သူသည် သတိကင်းမဲ့နေသော လုံကျွန်းယိ၏ကိုယ်ကိုဆွဲလှန်လိုက်သည်။

ပြီးနောက်....

သူ၏အင်္ကျီလက်ကို ဆုတ်ဖြဲကာ ချိုင်းမှ ဒဏ်ရာကို ပတ်တီးစည်းနှောင်ပေးလိုက်လေသည်၊

‘စိတ်မပူပါနဲ့ ညီမ၊ သူက ဓားချက်ကို နည်းနည်းပါးပါး ရှောင်ကွတ်သွားပဲ၊ နို့မို့ဆိုရင်တော့ ရှောင်အွမ့်မွေ့ရဲ့ ဓားချက်နဲ့ သူ့အသက်ပါသွားမှာပဲ’

ကျိုယုလင်းက လုံကျွန်းယိ၏ နဖူးကို စမ်းလိုက်သည်၊

ပြီးနောက်...

မျက်နှာကို အကဲခတ်လိုက်သည်၊

ဒဏ်ရာက သွေးထွက်သွား၍ သတိမေ့သွားခြင်း ဖြစ်ပေလိမ့်မည်၊

‘ကဲ...အစ်ကိုတို့နှစ်ယောက် သူ့ကိုတောင်ပေါ်အထိ ထမ်းလာခဲ့ပါမယ်၊ ဟိုကျရင် အနာကျက်ဆေးနဲ့ သွေးတိတ်ဆေး အားဆေးကျွေးတိုက်ရင် သူနေကောင်းသွားမှာပါ’



ကောင်းချိန်မှာ သူ့အမှားနှင့်သူ ကျိုယုလင်းကို ချော့မော့ ဖျောင်းဖျလိုက်သည်။

သူ့စိတ်ထဲတွင်တော့ ဝမ်းနည်းကြေကွဲနေသည်၊

ကျိုယုလင်းသည် သူစိမ်းလူတစ်ဦးကို ဤမျှအထိ စိုးရိမ်ပူပန်နေခြင်းကို သူမနှစ်သက်လှပေ၊

သို့သော်....

အရာရာ ကျိုယုလင်း၏အလိုကျ ဖြစ်စေလိုသော ကောင်းချိန်သည် ဝါးနှစ်လုံးကို ခုတ်ကာ သူ့ဘို့တွင် ပါလာသော အဝတ်အစားများကိုချိတ်၍ ပုခက် ဆင်လိုက်သည်၊

ပြီးနောက်....

ရှောင်အွမ့်မှုကရှေ့က ကောင်းချိန်ကနောက်က ထမ်းကာ....

‘ကဲ...ညီမ. တောင်ပေါ်တက်ကြစို့၊ ဟိုမှာဆရာထန်းချုန်းက ညီမအတွက် သိပ်စိတ်ပူနေပြီ’

ဟု ပြောလိုက်သည်၊

ကျိုယုလင်းသည် နောက်မှ လိုက်ပါလာသည်၊

သူမသည် မကြာခဏ ပုခက်ထဲမှ လုံကျွန်းယိကို ငဲ့ကာ သွားကြည့်သည်။

လုံကျွန်းယိကတော့ ကလေးငယ် တစ်ယောက်လို အသက်မှန်မှန်ရှူရှိုက်၍ အိပ်ပျော်နေလေသည်၊

‘သူဟာ သိုင်းပညာ မတတ်ဘူး၊ ဒါပေမယ့် သူ့ရဲ့ ဉာဏ်နဲ့ ကြောက်စရာကောင်းတဲ့ သိုင်းသမား သုံးယောက် လက်ထဲက ကျွန်မကို ကယ်လာခဲ့တယ်’

www.burmeseclassic.com

www.burmeseclassic.com



တောင်းချိန်နှင့် ရှောင်အုံမှုတို့မှာ ထိုစကားကြောင့် အံ့အား သင့်သွားလေသည်။

ကျိယုလင်း ပြန်ပြောပြသောစကားဆုံး နားထောင်ရင်း… မီးနဂါးကွန်ချူသိုင်းဝိဇ္ဇာကြီးမှာ ရင်တမမဖြင့် နားထောင် နေသည်။

'သက်စသတ်တော့ ဒီကောင်တွေ သုံးကောင်ဟာ သမီးကို ပတ္တမြားသခင်ကြီးဆီကို ရှောင်းပို့ကြံတာကိုး'

ဟု ပြောကာ မှတ်ချက်ချလိုက်သည်။

'ဟုတ်တယ်ဖေဖေ၊ အစ်ကိုယုံကျွန်းယီသာ သမီးကို မကယ် ရင် သမီးဘာမှ လုပ်လို့မရတော့ဘူး၊ သူတို့က ချုံထဲမှာ သမီး ကို ကြိုးနဲ့ တုပ်ပြီး ပမ်းသွားတာကိုး'

'အင်း…ငါ့ရဲ့ သမီးဟန်းသီလျင် ပေါ်ကားချင်တာ၊ အဲဒါ ဟိုတစ်ခါ သိုင်းဂိုဏ်းချုပ်တွေ ဆွေးနွေးပွဲမှာ ပတ္တမြားသခင်ကြီးက သမီးကို မြင်သွားလို့ သူ့ ကိုယ်တော့ မေးမဆုံးမျှဖြစ်မယ်၊ တော် ပေါ် အကျင့်မကောင်းတဲ့လူပဲ'

'ဟုတ်တယ် ဖေဖေ၊ ဟိုလူ သုံးယောက် စကားအရဆို သူ့ မှာလဲ မိန်းကလေးတွေ လေးယောက်တောင် ရှိသားနဲ့'

'မတန်မရာ ငါ့သမီးအပျိုလေးကို ခြေတော် တင်ချင်တာ တော့၊ ဖေဖေ ဘယ်လိုမှ သည်းမခံနိုင်ဘူးသမီး…၊ ဒါပေမယ့်



ဖေဖေ့မှာ ပညာတူတတ်တဲ့ လူငယ်တစ်ယောက်တော့ ရှိမှ ဖြစ် မယ်၊ ဘာဖြစ်လို့ဆိုရင် ပတ္တမြားသခင်ကြီးက ယင်ချွန် တောင် ကုန်းမှာ ရှိသမျှ သိုင်းအကျော်အမော်တွေကို အမျိုးမျိုး သိမ်း သွင်းပြီး သူ့လူ လုပ်ထားတာကိုး'

'အန္တရာယ်များပါတယ် ဖေဖေရယ်…၊ သမီးလဲ ဘာမှဖြစ် တာမှ မဟုတ်ဘာ၊ ဒီကိစ္စမေ့ပစ်လိုက်ပါ'

'အေးလေ၊ သုံးနှစ်လောက်တော့မေ့ထားရမှာပေါ့၊ သမီးရဲ့ မိတ်ဆွေ ယုံကျွန်းယီဟာ သမီး ပြောသလိုဆိုရင် ပင်ကိုယ်ဉာဏ် သိပ်ကောင်းတဲ့လူပဲ၊ သူဟာသိုင်းပညာမတတ်ဘဲ အမြော်အမြင် နဲ့ စိစဉ်ပုံ၊ အနိုင်ရအောင် ကြံစည်နိုင်ပုံကို ဖေဖေ သိပ်သဘော ကျတယ်၊ ဖေဖေလဲ ထူးချွန်တဲ့ တပည့် တစ်ယောက်လောက်ကို ဖေဖေ အသက်နဲ့ ရင်းပြီး လေ့ကျင့်တီထွင်ထားတဲ့သိုင်းပညာကို ပေးဖို့ စိတ်ကူးပြီးသားပါ'

'ခုလိုရှာရတဲ့ ဖေဖေ့ထံရောက်လာတာ ဝမ်းသာစရာပေါ့'

'ဒါပေမယ့် ရိုးသားပြီး အကျင့် စာရိတ္တ ကောင်းဖို့တော့ လိုတယ် သမီး'

ရှေ့ရေးကိုမျှော်တွေးကာ ကျိထန်းချန်းက ပြောလိုက်သည်။

'သူသာ အကျင့်စာရိတ္တမကောင်းရင် သမီး ဒိကို ဘယ်ပြန် လာနိုင်ပါမလဲ၊ လမ်းမှာတင် ဟို…ဟို…'

သူမကိုဖျက်ဆီးပစ်လိုက်မှာပေါ့ဟု ပြောလိုသောစကားကို ဖခင်ရှေ့တွင်ဖြစ်၍ မပြောဘဲ ရပ်ထားလိုက်သည်။

ကျိထန်းချန်းကလည်း ထိုအချက်ကို ရိပ်မိလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'သမီးပြောအသဘောဝကျပါတယ်၊ ဒါပေမယ့် သူ့နောက်ကြောင်းအရှိသေးတယ်၊ သူဟာ ဘယ်သူ့တွေနဲ့ ပြဿနာဖြစ်ခဲ့သလဲ၊ ဘာကြောင့် တစ်ယောက်တည်း ထွက်လာရသလဲ ဆိုတာ...'

ကျိုထန်းချွန်း ပါးစပ် ဟရှိသေးသည်။

ကျိုယုလင်းက...

'ဒါတော့ သမီးတို့ စကားပြောရင်းနဲ့ ထောက်လှမ်းပြီးပါပြီ ဖေဖေ၊ သူက သူများမတရားအနိုင်ကျင့်ခံရလို့ထွက်လာတဲ့သူပေါ့ သူ့အဖေရဲ့ နောက်မိန်းမရယ်...၊ သူ့အဖေ ယောက်ဖ ရယ်ဟာ သူ့ကို သိုင်းပညာမတတ်လို့ နှိပ်စက်ကြတယ်၊ ပြီးတော့ သူတို့ အိမ်နဲ့ သူ့အဖေပစ္စည်းတွေကို အပိုင်စီးဖို့ကြံကြတယ်တဲ့'

'အင်း...ဒီလိုမခံချင်စိတ်နဲ့ပြီး ရိုးသားတဲ့လူငယ်တစ်ယောက်ကို ပညာသင်ပေးဖို့ ဖေဖေ မငြင်းတော့ပါဘူး'

မီးနဂါးဂေါင်းထိပ်ပေါ်တွင် ပင်လောင်ဖြာကျနေသည်။

ဂေါင်းထိပ်၌ အဆောက်အအုံသုံးခုရှိသည်။

တစ်ခုမှာ မီးနဂါးသိုင်းဂိုဏ်းခေါင်းကြီး ကျိုထန်းချွန်း၊ ညီဖြစ်သူ ကျိုထန်းယွန်နှင့် ကျိုယုလင်းတို့ သုံးဦးနေထိုင်သော အဆောက်အအုံဖြစ်သည်။

အခြားအဆောက်အအုံတစ်ခုမှာ ကျောင်းသုံးတပည့်များ နေထိုင်ရန် ဆောက်လုပ်ထားသည့် အဆောက်အအုံဖြစ်ပြီး၊ ကျန်အဆောက်အအုံမှာ မီးနဂါးဂေါင်းပေါ်သို့ ရောက်လာသော ဧည့်သည်များတည်းခိုရန် ဧည့်ဂေဟာနှင့် ဧည့်သည်များနေထိုင်ရန် အိပ်ခန်းများပါ တည်ဆောက်ထားသော အဆောက်အအုံပင် ဖြစ်လေသည်။

ဧည့်ဆောင်၌ ကျောင်းမှန်သပ်ရပ်သော အခန်းလေးတစ်ခန်းတွင် လိုကျန်ယိကို ထားရှိကာ ဆေးကုသပေးခဲ့ရာ လေးငါးရက်အတွင်း ဒဏ်ရာမှာ သက်သာ၍ လှုပ်ရှားလာနိုင်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

ဧည့်ရိပ်သာရှေ့တွင် လှပသော ထင်းရှူးပင်လေး သုံးပင် စိုက်ထားလေသည်။

ထိုထင်းရှူးပင် သုံးပင်၏အလယ်တွင်ရှိသော ထင်းရှူးပင် အောက်တွင် ညအခါအပန်းဖြေနိုင်ရန် ခုံတန်းရှည်လေးတစ်ခု ပြုလုပ်ထား၏။

ခုံတန်းရှည်လေးပေါ်တွင် လုံကျန်းယီ ထိုင်လျက်ရှိလေသည်။

သူသည် သာယာသော တောင်ထိပ်ပေါ်တွင်ထိုင်ရင်း သူ့ဘဝကို တွေးတောနေသည်။

ယခုအခါတွင် သူသည် နေစရာနှင့် စားစရာလည်း မပူရတော့။

ဘယ်ဘက်ပြင်မှ ဒဏ်ရာလည်း ပျောက်ကင်းပြီဖြစ်၍ နောက်တစ်နေ့မှ စ၍ကာ မီးနဂါးသိုင်းဝိဇ္ဇာကြီးက သူ့ကိုသိုင်းပညာ သင်ပေးတော့မည်ဟု ပြောလေသည်။

သူ့ကိုသာမဟုတ်၊ သူ့သမီးဖြစ်သူ ကျိုယုလင်းကိုလည်း တစ်ပြိုင်နက်တည်း သင်ပေးမည်ဖြစ်၍ ကျိုယုလင်းနှင့် လုံကျန်းယီ တို့မှာ ပညာသင်ဖက် မောင်နှမများ ဖြစ်သွားကြပြီ ဖြစ်လေသည်။

ထင်းရှူးပင်လေး သုံးပင်ကို အဆောက်အအုံတိုင်းမှ မြင်တွေ့နေရသော ကျိုယုလင်းသည် သူမအိပ်ခန်းပြတင်းပေါက်ဖွင့်လိုက်သည်နှင့် လရောင်အောက်တွင် ထိုင်နေသော လုံကျန်းယီကို လှမ်း၍မြင်လိုက်ရသည်။

လုံကျန်းယီကလည်း ပြတင်းပေါက်တံခါးဖွင့်၍ ကြည့်လိုက်သော ကျိုယုလင်းကို အမှတ်မထင် မြင်တွေ့လိုက်သည်။



ထို့အတူ ထင်းရှူးပင် သုံးပင်ရှိရာသို့ ပြတင်းတံခါးများမှ ကြည့်နေသော ကောင်းချိန်နှင့်ရွှောင်အုံမှုတို့ကလည်း ထင်းရှူးပင် အောက်၌ ခုံတန်းလျားတွင် ထိုင်နေသော လုံကျန်းယီကိုလှမ်း၍ မြင်တွေ့နေကြရလေသည်။

ကျိုယုလင်းသည် လသာသော ညဖြစ်၍ အိမ်ပေါ်မှဆင်း၍ ထွက်လာခဲ့သည်။

အိမ်ရှေ့ဧည့်ခန်းတွင် ကျိုထန်းချွန်းနှင့်ကျိုထန်းယဲ့တို့ညီအစ်ကို မှာ စကားထိုင်ပြောလျက်ရှိသည်။

'ဘယ်သွားမလို့လဲ သမီး'

'လသာလို့ အိမ်ရှေ့မှာ လမ်းထွက်လျှောက်မလို့ပါ ဖေဖေ'

'ညဉ့်နက်နက် သိပ်မနေနဲ့၊ လေအေးတွေ သိပ်တိုက်ရင် အအေးမိမယ်'

'ဟုတ်ကဲ့'

ကျိုယုလင်းမှာ ကလေးငယ်တစ်ယောက်လို ဧည့်ခန်းထဲမှ ပြေးကာ အိမ်ရှေ့သို့ ထွက်လာခဲ့လေသည်။

'အစ်ကို့သမီးဟာ ခုထိ ကလေးလေးတစ်ယောက်လိုပဲ'

'ဟုတ်တယ်ကွ၊ အပျိုတစ်ယောက်အရွယ် ရောက်လာတာ တောင် သူ့ကိုယ်သူ ဘာမှသတိမထားဘူး၊ တော်သေးတာပေါ့၊ သူ့ကံကလဲ သူ့ဘဝပျက်စီးလုနီးမှာ ကယ်တင်တဲ့သူပေါ်လာလို့'

'အဲဒီ လုံကျန်းယီဆိုတဲ့ ကောင်လေးကို အစ်ကိုဘယ်လိုမြင်သလဲ'

ကျိုထန်းယဲ့က သူ့အစ်ကိုကို မေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



‘ကြည့်ရတော့ မဆိုးပါဘူး၊ ဒါပေမယ့် လူဆိုတာ အချိန်တိုအတွင်းမှာတော့ ဘယ်ဆုံးဖြတ်လို့ရမလဲ၊ သူ့ကို သိုင်းပညာ သင်ပေးဖို့တော့ ကတိပေးလိုက်ပြီးပြီ’

‘ကျွန်တော်ကတော့ ကျွန်တော့်ရဲ့ မီးနဂါးသိုင်းပညာကို အလွယ်တကူ ပြန့်ပွားစေချင်ဘူး’

‘ဘာဆိုလိုတာလဲ’

‘ဒီကောင်လေး မီးနဂါးသိုင်းပညာတတ်သွားပြီး တောင်ပေါ်က ဆင်းသွားမယ်ဆိုရင် မီးနဂါးသိုင်းပညာဟာ လူနဲ့အတူ ပါသွားမှာပဲ၊ မီးနဂါးသိုင်းကွက် ခြောက်ဆယ်ကို သူ ရသွားပြီး သူ့ဆီက ပျံ့ပွားလွှတ်တော့ ရသွားရုံရင် ကျွန်တော်တို့ပညာကို ဘယ်သူလေးစားတော့မှာလဲ’

သိုင်းပညာရပ်တစ်ခုကို လုံခြုံစိတ်ချရမှုအတွက် ကျိုထန်းယွဲ့က ပြောလိုက်ခြင်းဖြစ်သည်။

‘လိုကျန်းယီကို ဒါအကဲခတ်ပါမယ်၊ အခြေခံအကွက် ဆယ်ကွက်သင်ပေးလို့ သူ သိပ်မတော်နိုင်ဘူး၊ သင့်တော်ပုံမရှိဘူးဆိုရင်လဲ တောင်ပေါ်က မောင်းချလိုက်တာပေါ့ကွာ’

ကျိုယန်းချုန်းက အမြင်ကြီးသူပီပီ ခပ်ပြတ်ပြတ် ပြောလိုက်သည်။

ကျိုထန်းယွဲ့က သူ့အစ်ကိုကြီးကို နှုတ်ခမ်းထော်ကာ ငြိမ်နေသည်။

‘ခင်း ဘယ်လိုသဘောရလဲ’

‘အစ်ကို့ အစီအစဉ် မဆိုးပါဘူး’

ကျိုထန်းယွဲ့က မယုတ်မလွန် ပြောလိုက်သည်။



သို့သော်…

ကျိုထန်းယွဲ့သည် လိုကျန်းယီကို မီးနဂါးသိုင်းပညာရပ်သင် ကြားပေးမည် ဆိုသောကိစ္စအတွက် သိပ်မကျေနပ်လှပေ။

တကယ်နိုင်လျှင် သူက လုံးဝမသင်ပေးရန် ကန့်ကွက်ချင်သူ ဖြစ်သည်။

သို့သော်…

သူ့အစ်ကိုကြီး၏ အမိန့်၊ သူ့တူမ ကျိုယုလင်းကို ကယ်ဆယ်လာသူ ဖြစ်သောကြောင့် ညီအစ်ကိုချင်း စိတ်ဝမ်းမကွဲစေရန် ထိန်းသိမ်းနေခဲ့ခြင်း ဖြစ်သည်။

‘အခြေခံသိုင်းကွက်တွေ သင်ကြားပေးနေတဲ့ ကာလမှာ ငါ့ အစ်ကိုကြီးမသိအောင် ငါ တစ်နည်းနည်းနဲ့ ဒီကောင်လေးကို လက်စဖျောက်လိုက်ရင် ပြီးတာပဲ’

သူ တစ်ယောက်တည်း ကြိတ်တွေးတောလိုက်၏။

ကျိုထန်းချုန်းကတော့ သူ့စကားကို ကျိုထန်းယွဲ့ လက်ခံတော့ တူညီသည်ဟု ယူဆလိုက်သည်။

ထိုအချိန်တွင်…

ကျိုယုလင်းက လိုကျန်းယီ ထိုင်နေသော သစ်ပင်အောက်သို့ ရောက်ရှိသွားပြီ ဖြစ်လေသည်။

‘ဟဲ့ လိုကျန်းယီ သိပ်နေကောင်းနေတာ မဟုတ်ဘဲဘာလို့ လေတိုက်ထွက်ပြီး ခံနေရတာလဲ’

သူမက လိုကျန်းယီ ရပ်နေသော ခုံတန်းရှေ့မှရပ်ကာ မေး လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူမသည် အဖြူရောင်ဝတ်စုံကို ဝတ်ဆင်ထား၍ လရောင်ထဲတွင် ထောက်ပနေသည်။

သူမ၏ ဆံနွယ်များနှင့် အင်္ကျီလက် နှစ်ဖက်မှ အဝတ်များသည် လေတိုက်ခတ်မှုကြောင့် တဖျပ်ဖျပ် လှုပ်ခတ်နေသည်။

လုံကျန်းယိက သူမ၏ ဝင်းစက်သော မျက်နှာလေးကို မော့ကြည့်လိုက်သည်။

'အင်ကိုလဲ ကျန်းမာရေးကောင်းနေပါပြီ၊ ဒဏ်ရာလဲ တော်တော် သက်သာနေပြီ'

'ဒဏ်ရာသက်သာတယ် ဆိုပြီးတော့ သိပ်လဲလှုပ်လှုပ်ရှားရှား မလုပ်နဲ့ပေါ့၊ ကော်ကြာ မြန်မြန်ပျောက်ရမယ့် ဒဏ်ရာက ကြာကြာခံနေရ ဦးမယ်'

သူမက သူ့ကို ဂရုဏာစိုက်ရှို၍ စိုးရိမ်တကြီးပါ ပြောဟူသော အသံကို လုံကျန်းယိ ရင်ထဲတွင် သတိထားလိုက်မိ၏။

'ညီမတို့ မီးနဂါးတောင်ကသိပ်သာယာတာပဲနော်၊ ပြီးတော့ အောက်မှာလဲ ဒီလိုတောင်အထပ်မျိုး နှစ်ထပ်ရှိသေးတယ်'

'အစ်ကိုကို ဘယ်သူပြောသလဲ'

'အစ်ကို ယင်ချန်တောင် ကုန်းဆင်းက လှမ်းကြည့်တုန်းက မြင်ခဲ့ဖူးလို့ အစ်ကိုကောင်းချိန်ကိုမေးကြည့်တာ အစ်ကိုကောင်းချိန်က အဲဒီအထပ်တွေမှာ အတွင်းအတ်ကို ဝင်လို့ရတဲ့ ဂူကြီးတွေရှိတယ်တဲ့၊ တစ်နေ့တော့ အစ်ကို တောင်အောက်ကို ဆင်းကြည့်ချင်သေးတယ်'

ကောင်းချိန်နှင့် ရှောင်အိမ်တို့ မော်ဆောင်ရာသို့လိုက်သွားမည်ကို သူမက စိုးရိမ်သွားသည်။



သူမသည် ကောင်းချိန်က သူမကို ပိုးပန်းသလိုအရိပ်လက္ခဏာရှိသည်ကို သတိထားမိသည်။

ကောင်းချိန်သည် လုံကျန်းယိ တောင်ပေါ်သို့ ရောက်ရှိလာခြင်းကို နှစ်ခြိုက်ဟန် လက္ခဏာပြနေသော်လည်း ဝမ်းတွင်းက သဘောကျမည်မဟုတ်ကြောင်းကို ကျိယုလင်းက ရိပ်မိနေလေသည်။

'အစ်ကိုကျန်းယိ'

'ဘာလဲ ညီမ'

'ဒီတောင်ပေါ်မှာ နေသမျှ ညီမမသိဘဲ ဘယ်မှ မသွားနဲ့နော်'

'ဘာဖြစ်လို့လဲ၊ အစ်ကိုကို ကလေးများ ထင်နေလို့လား'

လုံကျန်းယိ ရယ်သံတစ်ဝက်ဖြင့် ပြောလိုက်၏။

'ဟုတ်တယ်၊ အစ်ကိုက ဒီတောင်ပေါ်မှာတော့ ကလေးပဲ'

'ဘာဖြစ်လို့'

'ဒီတောင်ပေါ်မှာ ရှိသမျှလူတွေက သိုင်းပညာတွေ တတ်မြောက်ကြပြီးပြီ၊ နောက်မှရောက်လာတော့ သိုင်း ပညာ အနေနဲ့ ကလေးပဲပေါ့'

'မနက်ဖြန်ဆိုရင် ဆရာကျိယန်းချွန်းက အစ်ကိုနဲ့ ညီမကို သိုင်းပညာ စသင်ပေးတော့မယ် မဟုတ်လား'

'ဟုတ်တယ်၊ အစ်ကို အဲဒါကို ဝမ်းမသာဘူးလား'

'ဘယ့်နှယ်ပြောပါလိမ့် ညီမရယ်၊ အစ်ကို ဘာကို အိပ်မက်မက်နေတာလားလို့တောင် စိုးမိတယ်'

'ဒီလောက်ပဲလား'

www.burmeseclassic.com



'ဟုတ်တယ်၊ တော်ကြာ ဒီအဖြစ်အပျက်တွေဟာ တကယ် မဟုတ်တော့မှာ စိုးလို့'

သူ စကားအဆုံးတွင် သူမက ဟက်ခနဲ ရယ်မောလိုက်သည်။

'ညီမက ဘာရယ်တာလဲ'

'ကြွင်... အစ်ကိုက စကားကို ဖွဲ့နွဲ့ပြောတတ်လွန်းလို့ပါ၊ မေမေ အကြောင်း အစ်ကိုနဲ့ ပြောလာအုံးမယ်'

'ဘာလဲ'

'မေမေက သိုင်းကွက်တစ်ကွက်ကို စိတ်ရှည်ရှည်နဲ့ သင်ကြား ပေးရင်း သူ့သင်ပေးတဲ့လူက လိုက်နိုင်ပြီး တိတိကျကျ ဟတ်ကို ဆောင်ကျင့်မကြိုက်တယ်၊ မေမေ စိတ်ဆိုးသွားရင်တော့ သိုင်း ပညာ ဆက်သင်ပေးဖို့ မလုပ်တော့ဘူး'

'စိတ်ချပါ ညီမ၊ အစ်ကိုက ဘာမဆို စွဲစွဲမြဲမြဲ လုပ်တတ်ပါ တယ်'

'ယုံပါတယ်'

'အစ်ကို စကားတော့ မဆုံးသေးဘူး ညီမက ဘာကိုယုံ တာလဲ'

'ကြွင်... ခရီးမှာကတည်းက အစ်ကို အကြောင်းသိ ထားပါ၊ ပြီးတော့ အစ်ကိုက နေထိုင်ပုံလဲ စိတ်ခိုင်ဆောင်တယ်'

'ညီမက အစ်ကို့ကို မြှောက်နေတာလား'

'မဟုတ်ပါဘူး၊ အစ်ကို လုပ်ပုံကိုင်ပုံကို သိလို့ ဝေဖန်တာ ပါပဲ'

ထိုစဉ်မှာပင်...



လရောင်အောက်မှ လူတစ်ဦး သူတို့ထံသို့ လမ်းလျှောက် လာသည်ကို မြင်တွေ့လိုက်ရ၏။

'အောင်မယ်... ညီမ ယှူလင်းတို့နှစ်ယောက်က ရယ်ရယ် မောမောနဲ့ ဘယ်စကားမှာကောင်းနေပါလိမ့်၊ ဘာတွေများ ဆွေး နွေးနေကြတာလဲ'

ကောင်းချိန်က မမျှော်လင့်ဘဲရောက်ရှိလာပြီး လိုကျွန်းယိ၏ တေးတွင် ဝဝလိုင်သော ပြောဆိုလိုက်သည်။

ကောင်းချိန် ကျွမ်း သူတို့နှစ်ဦးထံ ရောက်လာခြင်းကို သူမ က သဘောမကျပါ။

'အို... ဘာမှ ဆွေးနွေးတာ မဟုတ်ပါဘူး အစ်ကိုချိန်၊ ဟိုအကြောင်း ဒီအကြောင်းပေါ့'

သူမက ဘဝင်မကျသလို လေသံမျိုးဖြင့် ပြောလိုက်၏။

'အစ်ကိုလဲ အိပ်မပျော်တာနဲ့ အပြင်ထွက်လျှောက်နေတာ၊ ညီမ တို့နှစ်ယောက်ကို တွေ့တာနဲ့ စကားပြောဖော်ရပြီလို့ ထွက် လာတာပါ'

'အေးပါ... အစ်ကိုချိန်က ပေါ်တိုင်းလဲ ရှောင်တိမ်းနှစ်ယောက် အဖော်လုပ်ပြီး စကားပြော နေကျပဲဟာကို အထူးအဆန်းလုပ် လို့...'

ကောင်းချိန်နှင့် ရှောင်အာမူတို့ကို ရိပ်မိသော ကျိုယှူလင်းက ပြောလိုက်သည်။

ထိုသို့ တည့်တိုးပြောလိုက်သောကြောင့် ကောင်းချိန်မှာ အခက်တွေ့သွားသည်။

သို့သော်...

www.burmeseclassic.com

www.burmeseclassic.com

တဟဲဟဲရယ်လိုက်ရင်း....

'ဒီကောင်နဲ့ စကားပြောရတာက ရှိုးနေပြီလေ၊ အကြောင်းအရာတွေက ထပ်နေပြီ၊ ဒီတော့ ဒီညီလေး ကျွန်းယီနဲ့ သူတို့ပြည်နယ်ဘက်က အကြောင်းတွေ မေးမြန်းကြည့်မလားလို့ပါ'

ကောင်းချိန်က လုံကျွန်းယီကို ခင်မင်သောလေသံမျိုးဖြင့် စကားပြောလိုက်သည်။

ကျိုယုလင်းက-

'အစ်ကိုကျွန်းယီက သူတို့နယ်ဘက်က အကြောင်းတွေ စကားလုပ်ပြီး တစ်ခါမှ မပြောဖူးဘူး၊ ပြောချင်စိတ်လဲ ရှိပုံမရဘူး၊ ဟုတ်လား အစ်ကိုကျွန်းယီ'

'အင်း၊ အဲ...ဟို ကျွန်တော်တို့ပြည်နယ်က ဘာမှစိတ်ဝင်စားစရာ မကောင်းပါဘူး၊ ထင်ရှားတဲ့ သိုင်းဂိုဏ်းတွေလဲ နည်းပါတယ်'

စကားနည်းရှည်မပြောစေချင်သော ကျိုယုလင်း၏အမူအရာကို ရိပ်မိ၍ လုံကျွန်းယီက တိုတိုနှင့် စကားဖြတ်လိုက်သည်။

'ဒါပေမယ့် အစ်ကိုသိတာတော့ အဲဒီနယ်ဘက်မှာ နေဘီလူး သိုင်းဂိုဏ်းဆိုတာ တော်တော်ကြီးကျယ်တယ်ဆို၊ လူအင်အား ဘယ်လောက်ရှိသလဲ'

'ကျွန်တော် ဒီနေဘီလူးဂိုဏ်းဆိုတာ ကြားဖူးရုံပါပဲ၊ သူတို့လူတွေ ဘာတွေ ဘယ်လောက်ရှိမှန်း မသိပါဘူး'

'ညီလေးက လေ့လာမှု သိပ်နည်းတာကိုး၊ သိုင်းသမားဆိုတာ လေ့လာရတယ်၊ နောက်ဆိုညီလေး ဘယ်သိုင်းအဖွဲ့က ဘာပညာ



ရပ် အရေးကြီးတယ်ဆိုတာကို ဆရာထန်းချန်းက သင်ပါလိမ့်မယ်'

'ဖေဖေ သင်မယ်ဆိုရင် ဘာလို့တော့လဲ၊ မလေ့လာလဲ အစ်ကိုကျွန်းယီ သိလာမှာပါ'

ကောင်းချိန်က လူကြီးလေသံမျိုးဖြင့် လုံကျွန်းယီကို ဆရာလုပ်နေသည်ကို ကျိုယုလင်းက ဘဝင်မကျဟန်မျိုးဖြင့် ပြောလိုက်လေသည်။

စကားဝိုင်းမှာ ကိုယ့်အတွေးနှင့်ကိုယ် ခဏတာငြိမ်သက်သွားကြသည်။

'ကဲ...အစ်ကိုကျွန်းယီလဲ အိပ်ချင်ရောပေါ့၊ ညီမလဲ အိပ်ချင်ပြီ သွားတော့မယ်နော်'

လုံကျွန်းယီ၏ ခေါင်းညိတ်ပြချင်း တုံ့ရပ်လိုက်ပြီး...

'ကျွန်တော့်ကို ခွင့်ပြုဦး'

တု ပြောကာ သူ့ဧည့်ဂေဟာထဲသို့ ဝင်သွားလေသည်။

www.burmeseclassic.com

'ဟောက်…ဒီကောင် ရောက်လာပြီးမှကို ကိုယုသင်း၊ ငါ့ကို ဆက်ဆံတာတွေ ပြောင်းလဲနေတယ်'

ရှောင်အုံ့မှု၏ အခန်းထဲသို့ ဝင်လာရင်း မကျေနပ်သံဖြင့် ကောင်းချိန် ပြောလိုက်သည်။

'ဘာတွေများ ပြောင်းလဲနေလို့လဲ'

ခုတင်ပေါ်တွင် အိပ်နေရာမှ ထ ထိုင်ကာ ရှောင်အုံ့မှုက မေးလိုက်သည်။

'သူတို့ငါ့ကို အိပ်အဖက်မလုပ်ချင်ကြဘူး'

'သူတို့ဆိုတာ ဆရာထန်းချန်တို့ မိသားစုလား'

'ဟောက်- အယ်ကလာရှောင်အုံ့မှုရေ၊ ကိုယုသင်းနဲ့ ကိုကောင် ကို ပြောတာ'

'ဘာ၊ လိုကျုန်းယိက အစ်ကိုချိန်ကို ဖလိုရိုင်းရိုင်းစိုင်းစိုင်း လုပ်ခဲ့သလား၊ သူကနေမှ ရောက်လာတဲ့ ညီသည်ပဲ'



ရှောင်အုံ့မှုက ခုတင်ပေါ်မှခုန်ဆင်းရင်း ပြောလိုက်လေသည်။

'အေးကွာ၊ မင်းခေါင်းချက်က ပျော့သွားတယ်၊ နို့မို့ဆို အဲဒီမြွက်ရိုင်းတောမှာကတည်းက ဒီကိစ္စပြတ်ပြီ'

'အစ်ကိုချိန်နဲ့ပဲ အမျိုးမျိုးပြောနေ၊ မင်းလေ ငါ့အာမိန့်အတိုင်း ချက်ချင်းလုပ်လိုက်ဆို၊ အဲဒီမှာသာ ဒီကောင်သေသွားခဲ့ရင် အစ်ကိုနဲ့ ကျွန်တော်ကို မမယုလင်းက ရန်ငြိုးဖွဲ့ပြီး ကလဲ့စားချေမှာပေါ့၊ ပထမဆုံး ကျွန်တော်တို့ကို ဆရာထန်းချန်း တောင်ပေါ်က မောင်းချမှာပဲ'

'ဘာလို့ မောင်းချရမှာလဲ'

'မမယုလင်းက သူ့အဖေကို အကြောင်းစုံပြောပြလို့ပေါ့'

ကောင်းချိန် ငိုင်သွားသည်။

'ရှောင်အုံ့မှု'

'ဘာလဲ အစ်ကိုချိန်'

'ငါစိတ်ထဲမှာ ဒီကောင် တောင်ပေါ်ကိုရောက်လာတာခိုးလို့ ခုလို ဖြစ်နေတယ်ကွာ'

'အစ်ကို ဘာလုပ်ချင်သလဲ'

'ဒီကောင့်ကို ရှင်းပစ်ချင်တာပေါ့'

'ဟာ…ဒီကောင့်ကို ရှင်းဖို့က သိပ်မလွယ်ဘူးထင်တယ်၊ အခု ဟာက သူက ညီသည်မဟုတ်တော့ဘူး၊ အိမ်ရှင်မိသားစုဝင် ဖြစ်သွားပြီလေ'

'ဘာကွ၊ ဒါ ဘယ်သူပြောတဲ့ စကားလဲ'

'မယုလင်း ပြောတဲ့စကားပေါ့၊ မနက်က ကျွန်တော့်ကို ခေါ်ပြောတယ်၊ ကျွန်တော်တို့သုံးယောက် က လိုကျုန်းယိရဲ့

www.burmeseclassic.com

ဘေးရန်တွေကို ကာကွယ်ပေးရမယ်ဆိုပဲ၊ အဲဒါ ဆရာထန်းချန်းက အမိန့်ပေးတာတဲ့၊ ကျွန်တော်ကတစ်ဆင့် အစ်ကိုနဲ့ အစ်ကိုကျိုးရင်တို့ကို ပြောပြလိုက်ပါတဲ့'

ရှောင်အွမ့် စကားကြောင့် ကောင်းချိန်မှာ ဒေါသပိုထွက်လာသည်။

'ဘယ်ကကောင်မှန်း မသိတဲ့ တောင်ပေါ်ကိုပါလာတဲ့ ကောင်ကို တို့ကများ ဦးစားပေးကာကွယ်ရဦးမှာလား၊ ဟင်း.... ဝေးသေးတယ်၊ မင်းက ဟိုယုလင်းကို နည်းနည်းမှ မကျေနပ်ကြောင်း တို့ပြန်မပြောလိုက်ဘူးလား'

'ဘာတဲ့ပြန်လို့ရမှာလဲ၊ ဒါ ဆရာထန်းချန်းရဲ့ အမိန့်ပါဆိုနေ'

'တောက်'

ကောင်းချိန် စားပွဲကို လက်သီးနှင့်ထုလိုက်သည်။

ကောင်းချိန် တောက်ခေါက်သံကြောင့် တစ်ဖက်ခန်းမှ ကျိုးရင်က ထ၍ သူတို့ရှိရာ လျှောက်လာ၏။

'ဒီညီအစ်ကို ဘာတွေဒေါပွနေကြတာလဲ'

'ဟိုကောင်ကိစ္စပေါ့'

ကောင်းချိန် လှည့်မကြည့်ဘဲ ပြောလိုက်၏။

'ဪ... ဟို လုံကျန်းယိဆိုတဲ့ကောင်လေးလား အစ်ကိုချိန်၊ သူ့ကြည့်ရတာ မဆိုးပါဘူး၊ အေးပုံရပါတယ်၊ ကျွန်တော်တော့ ဒီကောင့်ကိုသဘောကျတယ်'

ကောင်းချိန်မှာ ဘုမသိ ဘမသိ ဝင်ပြောသော ကျိုးရင်ကို ဒေါသထွက်သွားသည်။



'အောက္ခ ကျိုးရင်၊ မင်း ဒီခွေးသူခိုးကို သဘောကျသလား'

'သူ ခွေးသူခိုးမဖြစ်နိုင်ပါဘူး၊ သူ့ပုံမျိုးက ဘာမှဆို ချင့်ချိန်ပြီး လုပ်မယ့်ပုံမျိုးပါ၊ ဒီလိုတော့ မပြောသင့်ဘူး'

ကျိုးရင်က လူတစ်မျိုးဖြစ်သည် သူ့အယူအဆကို သူများနှင့် ညီစာ ရောယောင်လုပ်တတ်သူမျိုး မဟုတ်။

သူ ယုံကြည်ရာ သူ ထင်ရာကိုသာ စွတ်ရွတ်ပြောတတ်သူမျိုး ဖြစ်သည်။

'ကျိုးရင်၊ မင်းက သူ့ရှေ့နေလား၊ ဒီကောင်ပေါ် ရောက်လာတာ တို့သုံးယောက်လုံးအတွက် [illegible] ယှက်ဖို့ကော မသိဘူး [illegible]'

ကျိုးရင်က....

'မဆိုမဆိုင်ဘူး၊ ဘာဆိုင်လို့လဲ၊ သူက သတိ[illegible]နေတဲ့ဟာ ခင်ဗျားအခန်း လာနေတာမှမဟုတ်တဲ့ အစ်ကိုချိန်ရဲ့'

ကျိုးရင်က တဲ့တိုးပြောလိုက်၍ ကောင်းချိန်မှာ ဆော့ဆော့ခုန်သွားသည်။

ကောင်းချိန်သည် လက်သီးကိုဆုပ်၍ စားပွဲကို ကာဝုန်းဝုန်းထုလိုက်သည်။

'ဝုန်း...ဝုန်း....ဝုန်း'

စားပွဲထုသံမှာ တော်တော်ပင်ကျယ်လေသည်။

ထိုအသံကို အိပ်ရာထဲသို့ ခေါင်းချရန် ပြင်နေသော ဆရာကြီးထန်းချန်းက ကောင်းစွာကြားလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



'ထန်းထို့ခရ'

သူသည် ဧည့်ခန်းသို့ထွက်ကာ ခေါ်လိုက်လေသည်။

'ဘာလဲ အစ်ကို'

'ကောင်းချိန်တို့ဆီက ဘာဖြစ်နေတာလဲ သွားကြည့်စမ်း….၊ ဒီကောင်တွေကို ထောင်ထိပ်ပေါ်မှာ အရက်မသောက်ရဘူးလို့ ပြောထားတယ်၊ ကောင်းချိန်က အရက် မူးနေရင် ဆုံးမလိုက်စမ်း…'

'ဟုတ်ကဲ့'

ကောင်းချိန်ကတော့ ဒေါသကြီးနေ၍ ထိုအဖြစ်အပျက်ကို မသိသေးပေ။

သူသည် ကျိုးရင်ကိုပင် ရန်ဆက်တွေ့နေသည်။

'ကျိုးရင်၊ မင်းဟာ မိန်းမလျှာ ဖြစ်ပြီး၊ ဒီကောင့်ကို ကြိုက်နေပြီလား'

'ကျုပ်က ဒါမျိုး ဘယ်တော့မှ မဖြစ်နိုင်ဘူး အစ်ကိုချိန်၊ ခင်ဗျားသာ အရက်လေးသောက်ပြီး စိတ်ပြောင်းမှာ'

ကျိုးရင်၏ အသံက ဒေါသမပါ။

ထို့နောက်….

သူ့စကားလုံးက ကောင်းချိန်ကို အသည်းခိုက်အောင် နာသွားသည်။

'ကျိုးရင် ဒီည မင်းကို ငါသတ်မယ်'



ကောင်းချိန်က ပြောပြောဆိုဆို ဒေါသဖြင့် ကျိုးရင် ရှိရာသို့ ခုန်ဝင်လိုက်သည်။

သို့သော်…

သူ့ခြေထောက်မှာ ခုန်၍ မရ။

ညီအစ်ကို နှစ်ဦး ရန်ဖြစ်မည် စိုးသောကြောင့် သူ့လက်မောင်းကို ရှောင်အုံမူက ဆွဲထား၍ ဖြစ်သည်။

'ရှောင်အုံမူ လွှတ်စမ်း'

'အစ်ကိုကောင်းချိန်မှားမယ်၊ အစ်ကိုကျိုးရင်ကိုမလုပ်ပါနဲ့'

'လွှတ်ကွာ၊ ဒီကောင်….ကဲ'

ရှောင်အုံမူက မလွှတ်ဘဲ ဆွဲထားစဉ် ရှောင်အုံမူ၏ ဦးခေါင်းပေါ်သို့ ကောင်းချိန်က လက်ဝါးချက် တစ်ချက် ရိုက်ချလိုက်သည်။

'ဝုန်း'

ရှောင်အုံမူက လက်ကို လွှတ်ကာ ခုန်၍ ရှောင်လိုက်သောကြောင့် ကောင်းချိန်၏လက်ဝါးသည် ရှောင်အုံမူ၏ ခုတင်ကို ရိုက်မိလေတော့သည်။

ခုတင်မှာ အလယ်မှ ထက်ပိုင်းကျိုးကျသွားလေသည်။

'ဟာ….ကျုပ်တော့ ခုတင်ကျိုးသွားပြီ၊ အဲဒါ အစ်ကိုကောင်းချိန် လက်ချက်ပဲ ပြန်လုပ်ပေး၊ လုပ်မပေးရင် ဆရာထန်းချွန်းနဲ့ တိုင်မယ်'

www.burmeseclassic.com

စောစောက သူနှင့် အဘောတူညီသော ရွှောင်အုံမှုက သူ့ခေါင်း ကျိုးသွားသောကြောင့် ကောင်းချိန်ကို ဆန့်ကျင်လိုက်သည်။

ကောင်းချိန်က ဂရုမစိုက်ပါ။

သူသည် ကျိုးရှင် ရှိရာသို့ ခုန်ဝင်ကာ သူ့လက်ဝါးချက်ကို တိုက်ခိုက်လိုက်ပြန်သည်။

'ဝုန်း'

'ဖြောင်း'

'အိုး'

ကျိုးရှင်က လက်ဝါးချက်ကို လွတ်အောင် ဘေးသို့ အသာ‌လေး ခုန်ရှောင်ကာ သွားနေလိုက်သည်။

ပြင်းပြင်းရိုက်ချလိုက်သော ကောင်းချိန်၏လက်ဝါးချက်သည် ဘေးမှ လာရိုက်နေသော ကျိတန်ယွဲ့၏ လက်ဝါးနှင့် ဆုံတွေ့သည်။

ကျိတန်းယွဲ့က သူ့ညီပေါ်ကို လက်ဝါးချက် မကျစေရန် ညာလက်ဝါးကို ထောင်ကာသွားလိုက်၍ လက်ဝါးချင်းဆုံတွေ့သွားခြင်းဖြစ်သည်။

ဆရာကျိထန်းယွဲ့၏အတွင်းအားမှာ ပြင်းထန်လှသောကြောင့် ကောင်းချိန်သည် နောက်သို့လည်ကာ ခုတင်ကျိုးပေါ်လက်လက် လန်ကျသွားသည်။



'ကောင်းချိန်၊ မင်း တော်တော်ခိုးနေပါလား၊ ငါပြတင်းပေါက်က ရပ်ကြည့်နေတာ ကြာပြီ၊ မင်းဟာ ရှောင်အုံမှုကိုလဲ လက်ဝါးချက်နဲ့ ရိုက်တယ်၊ ပြီးတော့ ကျိုးရှင်ကိုလဲ လက်ဝါးချက်နဲ့ ခုန်ရိုက်လိုက်ပြန်ပြီ'

ကောင်းချိန်မှာ သူ့ဒေါသတွက်သွက်နှင့်ကြွမ်းနေသည့်အချိန်တွင် ဆရာကျိထန်းယွဲ့ ရောက်လာမှု အံ့အားသင့်သွားသည်။

ခုတင်ကျိုးပေါ်၌ လဲနေသော ကောင်းချိန်မှာ ထိတ်လန့်သော မျက်လုံးများဖြင့် ကြည့်နေသည်။

'ပြောစမ်း၊ မင်းကို အစ်ကိုက ဒီတောင်ပေါ်မှာ အရက်မသောက်ရဘူး၊ ဝေါင်အောက်မှာ ကုက်ဆင်းသောက်၊ မူးရင်လဲ ဒီညအောက်က စခန်းတွေမှာ အိပ်လို့ ပြောထားတယ် မဟုတ်လား'

ဆရာကျိသန်းယွဲ့က ဖိဟောက်နေသည်ကို ပျာပျာသလဲဖြင့် ခေါင်းညိတ်လိုက်သည်။

'ဟုတ်...ဟုတ်ပါတယ်'

'ဟုတ်ရင် ဘာလို့အရက်မူးအောင်သောက်ပြီး အိုယ့်ပညာသင်ဖက်ညီတွေကို ရမ်းနေရတာလဲ'

ကောင်းချိန်မှာ လိုကျွန်းယိကို သူ့ဒေါသ ထွက်နေရာမှအစ ကျိုးရှင်နှင့် ပြဿနာဖြစ်ရပုံကို ရှင်းပြ၍ မဖြစ်နိုင်ပေ။

သူ့ကိုအရက်မူးနေသည်ဟု ယူခြင်းက တော်သေးသည်ဟု ယူဆလိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော် မ...က် မဖြစ်စေရပါဘူး'

'မင်းဟာက လွန်လွန်းတယ်၊ မင်း စားပွဲကို တဝုန်းဝုန်းရိုက်နေတာကို အိပ်နေတဲ့ အစ်ကို ထန်းချန်းတောင် လန့်နိုးတယ်၊ ဒီတော့ မင်းကို အစ်ကို အမိန့်အတိုင်း အပြစ်ပေးရလိမ့်မယ်'

'ဗျာ'

ခနရင်းထိုင်ရင်၊ အပြစ်ကိုဝန်ခံပြီးသားဖြစ်နေသော ကောင်းချိန်မှာ တေးကျုပ်နံ့ကျုပ်ဖြစ်သွားလေသည်၊

ကျိုးရင်နှင့် ရှောင်အုံ့မှုတို့မှာ အပြစ် ပေးမည်ဟု ဆိုသော စကားကြောင့် သူတို့ပညာသင်ဖက်အစ်ကိုကောင်းချိန်အတွက် စိုးရိမ်သွားကြလေသည်၊

'ဆရာ ထန်းယွဲ့'

ရှောင်အုံ့မှုက ခေါ်လိုက်သည်၊

'ဘာလဲကွ'

အစ်ကို ကောင်းချိန် အရက်မမူးပါဘူး၊ ဟို....'

ရှောင်အုံ့မှုက အပြစ်မှန်ကို ရှင်းပြဖို့ ကြိုးစားလိုက်လေရာ ကောင်းချိန်မှာ အပြစ်မှန်ကို ရှင်းပြမှာ လက်မခံနိုင်ပေ၊

'မူးပါတယ်၊ ကျွန်တော် အရက်မူးပါတယ်'

'ပေါ'

ရှောင်အုံ့မှုကိုတစ်လှည့်၊ ကောင်းချိန်ကိုတစ်လှည့် ကျိထန်းယွဲ့က ကြည့်လိုက်သည်၊



ထိုအချိန်မှာပင် ကျိုးရင်၏အသံ ပေါ်လာသည်၊

'ဟုတ်ပါတယ် အစ်ကို ကောင်းချိန် အရက် မသောက်ပါဘူး....'

ကျိုးရင်ကို ကြည့်လိုက်ပြန်သည်၊

ကောင်းချိန်က ထိုစကားကို ယုံကြည်သွားမည်စိုး၍....

'မူးပါတယ်၊ ကျွန်တော် အရက် သောက်မိတာ မှားပါတယ်....'

'ပေါ'

'မသောက်ဘူး'

'သောက်တယ်'

'မမူးဘူး'

'မူးတယ်'

'မသောက်တာအမှန်ပါ'

'အရက်သောက်မိလို့ မှားတာပါ'

ကောင်းချိန်တစ်လှည့်၊ ရှောင်အုံ့မှုတစ်လှည့်၊ ကျိုးရင်တစ်လှည့် ထိုသို့ပြောနေ၍ ကျိထန်းယွဲ့ခေါင်းမှာ လူသုံးယောက်ကြားတွင် ဘယ်ပြန်သာပြန် လည်နေသည်၊

ကြာတော့ ကျိထန်းယွဲ့ စိတ်မရှည်တော့ချေ၊

'အားလုံး တိတ်ကြစမ်း'

www.burmeseclassic.com

www.burmeseclassic.com



သုံးယောက်လုံး ပါးစပ်ပိတ်သွားကြလေသည်။

ကိုထန်းယဲ့သည် လက်ပိုက်၍ ကောင်းချိန်နှင့် ညီအစ်ကို နှစ်ဦးကို အကဲခတ်လိုက်လေသည်။

'ကောင်းချိန်၊ မင်း အပြစ် ဘယ် လောက် ကြီး တယ် ဆိုတာ သိတယ်ပေါ့ဟုတ်လား မင်း အရက်မူးပြီး ရမ်းတာတောင် မင်းရဲ့ ညီအစ်ကိုနှစ်ယောက်က မင်းရဲ့အပြစ်ကို ဖုံးကွယ်ပေးကြတယ်၊ ဒါကို မင်း ဘယ်လောက်ငဲ့ညှာဖို့ကောင်းသလဲ'

'ကျွန်တော့် အပြစ်ကို ဝန်ခံပါတယ်'

ကောင်းချိန်က မြန်မြန်ကိစ္စပြီးအောင် ထပ်၍ဝန်ခံလိုက်သည်။

'ရှင်းပြပါဦးမေ ဆရာထန်းယဲ့'

ဟု ကျီးရင်က စကား စ လိုက်သည်။

'အမှန်ကတော့'

ဟု ရှောင်အုံမှုကလည်း စကားကိုဖြို့ကြိုးစားလိုက်ပြန်သည်။

ကျီးရင်နှင့် ရှောင်အုံမှုတို့ကို ဆရာကျိုထန်းယဲ့က လက်ကာပြလိုက်သည်။

'တော်ပါပြီ၊ မင်းတို့နှစ်ယောက် မင်းတို့အစ်ကို ကောင်းချိန်ကို ကာကွယ်ဖို့စကားတွေ ထပ်မပြောပါနဲ့တော့၊ မင်းတို့ရဲ့ စိတ်ရင်းစေတနာကို ငါသိရပေ၊ သူ့ကိုကြီးလေးတဲ့အပြစ်ပေးဖို့ စဉ်းစားရလေပဲ'



'ဆရာထန်းယဲ့၊ ကျွန်တော့်ကို ဒီတစ်ကြိမ်တော့ ခွင့်လွှတ်ပါ၊ နောက် ဒါမျိုးမဖြစ်စေရပါဘူး'

ကောင်းချိန်က အပြစ်ကြီးကြီးပေးမည်ဟူသော စကားကြောင့် စိုးရိမ်၍ တောင်းပန်စကား ပြောလိုက်သည်။

'ငါပေးတဲ့အပြစ်ကို နားထောင်ပါဦး၊ ငါဟာ မင်းတို့ မရိုက်မနှက်ပါဘူး၊ ဒါပေမယ့် မင်း ဒီတောင်ထိပ်ပေါ်ကို သုံးလတိတိ တက်မလာခဲ့နဲ့၊ မီးနဂါးတောင်ရဲ့ တောင်ကလပ်မှာ [illegible] နေတဲ့ဂူကို မင်း ကျောက်ကုလားထိုင်သုံးလုံးတိတိ ပြုလုပ်ပေးရမယ်၊ တစ်လတစ်လုံးပေါ့ကွာ၊ အဲဒါ မင်း အရက်မူးတဲ့အပြစ်ပဲ'

'ဟုတ်'

သူ့အားရက်စက်စွာ တောင်ထိပ်ပေါ်သို့ သုံးလတိတိ တက်ရောက်ခွင့်မပေးဟု ပြောသောအခါတွင် ကောင်းချိန်မှာ ဝမ်းနည်းသွားလေ၏။

ထိုစကားဆုံးသည်နှင့် ကျိုထန်းယဲ့မှာ သူတို့အခန်းထဲမှ ထွက်သွားလေတော့သည်။

ခုတင်ပေါ်မှ ညှိုးငယ်သောမျက်နှာနှင့် ကောင်းချိန် ဆင်းလိုက်သည်။

သူသည် ကိုယုလင်းနှင့် ဝေးကွာစွာ နေရမည်ကို ယူကျုံးမရ ဖြစ်သွားလေသည်။

ရှောင်အုံမှု၏ အခန်းထဲမှ ကောင်းချိန်သည် မည်သူ့ကိုမျှ စကားမပြောဘဲ ခေါင်းငုံ့ကာ ထွက်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကျီးရင်၊ ငါမင်းကို တောင်းပန်ပါတယ်၊ ငါမင်းကို စိတ်မဆိုးပါဘူး၊ ဒါပေမယ့် ဟိုကောင်လေးကိုတော့ ငါကြည့်လို့မရဘူးကွာ'

တောင်ထိပ်ပေါ်မှ ဆင်းခါနီးတွင် ကောင်းချိန်က ကျီးရင်ကို သွားရောက်နှုတ်ဆက်ရင်း ပြောလိုက်လေသည်။

'ကျုပ်ကတော့ အဲဒီလို လူတစ်ယောက်ကို အလကားနေရင်း ကြည့်မရတာမျိုးကို မကြိုက်ဘူး အစ်ကိုချိန်၊ ခင်ဗျား ခုပဲ အဲဒီ အကျီးတွေ ခံစားနေရပြီ မဟုတ်လား'

ကျီးရင်ကလည်း စိတ်ထဲရှိသမျှပွင့်ပွင့်လင်းလင်းပြောတတ်သူဖြစ်သည့်အတိုင်း သူ့ရင်ထဲမှစကားကို ပြောလိုက်လေသည်။

'အလကားသက်သက်တော့ မဟုတ်ဘူးပေါ့ ကျီးရင်၊ ဒီကောင်က ငါ့ကိုအနှောင့်အယှက်ပေးနိုင်တဲ့ အကောင်မို့ပေါ့'

ကောင်းချိန်ကလည်း လုံကျန်းယီကို မုန်းတီးစိတ်ဖြင့် ထပ်ပြောလိုက်ပြန်လေသည်။

'သူလဲ သူ့ဟာသူနေ၊ အစ်ကိုလဲ အစ်ကို့ဟာ အစ်ကိုနေရင် ပြီးတာပါပဲ၊ ဘာမှရှုပ်ရှာမနေပါနဲ့'

'မင်းက ငတုံးအပဲ၊ ဘာသိမှာလဲ၊ မင်းသာဒီကောင့်စကားကြောင်းက လှတ်ဆောင်ကြည့်နေ၊ ကျီးရင် ငါသွားတော့မယ်'

ကျီးရင်က ခေါင်းညိတ်ပြလိုက်သည်။

အိတ်တစ်လုံးကိုလွယ်ကာ ထွက်လာသော ကောင်းချိန်နောက်သို့ ရှောင်အုံမူ ပြေးလိုက်လာသည်။



'အစ်ကိုချိန်း ကျုပ်လိုက်ပို့မယ်'

'ရပါဘူးကွာ၊ ဒီတောင်အောက်တင်ပဲဟာ၊ ငါ့ဟာငါပဲသွားပါ့မယ်၊ အရေးကြီးတာ မင်းကိုမှာခဲ့ရဦးမယ်'

'ပြောပါ အစ်ကိုချိန်'

'မင်း ဟိုကောင်ကို စောင့်ကြည့်စမ်း၊ သူ တောင်ပေါ်မှာ ဘာတွေလုပ်နေလဲဆိုတာ ငါ့ကို သတင်းလာပေး သိလား'

'ဟုတ်ကဲ့ အစ်ကိုချိန်၊ မနေ့ယုလင်းနဲ့ ဘယ်လိုအခြေအနေ ရှိသလဲဆိုတာ အဓိကမဟုတ်ဘူးလား'

'မင်း သိပါတယ်၊ တောင်ပေါ်မှာ ထူးခြားမှုတစ်ခုခုဖြစ်ရင်လဲ ငါ့ဆီသတင်းပို့လာ၊ ကြားလား'

'ကောင်းပြီ အစ်ကိုချိန်'

ရှောင်အုံမူကို ပခုံးပုတ်ကာ ထွက်သွားမည်ဆဲဆဲတွင် စံအိမ်တံခါးဝမှ ထွက်လာသော ကျိုယုလင်းကိုတွေ့၍ ခြေလှမ်းများ တုံ့ခနဲ ရပ်လိုက်ပြန်သေသည်။

'အစ်ကို ကောင်းချိန်၊ ဘယ်ကိုခရီးထွက်မလို့လဲ'

ကျိုယုလင်းက မည်သည့်မှု မရိပ်မိသည့်မျက်နှာမျိုးဖြင့် မေးလိုက်သည်။

'ဆရာထန်းယွဲ့က တောင်ကလပ်ဒုတိယထပ်မှာ ဆင်းနေခိုင်းလို့ ညီမကို နှုတ်ဆက်ခဲ့ပါတယ်'

'ဟင်....ဘာဖြစ်လို့လဲ၊ အဲဒီတောင်ကလပ်မှာ ဂူလုပ်ပြီး အထဲမှာ ကျောက်ကုလားထိုင်တွေ လုပ်နေတယ် မဟုတ်လား'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်၊ အစ်ကိုကို ကျောက်ကုလားထိုင် သုံးလုံးလဲ လုပ်နိုင်တယ်'

'ကျောက်ကုလားထိုင်တွေက တောင်ခြေက ရွာသားတွေကို ပိုက်ဆံပေးပြီး ထုလုပ်ခိုင်းနေတာ မဟုတ်လား'

'ဟုတ်တယ်၊ အဲဒါ ညက အစ်ကိုညီတွေနဲ့ ရန်ဖြစ်တော့ ဆရာသမားယွဲ့က အဖြစ်ပေးတဲ့အခန်းနဲ့ သုံးထားနေခိုင်းလိုက်တာပဲ'

ကျွဲယုလင်း ပြုံးလိုက်သည်။

'ကောင်းပါတယ်၊ အပြောင်းအလဲဖြစ်သွားတာပေါ့၊ ဒီနေ့ ယုလင်းနဲ့ အစ်ကိုလုံကျန်းယီတို့ကို ဖေဖေက သိုင်းသင်ပေးတော့ မလို့တဲ့'

'ဘာ...ဟိုကောင့်ကို သိုင်းသင်ပေးမယ် ဟုတ်လား'

ဒေါသကို မထိန်းနိုင်တော့ဘဲ ကျွဲယုလင်းကို ခပ်မာမာ မေးလိုက်သည်။

ကျွဲယုလင်းက ပြုံး၍ ခေါင်းညိတ်ပြလိုက်လေသည်။

'အင်း...လူစိမ်းတွေကို သင်ပေးကြ၊ ဒါမှသစ္စာဖောက်တဲ့လူ ပါလာပြီး မီးနဂါးသိုင်းပညာကို ဖျက်ဆီးတဲ့လူ ပါလာလိမ့်မယ်'

'အို...အစ်ကိုကောင်းချိန်ကလဲ ဘာဆိုင်လို့လဲ၊ ကိုယ့်မှာ သိုင်းပညာပေးတဲ့ တပည့်များလေ ပိုပြီး တော်ကားရဲတဲ့သူ မရှိဘူးလို့ ယုလင်းတော့ ထင်တာပဲ'



'အင်း...ဒါတော့ ယုလင်းတို့သားအဖ သဘောပေါ့'

စကားအဆုံးတွင် ကောင်းချိန်သည် တောင်အောက်သို့ ပြေးဆင်းသွားလေတော့သည်။

ကျွဲယုလင်းသည် လုံကျန်းယီနေသော ဈေ့ရိပ်သာသို့ ထွက်လာခဲ့သည်။

လုံကျန်းယီက တံခါးဝတွင် အသင့်ပြင် စောင့်ကြိုနေလေသည်။

'လာ...အစ်ကို၊ ဖေဖေက ဒီနေ့ပဲ သိုင်းပညာသင်ပေးတော့မယ်တဲ့၊ အဲဒါ အစ်ကိုကို ခေါ်ခိုင်းလိုက်လို့၊ ဟိုမှာ နံနက်စာစားပြီး စကားပြောကြတာပေါ့'

'ဘယ်နားမှာ သင်မှာလဲတဲ့'

'ညီမတို့ရဲ့ စံအိမ်ဝင်းထဲက မြက်ခင်းပြင်မှာပေါ့၊ သမီးနဲ့ အစ်ကိုတို့ ပထမဆုံးအခြေခံသိုင်းကွက်တွေ စသင်ရမယ့်နေ့ပဲ'

လုံကျန်းယီသည် ယုလင်းနောက်မှ ထ၍ လိုက်လာခဲ့လေသည်။

မီးနဂါး သိုင်းဝိဇ္ဇာကြီး ကျွဲသန်းချွန်းသည် နံနက် စောစော ပေါက်စီနှင့်ရေနွေးကြမ်းသောက်ရင်း သိုင်းပညာရပ်၏အခြေခံ သဘောတရားများကိုပြောဆိုကာ သွန်သင်ဆုံးမ နေလေသည်။

'အဓိကကတော့ သိုင်းပညာရပ်တစ်ခုမှာ ဆရာသင်ပေးတာကို တိတိကျကျ လိုက်နာဖို့ပဲကွ၊ သမီးရော လုံကျန်းယီရော အခုက စိတ်ဓာတ်ကြံ့ခိုင်ပြီးတော့ အခက်အခဲတွေကို ကျော်နိုင်ဖို့က အရေးကြီးတယ်၊ ကျော်နိုင်ပါ့မလား'

'ကျော်နိုင်အောင် ကြိုးစားပါ့မယ်'

'သမီးလဲ ကျော်နိုင်အောင် လေ့ကျင့်ပါ့မယ်'

www.burmeseclassic.com

www.burmeseclassic.com



'အေး-မီးနဂါးသိုင်းပညာရပ်ဆိုတာက နဂါးတစ်ကောင်ရဲ့ လျှင်မြန်မှုမျိုးလို ထက်မြက်ပြီးတော့ မီးလျှံရဲ့ ကြောက်မက်ဖွယ်ရာ အံ့ရှိန်အဟုန်လိုပြင်းထန်တဲ့ သိုင်းပညာရပ်ဖြစ်တယ်၊ ဒီသိုင်းပညာရပ်က ရှေးပညာရှင်ကြီးတွေက အဆင့်ဆင့် ရေးလာတဲ့ သိုင်းပဒေသာကျမ်းတွေကို စုပေါင်းပြီးတော့မှ အဆီအနှစ်ယူထားတဲ့ ပညာရပ်ဆိုတာ သိထားဖို့လိုတယ်၊ ဒီတော့ နေဘီလူး သိုင်းပညာရဲ့ အကောင်းဆုံးသိုင်းကွက်တွေကို ချေမှုန်းတဲ့နည်း၊ နှင်းပုတောင် သိုင်းပညာရဲ့ အတွင်းအားကိုဖောက်ခွဲတဲ့နည်းစတဲ့ ပညာရပ်တွေကို ဘယ်လို နိုင်နင်းရမလဲ ဆိုတဲ့ နည်းတွေပဲ ဖြစ်တယ်...'

ဆရာကျော်ထန်းချွန်း၏ စကားကြောင့် လုံကျွန်းယိမှာ ကျော်၍ ငေးသွားလေတော့သည်။

ပညာရပ်အကြောင်းကို ပြောပြပြီးသည်နှင့် မြက်ခင်းပြင်သို့ ဆင်းကာ အခြေခံသိုင်းကွက်များကို စတင် သင်ကြား လေ့ကျင့်ပေးလေတော့သည်။

ကျောက်ထိုင်ခုံ တစ်လုံးကို လက်စသတ် ထုလုပ် နေသော ကောင်းချိန်သည် နဖူးမှ ချွေးများကို လက်ခုံဖြင့် သုတ်လိုက်သည်။

'ဟူး'

သူသည် သံဆောက်ကိုဘယ်ဘက်ဖြင့်ကိုင်ကာ ညာဘက်ဖြင့် ဆောက်၏ အနှောင့်ကို ထုလိုက်သည်။

'ထန် ထန် ထန်'

'တယ်လဲ ကြိုးစားနေပါလား အစ်ကိုချိန်'

ရှောင်အိုမှုက ဂူပေါက်ဝမှ ရပ်ရင်း ပြောလိုက်သဖြင့် ကောင်းချိန်သည် ဆောက်နှင့်တူကို ပစ်ချလိုက်လေသည်။

'မင်းကလဲ မျှော်လိုက်ရတာ မောရောကွာ၊ ခုမှပဲပေါ်လာတော့တယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဆရာထန့်ချွန်းက ကျွန်တော့်ကို တာဝန်ပေးထားလို့ဗျ'

'ဘာတာဝန်လဲ'

'သိုင်းသင်တဲ့ လူနှစ်ယောက်ကို စောင့်ကြည့်ဖို့၊ ပြီးတော့ သူတို့အနားယူတဲ့အခါကျရင် စားစရာတွေအသင့်ပြင်ထားဖို့ပေါ့ ဒီတော့ သိုင်းပညာကျင့်တဲ့လူတွေကို တစ်နေ့ သုံးကြိမ်ကျွေးရ တယ်၊ မနက်တစ်ခါ၊ နေ့လယ်တစ်ခါ၊ ညစာတစ်ခါပေါ့၊ အထူး သိမ်းထားတဲ့ အတွင်းအားဖြည့် သစ်သီးတွေကို ထုတ်ကျွေးနေ တာ...'

'ဟင်'

အတွင်းအားဖြည့် သစ်သီးများကို ကျွေးသည် ဟူသော ကြောင့် ကောင်းချိန်သည် စိတ်ထဲတွင် မနာလို ဖြစ်သွားလေ သည်။

'ဒါဆိုရင် ဟိုကောင်ဟာ အတွင်းအားတွေ တစ်နေ့တခြား တိုးနေတော့မှာပေါ့'

ကောင်းချိန်က ဂူဝတွင် ခြေပစ်လက်ပစ် ထိုင်ချရင်း ပြော လိုက်လေသည်။

'ဟုတ်... အတွင်းအားတင်မကဘူး၊ ဒီကောင်က သိပ်တော်တဲ့ ကောင်ပဲ'

ရှောင်အုံ့မှုက အံ့အားသင့်သံဖြင့် ပြောလိုက်သည်။

'ဘာကွ၊ သိပ်တော်တယ် ဟုတ်လား၊ ဘာတော်တာလဲ'

'အစ်ကိုချိန်နဲ့ ကျွန်တော်တို့ ခြောက်လ သင်ရတဲ့ ပညာကို သူ တစ်လတည်းနဲ့ အကုန်ရသွားပြီ'

'ဟုတ်ရဲ့လား'



'ဟုတ်တယ်၊ အခုဆိုရင် နဂါးတောင်ဖောက် သိုင်းကွက်တို့၊ နဂါးခြသေ့်ဖမ်း သိုင်းကွက်တို့တောင် သူက ကြေညက်နေပြီ'

ကောင်းချိန်မှာ မယုံကြည်နိုင်စရာစကားကိုကြားရ၍ ခေါင်း ခါလိုက်သည်။

'သိုင်းကွက်တွေကို ဒီလောက်မြန်မြန်ယူနေရင် ဘယ်သေချာ တော့မလဲ'

'သေချာလား မသေချာလားတော့ မသိဘူး၊ ဆရာထန်းယဲ့ တောင် သူလေ့ကျင့်ထားတဲ့ သိုင်းကွက်တွေဟာ တစ်မျိုးတစ်ဖုံ ပြောင်းလဲပြီး ကောင်းနေတယ်လို့ ချီးကျူးတယ် အစ်ကိုချိန်'

'ထွီ'

ဒေါသလှည့်က တံတွေး ထွေးလိုက်သောကြောင့် တံတွေး မစင်စေရန် ရှောင်အုံ့မှု နောက်သို့ခေါင်းကို လွှဲလိုက်ရသည်။

'ဒါဆို မင်း ဒီအတိုင်းပဲ ကြည့်နေသလား ရှောင်အုံ့မှု'

'ဆရာသခင်နှစ်ယောက်လုံးရှိနေတာ ကျွန်တော် ဒီအတိုင်း မကြည့်နေလို့ ဘာလုပ်ရမှာလဲ'

'တစ်နည်းနည်းနဲ့ သတ်လိုက်ကွာ၊ ဒီကောင် ဒီထက်သိုင်းပညာ ပိုတော်လာလေ မင်းနဲ့ငါအဖို့ အန္တရာယ်ရှိလေပဲ'

'ဘာဖြစ်လို့လဲ'

'ဘာဖြစ်ရမှာလဲ၊ ဒီကောင်ကို မင်းဓားချက်တစ်ချက် ခုတ် ထားလို့ ဒဏ်ရာရဖူးတယ် မဟုတ်လား၊ ဒီတော့ ဒီကောင်ဟာ တစ်နေ့ လက်စားချေမှာပဲ၊ ဒါကိုမင်း တွေးမိရဲ့လား'

ကောင်းချိန်စကားကြောင့် ရှောင်အုံ့မှု တွေဝေသွားသည်။

'အဲဒါ မင်းစဉ်းစား၊ ယုလင်းနဲ့ သူ့ရဲ့အခြေအနေတော'

www.burmeseclassic.com

www.burmeseclassic.com



'အဆင်ပြေတာပေါ့'

'ဘာအဆင်ပြေတာလဲ၊ တောက်'

ပြုံးဖြီးဖြီးဖြစ်ဖြေသော ရှောင်အုံမှုကို ကောင်းချိန်အား ဒေါသသံဖြင့် ပြောလိုက်သည်။

'သူတို့ အတူစား၊ အတူသွား၊ အတူကစားတယ်ဆွေ၊ ဆရာထန်းချွန်းက သူတို့နှစ်ယောက် ဒီလိုဘတွဲတွဲနေတာကို ဘာမှမကန့်ကွက်ဘူး၊ သိုင်းပညာ ဟိုကောင်သိပ်တော်လာမယ်ဆိုပြီး ကျေနပ်နေတာဗျ'

'သိကြရောပေါ့'

ကောင်းချိန် ကြိမ်းဝါးလိုက်သည်။

'ဟာ...သိကြတာတော့ မပြောနဲ့၊ ဆရာထန်းချွန်းက သူတို့ချင်း အဆင်မပြေဘာကိုတောင် ဆရာထန်းယွဲ့ကို ပြောပြထားပုံပဲ'

'ဘာမကားလဲကွ'

'အစ်ကိုချိန်ပဲ အရာနှစ်ယောက်ဟာ သိကုန်ကြရောပေါ့ဆို၊ ဒါဟာ သူတို့နှစ်ယောက် အဆင်ပြေနေဘာကို ဆရာနှစ်ယောက် သိတာကို ပြောတာမဟုတ်လား'

'ထွီ...ဘယ်ကလာ၊ ငါ ဒီကောင့်ကို မြန်မြန်သတ်ဖို့ ကြိမ်းတာကွ'

'ဟင်'

ကောင်ချိန်စကားကြောင့် ရှောင်အုံမှု မျက်လုံးပြူးသွား၏။

'မင်းက ဘာဖြစ်ရတာလဲ'

'ဟာ...ဒီကောင်လေးကို သွားမထိနဲ့၊ ဆရာနှစ်ယောက်လုံး လုံးဝမွှင့်သွတ်မှာ မဟုတ်ဘူး'



ရှောင်အုံမှုက အခြေအနေအားလုံးကို သိနေ၍ ကောင်းချိန်အတွက် စိုးရိမ်သံဖြင့် ပြောလိုက်လေသည်။

'မင်း ဒီလောက်ပဲ စဉ်းစားတာကိုး'

'အစ်ကိုချိန် ဘယ်လောက်အထိများ စဉ်းစားထားလို့လဲ'

'ငါမှာ နည်းလမ်းတွေရှိတယ်ကွ၊ ဒီကောင်လဲ သေသွားအောင်၊ ပြီးတော့ မင်းတို့ငါတို့လဲ အပြစ်လွတ်အောင်'

ကောင်းချိန်က ရည်းရွယ်လိုက်သည်။

ပြီးနောက်....

ဂူနံရံတွင် ချိတ်ထားသော ပစ္စည်းတစ်ခုကို သွားယူလိုက်လေသည်။

'ရော့...ဒါကိုယူထား၊ မင်း မနက်ပိုင်းဖြစ်ဖြစ်၊ နေ့လယ်ပိုင်းဖြစ်ဖြစ်၊ ညနေဖြစ်ဖြစ် ကျွေးတဲ့သစ်သီးထဲမှာ ဒါကိုရိုက်ပြီး ဖြန့်ဆွဲထုတ်လိုက်'

ရှောင်အုံမှုသည် သူ့အား ပေးလိုက်သော အထုပ်ကိုဖြေ၍ ကြည့်လိုက်သည်။

အဝါရောင်အမှုန့်လေးတစ်ချောင်းဖြစ်သည်။

'အစ်ကိုချိန်'

'ဘာလဲကွ'

'ဒါ အဆိပ်မဟုတ်လား'

ကောင်းချိန် စိတ်မရှည်တော့။

'ဟုတ်...မဟုတ်၊ မင်းပါးစပ်ထဲ ငုံကြည့်လိုက်ပါလား'

ဟု ပြောမိတော့သည်။

www.burmeseclassic.com

မီးနဂါးတောင်ထိပ်ရှိ မြက်ခင်းပြင်ကြီးမှာ ကစ်ခွင်တစ်ပြင် ကျယ်ပြောလှပြီး ထိုမြက်ခင်းပြင်၌ ပေါက်ရောက်နေသော သစ်ကြီး၊ ဝါးကြီးပင်များပေါ်တွင် ကျေးငှက်များအသိုက်လုပ်နေထိုင်လျက် ရှိကြလေသည်။

အရောင်အသွေးလှပသော ဥဒေါင်း၊ ကြက်တူရွေး၊ သာလိကာနှင့် ငှက်အမျိုးမျိုးတို့သည် မြက်ခင်းပြင်၌ ပျံဝဲလိုက်၊ သစ်ပင်ကြီးများပေါ်သို့ ပျံဝဲတက်လိုက်ဖြင့် နေ့စဉ် ပျော်မြူးလျက်ရှိသည်။

စံအိမ်ဝင်းထဲတွင် သိုင်းပညာသင်ကြားပေးရာမှ သိုင်းကွက်များမှာ ပိုမိုရှုပ်ထွေး ကျယ်ပြန့်လာပြီး အဆင့်မြင့်လာသောကြောင့် ကျူထန်းချန်းသည် လိုကျန်းယီနှင့် သမီးဖြစ်သူ ကျိုယုလင်းတို့ကို ထိုနေရာသို့ ခေါ်ဆောင်ကာ သင်ကြားလေ့ကျင့်စေလေတော့သည်။

'အခု မင်းတို့ဟာ နဂါးသိုင်းကွက် သုံးဆယ်ရောက်သွားပြီ၊ ဒီအချိန်ကစပြီး ရှေ့သိုင်းကကွက်တွေဟာ ခက်ခဲတဲ့ အဆင့်မြင့်သိုင်းကွက် တွေချည်းပဲဆိုတာ မှန်ထားပေတော့'



ဆရာကြီး ထန်းချန်း၏ စကားက မှန်လှသည်။

အကွက်သုံးဆယ်မြောက် မရဏ မီးနဂါးသိုင်းကွက်မှာ လေသိုင်းနှင့် အဘွင်းအားကို အသုံးပြုရခြင်းဖြစ်၍ မြင့်မားသောသစ်ပင်ကြီးများ တစ်ပင်မှ တစ်ပင်သို့ အပြန်အလှန် ခုန်ကူးကာ လေထဲတွင် ရန်သူကို ထိုးခုတ်တိုက်ခိုက်သည့်သိုင်းကွက်မျိုး ဖြစ်နေသည်။

လိုကျန်းယီသည် နေ့တစ်ဝက်ကျိုးလောက်တွင် ထိုသိုင်းကွက်ကို လေ့ကျင့်ရရှိသွားသော်လည်း ကျိုယုလင်းမှာမူ မရနိုင်သေးပေ။

လိုကျန်းယီသည် သိုင်းကွက်တစ်ကွက်ကို အမြဲတမ်း အချင်လေ့ကျင့်၍ ရပြီးတတ်သည်။

သူ့အဖေက မည်မျှပင် သင်ကြားပေးစေကာမူ သူမသည် လေ့ကျင့်၍ မရနိုင်ခဲ့။

လိုကျန်းယီက သူမည်သို့လေ့ကျင့်ရသည်၊ စိတ်ကို မည်သို့ထားသင့်သည် စသည်ဖြင့် လျှို့ဝှက်ချက်ကို ပြောပြခဲ့တော့မှပင် သိုင်းကွက်အသစ်ကို ကျိုယုလင်းလေ့ကျင့်၍ ရလေသည်။

မြက်ခင်းပေါ်တွင် ဆရာကြီး ကျိုထန်းချန်းက တင်ပျဉ်ခွေထိုင်ကာ ပြုံး၍ကြည့်နေလေသည်။

သစ်ပင်တစ်ပင်မှ ခြေလှမ်းနှစ်ဆယ်မျှ ကွာသော သစ်ပင်ကြီးတစ်ပင်ကို ဓားကို ဝှေ့ယမ်းခုတ်ချင်း ခုန်ထွက်လာသော သူမမှာ သိုင်းကွက်တစ်ကွက်တွင် အောက်သို့ပြုတ်ကျသွား၏။

'အခ၊'

www.burmeseclassic.com

www.burmeseclassic.com



'ဟား ဟား ဟား၊ သမီးလေး ကျင့်တာ သုံး ဆေး ကြိမ်ရှိပြီ နယ်မရသေးဘူး' လို့ကျန်းယီကို မေးပေတော့'

'မမေးတဲ့ ခမခဖ၊ သမီးယာသာ ထပ်ကြိုးစားကြည့်ပါမယ်'

'လုပ်မြဲနှုံပြီ၊ သမီးက ခေါင်းမာပြန်ပြီ၊ ဗင်ပန်းတော့မှာပဲ'

သမီးအကြောင်းကို အကုန်သိ အစဉ်းသိဖြစ်သော ဆရာကြီး ကျိုထန်းချွန်း ပြောလိုက်သည်။

သူမကားတော့ သစ်ပင်ပေါ်သို့ လွှားခနဲခုန်၍ ပြန်ဆင်းသွားပြန်လေသည်။

ထိုသို့ပင် သိုင်းတွက်တစ်ကွက် မရတိုင်း သူမသည် ဇွဲဖြင့် လေ့ကျင့်လေ ရှိသည်။

ကျိုယုတ်ချင်းလေ့ကျင့်နေသည်ကို လုံကျန်းယီက ရင်စလိုသော စိတ်ဖြင့် ဆရာကျိုထန်းချွန်း၏ ဘေးတွင်ရပ်ကာ ကြည့်လျက်ရှိသည်။

'လူလေး သူ ဘယ်နည်းနဲ့မှ ရမှာမဟုတ်ဘူး'

သူ့သမီးကို မေးပြီးနောက် ဆရာကြီးက လုံကျန်းယီကိုပြောလိုက်သည်။

'နေပါဦးဆရာ၊ သူက ဇွဲတော့ရှိတယ်၊ ဒါကြောင့်လဲ မီး နဂါး သိုင်းကွက် နှစ်ဆယ့်ကိုးကွက်ကို သူရလာတာပေါ့'

'လူလေးလုံကျန်းယီနဲ့ ပညာသင်ဖက်ဖြစ်တာ သူကံကောင်းတာပဲ၊ လူလေးကဉာဏ်ကောင်းတော့ သူ့ပါ တိုးတက်လာတာပေါ့'

ဆရာကြီး၏ အမွှာဘပည့်များနှင့် မတူအောင် လျှင်မြန်လှ



တတ်မြောက်သည့် လုံကျန်းယီအား သိုင်းပညာ သင်ပေးရင်း တစ်နေ့ထက်တစ်နေ့ ပို၍နှစ်သက် သဘောကျလာမိ၏။

ချီးကျူးစကားကိုလည်း မကြာခဏ ပြော ကြား တတ် လေသည်။

ထိုစကားများကြောင့် ကျိုထန်းချွန်း၏ညီ ကျိုထန်းယွဲ့မှာ လုံကျန်းယီ [illegible] အမြင်ကတ်လာသည်။

အစ်ကိုဟာ ဘယ်ကမှန်းမသိတဲ့ကောင်ကို ချီးကျူးနေတာပဲ၊ ကိုယ့်ရဲ့သိုင်းပညာ ပျက်စီးမှာကိုတော့ မတွေးဘူး

မြက်ခင်းပေါ်တွင် စကားပြောနေသည့် သူ့အစ်ကိုနှင့် လုံကျန်းယီတို့ စကားသံကို နောက်မှရပ်၍ နားထောင်ရင်း ကျိုထန်းယွဲ့က တွေးလိုက်မိလေ၏။

'ညီလေးထန်းယွဲ့ ရောက်နေတာကိုး'

နောက်သို့ ဖုတ်မှတ်ထင်ကြည့်ရာမှ ဆရာကြီးက ကျိုထန်းယွဲ့ကို တွေ့မြင်သွား၏။

'သူတို့နှစ်ယောက်ကို သိုင်းပညာသင်ပေးရတာ ငါ့စိတ်တွေ သိပ်ပေါ့ပါးပြီးတော့ သိပ်ကျေနပ်မိတယ် ညီလေး၊ ဖြိုးဖြိုးစီးစီး လေ့ကျင့်တာ ကောင်းတယ်၊ သမီးကလဲ လုံကျန်းယီကိုမှီပြီး သိုင်းအတတ် မြန်လာတာ သတိထားမိလား'

ထူမလေးဟာ နဂိုကတည်းက ဉာဏ်ကောင်းပြီး သားပါ အစ်ကို

'အေး... မင်း ယူ သိုင်းတစ်ကွက်ရအောင် ကျင့်တဲ့အထိ လေ့ကျင့်တာကို စောင့်ကြည့်ခမ်း၊ ပြီးတော့ လုံကျန်းယီကို သူရတဲ့ သိုင်းကွက် နှစ်ကြိမ်လောက် ဆက်ပြီး လေ့ကျင့်ခိုင်းသိလား'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့'

သူ့ညီရောက်ရှိလာ၍ စံအိမ်သို့ပြန်ကာ တစ်ခေနတာ သိုင်းသင်ကြားမှုကို အနားယူရန် ကျော်ယန်ချွန်းက ကပ်သိုက်သည်။

ဆရာကြီး ပြန်တော့မည်ကိုသိ၍ လုံကျန်းယီမှာ စိတ်ထဲတွင် ထင့်ခနဲဖြစ်သွားသည်။

မိမိအား မေကျနပ်သော မျက်ခံ ဆံပင်မွေးရှူးသည့် လူတို့ကို အကဲခတ်တတ်သည့် လူ့သဘာဝ မွေတအတိုင်း လုံကျန်းယီက ဆရာကျော်ထန်းယွဲ့နှင့် သိုင်းပညာ လေ့ကျင့်ရမှုကို သိပ်သဘော မကျချေ။

'ညီ့ လှချည်လား၊ ဒါလေးတောင် ဒီလိုဖြစ်ရလား'

'ဟုတ်မလိုလိုနဲ့ အသုံးမကျတဲ့ကောင်ပဲ'

'မင်းတော့ နောက်တစ်ခါမခေသချာရင် ငါအပြစ်ပေးရမယ်'

'ဉာဏ်ရှိတယ်ဆိုပြီး ဒီလိုလုပ်တာတော့ လွဲလှချည်လားကွ'

ထိုစကားများမှာ ကျော်ထန်းယွဲ့က လုံကျန်းယီကို ပြောလေ့ရှိသော လက်သုံးစကား ဖြစ်သည်။

ကျော်ယွဲ့၏ စကားများကို နားဝင်ချိုခြင်း မရှိသော်လည်း လုံကျန်းယီမှာ သိုင်းပညာအတွက် ကျိတ်၍လည်း သည်းခံနေခဲ့သည်။

'ဦးလေးကလဲ အစ်ကိုကျန်းယီက ခုမှလေ့ကျင့်ရတာ၊ နည်းနည်း ပါးပါးများမှာပေါ့'

တစ်ခါတစ်ရံ လုံကျန်းယီကို နှိမ်၍ပြောသည်ကို ရိပ်မိသော ကျိုယုလင်းက ထိုသို့ဝင်၍ ပြောတတ်လေသည်။

ထိုအခါမျိုးတွင်....



'ယုလင်း အသာနေစမ်း၊ ငါက စေတနာနဲ့ လုပ်နေတာ၊ နင်ဝင်မပါနဲ့'

ဟု ဦးလေးက ဟောက်တတ်၏။

ကျိုယုလင်းမှာ အကင်းပါးသောမိန်းကလေးဖြစ်၍ လုံကျန်းယီကို အားနာသော မျက်လုံးများဖြင့် ကြည့်၍ ပြေသိပ်တတ်လေသည်။

ယခုလည်း ကျိုယုံအောင်းသည် နောက်ထပ် သုံးကြိမ်မျှ လေ့ကျင့်သည့်တိုင် သိုင်းကွက်ကို မရသည်နှင့် လုံကျန်းယီကို ဖျတ်ခနဲ ကြည့်လိုက်လေသည်။

လုံကျန်းယီက ထိုအချက်ကို ရိပ်မိ၍---

'ညီမ၊ အစ်ပင်က ထွက်တာနဲ့ စိတ်ကိုလျှော့ထားလိုက်၊ လေထဲမှာ ပြန်အကျကိုခေါ်ဝင်၊ ခုန်ရင်တော့ ခါးဝင့်ဖို့ စိတ်မကူးနဲ့ ဟိုဘက်အစ်ပင်ကို ရောက်ဖို့သာ အာရုံစိုက်'

ဟု လှမ်းပြောလိုက်သည်။

ထိုစကားကို ကြားသော ကျိုထန်းယွဲ့မှာ နားကြားပြင်းကပ်သွားသည်။

'မင်းက သိုင်းသင်မယ်လို့ မကြံခေသးဘူး၊ ဘတ်ပြီး ဆရာလုပ်ချင်တဲ့ ကောင်ကိုး၊ ငါ့တူမက မီးနဂါး သိုင်းစိဉ္စာ ဆရာကြီးရဲ့ သမီးဆိုတာလဲ နည်းနည်း ဂရုထားပါဦး'

ဟု ဝင်ပြောလိုက်တော့သည်။

'မဟုတ်ပါဘူး ဦးလေးရဲ့၊ အစ်ကိုက သူဘယ်လိုလေ့ကျင့်တယ် ဆိုတာ ပြောပြတာပါ၊ အဲ့ဒီလို ပြောပြတော့ ကျွန်မ လေ့ကျင့်ရ လွယ်တာပေါ့'

www.burmeseclassic.com



ဒပြာပြောဆိုဆို ကျိုယွင်းက သစ်ပင်ပေါ်သို့ ခုန်တက်က လုံကျန်းယိ ပြောသည့်အတိုင်း လေ့ကျင့်လိုက်ရာ ထိုသိုင်းကွက်ကို အောင်မြင်သွားလေသည်။

'ကဲ...တွေ့ခဲ့ ကျိုယွင်းရပ်ပေါ့ဦး၊ လုံကျန်းယိ အဲဒီသိုင်းကွက်ကို ပြန်ကျင့်စမ်း'

'ဟုတ်ကဲ့'

လုံကျန်းယိက ကျိုးနွံစွာ ခေါင်းငုံ့ အရိုအသေပြုပြီးနောက် သစ်ပင်ပေါ်သို့ ခုန်တက်သွား မီးနဂါးသိုင်း၏ အကွက်သုံးဆယ် မြောက် သိုင်းကွက်ကို သေသပ်ပိရိစွာ လေ့ကျင့်ပြသိုင်း၏။

ပြီးနောက်...

ကျိုထန်းယွဲ့၏ ရှေ့သို့ ခုန်ချလာ၍ လုံကျန်းယိ ဦးညွှတ်လိုက်လေသည်။

'နောက်တစ်ခေါက် ကျင့်ပေါ့ဦး'

'ဟုတ်ကဲ့'

လုံကျန်းယိသည် နောက်တစ်ကြိမ်ထပ်၍ လေ့ကျင့်လိုက်ပြန်လေသည်။

ထို့နောက်...

အပြစ်ပြောရာမရှိမှန်းသိလျှင် ထပ်၍ထပ်၍ လေးငါးကြိမ် လေ့ကျင့်ခိုင်းလိုက်ပြန်သည်။

သားကယ်တော့ ယခုမှ အသစ်ကျင့်ရသည့် သိုင်းကွက်ကို ငါးကြိမ်မျှ ထပ်၍ လုပ်ရသည်မှာ မလွယ်ပေ။

နောက်ဆုံးတစ်ကြိမ်တွင် တစ်ဖက်သစ်ပင်သို့ မမီမကမ်း ဖြစ်သွား၏။



ထို့နောက် လုံကျန်းယိသည် အောက်သို့မကျဘဲ သူ့ကိုယ်ကို သစ်ကိုင်းခွတွင် ခြေဖြင့်ချိတ်ထားနိုင်လိုက်လေသည်။

အောက်သို့ရောက်လာသောအခါ—

'မင်းက တစ်ခါချပြီးသား သိုင်းကွက်ကိုတောင် မှားသေးတာကိုး'

ဟု ကျိုထန်းယွဲ့က အပြစ်တင်လိုက်လေသည်။

လုံကျန်းယိ ခေါင်းငုံ့ထား၏။

ထိုအချိန်မှာပင် ရှောင်အုံမှသည် ပန်းသီးနှစ်လုံးကို ပန်းထဲသို့ ထည့်ကာ ယူလာ၏။ ပြီးနောက် လုံကျန်းယိအားပန်းသီးကို ကောက်ယူကာ ပေးလိုက်သည်။

ရှောင်အုံမှ လက်များမှာ တုန်ယင်နေသည်။

ယူလာပုံ အဝါနရောင်အဆိပ်အပ်ဖြင့် တောင်းချိန် မှားကြားသည့်ဓလေ့ ထိုပန်းသီးထဲတွင်ထိုးစိုက်ပြီး ယူလာခြင်းဖြစ်သည်။

ကျိုယွင်းကို ပန်းသီးတစ်လုံး ပေးလိုက်၏။

ထိုပန်းသီးထဲတွင် အဆိပ်မပါပေ။

လုံကျန်းယိသည် မောမော်ပန်းပန်း ငါးကြိမ်မျှ ချပ်နေရလေ့ကျင့်ထားရသောကြောင့် ဆာလောင်နေရာ ပန်းသီးကို ကိုက်စားလိုက်၏။

'မြှောင်း'

'အို'

ထိုအချိန်မှာပင် အပြစ်ရှာနေသော ကျိုထန်းယွဲ့က လုံကျန်းယိ လက်ထဲမှ ပန်းသီးကို ခြေနှင့်ကန်ပစ်လိုက်ရာ ပန်းသီးမှာ ပါးစပ်နှင့် မကိုက်မိဘဲ လွင့်ထွက်သွားလေတော့၏။

www.burmeseclassic.com

'တော်တော်မိုက်ရိုင်းတဲ့ကောင်၊ အစားစားမယ်ဆိုရင် ဆရာ့ရှေ့မှာ ဆရာခွင့်ပြုချက်ကို တောင်းရတယ်ကွ၊ နားလည်လား'

'ဟုတ်...ဟုတ်ကဲ့၊ ကျွန်တော်မှားသွားပါတယ်'

လုံကျွန်းယိက ဒူးခေါင်းထောက်ကာဦးညွှတ်၍ တောင်းပန်လိုက်လေသည်၊

ထိုအဖြစ်အပျက်ကြောင့် တုန်လှုပ်သွားသူမှာ ရွှောင်အုံ့မူဖြစ်သည်၊

ရွှောင်အုံ့မူသည် ထိုပန်းသီးကို ပြေးကောက်ကာ လုံကျွန်းယိကို ပြန်ပေးဖို့ ကြိုးစားလိုက်သည်၊

'ရွှောင်အုံ့မူ ထွက်သွားစမ်း၊ အားဖြည့်သစ်သီးကို ဒီနေ့ ဒီကောင့်ကို ကျွေးရေးမလို့ဘူး၊ သူ့အပြစ်ကြောင့် သူ ဒီနေ့ အားဖြည့်သစ်သီး မစားစေနဲ့'

'ဟုတ်...ဟုတ်ကဲ့'

ဆရာကျိုထန်းယွဲ့၏စကားကို မလွန်ဆန်နိုင်သော ရွှောင်အုံ့မူမှာ မြက်ခင်းပြင်မှ သူ့နေရာဂူဟာဆီသို့ ထွက်ပြေးသွားလေတော့သည်၊

'ဒုက္ခပဲ၊ ငါအဆိပ်ထည့်ထားတာ ဆရာကျိုထန်းယွဲ့ လုပ်တာနဲ့ မစားဖြစ်တော့ဘူး'

ရွှောင်အုံ့မူသည် ထိုသို့တွေးတောရင်း သူ့ဂူဟာထဲသို့ ဝင်ကာသွားလေတော့သည်၊

ဆရာကျိုထန်းယွဲ့မှာလည်း ထိုနေ့အဖို့ လုံကျွန်းယိကို အကျက်ချ၍ ဆုံးမရသောကြောင့် စိတ်ကျေနပ်သွားလေသည်။

www.burmeseclassic.com



'ကဲ...မင်းတို့နှစ်ယောက် သိုင်းကွက်တစ်ကွက်စီ လေ့ကျင့်ပြီးတာခဲ့ကြတော့၊ ကြားလား'

'ဟုတ်ကဲ့'

စိတ်ကျေနပ်သွားသော ဆရာကျိုထန်းယွဲ့ ထွက်သွားတော့မှပင် ကျိုယုလင်းသည် လုံကျွန်းယိရှိရာသို့ ပြေးလာခဲ့၏၊

လုံကျွန်းယိ လက်မောင်းကို ဖမ်းဆုပ်လိုက်သည်၊

'အစ်ကို'

'ဟင်'

'ညီမလဲ စိတ်မကောင်းပါဘူး၊ ဦးလေး ထန်းယွဲ့ဟာ တစ်ခါတစ်ခါ စိတ်သိပ်ဆိုးတတ်တာပဲ'

'ကိစ္စမရှိပါဘူး ညီမ'

'ဖေဖေက မျက်နှာသာပေးလွန်းတာကို သူက သဘောမကျဘူးနဲ့တူတယ် အစ်ကို၊ နောက်ကိုတော့ ဒီလိုမဖြစ်အောင် ဖေဖေ့ကို ကျွန်မ ပြောပြပါမယ်'

'အို...နေပါစေ ညီမ၊ မပြောနဲ့၊ ဆရာကျိုထန်းယွဲ့က စေတနာနဲ့ ဆုံးမတာပဲ'

လုံကျွန်းယိက ပညာကို အလေးထားသူဖြစ်သောကြောင့် အခုလာ ဖြစ်ပေါ်လာသည့် စိတ်မကျေနပ်မှုကို ဖြေဖျောက်ရင်း ပြောလိုက်လေသည်။

'ဘယ်ဟုတ်မလဲအစ်ကို၊ ဖေဖေသင်ပေးတာ ဒီလိုအပြုအမူမျိုး လုပ်သလား'

မြက်ခင်းပေါ်တွင် ထိုင်ချလိုက်ရင်း ကျိုယုလင်းက ပြောလိုက်သည်၊

www.burmeseclassic.com

www.burmeseclassic.com



ပြီးနောက် ကျိုယုလင်းသည် ပန်းသီးကို ဓားနှင့်ညီညာစွာ ယက်ခြမ်းခွဲလိုက်၏။

ရော့…ညီမှတစ်ခြမ်း၊ အစ်ကိုတစ်ခြမ်း'

'အို…ဒီနေ့ အစ်ကိုအားဖြည့်သစ်သီး မစားပါနဲ့ဦးနော်၊ ဆရာက အပြစ်ပေးထားတာကို မလိုက်နာရာကျမှာပေါ့'

'ရော့ပါ အစ်ကိုရယ်၊ အားဖြည့်သစ်သီးစားတာ အပြစ်မရှိပါဘူး၊ အစ်ကိုမစားရင် ညီမလဲ မစားဘူးနော်'

ထိုအခါမှ မလှသာတော့၍ ကျိုယုလင်းပေးသော ပန်းသီးတစ်ခြမ်းစိကို သူတို့စားလိုက်လေသည်။

ထိုအခိုက်မှာပင် ငှက်တစ်ကောင်၏ဆိုးရွားသော အော်သံကို မြက်ခင်းထဲမှ ကြားလိုက်ရ၏။

'ကလိ…ကွီ၊ ကျစ်…ကျစ်'

'ဟင်'

'ငှက်ကို မြွေမျိုနေသလား မသိဘူးအစ်ကို'

'လာ…သွားကြည့်ရအောင်'

အသံကြားရာ မြက်ခင်းပြင်ဆီသို့သွားကာ သူတို့ကြည့်လိုက်လေသည်။

အမောက်အနီ ပန်းဖွားများပါသော ငှက်ကြီးတစ်ကောင် မြက်ခင်းထဲတွင် သေနေသည်ကို တွေ့ရလေသည်။

ထိုငှက်ကြီးမှာ အမောက်အနီရောင်ပန်းဖွားများရှိ၍ လှပလေသည်။

ဆရာကြီး ကျိုထန်းချန်းသည် မနက်ပိုင်းတွင် ထိုငှက်ကြီးကို ပန်းသီးကျွေးလေ့ရှိသောကြောင့် ယဉ်နေသော ငှက်ကြီး ဖြစ်လေသည်။

'ဟင်…ပန်းဖွားတိငှက်ကြီးပဲ၊ ဘာဖြစ်လို့များ သေသွားပါလိမ့်'

ငှက်ကြီးကို ကောက်ယူရင်းကာ ကျိုယုလင်းက ပြောလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

ကျေးငှက်များကို ချစ်တတ်သောစိတ်ဖြစ်၍ မျက်ရည်များ ဝိုင်းနေလေသည်။

'ဟင်'

ငှက်ကြီး၏နှုတ်သီးမှ ပြုတ်ကျခဲ့သောသစ်သီးကိုတွေ့၍ ကျိယုလင်းအံ့သြသွားသည်။

ကျိယုလင်း၏နည်းတူ လုံကျွန်းယိပါ အံ့အားသင့်သွားလေတော့သည်။

'ဟာ…ဒါအစ်ကို့အတွက် ရှောင်အံ့မှုလာပေးတဲ့သစ်သီးပဲ၊ ဒီငှက်က ဒါကိုစားမိလို့ သေသွားတာ'

လုံကျွန်းယိက သစ်သီးကို ကောက်ယူရင်း ပြောလိုက်၏၊ သစ်သီး၏အတွင်းသားမှာ အဝါရောင်ပြောင်းနေသည်ကို တွေ့ကြရလေသည်။

'ဟင်…ပန်းသီးထဲမှာ အဆိပ်ရှိတယ်ကိုကို၊ သတိထားကိုင်၊ ဒီအဆိပ်က သိပ်ပြင်းပုံရတယ်'

ငှက်ကိုပစ်ချကာ ဖက်ရွက်ကြီးတစ်ရွက်ကျိယုလင်းက ခူးလိုက်လေသည်။

'အစ်ကိုလက်ကို သေသေချာချာ ဆေးပစ်လိုက်နော်၊ ဒီအဆိပ်မျိုးက ပါးစပ်ထဲဝင်ရင် သွေးကြောတွေအားလုံး ပြတ်ကုန်လိမ့်မယ်'

'ဟင်…ဟုတ်လား'

ထိုအခါတွင် လုံကျွန်းယိမှာ ထိတ်လန့်သွားသည်။

ပြီးနောက် လုံကျွန်းယိလက်ထဲမှငှက်ကိုထား၍တစ်ဖဲ့ပဲ့နေသောပန်းသီးကို ဖက်ထဲသို့ထည့်ကာ ဆုပ်လိုက်သည်။



'လာ…အစ်ကို၊ ဒီပန်းသီးကို ဖေဖေ့ကိုသွားပြီး ပြလိုက်ကြအောင်'

ကျိယုလင်းသည် လုံကျွန်းယိကိုပါ ခေါ်ဆောင်ကာ သူ့ဖခင်ရှိရာ ဧည့်ခန်းထဲသို့ ဝင်လာခဲ့ကြသည်။

ဆရာကြီးကျိထန်းချန်းသည် ဧည့်ခန်းတွင်းရှိ ကျောမှီသော ကုလားထိုင်တွင် ထိုင်နေလေသည်။

'ဖေဖေ…အမောက်နီငှက်ကြီး သေသွားပြီ'

'ဟင်…ဘာဖြစ်လို့လဲ'

အမောက်နီငှက်ကြီးကိုချစ်သော ဆရာကျိထန်းချန်းမှာ ထိုင်ခုံမှ ချက်ချင်းထလိုက်လေသည်။

'ဟုတ်တယ် ဖေဖေ၊ ငှက်ကြီးကိုသမီးသိပ်သနားတာပဲ၊ သူ သစ်သီးစားမိလို့'

ဖက်ထဲမှသစ်သီးကို ကျိယုလင်းက ဖြန့်ပြလိုက်လေ၏။

'ဟာ…ဒါအားဖြည့်သစ်သီးပဲ၊ ဘယ်လိုဖြစ်ရတာလဲ'

'ဒီလိုအဖေ'

ကျိယုလင်းက အဖြစ်အပျက်ကို ပြောပြလိုက်သည်။

'ဟင်…ဒါဆိုရင်တော့ ဒါလုံကျွန်းယိကို သေကြောင်းကြံတာပဲ၊ တော်သေးတာပေါ့၊ ထန်းယွဲ့ကစိတ်ဆိုးလို့ လွှပ်ပေမယ့် …လေးလုံကျွန်းယိကို ကယ်လိုက်သလို ဖြစ်သွားတယ်'

'ဟုတ်ပါတယ်ဆရာကြီး၊ ကျွန်တော်ဆရာကျိထန်းယွဲ့ကို ကန်တော့ပါဦးမယ်'

လုံကျွန်းယိကဒူးထောက်၍ပြောလိုက်၏၊ ဆရာကြီး ကျိထန်းချန်းသည် မျက်မှောင်ကြုတ်ကာ ခေတ္တစဉ်းစားနေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ချင်းချင်း'

အိမ်ဖော်ကောင်မလေးကို ဆရာကြီးထန်းချန်းက လှမ်းခေါ် လိုက်သည်။

'ရှင်'

'ရှောင်အုံမူကို ချက်ချင်းသွားခေါ်ခဲ့စမ်း'

'ဟုတ်ကဲ့သခင်ကြီး'

ချင်းချင်းဆိုသော အိမ်ဖော်ကောင်မလေးသည် ရှောင်အုံမူကို သွားရှာပြီးခေါ်လေသည်။

ထိုအချိန်တွင် ရှောင်အုံမူမရှိချေ။ သူသည် စိတ်လှုပ်ရှားမှုကို မခံနိုင်သောကြောင့် ကောင်းချိန်ရှိရာတောင်ကလေးသို့ ဆင်းပြေးသွားပြီဖြစ်သည်။

ချင်းချင်းသည် ရှောင်အုံမူ ပြန်လာလာချင်း ဆရာကြီး ကိုထန်းချန်းထံ လာခဲ့ရန် မှာကြားပြီးနောက် ပြန်လာခဲ့လေသည်။

'သခင်ကြီး၊ ရှောင်အုံမူ မရှိပါဘူး'

'ဟာ...ဒီကောင် ဘယ်သွားလဲ'

'တောင်အောက်ကို ဆင်းသွားတယ်လို့ ပြောပါတယ် ဆရာကြီး'

'အေး...ပြန်လာလာချင်း ဒီကိုလာခဲ့ဖို့ မှာခဲ့လား'

'မှာခဲ့ပါတယ်'

'အေး...အေး'

ရှောင်အုံမူက အခြေအနေကိုပြောပြလိုက်သည်နှင့် ကောင်းချိန်မှာ ဒေါသထွက်သွားလေသည်။

'အသုံးမကျတဲ့ကောင် တော်တော်ညံ့'

ကျောက်တုံးတစ်တုံးကို ခြေနှင့်ကန်ကာ ကောင်းချိန်က ပြောလိုက်သည်။

'ဒါ ကျွန်တော့်အပြစ်မှမဟုတ်ဘဲ အစ်ကိုချိန်၊ စားတော့မယ့်ဆဲဆဲကျမှ ဆရာကြီးထန်းယဲ့က ခြေထောက်နဲ့ကန်ပစ်လိုက်တာကိုး'

'ဒါဆို မင်း အဲဒီပန်းသီး ပြန်ကောက်ပြီး သိမ်းပေါ့'

'မရဘူး၊ ဒါကိုလုပ်ခလို့ဟာ ဆရာထန်းယဲ့က မေခင်းထုတ်တယ်'

www.burmeseclassic.com

www.burmeseclassic.com



'တော်တော့...ခက်တာပဲ၊ အဲဒီဝန်းသီးကို သူတို့တွေ့သွားရင် မီးခိုးကြွက်လျှောက် ဖြစ်မှာ'

'တွေ့...တွေ့ရင် ဘယ်လိုနေမလဲ'

'တွေ့ရင် မင်းကဘာမှမသိဘူး၊ ပန်းသီး လာပို့တဲ့သူတွေဆီကအတိုင်း နေ့စဉ်ယူပေးနေတာပါလို့ ပြော၊ ကြားလား'

'ဟုတ်...ဟုတ်ကဲ့'

'ဟေ့ ကောင် ရှောင်အုံမူ'

'ဗျာ'

'မင်း ခုလုဘာညီးကတုန်တုန်ယင်ယင်လုပ်မနေနဲ့၊ စိတ်ကိုထိန်းစမ်း'

'ထိန်းသိမ်းပါတယ်'

'ဒါဆိုမှာ ခဏနေ၊ စိတ်ကိုငြိမ်အောင်ထိန်းပြီးမှ သွားနော်၊ ရှက်တွေဘာတွေ စားမိနေတာ သူတို့တွေ့မှာပဲ၊ တကယ်လို့ သူတို့မတွေ့ရင်တော့ မင်းပန်းသီးယူပြီး ဖေတာင်အောက်ကို လွှင့်ပစ်လိုက်'

'ဟုတ်ကဲ့'

ကောင်းချိန်၏ အားပေးမှုကြောင့် ရှောင်အုံမူမှာ အနည်းငယ် စိတ်ငြိမ်သွားသည်။

'သွားတော့၊ မနက်ဖြန် ဘာဖြစ်တယ်ဆိုတာ လာပြောဦး'

'စိတ်ချ အစ်ကိုချိန်'

ရှောင်အုံမူသည် သူ့ဘေးနားရှိ အခန်းသို့ဝင်ရန် ပြင်လိုက်သည်နှင့် ကျိုရင်က လှမ်းခေါ်လိုက်သည်။

'ဗျာ'



'မင်းကို ဆရာကြီး ခေါ်နေတယ်၊ ရောက်ရောက်ချင်း လာခဲ့ပါတဲ့'

ထိုအသံကြောင့် သူ့ရင်ထဲတွင် ဒိန်းခနဲ ဖြစ်သွားလေ၏။

'ဘာကိစ္စလဲ'

'ဒါတော့ ငါလဲမသိဘူး၊ ချက်ချင်းလာခေါ်တာပဲ'

ရှောင်အုံမူသည် ထိုမျှတော့ မအပါ၊ သစ်သီးကိစ္စဟု ရိပ်မိလိုက်သည်။

သူသည် အခန်းထဲတွင် စိတ်ငြိမ်အောင် ခဏတိုင်ကာ မည်သို့မျှ မဖြစ်သော ဟန်မျိုးဖြင့် ထွက်လာခဲ့လေ၏။

ထိုအခါတွင်...

လုံကျန်းယိနှင့် ကျိုယုလင်းတို့ဆရာကြီး ကျိုထန်းချန်း၏ရှေ့တွင် မရှိတော့ပေ။

ရှောင်အုံမူသည် ကျိုထန်းချန်းကို ဦးညွှတ်လိုက်လေ၏။

'ရှောင်အုံမူ'

ရှောင်အုံမူက မော့ကြည့်လိုက်၏။

'မင်း ငါ့မေးမယ့်စကားကိုမှန်မှန်ဖြေနော်၊ မင်း လုံကျန်းယိကို ဘာဖြစ်လို့ အဆိပ်ခပ်ပြီးတော့ သတ်ရတာလဲ'

ရှောင်အုံမူမှာ ရင်တထိတ်ထိတ်ခုန်သည်ကြားမှ တုန်ယင်စွာဖြင့်...

'ဆရာကြီး ကျွန်တော် ဒီလိုမလုပ်ရပါဘူး'

သူ့ဘေးတွင် ချထားသောခွက်ထဲမှ အဝါရောင် သမ်းနေသည့် ပန်းသီးကို ရှောင်အုံမူရှေ့သို့ ကျိုထန်းချန်းက ချပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဒီမှာကြည့်စမ်း၊ ကံ ကောင်းလို့၊ ငါ့သမီးနဲ့ လုံကျွန်းယိ တစ်ယောက်ယောက် မသေတာပေါ့၊ ပြော ဒီပန်းသီးထဲက ဘာလို့ အဆိပ်ပါလာရတာလဲ'

'ဒါတော့ ကျွန်တော်မသိဘူး၊ တောင်ခြေက ဟိုချင်းဖွလာ ပို့တဲ့ ပန်းသီးတွေကို ကျွန်တော် နေ့စဉ် နှစ်လုံးစီယူပြီး ပေးခဲ့ တာပါ'

'အဲဒီပန်းသီးတွေ သွားယူခဲ့စမ်း'

'ဟုတ်ကဲ့'

စံအိမ်အတွင်းရှိ အစာ သိုလှောင်ခန်းမှ ပန်းသီးခြင်းကို ထမ်းကာ ရှောင်အံ့မူ ချက်ချင်းရောက်လာသည်။

ပန်းသီးများကို ကိုင်တွယ်ကာ ဆရာကြီး ကျိုထန့်ချန်းကစစ် ဆေး ကြည့်လိုက်သည်။

'ဒီပန်းသီးတွေမှာတော့ အဆိပ် မရှိပါလား၊ ကောင်းပြီ ရှောင်အံ့မူ နောက်သုံးရက်ကျရင် ဒီကောင် သစ်သီးတွေလာပို့ စေချင်တယ်၊ ဒီပန်းသီးထဲမှာ သည့်ထားတဲ့အဆိပ်က နတ်သမီး အဆိပ်၊ သိပ်ပြင်းတယ်၊ ဒါကြောင့် အမောက်နီ ငှက်ကြီးက ချက်ချင်းသေသွားတာပေါ့၊ ဟိုချင်ဖူးနဲ့ ဒီနတ်သမီး သုံးဖော် ဟာ ဘယ်လို အဆက်အသွယ် ရှိသလဲဆိုတာ မသိဘူး၊ ဒါ တို့နဲ့ မီးနဂါးကွန်ချာ သိုင်းသမားတွေကို လုပ်ကြံတာပဲ'

'ဟုတ်ကဲ့၊ သူလာတာနဲ့ ကျွန်တော်လာပြီး ပြောပါ့မယ်'

'အေး...သွားတော့'

ရှောင်အံ့မူ ထွက်ခွာသွားလေသည်။



ရှောင်အံ့မူ ထွက်ခွာသွားတော့မှပင် အခန်းတံခါးကို ဖွင့် ကာ ကျိုယန်းယွဲ့တ ဝင်လာသည်။

'ညီလေး ဘယ်လိုမြင်လဲ'

ကျိုထန်းချန်းက မေးလိုက်သည်။

'ကျွန်တော်တော့ ရှောင်အံ့မူကို မသင်္ကာဘူး၊ ဒါလုံကျွန်း ယိကို လုပ်ကြံတာ သေချာနေတယ်'

'ဟင် ဒါဆိုရင်တော့ လုံကျွန်းယိကို မလိုလားတဲ့လူ သူတို့ အထဲမှာ တစ်ယောက်ယောက်တော့ ရှိနေပြီ၊ ညီလေးဒီကိစ္စကို မင်း ဖော်ထုတ်ပါ'

ကျိုယန်းချန်းက သူ့ညီကို အမိန့်ပေးလိုက်သည်။

'ဟုတ်ကဲ့၊ ကျွန်တော် ဖော်ထုတ်ဖို့ ကြိုးစားပါမယ်၊ အစ်ကို လဲ လုံကျွန်းယိကို မျက်နှာသာ သိပ်မပေးနဲ့'

'ငါက ဘာမဆို ချိန်ဆတတ်ပါတယ် ယန်းယွဲ့၊ မင်း ငါ့ကို ဘာမှ စိတ်မပူနဲ့၊ အခုကိစ္စဟာ မီးနဂါးတောင်ကို ကျူးကျော် စော်ကားတဲ့ ရန်သူရှိနေပြီဆိုတာ သေချာတယ်'

www.burmeseclassic.com

တုံးရွှောင်သည် နေမထိသိုင်မသား ဖြစ်ခနေ၏။

သူတို့မြို့၌ နေဘီလူးဂိုဏ်းသည် ကြီးစိုးနေပြီး မကြာသေး မီက စီမင်းသည် နေဘီလူးဂိုဏ်းချုပ်အသစ် အဖြစ် တင်မြှောက် ခြင်း ခံရသည်။

ထိုသို့ ဖြစ်ရသည်မှာ နေဘီလူးဂိုဏ်း ထက်ထောက်များအား စည်းရုံးပြီး ဂိုဏ်းချုပ်ဟောင်း ကျွန်းစိမ်းကို ဖြုတ်ချလိုက်၍ပင် ဖြစ်သည်။

စီမင်း သည် ဂိုဏ်းချုပ်ရာထူးကို လိုချင်သောကြောင့် သူ့အစ်မ နှင့် တမင်တကာ ငွေကြေးချမ်းသာသော လုံကောင်းချုန်ကို ချဉ်းကပ်ခဲ့သည်။

လုံကောင်းချုန်မှာ မုဆိုးမဖြစ်သော်လည်း ရုပ်ချည်ခန္ဓာမှာ လှပသော မုယုယုကို သဘောကျလက်ထပ်ခဲ့မိသည်။



'ဒါတောက်...လုံကောင်းချုန်သေရတာ ဘယ်နည်းနဲ့မှ သေးရိုးသားရိုး မဖြစ်နိုင်ဘူး၊ လောလောလတ်လတ် သေရတာဟာ ဟိုမိသားစုရဲ့ လက်ချက်ပဲ ဖြစ်မှာပဲ'

တစ်မြို့လုံးအနှံ့ တုံးရွှောင်သည် လုံကျွန်းယိကို သွားရောက် ရှာဖွေခဲ့လည်း မတွေ့ရှိရပေ။

'ဒီကောင်လဲ ကြောက်တာနဲ့ ဘယ်အထိပြေးနေပြီ မသိဘူး၊ ကိုယ့်အဖေအစ်ယောက်လုံး သေတာတောင် ပြန်လှည့်မကြည့် နိုင်ဘူး'

တုံးရွှောင်မှာ ရင်းနှီးသောမိတ်ဆွေပီပီ လုံကျွန်းယိကို တွေ့လျှင် ထိုအကြောင်းအား ပြောပြမျှင်သေးသည်။

နေဘီလူးအလံဖြစ်သော အနီရောင်စက်ဝိုင်းထဲတွင် ဓားယိုး နဖာက်ထားသည့် အလံများမှာ မြို့လုံးအနှံ့ စိုက်ထူထား၏။

နေဘီလူး ဂိုဏ်းချုပ်အသစ် ပြောင်းသည့် အထိမ်းအမှတ် အဖြစ် နေဘီလူးဂိုဏ်းတွင် ပျော်ပွဲရွှင်ပွဲများ ကျင်းပလျက်ရှိ၏။

မြို့ဝန်သည် နေဘီလူးဂိုဏ်းချုပ်ကြီး ဖိတ်ကြားချက်အရ ထိုပွဲတော်သို့ တက်ရောက်မည်ဖြစ်၍ မြို့ထဲတွင် အလံများစိုက်ထူ ထားခြင်း ဖြစ်ပေသည်။

တုံးရွှောင်သည် မြို့သူမြို့သားများ စည်ကားသော ဈေး အနီး၌ ချမ်းငြိမ်းရိပ်ငြိမ် အမည်ရှိ စားသောက်ဆိုင်ထဲသို့ ပင် လာခဲ့၏။

စားသောက်ဆိုင်ထဲတွင် လူငယ်များဖြင့် စည်ကားနေလေ သည်။

www.burmeseclassic.com



ထိုသူများထဲတွင် အနီရောင်ဝတ်စုံ ဝတ်ဆင်ထားသော နေဘီလူးဂိုဏ်းသားများလည်း ရောနှောရောက်ရှိနေကြသည်။

'ခင်ဗျားတို့ဂိုဏ်းကတော့ဗျာ တစ်နေ့တခြား တိုးတက်နေတာပါပဲ၊ အခု ဂိုဏ်းချုပ်အသစ်ရယ်ပဲ ဘာများထူးခြားပါသလဲ'

'ပြောရ...ဂိုဏ်းချုပ်စီမံကိန်းက သိပ်ပြီးတော့ ကောင်းတာ၊ ဂိုဏ်းသားတွေကိုလဲ အခွင့်အရေး ပိုပေးထားတယ်ဗျာ၊ ဘယ်လို လုပ်ရပ်မျိုးကိုလုပ်လုပ် ဂိုဏ်းချုပ်က တာဝန်ယူဖြေရှင်းတယ်'

အရှေ့နားရှိ စားပွဲတွင်ထိုင်ကာ အရက်ကရားတစ်လုံးနှင့် ခေါက်ဆွဲကြော်စားနေသည့် တိုးရှောင်မှာ နားကြားပြီး ကတ်သွားသည်။

'မတရားလုပ်သတ်တာတွေ၊ အနိုင်ကျင့်တာတွေကိုကော ဂိုဏ်းချုပ်ကြီးက ခွင့်လွှတ်မှာတဲ့လား'

လူငယ်တစ်ဦးက အရက်မူးမူးနှင့် ဝင်ကာမေးလိုက်သည်။

'ဘာကိုပဲလုပ်လုပ် တာဝန်ယူပါတယ်လို့ ပြောထားတာပဲ၊ ခင်ဗျား ယုံရင် စမ်းကြည့်ပါလား'

အနီရောင်ဝတ်စုံ ဝတ်ဆင်ထားသော နေဘီလူးဂိုဏ်းသားက ထောင်လွှားသော လေသံဖြင့် ပြောလိုက်သည်။

တိုးရှောင်မှာ ထိုစကားကြောင့်—

'ဒါဆိုရင်တော့ စည်းမရှိ ကမ်းမရှိဂိုဏ်းမျိုးဖြစ်သွားမှာပေါ့'

ဟု လွှတ်ခနဲ ပြောလိုက်မိတော့သည်။

ထိုစကားကြောင့် ဓားကိုဆွဲထုတ်ကာ နေဘီလူးဂိုဏ်းသား တစ်ဦးသည် စားပွဲခုံပေါ်သို့ ခုန်တက်လိုက်လေသည်။



'ဘယ်ကောင်လဲကွ၊ ဒီစကားပြောတာ'

စားသောက်ဆိုင်ထဲတွင် အသံများတိတ်ဆိတ်သွားလေသည်။

တိုးရှောင်က ခပ်အေးအေးပင် အရက်ကရားထဲမှ အရက်များကို ငှဲ့ကာ မော့သောက်လိုက်၏။

တိုးရှောင်မှာ သတ္တိနည်းသူ မဟုတ်ပေ။

သူသည်ကျန်ကွေ့ရှိခေါ် ဓားမြှောင်သိုင်းပညာကိုတတ်မြောက်ထားသူဖြစ်သည်။

အနီရောင်ဝတ်စုံ ဝတ်ဆင်ထားသော နေဘီလူးဂိုဏ်းသားက စားပွဲပေါ်တွင်ရပ်ကာ ဓားကိုဝင့်၍ မေးမြန်းသည်ကိုကြည့်ရင်း–

'ကျုပ်က ပြောသင့်လို့ ပြောလိုက်တာပဲ'

ဟု ထိုင်ရာမှ မထဘဲ ပြန်၍ပြောလိုက်တော့၏။

တိုးရှောင်၏ မထီမဲ့မြင် အမူအရာကြောင့် စားသောက်ဆိုင်ထဲမှ လူငယ်များမှာ ပွဲကြီးပွဲကောင်းတစ်ခုကို ကြည့်ရတော့မည်ဟု စိတ်ကူးကာ ငြိမ်သက်စွာ ကြည့်နေကြ၏။

စားသောက်ဆိုင်ထဲတွင် အနီရောင်ဝတ်စုံ ဝတ်ဆင်ထားသော နေဘီလူးဂိုဏ်းသား ငါးဦးတိတိ ရှိလေသည်။

စားပွဲများမှ ထ၍လာကြကာ စားပွဲပေါ်မှ လူအားရှိစားပွဲအောက်တွင် ထိုဂိုဏ်းသားများက စုပြုံကြသည်။

'ဒါ ကျုပ်တို့နေဘီလူးဂိုဏ်းကို တိုက်ရိုက်စော်ကားတာပဲ'

စားသောက်ဆိုင်ထဲတွင်အသက်အရွယ်ကြီးရင့်သော အဘိုးအိုတစ်ဦး ထိုင်နေသည်။

ထိုအဘိုးအိုသည် မျက်နှာချင်းဆိုင်နေကြသော စားပွဲပေါ်မှ နေဘီလူးဂိုဏ်းသားနှင့် တိုးရှောင်တို့ကြားတွင် ရပ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အဘိုးအိုမှာ ကျွန်းမှိုးနယ်မှ သိုင်းသမား အဘိုးအိုကြ
မြစ်ကြောင်း လူတိုင်းသိကြလေသည်။

'အဘတစ်ခု ပြောပါရစေ၊ နှစ်ဖက်စလုံးက စကားကို အ
ကြားလိုက်ပါတယ်'

'အဘကြားတယ်ဆိုရင် သူက နေဘီလူးဂိုဏ်းကို စည်းမ
ကမ်းမရှိဂိုဏ်းလို့ ပြောတာ ကြားမှာပေါ့'

အဘိုးအိုက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ် ထိန်ကျင်း၊ ငါကြားပြီးသားပါ၊ ဒါပေမယ
မင်းက အရင်ဘာပြောသလဲ'

'ကျုပ်က နေဘီလူးဂိုဏ်းချုပ်သစ် စီမင်းဟာ ဝိုဏ်းသ
တစ်ဦး ဘာပဲလုပ်လုပ် တာဝန်ယူတယ်ဆိုတာကို ပြောတာပါ'

စားပွဲပေါ်တွင် ရပ်နေသော ထိန်ကျင်းဆိုသူက ပြန်ဖြေလိုက်
သည်။

'ဒါက မဆမစကားပါ၊ နေ့ခက်လူတစ်ယောက်က မေ
နေးတယ်'

'ကျွန်တော် မေးတာပါ'

ထိစားပွဲဘေးတွင် ထိုင်နေသော အရက်မူးနေသည့် လူငယ်
က ရပ်လိုက်သည်။

ကျွန်းမှိုးနယ်မှ သိုင်းသမားအဘိုးအိုက ထိုလူငယ်ကို ကြ
လိုက်သည်။

'ဘာမေးတာလဲဆိုတာ အားလုံး ကြားအောင် ပြန်မေ
လိုက်ပါ'

BURMESE CLASSIC .com



'ဗြော်…ကျွန်တော်က လူသတ်မှု၊ အနိုင်ကျင့်မှုတွေ လုပ်တာ
တို့တော့ ဂိုဏ်းချုပ်က တာဝန်ယူနိုင်မလားလို့ မေးတာပါ'

အဘိုးအိုက ခေါင်းညိတ်လိုက်သည်။

'ကဲ…သူ့မေးခွန်းကို မင်းဘယ်လိုဖြေသလဲဆိုတာ ပြောပါ
ဦး ထိန်ကျင်း'

'ဘာကိုလဲလုပ်လုပ် တာဝန်ယူပါတယ်လို့ ကျုပ်ပြောထား
တာပဲလို့ ဖြေခဲ့ပါတယ်'

အဘိုးအိုက ပြုံးလိုက်သည်။

'အေး…ဒါ မင်းသေအောင်နဲ့မင်း ပြောတာပဲ၊ ဒီစကားကို
မင်းတို့ဂိုဏ်းချုပ်သစ် စီမင်းကလက်ခံချင်မှ လက်ခံမှာပေါ့၊ ဒါ
ကြောင့် သူကဒီလိုအနိုင်ကျင့်တာ၊ လူသတ်တာတွေလုပ်ရင်မှ စည်း
ကမ်းမဲ့တဲ့ဂိုဏ်းလို့ ပြောတာပေါ့'

'ခင်ဗျားက ဟိုလူဘက်က ဝင်ပါတဲ့သဘောလား အဘိုးကြီး'

အဘိုးအိုက ခေါင်းခါပြလိုက်သည်။

'ကျုပ်က ဘယ်သူ့ဘက်ကမှ ဝင်မပါဘူး၊ ဘာဖြစ်သလဲ
ဆိုတာဆိုင်ထဲမှာရှိတဲ့လူတွေအားလုံးသိအောင်ရှင်းပြတဲ့သဘော
ပါ—'

'ကျုပ်ကတော့ ကျုပ်တို့ဂိုဏ်းကိုစော်ကားတဲ့ကောင်ကို နှိမ်
နင်းရမှ ကျေနပ်နိုင်မယ်'

ထိန်ကျင်းက ခပ်ပြတ်ပြတ် ပြောလေသည်။

တုံးရှောင်က…

'ကျုပ်ကလဲ နှိမ်နင်းခံမယ့်လူမျိုးတော့ မဟုတ်ဘူး'

ဟု ပြန်ပြောလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကဲ…ဒါဆိုရင် မင်းတို့နှစ်ယောက်က အယူအဆ ကွဲသွားကြပြီ၊ ဘာလုပ်ချင်ကြသလဲ၊ ကျုပ်ကလူကြီးဆိုတော့တရားမျှတမှုဖြစ်အောင် စီမံပေးပါမယ်'

'ကျုပ်နဲ့သူ ခ…ချင်းယှဉ်ပြိုင်ချင်တယ်'

တိန်ကျင်းက သူ့ဆန္ဒကို ပြောလိုက်သည်။

ထိန်ကျင်းသည် ဆိုင်ထဲတွင်ရှိသော ဂိုဏ်းသားများထက် အဆင့်မြင့်သော ဂိုဏ်းစုမှူးတစ်ဦး ဖြစ်လေသည်။

အမှန်တော့… ထိန်ကျင်းသည် သူ့ဂိုဏ်းသားများနှင့် တုံးရှောင်ကို ဝိုင်း၍တိုက်ခိုက်လိုသည်။

သို့သော် ကျွန်ရှီးနယ်မှ အဘိုးအိုမှာ ဆိုင်ထဲမှလူများကို သက်သေပြုကာ သမာသမတ်ဝင်လုပ်လာသောကြောင့် အခက်တွေ့နေသည်။

ကျွန်ရှီးနယ်မှ အဘိုးအို၏သိုင်းပညာမှာလည်း အဆင့်မြင့်လှသည်။

ယခင်နေ့ဘီလူးဂိုဏ်းချုပ်ဟောင်း ဟိုကျွန်းစိမ်းပင် ထိုအဘိုးအိုကို လေးလေးစားစား ဆက်ဆံသည်။

'ယွန်အဘိုးအို၊ ခင်ဗျားကလူကြီးဆိုတော့ နည်းနည်းတော့ သြဇာလုပ်ချင်မှာပေါ့၊ ကဲ…ခင်ဗျားလူကို သူ့စကား ပြန်ရုပ်သိမ်းပြီး ကျုပ်ကိုပြန်တောင်းပန်မယ်ဆိုရင် ကျုပ်တို့ဂိုဏ်းချုပ်ရဲ့ဂုဏ်သိက္ခာထောက်ပြီး ခွင့်လွှတ်ပါ့မယ်'

ထိန်ကျင်းက လုံးဝအမှုထားဟန်မရှိသော တုံးရှောင်၏အမူအရာကိုကြည့်ကာ ရှုံ့နေသဖြင့်သူ့ဘက်မှသိက္ခာရှိရှိ နောက်ဆုတ်၍ရအောင် ကြံစည်လိုက်လေသည်။



တုံးရှောင်က အရက်ခွက်ကို စားပွဲပေါ်သို့ ချလိုက်လေသည်။

'ကျုပ်က ဘယ်တုန်းကမှ ဘယ်သူ့ကိုမှ မတောင်းပန်ဖူးဘူးဗျ….'

တုံးရှောင်၏စကားကြောင့် ယွန်အဘိုးအိုက သဘောကျစွာ တဟားဟား ရယ်လိုက်သည်။

'ယောကျ်ားဆိုတာ ဒီလိုမှပေါ့၊ ကျုပ်ကဒီလိုစိတ်ဓာတ်မျိုးပဲ သဘောကျတယ်၊ ကဲ….ထိန်ကျင်း၊ သူ့ဘက်ကတော့ ရှင်းနေပြီလေ'

ထိန်ကျင်းသည် နောက်ဆုတ်၍ရတော့မည် မဟုတ်ကြောင်း ရိပ်မိလိုက်သည်။

'ဒါဆိုလဲ ကျုပ်တို့ရဲ့နေ့ဘီလူးဂိုဏ်း၊ အကြောင်း သိသွားမှာပေါ့၊ ကဲ….ပွဲဖြစ်ဖို့ခင်ဗျားပဲ စီစဉ်လိုက်ပါ ယွန်အဘိုးအို'

ယွန်အဘိုးအိုက ထိန်ကျင်း စကားကြောင့် ခေါင်းညိတ်လိုက်သည်။

ယွန်အဘိုးအို ခေါင်းညိတ်လိုက်သည်နှင့်ပင် ဆိုင်ထဲတွင် ထိုင်စားသောက်နေသော လူငယ်များမှာ သူတို့တာဝန်သူတို့ သိသည့်အတိုင်း စားပွဲများကို အခန်းဘေးနံရံများကိုကပ်၍ရွှေ့ကာ ကပ်လိုက်ကြပြီးနောက် စားသောက်ဆိုင်အလယ်ကွင်းကွက်လပ်တစ်ခုဖြစ်အောင် ပြုလုပ်ပေးကြလေသည်။

ကွက်လပ်အလယ်တွင် အဘိုးအိုက ရပ်နေသည်။

'ကဲ…စောစောက မတောင်းပန်ဘူးလို့ပြောတဲ့လူငယ်နဲ့ ထိန်ကျင်းတို့ လာကြလေ'

www.burmeseclassic.com

www.burmeseclassic.com



ထိန်ကျွင်းသည် ထိုင်ရာမှပင် ထမရုပ်ဘဲ ကုလားထိုင်ကို ခြေနှင့်ကန်ကာ စားပွဲဝိုင်းများအလယ် ကွက်လပ်ရှိရာသို့ လွှားခနဲ ခုန်ချလိုက်သည်။

တုံးရှောင်ကလည်း စားပွဲပေါ်မှယွန်အဘိုးအိုး၏နောက်သို့ လွှားခနဲ ခုန်ချလိုက်လေတော့သည်။

ယွန်အဘိုးအိုက အလယ်ရပ်ကာ တုံးရှောင်နှင့် ထိန်ကျွင်းဟိုကိုတစ်လှည့်စီ ကြည့်လိုက်လေသည်။

'ကဲ...တစ်ယောက်နဲ့တစ်ယောက် အမြင်မကြည်လို့ ဖြစ်ကြတာဆိုတော့ ကျုပ်ကစည်းကမ်းသတ်မှတ်ချက်တစ်ခုတော့ လုပ်ချင်တယ်၊ အဲဒါကတော့ ဘယ်သူကသိုင်းကွက် ဘယ်နှစ်ကွက် တိုက်မယ်ဆိုတာပဲ'

ထိန်ကျွင်းက တုံးရှောင်ကို ကြည့်လိုက်သည်။

'ကျုပ်က သိုင်းကွက်ငါးကွက်တိုက်ရင် ယှဉ်လောက်မယ်ထင်ပါတယ်'

ထိန်ကျွင်း၏စကားကြောင့် တုံးရှောင်က ပြုံးလိုက်လေတော့သည်။

'ကျွန်တော်ကတော့ သိုင်းကွက်သုံးကွက်လောက် တိုက်ရင် ကိစ္စပြီးမယ်ထင်တာပဲ'

တုံးရှောင်၏ စကားကြောင့် ထိန်ကျွင်းမှာ မခံချိမခံသာ ဖြစ်သွားသည်။

နေဘီလူးသိုင်းကွက်ထဲမှ အကောင်းဆုံးသိုင်းကွက်ငါးကွက်ကိုရွေးချယ်လိုက်လျှင် တုံးရှောင်ကိုနိုင်လိမ့်မည်ဟုမျှော်မှန်းကာ ပြောလိုက်ခြင်းဖြစ်သည်။



ထိုစကားကို တုံးရှောင်က သိုင်းကွက် သုံးကွက်မြှ ပြီးတောင်တိုက်မည်ဟုပြောသောကြောင့် နေဘီလူးဂိုဏ်း၏ သိုင်းပညာကိုနှိမ်ရာသို့ ရောက်ရှိသွားလေသည်။

ယွန်အဘိုးအိုက လက်ခုပ်ဖက်ကိုမြှောက်လိုက်သည်။

'ကဲ...ကျုပ် လက်ချလိုက်ရင်တော့ တိုက်ပွဲစလို့ရပါပြီ'

ထိန်ကျွင်းသည် ညာလက်ဖြင့်ကိုင်ထားသောဓားကို ရှေ့သို့ တိုး၍ချိန်ရွယ်ကာ ကျားချောင်းသကဲ့သို့ ချောင်းနေလေသည်။

တုံးရှောင်ကတော့ ဓားကိုင်သောလက်ကို ဘေးသို့ချကာ ငြိမ်သက်စွာရပ်နေလေတော့သည်။

'ဟေ...တုံးရှောင်ကွ၊ ဟုတ်တယ်၊ နေဘီလူး သိုင်းပညာကို ဘာမှတ်နေလို့လဲ'

'ဆရာထိန်ကျွင်း...အဲဒီကောင့်ရဲ့ကိုယ်ကို ယေယိမ်ကနေ နှစ်ခြမ်းခွဲပစ်လိုက်စမ်းပါ'

စားသောက်ဆိုင်မှ လူငယ်တစ်ဦးက တုံးရှောင်ကို အားပေးစကား ပြောကြားလိုက်သလို နေဘီလူးဂိုဏ်းသား တစ်ဦးကလည်း ထိန်ကျွင်းကို အားပေးစကား ပြောကြားလိုက်လေတော့သည်။

'စတော့'

အဘိုးအိုသည် မြှောက်ထားသော လက်ကိုချကာ နောက်သို့ ခုန်ဆုတ်ပေးလိုက်သည်။

ထိန်ကျွင်းသည် တိုက်ပွဲစသည်နှင့် နေဘီလူးသိုင်းကွက်ထဲမှ ဘီလူးမြှိုဖျက်သိုင်းကွက်ကို အသုံးပြုကာ တရစပ်မနားတမ်း တိုက်ခိုက်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ရှပ်'
'ဝှစ်'
'ရှပ်'
'ရှပ်'
'ဝှစ်'

ဘီလူးမြို့ဖျက်သိုင်းကွက်မှာ ရန်သူကို ထက်ခြမ်း ခြမ်းသလို ငယ်ထိပ်မှ နှစ်ခြမ်းခွဲ ခုတ်ချသောသိုင်းကွက်ဖြစ်သည်။

ဓားချက် တစ်ချက်နှင့်တစ်ချက်မှာ မြန်လွန်းသည်။

တုံးရှောင်သည် ထိုသို့ သူ့ခေါင်းပေါ်သို့ မနားတမ်း တရစပ် ဆယ်ချက်ထက်မနည်း ခုတ်ချလိုက်သော သိုင်းကွက်ကို လက်နှစ်ဖက် ဘေးမှာချရင်း ရွှေ့ကာရှောင်လိုက်သည်။

ခုတ်သည့်သူနှင့် ရှောင်သည့်သူမှာ စည်းချက်ဝါးချက်ညီနေသကဲ့သို့ ထင်မှတ်ရသည်။

ထူးဆန်းသည်မှာ တုံးရှောင်သည် ခြေလှမ်းတစ်လှမ်းမျှ မလှမ်းပါ။

ခြေလှမ်းတစ်လှမ်းမျှ မလှမ်းဘဲ အတွင်းအားဖြင့် သူ့ကိုယ်သည် စုံချပ်ရင်း လျှောတိုက်ကာ ရှောင်နေခြင်းဖြစ်သည်။

တချို့ ဓားချက်များမှာ ကိုယ်ကို ရွှေ့တည့်တည့်မှ ဘေးသို့ လှည့်သိုက်ရုံမျှဖြင့် လွတ်ထွက်သွား၏။

စင်စစ် ထိန်ကျောင်း၏သိုင်းပညာမှာ အဆင့်မနိမ့်ပါ။

သူသည် အပ်ပေါက်ရာ တစ်ကွက်ကိုပင် နှစ်ခြမ်းကွဲအောင် လေ့တမ်း ခုတ်နိုင်သည်တုံ နာမည်ကြီးလေသည်။



သူ့အင်မတန်အားကိုးသည့် ဘီလူးမြို့ဖျက်သိုင်းကွက်ကို သုံးလိုက်သော်လည်း တုံးရှောင်က ပေါ့ပါးစွာ တိမ်းရှောင်သည်ကို တွေ့ရသောအခါ ရင်ထဲတွင် ထိတ်ခနဲ ဖြစ်သွားမိလေသည်။

'ဒီကောင် ခြေမလှမ်းဘဲ ရှောင်တာတောင် ငါ့ဓားချက် တစ်ချက်မှ မထိပါလား'

ဓားချက်ဆယ်ချက် ကျော်လာသောအခါတွင် တုံးရှောင် တစ်ခုခု တုံ့ပြန်လိုက်ပါက သူ့ဒုက္ခဖြစ်နိုင်သည်တုံ တွေးမိကာ နောက်သို့ ဝုန်းခနဲ ခုန်ဆုတ်လိုက်လေသည်။

'ကောင်းတယ်ဟေ့၊ နေ ဘီလူး သိုင်း ကွက် က အကျိုးသက်ရောက်မှု မရှိတော့ဘူး၊ တုံးရှောင်ကွဲ'

'ဟာ... ဓားချက်တစ်ရာပြည့်ရင် သူ့ဟာသူ မောပြီးတော့ ပက်လက်လန်သွားမယ် ထင်တယ်'

'သိပ်ကြည့်ကောင်းတဲ့ပွဲပဲကွာ၊ ခုမှပဲ တိုက်ပွဲကောင်း ကြည့်ရတော့တယ်'

တုံးရှောင်၏ရှောင်တိမ်းပုံကို သဘောကျသော ပရိသတ်ထဲမှ အမျိုးမျိုး ယင်ကြေးပေးနေကြလေသည်။

ထိန်ကျောင်းသည် ထိုအသံများကြောင့် တင်းခနဲ သက်ပြင်း ချလိုက်လေသည်။

www.burmeseclassic.com

ထိန်ကျောင်း ဆက်ပြင်းချသံနှင့် မရွေးမနှောင်းမှာပင် တုံးရှောင် လှုပ်ရှားမှုကို စ မြင်လိုက်ရသည်။

တုံးရှောင်၏ကိုယ်သည် လေတိုက်ခံရသော ပဝါစလေးလို လှုပ်ခါလာသည်။

ခါးမှာ ခရုတည်ဘည့်သို့လက်ဖြင့် ဆန့်မှန်းထားကာ ထို ဓားကိုင်လက်သည် မြွေဟောက်တစ်ကောင်၏ ဦးခေါင်းကဲ့သို့ ရန်သူကို ပေါက်စရာနေရာ ရှာသလို ဦးမော့ကာ လှုပ်ယမ်း လာသည်။

ထိန်ကျောင်းသည် ထိုအမူအရာကို တွေ့ရှိကာ အံ့အားသင့်သွား သည်။

ထိုသိုင်းပညာမှာ ဓားမြွေသိုင်းကွက်ဖြစ်ကြောင်း သူကြားဖူး နားဝ ရှိခဲ့လေသည်။



တုံးရှောင်၏ သိုင်းကွက်ကိုကြည့်ကာ ထိန်ကျောင်းသည် ဘီလူး တောင်ကာ သိုင်းကွက်ကို အသုံးပြုကာ သူ့ဓားကိုထောင်၍ ကာထားမလာတော့သည်။

သို့သော် ပဝါစလေး လေတိုက်သကဲ့သို့ လှုပ်ယိမ်းနေသော တုံးရှောင်သည် ရှေ့သို့တရွေ့ရွေ့ တိုးလာခဲ့လေသည်။

တုံးရှောင်၏ဓားသည် ဘယ်ညာလူးကာ ဘီလူးတောင်ကာ သိုင်းကွက်ဖြင့် ကာထားသော ထိန်ကျောင်းဓားကို သုံးချက်တိတိ ခုတ်ပစ်လိုက်လေသည်။

'ထန်း'

'တန်း'

'ချွမ်း'

ဓားချင်း သုံးကြိမ်ထိသည့်အချိန်တွင် တုံးရှောင်၏ဓားသော ထိန်ကျောင်းလက်ထဲမှဓားကို ခေါ်ရိုးအရင်းမှ တိခနဲ ဖြတ်ပစ်လိုက် လေတော့သည်။

'ဟင်'

[illegible]

ထိန်ကျောင်းသည် နောက်သို့ကိုယ်ကို ပက်လက်လန်လုမတတ် ဆုတ်ခွာလိုက်၏။

နောက်တွင် ပြိုင်ပွဲ၏စည်းဝိုင်းအဆုံး ဖြစ်နေသောကြောင့် ဓားပြခုံတစ်ခုနှင့် သူ့ကိုယ်သည် သွားတိုက်မိသည်။

'ရှိ'

'အား'

'အမယ်လေး'

www.burmeseclassic.com



ကြည့်နေသူများက ထိတ်လန့်စွာ အော်လိုက်ကြသည်။

တုံးရှောင်၏ပါးသွားသောခါးလေးသည် ထိန်ကျင်းလည်တိုင်ထဲသို့ အဆုံးထိပေါက်ဝင်သွားပြီ ထင်မိကြလေသည်။

သို့သော် ထိုသို့မဟုတ်ပေ။

တုံးရှောင်၏ခါးမှာ ထိန့်ကျင်းလည်တိုင်နားမှ ကပ်ထွက်သွားပြီးနောက် ခါးကပြန်ကွေ့ကာ ထိန်ကျင်းလည်တိုင်ကို လည်ပတ် ပတ်သလို ပတ်ထားလိုက်သည်။

တုံးရှောင်လုပ်ရပ်ကြောင့် အသက်မသေရမည်ကို ကြောက်နေသော ထိန့်ကျင်းမှာ မျက်လုံးပြူးကာ စားပွဲပေါ်သို့ ကိုယ်တစ်ဝက်လန်ရင်း ယက်ကန်ယက်ကန် ဖြစ်နေလေသည်။

'ကောင်းတယ်ဟေ့'

'နေဘီလူးဂိုဏ်းသား ရှုံးပြီ'

'အပြတ်ရှင်းလိုက်ပါမျို့'

နေဘီလူးဂိုဏ်းကိုမုန်းသော ပရိသတ်များ တုံးရှောင်ကို အားပေးအားမြှောက်ပြုကြလေသည်။

ထိုအချိန်မှာပင် အနီရောင်ဝတ်စုံ ဝတ်ဆင်ထားသော နေဘီလူးဂိုဏ်းသား လေးဦးသည် မထင်မှတ်ဘဲ ဇိုက်ပွဲကွက်လပ်ထဲသို့ လွှားခနဲ ခုန်ဝင်လာကြလေသည်။

'ဟင်'

ထိုဂိုဏ်းသား လေးဦးမှာ သူတို့၏ခေါင်းဆောင် ထိန်ကျင်းလည်တိုင်ကို ခါးပေါ့ဖြင့် ခါးပတ် ပတ်သကဲ့သို့ ပတ်ထားသော တုံးရှောင်ကို ဝိုင်းဝန်းတိုက်ခိုက်ရန် ဝင်လာကြခြင်းဖြစ်သည်။



သို့သော် ယွန်အဘိုးအိုသည် လွှားခနဲ တုံးရှောင် နောက်ကျောသို့ရောက်ရှိလာကာ ခုန်ဝင်လာသော နေဘီလူးဂိုဏ်းသားလေးဦးကို တစ်ဦးပြီးတစ်ဦး လက်ဝါးဖြင့် ရိုက်ထုတ်ပစ်လိုက်လေတော့သည်။

'ဝုစ်'

'ဘုန်း'

'အား'

တစ်ယောက်ပြီးတစ်ယောက် ယွန်အဘိုးအို၏ လက်ဝါးရိုက်ချက်ဖြင့် လွင့်ထွက်သွားကြကာ စားပွဲတစ်လုံးပေါ်တွင် အထပ်လိုက် မှောက်နေကြလေတော့သည်။

www.burmeseclassic.com

ထိုအချိန်မှာပင် တုံးရှောင်သည် ချုပ်ကိုင်ထားသောသူ၏ ခါးကို နောက်သို့ဆွဲလိုက်လေတော့သည်။

'ရှဲ'

'အား'

တုံးရှောင်က နောက်သို့ခါးကိုဆွဲဖြုတ်လိုက်သည်နှင့် ထိန်ကျင်း၏လည်ပင်းမှာ သွေးခြင်းခြင်း နီသွားလေသည်။

သို့သော် တုံးရှောင်က အချိန်အဆမကောင်းလှသဖြင့် သူသည် ခါးကိုသာ ယတိပြတ်ဆောင့်ဆွဲလိုက်ပါက ထိန်ကျင်း၏ ဦးခေါင်းမှာခန္ဓာကိုယ်မှပြတ်ကာ မြေကြီးပေါ်သို့ ပြုတ်ကျသွားမည်ဖြစ်သည်။

သို့သော် ယခုမူထိုသို့မဖြစ်ခဲ့ပေ။ ထိန်ကျင်း၏ လည်ပင်းတွင် ဓားတစ်ပြားစာအနီရစ်ကြီး ပတ်ပတ်လည် ပေါ်သွားလေတော့သည်။



ထိုဒဏ်ရာမှသွေးများ ဆိုစိမ့်နီရဲနေ၍ ထိန်ကျင်းမှာသူ၏ဓာည် တိုင်ကိုလက်ဖြင့်အုပ်ကာ မျက်နှာရှုံ့မဲ့နေသည်။

'ထိန်ကျင်း၊ မင်းတို့ဂိုဏ်းချုပ်စီမင်းကို ပြောလိုက်ပါ၊ နေဘီလူးဂိုဏ်းချုပ်ရဲ့သက်တမ်းဟာ သူ့လိုယုတ်မာတဲ့သူ တစ်ဦးမှ မပေါ်သေးမှုလို့၊ တစ်နေ့မှာ လုံကောင်းချွန်ရဲ့ သွေးကြောကို ဆပ်ဖို့ကောင်းတဲ့လူ မင်းဆီလာလိမ့်မယ်လို့ ကြားလား'

ဓားနှင့်ချိန်ရွယ်၍ ပြောနေခြင်းဖြစ်၍ ထိန်ကျင်းမှာရှုံးနိမ့်သူ ပီပီခေါင်းညိတ်လိုက်ရတော့သည်။

'ကဲ...မင်းတို့အဖွဲ့သားတွေခေါ်ပြီး ဆိုင်ထဲကထွက်ကြတော့ ကြားလား ၀မျက်စိနောက်ရင် မင်းတို့အသက်အတွက် ဘယ်သူမှအာမမခံနိုင်ဘူး'

တုံးရှောင်၏ စကားကြောင့် အဘိုး၏ လက်ဝါးချက်ဖြင့် မောကဲနေသောသူများမှာ ရှုံ့မဲ့ထလာသည်။ ပြီးနောက် ဆိုင်ထဲမှ ဒယီးဒယိုင်ဖြင့် ထွက်သွားကြသည်။

ထိန်ကျင်းမှာလည်း လည်ပင်းကို လက်နှင့်အုပ်ရင်း ဆိုင်ထဲမှ ထွက်ခွာသွားသည်။

ဆိုင်ပြင်သို့ရောက်သောအခါတွင် ထိန်ကျင်းသည် ဆိုင်ကက်သို့လှည့်ကာ....

'ဟေ...ယွန်အဘိုးအိုနဲ့ တုံးရှောင်ဆိုတဲ့ကောင်၊ မင်းတို့ရဲ့ စော်ကားမှုကို နေဘီလူးဂိုဏ်းချုပ်က ဘယ်လိုတုံ့ပြန်မယ်ဆိုတာ စောင့်ကြည့်ပေါ့ကွာ'

www.burmeseclassic.com



တုံးရှောင်သည် ထိန်ကျင်း၏စကားကြောင့် ဆိုင်ပြင်သို့ ခုန်ထွက်ကာ ထိန်ကျင်းကို ဓားနှင့်ထုတ်သတ်ဖို့စိတ်ကူးကာ ပါန်ပြင်လိုက်သည်။

ယွန်အဘိုးအိုက တုံးရှောင်၏လက်ကို ဆုပ်ကိုင်လိုက်လေသည်။

'ဘာလုပ်မှာလဲ လူလေး၊ ကိုယ်အနိုင်ရနေပြီပဲ၊ မင်းမသတ်ချင်လို့ သူ့ကိုလွှတ်လိုက်တာမဟုတ်လား၊ ဒီအစီအစဉ်ကကောင်းပါတယ်ကွ'

ယွန်အဘိုးအိုက တုံးရှောင်ကို တရားချလိုက်၏။

'ဒီကောင် ဒီလို ဥပါးစမယ်မှန်း မသိလို့ပါ'

'သူတို့ဂိုဏ်းချုပ်ကလဲ ဂိုဏ်းသားတစ်ယောက်ကို ဒီလိုလုပ်လိုက်ရင် အဓိပ္ပာယ်နားလည်မှာပါ'

'ဘာဘာ...စီမင်းဟာအရင်းဂိုဏ်းချုပ်တွေနဲ့မတူဘူး၊ ဒီလောက်နဲ့ဆင်ခြင်မှာ မဟုတ်ဘူး'

'လာ၊ စားရင်းသောက်ရင်းနဲ့ စကားပြောကြတာပေါ့'

ယွန်အဘိုးအိုနှင့် တုံးရှောင်တို့သည် စားပွဲတစ်လုံးကို ကွက်လပ်အလယ်သို့ရွှေ့ကာ ထိုင်လိုက်ကြသည်။

သူတို့နှစ်ယောက် ထိုင်လိုက်ကြသည်နှင့် အရက်ကရားနှင့် စားစရာများ စားပွဲပေါ်သို့ အပြည့် ရောက်ရှိလာလေတော့သည်

သူတို့နှစ်ဦးသည် လာချပေးသူများကို လှည့်ကြည့်မိလေသည်။



လာချသူများမှာ စားပွဲထိုးများမဟုတ်ချေ၊ စောစောကဆိုင်ထဲမှတိုက်ပွဲကို စောင့်ကြည့်နေခဲ့သော စားသောက်သူများပင်ဖြစ်သည်။

'ကျွန်တော်တော့ နေ့ဘီလူးဂိုဏ်းကို ဒီလိုဆုံးမလိုက်တာကို သဘောကျတယ်ဗျာ'

'ဟုတ်တယ်၊ နို့မို့ဆို သူတို့ကိုမြို့ဝန်ထက်ကြောက်နေရတာ၊ လူတွေဒီလိုခံရတာ ကောင်းတယ်'

'ဆရာတို့...လိုတာပြောပါ၊ နေ့ဘီလူးဂိုဏ်းကိုဆုံးမတဲ့ ဆရာတို့နှစ်ယောက်ကို ကျွန်တော်တို့ပြုစုပါရစေ'

တစ်ယောက်တစ်ပေါက်ဝိုင်းကာ ပြောလိုက်ကြ၏။

'ရပါတယ် လူကလေးတို့၊ ကိုယ့်ဟာကိုယ် ပြည့်စုံအောင် သောက်ပါ၊ ဘာဘာတို့စကားအေးအေးပြောပါရစေ'

ယွန်အဘိုးအိုက မေတ္တာရပ်ခံသောစကား ပြောလိုက်တော့မှပင် သူတို့နားတွင်စိုင်းထိုင်နေသူများမှာ ထွက်ခွာသွားကာ စောစောက သူတို့စားသောက်လက်စကို ဆက်၍စားသောက်လိုက်ကြလေတော့သည်။

'ဘာဘာကူညီပေလို့၊ မို့မို့ရင်သူတို့က အင်အားနဲ့ ကျွန်တော့်ကိုဝိုင်းပြီး တိုက်ခိုက်ကြတာ'

ယွန်အဘိုးအိုရှေ့မှ ပန်းကန်လုံးထဲသို့ အရက်များထည့်ပေးရင်း တုံးရှောင်က ပြောလိုက်သည်။

'ဒါကို ဘာဘာ အစကတည်းက ရိပ်မိပါတယ်၊ မင်းပြောတဲ့စကားဟာ မှန်သားပဲ၊ ဘာဘာ အရင်ပြုတ်သွားတဲ့ ဂိုဏ်းချုပ်ကျန်းစိမ်းရဲ့ မိတ်ဆွေပါ'

www.burmeseclassic.com

www.burmeseclassic.com



'ဟင်...ဟုတ်လား၊ ကျွန်တော်က အခုတက်တဲ့ ဂိုဏ်းချုပ်သစ် စီမင်းက မတရားအသတ်ခံရတဲ့ လုံကောင်းချန်ရဲ့သား လုံကျန်းယိနဲ့ သူငယ်ချင်းပေါ့'

'ဪ...လုံကျန်းယိဆိုတာ ခုသေသွားတဲ့ လုံကောင်းချန်ရဲ့သားလား'

'လုံကောင်းချန် ဘာလို့သေသွားတာလဲ'

'အစားအဆိပ်မိလို့ သေတာလို့ အိမ်နီးချင်းတွေက ပြောကြတာပဲ၊ သူက ငွေကြေးချမ်းသာတော့ စီမင်းက သူ့အစ်မ မုယုယုနဲ့ ပေးစားပြီးတော့ လက်ထောက်အုပ်ချုပ်ရေးမှူး ထိန်ကျင်းတို့ကောင်တော့ လာဘ်ထိုးပြီး ဂိုဏ်းချုပ်ရာထူးကို ယူခဲ့တာပဲ'

ယွန့်အဘိုးအိုက အရက်တစ်ခွက်ကို မော့သောက်ပြီးခေါင်းညိတ်လိုက်သည်။

'ဖြစ်နိုင်ပါတယ်၊ အဘမနေ့ကျနုပ်ဘာလဲ ကိုကျွန်းစိမ်း ဂိုဏ်းချုပ် ရာထူးက ဖယ်ရှားခံရတဲ့ ကိုရှုပဲ'

'ဘာကိုအကြောင်းပြလို့လဲ'

'ဟင်း...အကြောင်းပြတာကတော့ ဂိုဏ်းရဲ့အမှတ်သားအနီရောင် ရွှေဘီလူးရုပ်ကို ပျောက်ဖျက်ပစ်လို့ ပြောတာပဲ'

'ဒါ အကြောင်းပြတာပဲ ဖြစ်မှာပေါ့ အဘရာ၊ စီမင်းက ကောက်ကျစ်တော့ သူတို့လူ တစ်ယောက်ယောက်ရဲ့ လက်ချက် ဖြစ်မှာပေါ့၊ အခု ဂိုဏ်းချုပ်ဟောင်း ကိုကျန်းစိမ်းကော ဘယ်ရောက်နေလဲ'



'သူ့အတင်းလဲ မကြားရဘူး၊ ရှက်လို့ တစ်နေရာရာ ထွက်သွားပြီ ထင်တယ်'

ယွန့်အဘိုးအိုက ထင်မြင်ချက် ပေးလိုက်လေသည်။

'ဒါနဲ့ သူ့ ဇနီးကောနန်က သိပ်ချောတယ်ဆို၊ သူကကော'

'သူကတော့ ဒီအကြောင်းတွေ ရိပ်မိလို့ ဂိုဏ်းထဲကနေ လူမသိအောင် ထွက်သွားတာကြာပြီပေါ့'

ထိုစကားများကို ကြားသောအခါ တုံးရှောင်မှာ အံ့အားသင့်သွားလေသည်။

www.burmeseclassic.com

'ဟား ဟား ဟား၊ ထိန်ကျောင်း မင်းရဲ့ စခန်းကို ပြန်လာပါ တော့ဟေ့ သိပ်လှသကွာ၊ မင်းက လည်ပင်းမှာ ခွေးလည်ပတ် တစ်ခု ရလာတာကိုး'

နေဘာ့လူးဂိုဏ်းချုပ်ကြီး စိမင်းသည် သူ့ရှေ့တွင် လာရပ် သော ထိန်ကျောင်းကိုကြည့်ကာ ဟားဟားရယ်ရင်း ပြောလိုက် လေသည်။

ထိန်ကျောင်းမျက်နှာသည် ကြမ်းပြင်ပေါ်သို့ ငုံ့ကာကြည့်နေလေ သည်။

သူ့လည်ပင်းတွင်ခွေးတိုင်သွားသော အနီရောင်ဇက်ရာကြီး မှာ ခွေးတစ်ကောင်ကို သားရေလည်ပတ်တစ်ခု ပတ်ပေးထား သည်နှင့်ပင် တူလေသည်။



စခန်းသို့ ပြန်ရောက်ပါက ဇက်ရာ မထင်စေရန် သူသည် အမားတော် နှစ်ဦးသုံးဦးထံတွင် ဝင်၍ ဆေးထည့်ကာ ဇက်ရာ ဖျောက်ခဲ့၏။

သို့သော်...

ဇက်ရာသည် မပျောက်ပျက်ပေ။

ခွေးကိုက်ဆော အနာကျက်သွားသော်လည်း တူးဆန်းသော မြွေဓားဇက်ရာက နီညိုရောင်ဖြင့် သူ့လည်ပင်းတွင် နေရာယူ ထား၏။

ထိန်ကျောင်းကသည်၊

တုတ်ခိုင်၏။

ပါးစုန့်ကားကား၊ လက်မောင်းထွားထွားဖြင့် ကြံ့ခိုင်မှုရှိ သူ ဖြစ်သည်။

သို့သော်....

တုံးရှောင်၏ ဓားချက်က သူ၏လည်ပင်းတွင်ခွေးလည်ပတ် တစ်ခု သေရာပါအောင် ပေးလိုက်ပြီ ဆိုသည်ကို ရိပ်မိသွား ခဲ့သည်။

စိမင်းသည် အနီးရောင်ကတ္တီပါ ထိုင်ခုံတွင်ထိုင်ကာ ဘာ့လူး ခေါင်းနှစ်လုံးပါသော နေဘာ့လူးဓားကို ကိုင်ထား၏။

ထိုဓားကို ကြမ်းပြင်ပေါ်တွင်ထောင်ကာ ထိန်ကျောင်းကိုစိုက် ကြည့်နေသည်။

'ငါဂိုဏ်းချုပ်လုပ်ခဲ့တဲ့ တစ်သက်တာတွင်းမှာ မင်းဟာ ဂိုဏ်း ချုပ်ရဲ့ သိက္ခာကို ကျဆင်းအောင် အလုပ်ကိုင်ဆုံး ဆုပေးဖို့ ကောင်းတဲ့ ကောင်ပဲ'

www.burmeseclassic.com



'ဒီလိုပါ ဂိုဏ်းချုပ်ကြီး၊ ဒီ ဒီကောင်က မြွေခေါင်းသိုင်းတက် ပါတယ်'

ထိန်ကျင်းက သူ ရှုံးနိမ့်လာရခြင်း၏ အကြောင်းကို ပြော လိုက်သည်။

ထိုစကားကြောင့် စီမင်းမှာ မျက်နှာပျက်သွား၏။

'ဘာ...မြွေခေါင်းသိုင်း ဟုတ်လား'

'ဟုတ်ပါတယ်၊ သူ့ရဲ့ သိုင်းပညာဟာ မြွေခေါင်းသိုင်းကွက် ပါခင်ဗျာ'

'ဟင်...မြွေခေါင်းသိုင်းပညာ တတ်တဲ့လူက ရှိနေသေးသလား'

'သေချာပါတယ် ဂိုဏ်းချုပ်'

စီမင်း၏မျက်နှာသည် ဖြူဖပ်ဖြူရော်ဖြစ်သွားသည်။

သူသည် သူ့အစ်မ မုယုယု၏ ယောကျ်ား သူ့ယောက်ဖ သေဆုံးသွားပုံကို ပြန်၍ မြင်ယောင်လာလေသည်။

ခေါင်းမြွေသိုင်းဆရာကြီး တုံလိန်စန်းသည် သူ့ယောက်ဖကို ငွေကြေးပြဿနာကြောင့် ခေါင်းမြွေသိုင်းကွက်ဖြင့် အနိုင်တိုက် ကာ သတ်ဖြတ်ခဲ့သည်။

သူ့ယောက်ဖ ရှိယွန်းကျူးသည် တိန်ချိသိုင်းပညာတတ်ပါ လျက်၊ ပဝါတစ်ခုလို လွင့်လူးလာသော ခေါင်းချက်ကာ ခေါင်းကို ပတ်ကာ ဖြတ်ချလိုက်သည်ကို သူ မျက်ဝါးထင်ထင် တွေ့ခဲ့ရ သည်။

ညှိခံပွဲတစ်ခုတွင် သူ့ယောက်ဖကိုသတ်သော ခေါင်းမြွေသိုင်း ဆရာကြီး တုံလိန်စန်းကို သူက စွပ်ပြုတ်ထဲတွင် အဝါရောင်နတ် သမီး အဆိပ်ခတ်ကာ သေအောင်ကျွေးခဲ့နိုင်ခဲ့သည်။



သူသည် ခေါင်းမြွေသိုင်းဆရာကြီးသေလျှင် ခေါင်းမြွေသိုင်းပညာ ကို ကြောက်စရာမလိုတော့ဟု ထင်မြင်ခဲ့သည်။

သို့သော်....

ခေါင်းမြွေသိုင်းဆရာကြီး တုံလိန်စန်း၏ နောက်ကြောင်းကို သမျှမစုံစမ်းမိချေ။

'ထိန်ကျင်း'

ထိန်ကျင်းက မော့ကြည့်သည်။

'ဒီကောင့်အမည်မှာ 'တုံး' ဆိုတဲ့ဟာ ပါလား'

ထိန်ကျင်းက ခေါင်းကို သုံးလေးခါ ညိတ်လိုက်သည်။

'ပါပါတယ် ဂိုဏ်းချုပ်၊ ဒီကောင်ရဲ့နာမည်က တုံးရှောင် ...'

'ဟင်'

တုံးရှောင်ဟူသော အမည်ကိုကြားသည်နှင့် တုံးမျိုးဆက် ဖြစ်မကြောင်း စီမင်း ရိပ်မိလိုက်သည်။

သူသည် ဘီလူးခေါင်းခေါင်းကို ကြမ်းပြင်တွင် ထောက်ကာ ...ခန်း ထလိုက်သည်။

'အိကျင်း၊ ကျောက်မိန်၊ ထောင်တာပို လာကြစမ်း'

ဂိုဏ်းချုပ်ကြီး စီမင်း၏ အသံမှာ ခန်းမထဲတွင် ဟိန်းသွား သည်။

မကြာမီ ကြောက်မက်ဖွယ်ရာ ထွားကျိုင်းသော လူသုံးဦး ...ခန်းထဲသို့ ဝင်လာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့သုံးဦးသည် စိမင်းကို ဦးညွှတ်လိုက်ကြ၏။

'အိကျင်း၊ ကျောက်မိန်၊ ထောင်တာပို မင်းတို့သုံးယောက် ခုချက်ချင်း တုံးရှောင်ဆိုတဲ့ကောင်ကို မြို့အနှံ့ရှာပြီး သတ်ဖြတ်စမ်း'

'ဂိုဏ်းချုပ်ကြီး'

ဂိုဏ်းချုပ်ကြီး စကားပြောနေစဉ် ဖြတ်၍ခေါ်လိုက်၏။

'ဘာလဲကွ ထိန်ကျင်း'

'ဂိုဏ်းချုပ်ဟောင်း ဟိုကျန်းစိမ်းရဲ့မိတ်ဆွေ ယွန့်အဘိုးအိုက ဒီကောင့်ကို ကူညီနေပါတယ်'

'ဟင်'

စိမင်းမျက်နှာမှာ ပင်ကိုမူလထက် ပို၍ သေးငယ်သွားသည် ဟုပင် ထင်ရလေသည်။

'ယွန့်ဖိန့်ဆိုတဲ့ အဘိုးကြီးလား၊ ဒီအဘိုးကြီးက ဘယ်လို ပြန်ရောက်လာတာလဲ'

အကြောင်းစုံကို ထိန်ကျင်းက အစီရင်ခံလိုက်လေတော့သည်။

'အင်း...လက်စသတ်တော့ တုံးရှောင်ဆိုတဲ့ကောင်က ဟို ခွေးသား လုံကျန်းယီရဲ့ မိတ်ဆွေကိုး'

စိမင်းသည် သူ့လုပ်လာခဲ့သော ကိစ္စဖြစ်၍ ဖြစ်ရပ်မှန်ကို သတိရသွားလေသည်။

'ထိန်ကျင်း'

'အမိန့်ရှိပါ ဂိုဏ်းချုပ်'



'မင်းနဲ့ မင်းရဲ့ညီ ထိန်မင်းတို့ အဲဒီလုံကျန်းယီဆိုတဲ့ကောင်ကို ပြည်နယ်အနှံ့ လိုက်ရှာစမ်းကွာ၊ ဒီကောင်ဟာ တို့ဂိုဏ်းက အနီရောင် ဘီလူးရုပ်ကို ခိုးသွားတဲ့ကောင်ပဲ၊ ဒီကောင့်ကိုသတ်ပြီး ဒီကောင့်ခေါင်းကို ယူခဲ့၊ မင်း ဒီနေ့ဖြယ်သာတဲ့အပြစ်ကို ငါ ခွင့်လွှတ်မယ်'

ထိန်ကျင်းသည် ဝမ်းသာသွား၏။

'ဒီကောင် လုံကျန်းယီရဲ့ပုံတူသာပေးပါ ဂိုဏ်းချုပ်ကြီး'

'ဝါဝါချင်း'

'လာပါပြီ သခင်ကြီး'

'ငါ့စားပွဲပေါ်က အိတ်အနက်ကြီး ယူခဲ့စမ်း'

'ဟုတ်ကဲ့ရှင့်'

မကြာမီ ဝါဝါချင်းဆိုသော အခစားမလေးဟာ အိတ်အနက်ကြီး ယူလာသည်။

သူသည် ပန်းချီကား တစ်ချပ်ကို ထုတ်ယူလိုက်၏။

သန့်ပြန့်ချောမောသော လုလင်တစ်ယောက်၏ ပန်းချီကားချပ် ထွက်လာသည်။

'ဒီမှာ ဒီကောင်ဟာ လုံကျန်းယီပဲ'

ထိန်ကျင်းသည် ပန်းချီကားချပ် ပိတ်စကိုယူကာ သူ့အင်္ကျီထဲသို့ ထည့်လိုက်လေသည်။

'စိတ်ချပါ ဂိုဏ်းချုပ်ကြီး၊ ဒီကောင့်ခေါင်းကို ကျွန်တော် ယူလာခဲ့ပါ့မယ်'

www.burmeseclassic.com

'အေး....အဲဒါ မင်းရွဲတာ၁ဝနှ်ပဲ'

ဆရာကြီးဒါ ဂိုဏ်းချုပ်စီမင်း၏ရှေ့တွင် လူများ ရှင်းသွားသည်။ မုယုယုသည် အခန်းထဲသို့ ဝင်လာ၏။

'ဘာဖြစ်နေတာလဲ မောင်လေး'

'ဟို သေခြင်းဆိုး၊ လုံကျွန်းယီရဲ့ကိစ္စ ပေါ်လာလို့ပါ'

'အဲဒီကောင်ကို မြန်မြန်သေအောင်လုပ်ပါလို့ မမပြောတယ် မဟုတ်လား'

ယွန်အဘိုးအိုသည် နေဘာဂီလူးဂိုဏ်းနှင့်ပတ်သက်၍ ရန်ငြိုး ရန်စ ဖြစ်ခဲ့သော တုံးရှောင်ကို သတိပေးစကား ပြောကြား လိုက်၏။

'တုံးရှောင်၊ ဘာပဲပြောပြော နေဘာဂီလူးဂိုဏ်းမှာ ဟိုကျုံနီး စီမ်း လက်ထက်ကတည်းက သိုင်းပညာ တော်တဲ့သူတွေရှိတယ်၊ ဒီခေတ် ခဏဖြစ်ဖြစ် မင်း ဒီမြို့က ရှောင်နေရင်ကောင်းမယ်'

'အဘစေတနာကို ကျွန်တော်လေးစားပါတယ်၊ ကျွန်တော်လဲ ထိန့်ကျုံးနဲ့ ပြဿနာမဖြစ်ခင်ကတည်းက စဉ်းစားပြီးပါပြီ၊ ကျွန်တော် ယင်ချွန်တောင်ကုန်းဘက်ကိုခရီးထွက်မယ်၊ ကျွန်တော့် လူငယ်ချင်း လုံကျွန်းယီကို လူ အဖေသတဲ့သတင်းရယ်၊ စီမင်း ဂိုဏ်းချုပ်ဖြစ်တဲ့အကြောင်းရယ်ကို မဖြာဖြစ်အောင် သွားပြော ရမယ်'

ယွန်အဘိုးအိုက ခေါင်းညိတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ကောင်းတာပေါ့၊ ဒါဆိုရင် မင်း နေဘီလူးဂိုဏ်းရဲ့ရန်ကို ရှောင်ရင်းက မင်းရဲ့သူငယ်ချင်းကို ရှာဖွေပြီးသား ဖြစ်တာပေါ့'

'ဒါနဲ့ အဘကော ဒီမြို့မှာ ဆက်နေဦးမှာလားဟင်၊'

'ငါကတော့နေရဦးမှာပေါ့ကွာ၊ ငါ့သူငယ်ချင်း ဟိုကျန်းစိမ်း ဘာဖြစ်တယ်၊ ဘယ်မှာရောက်နေတယ်ဆိုတာကို စုံစမ်းရဦးမှာကိုး'

ယွန်အဘိုးအို၏စကားကြောင့် တုံးရှောင်သည် စိုးရိမ်သွား၏။

'ဟာ...အဘ ဒီမြို့မှာနေရင်တော့ နေဘီလူးဂိုဏ်းက ရန်ရှာတာကို ခံရမှာပဲ၊ ထိန်ကျင်းက အဘ ကျွန်တော့်ဘက်က ဝင်ကူမှန်းကို သိသွားပြီ'

ယွန်အဘိုးအိုက ခေါက်ဆွဲကြော်ကို တူဖြင့်ညှပ်၍ စားရင်း တဟားဟား ရယ်လိုက်သည်။

'ဟား...ဟား...ဟား...တုံးရှောင်ရာ၊ ဒီကောင်တွေဂိုဏ်းကို ကြောက်မှတော့ မင်းရဲ့ပြဿနာကို ဝင်ပါရဲပါ့မလား'

'အဘသတ္တိကို ကျွန်တော်ချီးကျူးပါတယ်၊ ဒါပေမယ့် အဘက အသက်ကြီးပြီ'

ယွန်အဘိုးအိုက ခေါင်းခါလိုက်လေသည်။

သူသည် တုံးရှောင်၏စကားကို မနှစ်သက်ပေ။

'အေးလေ၊ လူတွေအသက်ကြီးရင် ဘာမှ အသုံးမကျတော့ဘူးလို့ ယူဆတဲ့ လူတွေထဲမှာ မင်းလဲပါနေတာကိုး'

'ဟာ...မဟုတ်ပါဘူး အဘ၊ ကျွန်တော့်ကို ဒီလိုမထင်ပါနဲ့၊ စီမင်းဟာ တစ်နည်းနည်းနဲ့ အဘကို ဒုက္ခပေးမှာစိုးလို့ပါ'



'ရပါတယ်ကွာ၊ လူတစ်ယောက် အသက်ကြီးလာတာ အလကား အသုံးမကျလို့မှ မဟုတ်ဘဲ၊ စီမင်းက ဂိုဏ်းချုပ်ဖြစ်ပေမယ့် ဒီနေဘီလူးဂိုဏ်းက ဘယ်သူဟာ ဘာလဲဆိုတာ ငါ သိပါတယ်ကွ'

ယွန်အဘိုးအို၏စကားကြောင့် တုံးရှောင်မှာ ဆက်၍မပြောတော့ပေ။

'ကျွန်တော် အဘအတွက် စိတ်ပူလို့ ပြောတာပါ၊ အဘကိုယ် အဘ လုံခြုံတယ်ဆိုရင် ပြီးတာပါပဲ'

တုံးရှောင်သည် အရက်ကရားနှစ်လုံးလောက် သောက်ခဲ့ပြီးပြီ ဖြစ်သဖြင့် မူးယစ်ရီဝေပြီဖြစ်သည်။

'အဘ ဒါဆိုခွင့်ပြုပါဦး၊ ကျွန်တော်ပြန်ပါဦးမယ်'

'အေး...အစစအရာရာ ဂရုစိုက်ကွာ၊ ယင်ချုန်တောင်ကုန်းကို မင်း ဘယ်တော့သွားမှာလဲ'

'ဒီ ရက်ပိုင်း အတွင်း သွားမှာပါပဲ အဘ၊ ကျွန်တော့် သူငယ်ချင်းက အဲဒီတောင်ကုန်းဘက်ကို သူ မကြာခဏသွားပြီး ကြည့်ချင်တယ် ပြောဖူးလို့ အဲဒီမှာ ရောက်နေမလားလို့'

'ယင်ချုန်တောင်ကုန်းဘက်သွားရင်တော့ တစ်ခုမှာပါရစေ'

'ဘာများလဲ အဘ'

'အဲဒီဒေသမှာရှိတဲ့ ပတ္တမြားသခင်ဆိုတာ အင်မတန်နာမည်ကြီးတာပဲ၊ သူ့ဆီရောက်ရင် ကျုပ်နာမည် ပြောပြလိုက်ပါ၊ ဘာမဆိုကူညီပါလိမ့်မယ်'

'ပတ္တမြားသခင်ကြီး ဟုတ်လား'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်၊ သူ့ကျောက်တွင်းတစ်တွင်းကနေ ကြီးပွားပြီး ခုတော့ တော်တော်ဟန်ကျနေတယ် ပြောတယ်'

'ကျွန်တော် ဝင်လိုက်ပါမယ်'

အိကျင်းသည် အတွေ့အကြုံများသော သိုင်းသမားတစ်ဦး ဖြစ်သည်။

သူသည် နေဘီလူးသိုင်းကွက်များအားလုံးကို ပိုင်နိုင်သူဖြစ်ပြီး ယခင်ကဂိုဏ်းချုပ်ကြီး ဟိုကျွန်းစိမ်း၏ အားအကိုးရဆုံး ဂိုဏ်းလက်ထောက်တစ်ဦးဖြစ်ခဲ့၏။

ထို့ပြင် အိကျင်းသည် သိုင်းလောကတွင် လူသိများသူ တစ်ဦးလည်း ဖြစ်သည်။

ထိုအကြောင်းကို သိသောကြောင့် ဂိုဏ်းချုပ်သစ်စိမင်သည် အိကျင်းကို သူ၏လက်ထောက်အဖြစ် ဆက်၍ ခန့်ထားခဲ့လေသည်။

အိကျင်းမှာ ကိုယ်ကာယထွားကျိုင်းပြီး ယောကျ်ားပီသသူ ဖြစ်သည်။



သူ၏လိုယ်လုံးမှာ ဆင်ပေါက်တစ်ကောင်ကဲ့သို့ ခွန်အားဗလ ပြည့်စုံ၍ ခြင်္သေ့တစ်ကောင်ကဲ့သို့ စွမ်းအားသတ္တိရှိလေ၏။

အသက်အားဖြင့်ကား အိကျင်းသည် နှစ်ဆယ်ကျော် ဝန်းကျင်ရှိလေသည်။

စိမင်းသည် နေဘီလူးဂိုဏ်းချုပ်သစ်အဖြစ် ဆက်ခံရသော အခါသူ့ကျေးဇူးရှင်ဖြစ်သည့် မုယယုနှင့် သားစီရှန်တို့ကိုပါ ခေါ်ဆောင်လာခဲ့သည်။

ဂိုဏ်းသားများနှင့် မိတ်ဆက်ပေးခြင်း၊ ဂိုဏ်းချုပ်၏နေဆိုင်ခန်း အဆောက်အအုံတို့ကို ပေးအပ်ခြင်းတို့ကို အိကျင်းက ပြုလုပ်ရလေသည်။

အိကျင်းသည် မုဆိုးမနှစ်ထပ်ကွမ်းဖြစ်သော ဂိုဏ်းချုပ်ကြီး စိမင်း၏အစ်မ မုယယုကိုမြင်ရုံနှင့် နှစ်သက် သဘောကျမိလေသည်။

မုယယုကလည်း အပျော်အပါးမက်သောမိန်းမပီပီ အိကျင်းကိုတွေ့သည်နှင့်ပင် မျက်စိကျမိပြီဖြစ်သည်။

ဂိုဏ်းချုပ်၏ ဂေဟာသို့လာရင်း အိကျင်းနှင့်မုယယုတို့သည် စကြာခဏ ဆုံတွေ့မိကြ၏။

'မမ ...အားလုံးအဆင်ပြေသွားပါပြီ၊ မမရဲ့မောင် စိမင်းက ဂိုဏ်းချုပ်ဖြစ်ပြီဆိုမှတော့ မမဟာ နေဘီလူးဂိုဏ်းချုပ်ရဲ့အစ်မ တစ်ပါး ဖြစ်ပြီပေါ့'

အိကျင်းက ထုံးစံအတိုင်း မြှောက်ပင့်ကာ ပြောလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



'အို…မောင်လေး၊ အိကျင်းကလဲ၊ မမက မာနမကြီးတတ်ပါဘူး'

အပျိုပေါက်လေးလို မခို့တရို့လုပ်ကာမုယုယုသည် အိကျင်းကိုညှုလိုက်သည်။

အိကျင်းကလည်း အတွေ့အကြုံရှိသူ ဖြစ်သောကြောင့် ထိုအချက်ကို ရိပ်မိလိုက်လေသည်။

'မမမုယု'

'ဘာလဲ မောင်လေး'

'ဒီဂိုဏ်းမှာတော့ ဘာမဆိုလိုတာရှိရင် ကျွန်တော့်ကို ပြောနော်၊ ကျွန်တော်အားလုံး စီစဉ်ပေးပါ့မယ်'

'လိုတာတွေတော့ အများကြီးပေါ့ကွယ်'

'ဘာတွေများလဲ'

'မမအတွက်ပန်းအိုးတွေ၊ ပန်းချီကားတွေရှိတဲ့ သီးသန့်အခန်းတစ်ခန်း၊ပြီးတော့ စီရှန်းအတွက် အခန်းတစ်ခန်းနဲ့သီချင်းဆိုတတ်တဲ့ ကောင်လေး တစ်ယောက်လောက် အမြန်လိုချင်တယ်'

'ဟာ… မမ၊ ဒါဘာခက်တာမှတ်လို့၊ မနက်ဖြန် ကျွန်တော်အားလုံးစီစဉ်လိုက်ပါ့မယ်'

အိကျင်းသည် သူ့စကားများနှင့်အညီ ဂိုဏ်းသားများကိုခေါ်ကာ အဆောင်သစ်တစ်ခု ဆောက်လိုက်သည်။

ထိုအဆောင်သစ်တွင် မုယုယုအတွက် လှပသောစံအိမ်လေးတစ်လုံးနှင့် စီရှန်းအတွက် လှပသောတဲလျက် အိမ်ငယ်လေးပါထည့်ပေးလိုက်သည်။



ထိုကိစ္စနှင့်ပတ်သက်၍ မုယုယုသည် အိကျင်းကိုကျေးဇူးတင်မဆုံးဖြစ်သွားသည်။

များမကြာမီ အိကျင်းနှင့်မုယုယုတို့သည် တိတ်တဆိတ် ချစ်ကြိုးသွယ်မိကြလေတော့သည်။

ယခုအခါ ဂိုဏ်းချုပ်ခရီးထွက်ရန် တာဝန်ပေးသောကြောင့် အိကျင်းသည် မုယုယုကိုနှုတ်ဆက်ရန် သူမ၏စံအိမ်ထဲသို့ဝင်လာခဲ့လေသည်။

ထိုအချိန်တွင် မုယုယုသည် စာတအုပ်တစ်ထည်ကိုပန်းထိုးအပ်ဖြင့်ထိုးလျက် ရှိလေသည်။

'ဟင်…မောင်လေး အိကျင်းပါလား၊ မမဆီကိုတောင်ရောက်မလာတာ ကြာပြီကွယ်'

'ဟုတ်တယ် မမ၊ ဂိုဏ်းချုပ်ရဲ့ ပျော်ပွဲရှင်ပွဲမှာ ကြီးကြပ်တဲ့တာဝန်ပေးထားလို့ မအားတာနဲ့ပါ၊ ကျွန်တော့်စိတ်ကတော့ မမဆီမှာပါပဲ'

'ပြောလိုက်ရင်တော့ ဒီလိုပါပဲကွယ်၊ ကဲ…ခုတော့ အားပြီဆိုပါတော့'

မျက်လုံးလေးကိုပင့်ကာ ဟန်ပါပါဖြင့် မုယုယုကပြောလိုက်လေသည်။

အိကျင်းက မုယုယု၏ဘေးတွင် ဝင်ထိုင်လိုက်သည်။

'ခုလဲ ဂိုဏ်းချုပ်က တာဝန်တစ်ခု ပေးနေပြန်ပြီလေ'

'ဘာတာဝန်လဲ'

'တုံးရွှောင်ဆိုတဲ့ကောင်ကို ဖမ်းဖို့လေ'

www.burmeseclassic.com

www.burmeseclassic.com



မုယုယုသည် လုံကျန်းယီအိမ်မှ ထွက်သွား၍ စဉ်ကာလမ်းမပေါ်တွင် နောက်မှ လိုက်စကားပြောသော လူငယ်တစ်ယောက်ကို မျက်လုံးထဲတွင် မြင်ယောင်လာသည်။

အကျင်းလည်ဘိုင်ကို သူမခေါ်လာ၍ဖြင့် မေ့ ဖက်လိုက်ကာ မုယုယုက...

'မောင်လေး တုံး ရှောင်က မိမိတို့မိသားစုကို အန္တရာယ်ပေးမယ့်သူပဲ၊ သူ့ကိုရှင်းနိုင်ရင် အကောင်းဆုံးပေါ့'

ဟု ပြောလိုက်လေတော့သည်။

တုံးရှောင်သည် အဘိုးကြီးယွန်ကို နှုတ်ဆက်ကာ ယင်ချန်တောင်ကုန်းဒေသဘက်သို့ ထွက်ခွာလာခဲ့လေ၏။

သူသည် နေဘီလူး ဂိုဏ်းသားများကို တစ်ဦးချင်းဆိုလျှင် မမှုပါ'

အို့ပေသော်...

နေဘီလူးဂိုဏ်းသည် လူအင်အား များပြားလှသည်။

သူ့အား အုံနှင့်ကျင်းနှင့် ရင်ဆိုင် တိုက်ခိုက်မည် ဆိုပါက လွတ်မြောက်ဖို့ မလွယ်ကူပေ။

နေဘီလူးဂိုဏ်းကို ဖြိုခွင်းမည်ဆိုပါက အခြားသိုင်းဂိုဏ်းများနှင့်ပူးပေါင်းဖို့ လိုမည်ဟု တုံးရှောင်က တွက်ဆမိလေသည်။

ယင်ချန်တောင်ကုန်းဒေသတွင် သိုင်းပညာရှင်များနှင့် သိုင်းမျိုးဆက်များ ရှိသည်ဟု သူကြားဖူးနား၀ ရှိလေသည်။

ထို့ကြောင့်....

www.burmeseclassic.com

www.burmeseclassic.com



ထိုဒေသသို့ ဦးတည်ကာ ထွက်ခွာလာခဲ့ခြင်းပင် ဖြစ်သည်။

သူ့သူငယ်ချင်း လှိုင်ကျန်းယီကိုလည်း သူ တွေ့အောင်ရှာချင်သည်။

ပြီးတော့....

သူ့အဖေလို မြင်းကောင်းတစ်စီးကို ရအောင် ဝယ်ယူကာ ယင်ချန် တောင်ကုန်းဒေသသို့ ဒုန်းစိုင်းကာ ဝင်လာခဲ့လေ၏။

ထိုအချိန်တွင်....

တောင်ကုန်းပေါ်ရှိနေသော လူနှစ်ဦးသည် မြင်းဖြူ စိုင်းနှင်လာသော တုံးရှောင်ကို ဂရုတစိုက် ကြည့်နေကြလေ၏။

ထိုလူနှစ်ဦးမှာ ကျိုယုလင်းကို ပတ္တမြားသခင်ကြီးထံရောင်းချရန် ကြိုးစားခဲ့ဖူးသော တုံးလီနှင့် ကောက်ချွန်းတို့ပင် ဖြစ်လေသည်။

သူတို့မှာ ယင်ချန်တောင်ကုန်းဒေသ၏ လူဆိုး ဓားပြများ ဖြစ်၍ အကွက်ကောင်းကို ချောင်းနေကြသူများ ဖြစ်လေ၏။

'ကောက်ချွန်းရေ.... မြင်းစီးလာတဲ့ ကောင်လေးကတော့ ဒီဒေသကို တစ်ခါမှမရောက်ဖူးသော ကျိန်းသေတယ်ကွ'

'ခင်ဗျား ဘယ်လိုလုပ် သိသလဲ ဆရာတုံးလီ'

'မြင်းစီးလာတဲ့ လမ်းကြောင်းကို ကြည့်လေကွာ၊ ဘယ်သွားနေသလဲဆိုတာ'

သူတို့က တောင်ကုန်းပေါ်မှအထက်စီးဖြစ်နေသောကြောင့် မြင်းစီးလာသည့် တုံးရှောင်၏ လမ်းကြောင်းကို မြင်နေရ၏။

တုံးလီ ဝေဖန်သည်မှာ မှန်သည်။

ယင်ချန်တောင်ကုန်းဒေသရောက်ဖူးသူဆိုလျှင် တောင်ပေါ် တက်သည့် လမ်းကျဉ်းလေးကို ရွေးချယ်ရမည် ဖြစ်သော်လည်း တောင်ပေါ်သို့ လမ်းမပေါက်ဘဲ ကျောက်နံရံတစ်ခုဆီသို့ဦးတည်နေသည့် မြေသားလမ်းအတိုင်း စီးသွားနေသည်ကို တွေ့မြင်ရသည်။

'ဟုတ်တယ်၊ ဆရာတုံးလီ၊ ရှေ့ဆိုရင်တော့ သူ ပြန်ကွေ့ရမှာပဲ'

'ဒါဆို တို့တောင်ပေါ်တက်တဲ့ လမ်းဆုံက သွားစောင့်နေလိုက်ကြရအောင်ကွ'

'ဘာလုပ်မလို့လဲ'

'ဘာလုပ်ရမလဲကွ၊ သူ့မှာလွယ်လာတဲ့ အိတ်ကြီးထဲမှာ ငွေတွေ ပါလာမှာ သေချာတယ်၊ ဒီငွေတွေကို တို့ သုံးလို့ ရတာပေါ့ကွ'

တုံးလီက တောင်ပေါ်မှ ပြေးဆင်းရင်း ပြောလိုက်၏။

ငွေဆိုတော့ ကောက်ချွန်းလည်း စိတ်ဝင်စားသွားသည်။

'ကြည့်လဲလုပ် ဆရာတုံးလီ၊ ငွေမရဘဲ မြွေတွင်းကိုများ နှိုက်မိပါဦးမယ်'

'တို့က မရိုးလမ်းကျွမ်းတော့ ဘာပဲပြောပြော သူ့ထက်တော့ တစ်ပန်းသာပါတယ်ကွာ'

ကောက်ချွန်းက လူပုံကို အကဲခတ်ကြည့်လိုက်သည်။

ကျောဘက်တွင် ဓားတစ်ချောင်း လွယ်လာသည်ကို သတိထားမိလိုက်သည်။

'ဆရာတုံးလီ'

www.burmeseclassic.com



လှမ်းဆုံသို့ ပြေးဆင်းရင်း ပြောလိုက်သည်။

'ဘာလဲကွ'

'သိုင်းပညာမတတ်ဘဲနဲ့တော့ ဒီတောအုပ်ထဲကို ဘယ်သူက တစ်ယောက်တည်း လာပါမလဲ'

တုံးလီက မခေါင်းခါလိုက်သည်။

'ကောက်ချွန်း၊ မင်းဟာ အလုပ်တစ်ခု လုပ်တော့မယ်ဆိုရင် ချီတုံချတုံ ချည်းပဲ၊ ဒါကြောင့် အကွက်ကောင်းတွေ လွတ်ခဲ့ရတာ'

'ခင်ဗျား အသုံးမကျတာလဲ ပါပါတယ်'

ကောက်ချွန်းကလည်း ကျီယုလင်း ကီစွနှင့် ပတ်သက်၍ မကျေမနပ် ဖြစ်နေ၍ ထပ်ပြောလိုက်သည်။

'အဲဒါတွေ ထားလိုက်ပါတော့၊ တို့အခြေအနေကို စုံစမ်းပြီး လုပ်သင့်တာပေါ့၊ မင်းနဲ့ ငါ စကားများနေလို့ အကျိုးမရှိပါဘူး'

ကောက်ချွန်းနှင့် သူ စကားပြောနေစဉ်မှာပင် တုံးမျှောင်သည် ဆောင်နံရိုကြီးခံ၍ နေသည်ကိုကြည့်ကာ လမ်းနှစ်ခွဆုံရာသို့ မြင်းကို စီး ပြန်လာခဲ့လေသည်။

လမ်းဆုံ၌ ရပ်နေသော လူနှစ်ဦးကို တွေ့ရသောကြောင့် တုံးမျှောင်က မြင်းကို ကိုယ်ရှိန်သတ်လိုက်သည်။

'ဒီမှာ... ယင်ချွန်တောင်ကုန်းကို သက်တဲ့လမ်းက ဒီလမ်းလား'

တုံးမျှောင်က လှမ်းမေးလိုက်သည်။

'ဟုတ်တယ်၊ မိတ်ဆွေက ဘယ်သွားမလို့လဲ'



'လူတစ်ယောက်လာရှာတာပါ၊ ပြီးတော့ မိတ်ဆွေသစ်လဲ လာရှာတာ ဆိုပါတော့'

တုံးမျှောင်က သိုင်းအဖွဲ့ တစ်ခုခုနှင့် ပူးပေါင်းလိုသော ကြောင့် ထိုသို့ပြောကြားလိုက်လေသည်။

ဘယ်သူ့ကို လာရှာတာလဲ'

'လူငယ်တစ်ယောက်ပါ၊ သူ့နာမည်က လုံကျွန်းယိတဲ့'

တုံးမျှောင်က မြင်းပေါ်မှဆင်းရင်း ပြောလိုက်၏။

တုံးလီက အကြံသမားဖြစ်၍...

'အင်း... ဒီနာမည်မျိုးတော့ ကြားဖူးသလိုလိုပါပဲ'

ဟုပြောလိုက်သည်။

'ကြားဖူးတယ် ဟုတ်လား၊ ကျွန်တော် သူ့ကို သိပ်တွေ့ချင်လို့ပါ၊ သူရှိတဲ့နေရာကို ပြောပါလား'

ဘေးချင်းယှဉ်ကာ လျှောက်လှမ်းလာရင်းမှ တုံးမျှောင်က ပြောလိုက်သည်။

တုံးလီသည် ကောက်ချွန်းကို မျက်စိမှိတ်ပြလိုက်သည်။

သဘောမှာ အထစ်တွင် ကောင်လေးကို တွယ်လိုက်ဟူသော သဘောပင် ဖြစ်သည်။

'တစ်ခါကတော့ လူငယ်တစ်ယောက် ဒီကို ရောက်လာခဲ့တယ်၊ သူဟာ ကျုပ်တို့ ပူတွေကို တိုက်ခိုက်ပြီး မိန်းကလေးတစ်ယောက်ကို ကယ်သွားတယ်၊ ပြီးတော့ မီးနဂါးတောင်ဘက် ထွက်သွားတယ် ထင်ပါရဲ့'

'မီးနဂါးတောင် ဟုတ်လား၊ အဲဒီတောင်က ဘယ်မှာလဲ'

www.burmeseclassic.com

www.burmeseclassic.com



'ယင်ချွန်တောင်ကုန်းရဲ့ အဆုံးမှာပဲ၊ ဒီမှာတော့အခြေချနေထိုင်တဲ့လူ သိပ်မရှိပါဘူး၊ ခရီးသွားတွေပဲများပါတယ်'

'ကျေးဇူးပါပဲ'

တုံးရှောင်တ မြင်းပေါ်သို့ ပြန်တက်ရန်ပြင်လိုက်သည်။

ထိုအချိန်မှာပင် ကောက်ချွန်းသည် တုံးရှောင်လည်ကုပ်ကို လက်ဝါးစောင်းတစ်ချက် ရိုက်ချလိုက်လေသည်။

'ဖြောင်း'

'အင့်'

မြင်းပေါ်သို့ မတက်နိုင်ဘဲ တုံးရှောင်မှာ မြင်းခအောက်တွင် ဝမ်းလျားထိုး မှောက်ကာ သတိမေ့သွား၏။

'ကဲ...မြန်မြန်လုပ် တုံးလီ၊ အိတ်ကိုယူလိုက်'

တုံးလီသည် လက်ဟန်ခြေဟန်ကာ လှုပ်ရှားသောတုံးရှောင်၏ အိတ်ကို ဆွဲယူလိုက်သည်။

ပြီးနောက် တုံးရှောင်ကိုယ်ကို ခြေနှစ်ချောင်းမှ ဆွဲကာ ချုံထဲသို့ သွင်းလိုက်လေသည်။

'အင်း ဒီမြင်းကြီး ဘယ်လို ကောင်းတာပဲ'

ကောက်ချွန်းက မြင်းဇက်ကြိုးကိုကိုင်၍ ပြောလိုက်လေ၏။

'ကောင်းရင်လဲ မြန်မြန်စီးကြစို့'

တုံးရှောင်ကို ထားခဲ့ကာ ကောက်ချွန်းနှင့် တုံးလီတို့သည် မြင်းတစ်စီးပေါ် နှစ်ယောက်စီးလျက် တောအုပ်ထဲသို့ ဝင်သွားကြလေတော့သည်။

✿

တုံးရှောင်သည် ခေါင်းထဲမှ တဆစ်ဆစ်ကိုက်ခဲလျက် သတိရလာ၏။

သူသည် သတိရလာသည်နှင့် ချုံထဲတွင် ထထိုင်လိုက်သည်။

ပတ်ဝန်းကျင်ကို ထိတ်ထိတ်ပျာပျာနှင့် ကြည့်လိုက်၏။

မည်သူမျှ မရှိတော့။

'မကောင်း...ဆက်ဆေးတော့ လုယက်တဲ့ကောင်တွေ [illegible] မှ ငါကမိတ်ဆွေဖွဲ့မိသောကြောင့် [illegible] ကျေးဇူးတင်ရဦးမယ်၊ ညီပါကွာ'

သူ့ကိုယ်သူ အပြစ်တင်ရင်း ကျောမှ [illegible] ကို စမ်းကြည့်လိုက်သည်။

တော်သေးသည်။ သူ့ကျောတွင် ကပ်၍လွယ်ထားသော မြွေ [illegible] ရှိသေး၏။

www.burmeseclassic.com

www.burmeseclassic.com



သေးငယ်ရှည်လျား၍ ပါးလွှာသောဓား ဖြစ်သောကြောင့် ယူမသွားဟု တိုးရှောင်တွေးမိသည်။

အမှန်တော့ ထိုသို့မဟုတ်ပါ။

မြင်းနှင့်အိတ်ကိုသာ ယူသွားရန် လောနေသောကြောင့် တိုးလီနှင့် ကောက်ချွန်းတို့က ဓားကိုယူရန် မေ့သွားကြခြင်း ဖြစ်လေတော့သည်။

ထိုအချိန်မှာပင် တောင်တက်လမ်းပေါ်သို့ တက်လာသော မြင်းခွာသံများကို ကြားလိုက်ရလေသည်။

ထိုမြင်းခွာသံများကြောင့် ချုံထဲမှထွက်ရန် ဟန်ပြင်နေသည့် တိုးရှောင်မှာ မထွက်သေးဘဲ ချောင်းမြောင်းကြည့်ရှုလိုက်လေသည်။

အနီရောင်ဝတ်စုံ ဝတ်ဆင်ထားသော မြင်းစီးသမား သုံးယောက် တောင်ပေါ်သို့ ဒုန်းစိုင်းတက်လာသည်ကို မြင်လိုက်ရလေသည်။

'ဟင်....ဒါနေဘီလူးဂိုဏ်းက လူတွေပဲ၊ ငါ့နောက်ကို လိုက်လာတာ ထင်တယ်'

သူသည် ချုံထဲတွင် လုံခြုံအောင်ပုန်းကာ ချောင်းကြည့်လိုက်သည်။

ရှေ့ဆုံးမှ ကိုယ်ကာယထွားကျိုင်းသော အိကျင်းကို သူမှတ်မိသွားသည်။

'ဩော်...လက်စသတ်တော့ လက်ထောက်ဂိုဏ်းချုပ်အိကျင်းကိုး၊ ငါ့ကိုဖမ်းဖို့ တာဝန်ပေးလိုက်တာကိုး'



လက်ထောက်ဂိုဏ်းချုပ် အိကျင်းသည် ထင်ရှားသူဖြစ်သောကြောင့် လူသိများသည်။

အိကျင်းမှာ ဂိုဏ်းချုပ်ဟောင်း ဟိုကျွန်းစိမ်း၏လက်ထက်ကပင် လက်စွဲတော်ဖြစ်၍ ငွေကြေးများစွာရသောကြောင့် သစ္စာဖောက်ကာ စီမင်းတက်သို့ ပါသွားခဲ့ရသူဖြစ်သည်။

စီမင်းကငွေကိုသာမဟုတ်၊ သူ့အစ်မ မုယုယုကိုပါ မျက်နှာပန်းပြကာ အိကျင်းကို သိမ်းသွင်းနိုင်ခဲ့ခြင်း ဖြစ်လေသည်။

ချုံထဲတွင် ငြိမ်နေစဉ်မှာ မြင်းစီးသမား သုံးဦးသည် သူပုန်းနေသော ချုံအနီးမှဖြတ်ကာ တောင်ပေါ်သို့ တက်သွားကြလေတော့သည်။

အိကျင်းခေါင်းဆောင်သော မြင်းစီးသမားများကျော်သွားတော့မှပင် တိုးရှောင်သည် ချုံထဲမှ ထိုးထွက်လာတော့သည်။

ထို့နောက် သူသည် သတိထားကာ တောအုပ်ထဲသို့ဝင်လိုက်လေသည်။

'ငါ့မှာအန္တရာယ်တွေများလာပြီ၊ အစစအရာရာ သတိထားမှ ဖြစ်မယ်'

ယင်ချန်တောင်ကုန်းသို့ အသင်မှာပင် ပညာပေးခြင်း ခံလိုက်ရသောကြောင့် တိုးရှောင်သည် အစစအရာရာ သတိထားမှ ဖြစ်မည်ကို သဘောပေါက်သွားလေတော့သည်။

အိကျင်းတို့သည် တောင်ပေါ်သို့ တစ်ဟုန်ထိုးစိုင်းနှင်လာသော မြင်းခွာသံကြောင့် သစ်ပင်တစ်ပင်အောက်တွင် တိုးရှောင်အိတ်ထဲမှ ငွေများကို ခွဲယူနေသော တိုးလီနှင့်ကောက်ချွန်းတို့မှာ ထိတ်လန့်သွားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



‘ကောက်ချွန်း၊ မြင်းခွာသံတွေပါလား’

‘ဟုတ်တယ်၊ မြန်မြန်သိမ်း’

သူတို့သည် အိတ်ကိုမြန်မြန်သိမ်းကာ ထိုနေရာမှ ထွက်သွားဖို့ ဟန်ပြင်လိုက်သည်။

သို့သော်…

အကျင်းတို့ သုံးဦးက မြင်းများဖြင့် ရောက်ရှိလာကြပြီဖြစ်၍ သူတို့နှစ်ဦးကို မြင်တွေ့သွားလေ၏။

ကပျာကယာ ထွက်ပြေးဖို့ တုံးလီနှင့်ကောက်ချွန်းက ဟန်ပြင်နေသည်။

‘ဟေ့…မပြေးနဲ့၊ ရပ်လိုက်စမ်း’

အကျင်းက လှမ်းအော်လိုက်သည်။

မလွတ်နိုင်မှန်းသိ၍ တုံးလီနှင့်ကောက်ချွန်းတို့မှာ ရပ်လိုက်ကြရ၏။

အကျင်း၊ ကျောက်မိန်နှင့် ဆောင်ဘ တို့က ကိုင်ထားသည့် ဓားများကို ဆွဲထုတ်ကာ တုံးလီနှင့်ကောက်ချွန်းတို့ကို ထွက်မပြေးနိုင်အောင် သုံးဖက်သုံးတန်ရံကာ ဝိုင်းထားလိုက်ကြသည်။

‘ဘာကိစ္စရှိလို့လဲ ခင်ဗျာ’

တုံးလီက အကျင်းကို မျက်နှာချိုသွေးကာ ပြောလိုက်လေ၏။

‘တုံးရှောင် ဘယ်မှာလဲဆိုတာ ပြောစမ်း’

အကျင်းက ရှေ့သို့တိုးလာကာ ဓားနှင့်ချိန်ရွယ်ရင်း မေးလိုက်၏။

‘တုံးရှောင် ဟုတ်သလား၊ ဒီနာမည်ကို တစ်ခါမှ မကြားဖူးပါဘူး’



တုံးလီက ပြောသည်။

‘ဟုတ်ပါတယ်၊ တုံးရှောင်ကို ကျုပ်တို့မသိပါဘူး’

ကောက်ချွန်းပါ ဝင်၍ ပြောလိုက်ပြန်လေသည်။

‘ဘာမသိမှာလဲကွ၊ မင်းလက်ထဲက အိတ်ဟာ တုံးရှောင်ရဲ့ အိတ်ပဲ၊ ပြီးတော့ ဟိုကောင်ဆွဲထားတဲ့ မြင်းကလဲ တုံးရှောင်ရဲ့ မြင်းပဲ’

ပြောပြောဆိုဆို အကျင်းသည် ရှေ့သို့တိုးလာကာ ဓားကို ဝှေ့၍ ကောက်ချွန်းကို တိုက်ခိုက်လိုက်သည်။

ကောက်ချွန်းနှင့် တုံးလီတို့မှာလည်း ရှောင်လွှဲ၍ ရမည့်ကိစ္စ မဟုတ်ကြောင်း သိသည်နှင့် သူတို့ဓားများကို ဆွဲထုတ်ကာ ရင်ဆိုင်တိုက်ခိုက်ကြလေတော့သည်။

ကောက်ချွန်းသည် ထိုးခုတ်ဝင်လာသော အကျင်းကို ဓားချက် သုံးချက်ဖြင့် ပြင်းပြင်းထန်ထန် ခုခံလိုက်သည်။

ကောက်ချွန်း၏ဓားပညာမှာ ယင်ချွမ်း ဝိုင်ကုန်းရှိ ဆရာသူမျာ်းဆီမှ သင်ယူထားရှိသော ဓားပညာဖြစ်၍ ပြင်းထန်ပြီး တစ်ချက်ကောင်း တိုက်ကွက်မျိုးဖြစ်သည်။

ကောက်ချွန်း၏ ပြင်းထန်သော ခုခံသည့်တိုက်ကွက်ကို ဘီလူးမိုးပျံ တိုက်ကွက်ဖြင့် အကျင်းက ရှောင်လွှားကာ ရှောင်တိမ်းလိုက်၏။

ကောက်ချွန်းထက်စာလျှင် တုံးလီမှာ ဓားပညာမှီ၍ တော်သည်ဟု ဆိုသင့်ပေသည်။

သူသည် ပတ္တမြားသခင်ကြီး၏လူယုံတော်ဖြစ်သော ကျုံးရှိကို ထံမှ မြောက်ပိုင်းခြသေ့ ဓားသိုင်းပညာကို သင်ယူခဲ့ဖူးလေသည်

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် အိကျင်းနှင့်အတူပါလာသော ကျောက်မိန်နှင့် ထောင်တာပိုတို့ ဝိုင်းဝန်းတိုက်ခိုက်သည့် တိုက်ကွက်ကိုပါ ပါးနပ်စွာ ရှောင်တိမ်း၍ ခုခံလျက်ရှိသည်။

ကျောက်မိန်သည် နေဘီလူးသိုင်းကွက် ဆယ်ကွက်မြောက် ဘီလူးတောင်ဖောက် သိုင်းကွက်ဖြင့် တုံးလီကို တစ်ဟုန်ထိုးဝင်ကာ တိုက်ခိုက်လိုက်၏။

'တန်'

'ချွမ်'

'အိုး'

တုံးလီမှာ ထိုမျှပြင်းထန်သော ဓားချက်မျိုးကို မတွေ့ဖူးချေ။

ကျောက်မိန်ဓားချက်ကို သူ့ဓားဖြင့်ခုခံလိုက်ရာ ကျောက်မိန်က ပြင်းထန်စွာ ရိုက်ဖယ်လိုက်၍ တုံးလီ၏လက်ထဲမှ ဓားမှာ လွင့်ထွက်သွားလေသည်။

ဓား လွင့်ထွက်သွားသည့် အချိန်မှာပင် တုံးလီနောက်၌ ရှိနေသော ထောင်တာပိုက တုံးလီလည်တိုင်သို့ သူ့လက်ထဲမှဓားကို ပေ်ဖိဖိတင်ထားလိုက်သတော့သည်။

အေးစက်သော ဓားသွားက သူ့လည်တိုင်ကို လာ၍ထိမိလိုက်သည်ကို သိသောကြောင့် တုံးလီမှာ လှုပ်ရှားနိုင်ခြင်း မရှိတော့ဘဲ ငြိမ်သက်စွာ အရှုံးပေးလိုက်ရလေသည်။

အိကျင်းသည် ကျောက်မိန်နှင့် ထောင်တာပိုတို့ကို ကြိုတင် ညွှန်ကြားခဲ့သည့်အတိုင်း သူ့တို့မြင်းပေါ်တွင် ပါလာသော ကြိုးကိုယူကာ တုံးလီကို လက်ပြန်ကြိုးတုပ်လိုက်လေသည်။



ကျောက်မိန်သည်လက်ပြန်ကြိုးတုပ်နှောင်ပြီးနောက်အိကျင်းနှင့် တိုက်ခိုက်နေသော ကောက်ချွန်းရှိရာသို့ ခုန်ဝင်လာခဲ့သည်။

ကောက်ချွန် မှာ အိကျင်းတစ်ဦးကိုပင် မချိမဆံ့ ခုခံနေရသည်။

ကျောက်မိန်ရောက်လာသောအခါ မခံနိုင်တော့ပေ။

သူသည်ဘေးသို့ခုန်ထွက်ရှောင်လိုက်သော်လည်းကျောက်မိန်၏ ဘီလူးတောင်ဖောက် သိုင်းကွက်ကြောင့် လက်ထဲမှဓားကို လွှတ်ချလိုက်ရလေတော့သည်။

အချိန်တိုလေးအတွင်းမှာပင် တုံးလီနှင့် ကောက်ချွန်းတို့မှာ အိကျင်းလက်တွင်းသို့ ကျဆင်းသွားကြသည်။

သူတို့နှစ်ဦးကို ကြိုးတစ်ချောင်းဖြင့် ပူးချည်ထားကာ ကြိုးစကို မကျောက်မိန်က သစ်ပင်တစ်ပင်တွင် ချည်နှောင်ထားလိုက်လေသည်

အိကျင်းသည် တုံးလီနှင့်ကောက်ချွန်းတို့ရှေ့တွင် ရပ်လိုက်၏။

သူသည် တုံးလီနှင့်ကောက်ချွန်းတို့ခိုးယူထားသော တုံးရှောင်ငွေများကို အကုန်နှိုက်ယူကာ သူ့အိတ်ထဲသို့ ထည့်လိုက်လေ၏။

'ကဲ...မင်းတို့ တုံးရှောင့်ကို ဘယ်မှာထားသလဲပြော'

'တုံးရှောင်ဆိုတာဟော့ မသိပါဘူး၊ တောင်ပေါ်ကို တက်လာတဲ့ လူငယ်တစ်ယောက်တွေ့လို့ ကျွန်တော်တို့ သူ့ကို အလစ်မှာ ရိုက်ပြီး ဒီမြင်းနဲ့အိတ်ကို လုယူခဲ့တာပါ'

တုံးလီက အသက်ဘေးနှင့်နီးနေပြီဖြစ်သောကြောင့် မှန်သည့်အတိုင်း ပြောကြားလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



'သူပြောတာ ဟုတ်သလား'

အိကျင်းက ကောက်ချွန်းလည်တိုင်ကို ဓားဦးနှင့်ထောက်ကာ မေးလိုက်သည်။

'ဟုတ်ပါတယ်'

'ဟုတ်ပြီ အဲဒီကောင်လေး ဘယ်မှာလဲ'

'တောင်တက်လမ်းက ချုံထဲမှာ သတိမေ့နေပါတယ်'

တုံးလီက ပြောလိုက်သည်။

ထိုစကားကြောင့် အိကျင်းမှာ ဝမ်းသာသွားသည်။

'ဟော ... ဒါဆို တုံးရှောင်ကို အပင်ပန်းခံရှာစရာ မလိုတော့ဘူး၊ ကဲ ... အဲဒီနေရာကို သွားကြစို့'

အိကျင်းက အမိန့်ပေးလိုက်သည်။

'လိုက်ပြပါ့မယ်၊ ဒီကောင်လေး တွေ့ရင် ကျွန်တော်တို့ကို လွှတ်ပေးမှာလား'

ကောက်ချွန်းက အိကျင်းကို အားနာသည့် အသံမျိုးဖြင့် မေးလိုက်သည်။

'စိတ်ချ ... ဒီကောင်လေးကိုသာ တွေ့ရင်တော့ ငါ့ကမင်းတို့ကို ဖြေ ... အိုးထဲမှာ အနုသိမ်းထားတဲ့ငွေတွေကို ပြန်ပေးလိုက်မယ်'

အိကျင်းသည် တုံးရှောင်ကို မတိုက်ခိုက်ရဘဲ သတိမေ့နေသည့်အချိန်တွင် အလွယ်တကူဖမ်းဆီးမိပါက ကိုကျော်မျိုးကြီး စီမင်းထံမှ ဆုလာဘ်ကောင်းကော ရမည်သိ၍ အားခဲလိုက်လေတော့သည်။

အိကျင်း၏ရည်ရွယ်ချက်မှာ ထိုထက်ကြီးမားလေသည်။



တုံးရှောင်သည် လိုကျန်းယီနှင့် အဆက်အသွယ် ရှိနေသည်ဟု သူထင်၏။

သို့ဆိုပါက လိုကျန်းယီကိုပါ သူကအမိဖမ်းထား ခေါင်းဖြတ်၍ပြန်သွားရည်ဆိုလျှင် သူ့တစ်သက်တာ မမျှော်မှန်းနိုင်လောက်အောင် ချမ်းသာနိုင်သည့် ငွေကြေးမျိုး ရရှိနိုင်သည်ဟု တွက်ဆထားလေသည်။

တုံးလီတို့ကို ရှေ့မှသွားစေကာ ကျောက်မိန်က ကြိုးစကိုဆွဲ၍ နောက်မှလိုက်ပါလာခဲ့ကြသည်။

ထိုနှင့် လမ်းခွဲနှစ်ခုဆုံရာ တောင်ကုန်းဆင်ခြေလျှောရှိ ချုံကြီးဆီနားသို့ ရောက်ရှိလာကြလေသည်။

ထိုချုံကြီးအနားတွင် ကောက်ချွန်းနှင့်တုံးလီသည် ရပ်လိုက်ကြ၏။

'ဘာလို့ရပ်နေကြတာလဲ၊ ရှေ့ဆက်သွားကြလေ'

သူတို့ကိုခုခံလို၍ ရပ်သည်ဟုထင်မှတ်ကာ အိကျင်းက အသံမာမာဖြင့် ပြောလိုက်သည်။

'ခင်ဗျားတို့လိုချင်တဲ့လူ ဟိုချုံထဲမှာ ရှိတယ်'

တုံးလီက မေးငေါ့ကာ ပြောလိုက်၏။

'ဟေ့ကောင် ... ကောင်တာပိုး သွားပြီးစမ်းကြည့်စမ်း၊ တွေ့ရင်ခြေထောက်ကနေ ဆွဲထုတ်ခဲ့'

'ဟုတ်ကဲ့'

ကောင်တာပိုးသည် ချုံထဲသို့ ငုံ့၍ဝင်ကာ ကြည့်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ချုံထဲရှိသဲပြင်ပေါ်တွင် လူတစ်ယောက်လူးလိမ့်ကာ ထသွားသည့်အရာများကိုသာ တွေ့ရသည်။

ထောင်တာပို ပြန်ထွက်လာသည်။

အိကျင်းသည် သူ၏ဓားအိမ်ထဲမှ ဓားကိုချွတ်လိုက်လေတော့သည်။

'မရှိတော့ဘူး'

'ဟာ'

အိကျင်းမှာ အပိုင်တွက်ဆထားသော ကိစ္စတစ်ခု လွဲချော်သွားသောကြောင့် မျက်စိမျက်နှာပျက် ဖြစ်သွားသည်။

'ဒါဆို ဒီကောင်တွေလိမ်တာပေါ့၊ မထူးပါဘူးကွာ၊ ယင်ချုန်တောင်ကုန်းကို ဒီကောင်ရောက်လာတာတော့ သေချာတယ်၊ တို့ဟာတို့ရှာမယ်၊ ဒီကောင်တွေကို ရှင်းပစ်လိုက်ကြမယ်'

အိကျင်းသည် တုံးလီနှင့်ကောက်ချွန်းတို့နှစ်ယောက်ကို သတ်ရန် ဓားကိုမြှောက်လိုက်လေသည်။

'နေ....နေပါဦး'

ထောင်တာပိုက လက်ကာ၍တားမြစ်လိုက်သည်။

'ဘာလို့နေရမှာလဲ'

'သူတို့ပြောတာ ဖြစ်နိုင်ပါတယ်'

'ဘာဖြစ်နိုင်တာလဲ'

'လူတစ်ယောက် ချုံထဲမှာလဲကျတဲ့အရာနဲ့ လူးလိမ့်ပြီး ထွက်သွားတဲ့ခြေရာတွေ တွေ့ခဲ့ရတယ်'

ထောင်တာပိုကို တုံးလီနှင့်ကောက်ချွန်းတို့သည် ဆိုင်ကန်တော့မတတ် ကျေးဇူးတင်သွားကြလေသည်။



'ကျုပ်တို့မညာပါဘူးဗျာ၊ ဒါပေမယ့်ဒီလူဟာ အခုပြန်ပြီး မလာခင်သတိရပြီး ထွက်ပြေးသွားတာ ဖြစ်နိုင်ပါတယ်'

တုံးလီက သူ့ထင်မြင်ချက်ကို ပေးလိုက်လေသည်။

'သူ့ကို မင်းတို့က ဘာနဲ့ရိုက်ခဲ့တာလဲ'

'ဟောဒီတုတ်နဲ့ပါ'

ချုံစပ်တွင် လွှင့်ပစ်ထားသော သစ်သားတုတ် တစ်ချောင်းကိုတွေ့လိုက်ရသည်။

ထိုစကားကို အိကျင်းက ယုံကြည်လက်ခံသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com

တုံးရှောင်သည် လူမကျမ်းသော နယ်မြေတစ်ခုတွင် ရန်သူ တို့ ရှိနေပြီဆိုသည်ကို သိသောကြောင့် တောအုပ်ထဲမှ ကွေ့ကွေ့ ကောက်ကောက် ပြေးလာခဲ့လေသည်။

သူသည် ညီညာပြောင်ပြူးသော လမ်းတို့မှ မပြေးဘဲ ချုံများ သစ်ပင်များကြားမှ ခေါင်းလျှိုကာ ပြန်နိုင်သမျှ မြန်အောင် ပြေးလွှားလာခဲ့လေသည်။

ချုံတစ်ခုသို့ ရောက်လိုက်စဉ် နယ်ခြားသို့ကပ်သော မိန်းမပျိုလေး၏ အသံကို ကြားသောကြောင့် တုံးရှောင်သည် ကိုယ်ရှိန်သတ် လိုက်သည်။

'ခစ်...ခစ်...ခစ်၊ မမကျူးစန်းက ကြုံကြုံဖန်ဖန် ပြောတတ် တယ်၊ သုံးယောက်လုံး အတူတူရှိနေကြတာ၊ ကျွန်မက ဘာလျှို ဝှက်စရာရှိမှာလဲ'



'ဒီမှာကျူးရင့် တို့ နတ်သမီးသုံးဖော်ဟာ သိုင်းလောကမှာ ဘာနာမည်ပျက်မှ မရှိဘူး၊ မီးနတ်သမီးအဆိပ်အုပ်တစ်ချောင်း ကို ညည်း ချစ်သူကို မပေးရင် ဘာပျောက်စရာရှိသလဲ'

နောက်ထပ် မိန်းမပျိုလေးတစ်ဦးက မပြောလိုက်သော စကားသံ ကို ကြားရသောကြောင့် တုံးရှောင်သည် ရှေ့သို့ နည်းနည်းတိုး ကာ ချောင်းကြည့်လိုက်သည်။

ချုံဆဲမှ မြင်ရသော မြင်ကွင်းမှာ ရင်ခုန်စရာ ကောင်းပါ သည်။

ပြာလွင်သော ရေအိုင်ကြီးထဲတွင် ခေါင်းဖော်ကာ စကား ပြောနေသော မိန်းမပျိုသုံးဦးကို တွေ့လိုက်ရသည်။

မိန်းမပျို သုံးဦးစလုံးက မျက်နှာဝိုင်းဝိုင်း မျက်လုံး ပြူးပြူး နှင့် နုနယ်လှပသောအသွင် ရှိသည်ကို တွေ့လိုက်ရသည်။

'အေး...ကျူးရင် မဖြစ်ရင်တော့ ကျူးယုနန်ရဲ့ လက်ချက်ပဲ ဖြစ်မယ်'

'အို...မကောလဲ သိမှာ ဘာအဆက်အသွယ်မှ မရှိတဲ့ဟာ၊ မတိုလိုဘောင် အပြုံသိပ်သွားတော့ မဟုတ်ဘူး၊ ညီမမှာချစ်သူ တွေ့စရာ အကြောင်းမရှိပါဘူး'

ကျူးယုနန်က ရှက်စနိုးနှင့် ပြောကာ ရေထဲတွင် ကူးခတ်နေ လေသည်။

'ငါသိတာပေါ့ ကျူးရင်ပဲပေါ့၊ ကဲ ကျူးနှင်ငယ် ညီမ ချောင်းချောင်း ဝန်ခံလိုက်ပါ၊ မင်း ဘယ်သူ့ကို သဘောကျနေ လဲ၊ တောင်ကြား တို့နတ်သမီးသုံးဖော် အမှုပတ်နေပါ့မယ်'

burmeseclassic.com

www.burmeseclassic.com



ကျူးရှင်က မျက်နှာပျက်ပျက်ဖြင့်—

'အမှန်အတိုင်း ပြောပါမယ် မမကျူးစန်း၊ ကျွန်မဆီကို လူတစ်ယောက်က အဆိပ်လာပြီးဝယ်လို့ ရောင်းလိုက်တာပါ'

'ဘာ'

ကျူးရှင်၏ စကားကြောင့် အစ်မအကြီးဆုံး ကျူးစန်းမှာ ဒေါသထွက်သွားပုံ ရလေသည်။

'ငါ ဒီအပ်တစ်ချောင်းဖြစ်အောင် ဘယ်လောက်ကြိုးစားပြီး စီရင်ရတယ်ဆိုတာ နင်သိတယ်မဟုတ်လား၊ ဒီလောက် မိုက်မဲရသလား'

'မမကျူးစန်းနဲ့ ညီမလေး ကျူးယုနန်တို့ကို ပိုးဝတ်စုံတွေ ကျွန်မ နှစ်ဆန်းတစ်ရက်နေ့က လက်ဆောင်ပေးတာမှတ်မိလား'

'အေး...အဲဒါ ဒီအဆိပ်အပ်ရောင်းတဲ့ ပိုက်ဆံလား'

'ကျွန်မမှာ ဘယ်ကငွေရှိလို့လဲ မမရဲ့'

'တောက်...မိုက်မဲလိုက်တာ ကျူးရှင်ရယ်၊ ပိုးဝတ်စုံ မဝတ်ရတော့ ဘာဖြစ်မှာလဲ၊ မင်း ဘယ်သူ့ကို ရောင်းစားလိုက်သလဲ ပြောစမ်း၊ နောင် ပြဿနာပေါ်လာရင် တို့သုံးယောက်စလုံး အန္တရာယ်ရှိတယ်'

'မကြိုက်တဲ့ အပြစ်ပေးပါ၊ မီးနဂါးဆောင်တ သိုင်းသမား တစ်ယောက်ကို ချူကော့ရှာက အဘမ့်ရိန်က ခေါ်လာလို့ ကျွန်မ ယုံယုံကြည်ကြည်နဲ့ ရောင်းလိုက်တာပါ၊ လျှံနှစ်ထောင် တောင်တောင် ရတယ်'



ကျူးရှင်၏ စကားကြောင့် ကျန်ညီအစ်မ နှစ်ဦးမှာ ရေကျေးတ ငုံသဲ ရှေ့မှာရင်ကာ နားထောင်နေသည်ကို တွေ့လိုက်ရလေသည်။

'အေး...ကျူးရှင်၊ နင်သိပ်မိုက်တယ်၊ နောင် ဒါမျိုးမဖြစ်စေနဲ့၊ ခုလိုနှင့် ရိုးရိုးသားသား ဖွင့်ပြောတာ ကျေးဇူးတင်တယ်၊ အန္တရာယ်ပေါ်လာရင် ကာကွယ်လို့ ရတာပဲ၊ တော်ပြီ ငါ ရေဆက်မကူးတော့ဘူး'

ကျူးစန်းက ကုန်းပေါ်သို့ တက်လာကာ သူမအဝတ်အစားများကို ဝတ်လိုက်သည်။

နောက်မှ ညီအစ်မ နှစ်ဦးကလည်း ရေထဲမှ တက်လာကာ အဝတ်အစားများကို ဝတ်ဆင်လိုက်ကြလေသည်။

မိန်းမပျိုသုံးဦးစလုံးမှာ ဖြောင့်စင်း ချောမောသော မိန်းမသားများ ဖြစ်သည်ကို အမှတ်မထင် တုံးရှောင်တွေ့လိုက်ရသည်။

❦

'ကဲ...ပါမမရယ် ဒါတွေကို မေ့ပစ်လိုက်စမ်းပါ။ ကျွန်မတို့ ခါတိုင်းလိုပဲ အပြန်ကို မက်မုံသီး ခူးစားကြရအောင်နော်'

အငယ်ဆုံး ညီမက သူ့အစ်မနှစ်ဦးကို ပြောလိုက်လေ၏။

တုံးရှောင်မှာ နေရထိုင်ရ ခက်သွားသည်။

သူသည် ချုံနွယ်ခပ်မှ မက်မုံပင် တစ်ပင်အောက်တွင် ရောက်ရှိနေမှန်း သိလိုက်သည်။

မော့ကြည့်လိုက်သော အခါတွင် သူဝင်နေသော သစ်ပင်ပုလေးမှာ မက်မုံသီးများ ဝေဆာစွာ သီးနေသည်ကို တွေ့ရလေသည်။

'ဟင်...သူတို့ ဒီကိုလာကြလိမ့်မယ်ထင်တယ်။ ဒါဆိုရင်တော့ ဒုက္ခပဲ'

တုံးရှောင်မှာ မက်မုံသီးခူးလျှင် သူ့ကို တွေ့မည်စိုး၍ ချုံနွယ်ထူထပ်သော နေရာသို့ပြောင်းရန် လှုပ်ရှားလိုက်သည်။



'ဖောက် ဖောက် ဖောက်'

'ဟော...ဒုက္ခပဲ'

တုံးရှောင် ခပ်တိုးတိုး ရေရွတ်လိုက်မိသည်။

သူသည် မက်မုံပင်ကိုင်း[illegible]ကာ ခေါင်းချုံ့[illegible] မက်မုံသီးပင်လှုပ်၍ မှည့်နေသော မက်မုံသီးသုံးလုံးက ကြွေကျသွားသည်။ သူရောက်နေသော နေရာမှာ တောင်ကုန်းလေးပေါ် ဖြစ်နေသဖြင့် မက်မုံသီးများသည် တောင်ကုန်းဆင်း ခြေလျှောလေးအတိုင်း လိမ့်ဆင်းသွားလေသည်။

ထိုမက်မုံသီးသုံးလုံးမှာ ရေအိုင်စပ်ရှိ သဲပေါ်သို့ လိမ့်သွားရာ မက်မုံသီးတစ်လုံးမှာ အငယ်ဆုံးညီမ ကျူးယုနန်၏ခြေရှေ့တွင် ရပ်သွားလေသည်။

'ဟင်'

'ထူးဆန်းလိုက်တာ'

'ကျူးယုနန် နင်တော့ ဖူးစာရှင် ပေါ်ပြီထင်တယ်၊ မက်မုံသီး စားချင်တယ်ပြောတာနဲ့ နင့်ရှေ့ကို မက်မုံသီး ရောက်အောင် ပို့လိုက်တာ တွေ့ရဲ့လား'

'အို...မမကလဲ၊ အသီးက မှည့်ဟာတွေ ကြွေကျလာတာဖြစ်မှာပေါ့'

ကျူးယုနန်က နှုတ်ခမ်းစူကာ ခြေဆောင့်၍ ပြောလိုက်လေသည်။

'ရှက်မနေပါနဲ့ ကျူးယုနန်ရယ်၊ ငါရှုံးလိုက်တာ၊ နင့်ချစ်သူဆိုနင် ကြိုချိန်းထားတာ ပြောမထားဘူး နင်တော့ ဟိုလှုပ်လှုပ် ယပ်လပ် ရေချိုးတာ နင့်လူ တွေ့သွားပြီထင်တယ်'

www.burmeseclassic.com

'အေးလေ၊ ငါကတော့ မှန်တာဆို အမြဲ ပွင့်ပွင့်လင်းလင်း ပြောရတယ်၊ နင် သိပ်သျှို့ကြိုက်တယ် ကျူးယုနန်'

ကျူးရင်ကပါ ကျူးစန်း၏စကားကို ထောက်ခံကာ ပြောလိုက်သောကြောင့် ကျူးယုနန်မှာ ငိုမဲ့မဲ့ဖြစ်သွားသည်၊

'မတို့နေဘ်၊ ယုနန်ကိုပဲ အမြဲ စနေတယ်၊ ယုနန် ဘာမှ မဟုတ်ဘူး'

ထိုစကားကို အကြီးဆုံးဖြစ်သူ ကျူးစန်းက ယုံကြည်မှု မရှိပေ၊

'တော်ပါအေ၊ အခုပဲ အထင်အရှားဖြစ်နေပြီ၊ နင် ငန်မခံရင် နင့်ရဲ့ချစ်သူကို ငါက အသေသတ်မှာပဲ'

ထိုစကားကြောင့် ချုံထဲတွင် မလှုပ်ရှားဘဲ ငြိမ်သက်နေသော တုံးခေါင်သည် ထိတ်ခနဲ ဖြစ်သွားလေသည်။

'သတ်ချင်သတ်၊ မသတ်ချင်နေ၊ ကျွန်မနဲ့ ဘာမှမဆိုင်ဘူး'

ကျူးယုနန်၏ စကားအဆုံးတွင် ကျူးစန်းနှင့် ကျူးရင်တို့သည် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်၊

ထို့နောက် အဝါရောင်ဝတ်ဆင်ထားသော မိန်းမပျိုနှစ်ဦးသည် ဓားများကိုဆွဲထုတ်ကာ တုံးခေါင်ပုန်းနေသော ချုံဆီသို့ သွားခနဲ ခုန်လွှားကာ ရောက်ရှိလာလေသည်၊

တုံးခေါင်သည် နောက်ထပ် ချုံတစ်ချုံသို့ကူးရန် လှုပ်ရှားလိုက်သည်၊

သို့သော် တစ်ဖက်ချုံမှ တစ်ဖက်ချုံသို့မကူးမီ မြေကွက်လပ်တွင် ကျူးစန်းနှင့် ကျူးရင်တို့က ရှေ့မှညှပ်၍ ပိတ်ရပ်ထားခြင်း ခံလိုက်ရသည်၊



'ဟင်'

တုံးခေါင်သည် ဓားကိုဆုပ်ကိုင်ထားသော်လည်း ကိုယ်ဖော့ ညာ အဆင့်မြင့်သော မိန်းမပျိုနှစ်ဦးကို အံ့အားသင့်စွာ ကြည့်နေလေသည်၊

'လက်ထဲကဓားကို ချလိုက်စမ်း'

တုံးခေါင်သည် ကျူးစန်း၏အမိန့်ကို လိုက်နာကာ ဓားကို မြေပြင်ပေါ်သို့ ပစ်ချလိုက်လေတော့သည်၊

'မင်း မှန်မှန်ပြောစမ်း၊ ဒီမိန်းမြကန်သာကို ညီမလေး ကျူးယုနန်နဲ့ချိန်းပြီး လာတွေ့တာ မဟုတ်လား'

လက်သည်းရှည်သော လက်များဖြင့်ညွှန်ကာ ကျူးစန်းက မေးလိုက်သည်၊

ထိုစကားကြောင့် တုံးခေါင်မှာ ကြောင်စီစီ ဖြစ်သွားလေသည်။

သူမကို စွပ်စွဲနေသောကြောင့် နတ်သမီးသုံးဖော်မှာ ညီမအငယ်ဆုံးဖြစ်သူ ကျူးယုနန်မှာ ရှက်သွေးဖြာသွားသည်၊

www.burmeseclassic.com



'အို…မကာလဲ'

'ဟာ…မမကာလဲ လုပ်နေတာလဲ၊ ဒီမက်မှန်ပင်တွေကြားထဲ ဝင်သွားရင်အကြောကြီးပဲ၊ အဲဒါသူနဲ့ချိန်းတွေ့နေတာ ဆ…ကြီးပဲမဟုတ်လား ဟင်'

'ဟို…ဟို ကျွန်မတော်လေ…ခုမှ ဒီနေရာကို ရောက်လာတာပါ…'

ကျူးယုနန်၏ မျက်လုံးများတွင် မျက်ရည်များဝဲနေသည်ကို တွေ့ရသောကြောင့် တုံရှောင်မှာ ကမန်းကတန်း ပြောလိုက်လေသည်။

'မင်းလေဟော့ အမှန်ကိုဘယ်ပြောပါမလဲ၊ ဒါပေမယ့် ဒီစိမ်းမြကန်နဲ့သာတော်သီဘာ တို့ညီအစ်မသုံးဖော်ပဲရှိတာ၊ ဒီနေရာကို မလာနိုင်အောင် ထူထပ်တဲ့ချုံတွေကို ငါကိုယ်တိုင် စိုက်ထားခဲ့တာ၊ မင်းဒီကိုကျူးယုနန် မပြောပြဘဲနဲ့ ဘယ်လိုလုပ် သိမှာတဲ့လဲ'

သီးပငယ်ကျူးယုနန်ကို အထင်လွဲနေသော ကျူးစန်းက ထပ်ပြောလိုက်ပြန်သည်။

'ကျွန်တော် ခပြေးရင်းလွှားရင်း ချုံတွေကိုတိုးပြီး ဒီကိုရောက်လာတာပါ'

ကျူးယုနန် မျက်နှာမှန်းသိ၍ တုံရှောင်က ဝင်ပြောလိုက်လေသည်။



'ကောင်းပြီလေ၊ မင်းဒီလိုလိမ်ညာနေမယ်ဆိုရင် မင်းကိုငါ အရှင်မထားတော့ဘူး'

ပြောပြောဆိုဆို သိမ်းငှက်ဂဏာသည်းတဲ့သို့ ချွန်မြသော သံကော်လက်သည်းများကို လက်ထိပ်များတွင် တပ်ထားသည့် ကျူးစန်းမှာ လက်နှစ်ဖက်ကို ရှေ့သို့ကားကာ ဆန့်လိုက်လေတော့သည်။

ထိုစဉ်သည် … သံကော်လက်သည်းသိုင်းတွက်ဖြင့် တုံရှောင်၏ လည်တိုင်ကိုဖောက်ရန် တန်ပြင်လိုက်ခြင်းဖြစ်သည်။

မနှင့်စွပ်စွဲကာ မဆီမဆိုင် လူတစ်ယောက်ကို သူ့အစ်မ ကျူးစန်းက သင်ဖြတ်လိုဖြ်သည်ကို ကျူးယုနန်က အမှန်ပင် မလိုလားပေ။

'မမ…ဒီလိုမတရား မလုပ်ပါနဲ့'

ကျူးယုနန်က ငိုသံလေးဖြင့်အော်လိုက်လေသည်။

'ညည်းနဲ့မဆိုင်ရင် ဘာမှဝင်မပါနဲ့၊ ဒီလူဟာ ညည်းနဲ့ဘာမှ မပတ်သက်ဘူး မဟုတ်လား၊ ဒါဆိုရင် တို့ရဲ့စိမ်းမြကန်သာစခန်းကို နှိုးပြီး ဝင်ရောက်လာမှုနဲ့ သူ့ကို သေဒဏ်ပေးရမယ်'

ပြောပြောဆိုဆို ကျူးစန်းသည် လွှားခနဲခုန်ကာ တုံရှောင်၏ လည်တိုင်ကို သူမညာလက်ထိပ်မှ သံကော်လက်သည်းဖြင့် ထိုးစိုက် ချလိုက်လေတော့သည်။

တုံရှောင်သည် ခုန်လွှားရှောင်ရှားရန် ကြိုးစားလိုက်ပါ သေးသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူ့ခြေထောက်များသည် ကြိုးဖြင့်ချည်နှောင်ထား သကဲ့သို့ လှုပ်ရှား၍မရ ဖြစ်နေလေသည်။

ယုတ်စွအဆုံး လည်တိုင်ကိုလှည့်၍ပင် မရပေ။

ဤသို့ဖြစ်ရသည်မှာ နတ်သမီးသုံးဖော်ထဲမှ အစ်မအကြီးဆုံး ကျူးစန်းက အတွင်းအားလှိုင်းဖြင့် ချုပ်နှောင်ထားလိုက်သော ကြောင့် ဖြစ်သည်။

'မမ ကျွန်မဝန်ခံပါမယ်၊ သူ့ကိုမသတ်ပါနဲ့'

လည်တိုင်ထဲသို့ လက်သည်းထိုးဝင်လုနီးတွင် အော်လိုက်၍ သူမလက်ကို ရပ်ထားလိုက်သည်။

တုံးရှောင်မှာ မျက်လုံးမျာ မှိတ်ထားလိုက်သည်။

သူ့ခန္ဓာကိုယ်သည် လှုပ်ရှား၍မရသည့်အဆုံး သေရမည့် အချိန်ကို မျက်လုံးမှိတ်ကာ စောင့်စားလိုက်ခြင်းဖြစ်သည်။

သို့သော် ကျူးစန်း၏လက်သည်းများမှာ သူ့လည်တိုင်သို့ ထိရန် ဆံခြည်တစ်မျှင်အလိုတွင် ရပ်သွားလေသည်။

သို့သော် ကျူးယုနန်စကားကြောင့် သူ့မျက်လုံးများကို ပြန်ဖွင့်လိုက်သည်။

ကျူးယုနန်သည် သူ့အစ်မ ကျူးစန်းလက်ကို နောက်မှ ဆွဲထားလိုက်သည်။

ကျူးစန်းက သူ့ညီမကို လှမ်းကြည့်လိုက်လေသည်။

'နောက်ဆုံးတော့ ငါထင်တာ မှန်တာပဲ မဟုတ်လား'

ကျူးစန်းက ပိုင်နိုင်သော လေသံဖြင့် ပြုံး၍ပြောလိုက်၏။

'ဟုတ်... ဟုတ်ပါတယ် မမ'



ခေါင်းငုံ့၍ ရှက်သွေးဖြန်းသော မျက်နှာဖြင့် ကျူးယုနန်က မပွင့်တပွင့် ပြောလိုက်လေသည်။

ထိုစကားကြောင့် ကျူးစန်းမျက်နှာ တင်းမာသွားသည်။

'ညည်းလဲ ငါ တော့တဲ့အရွယ်မှ မဟုတ်တာတဲ့ ညီမ၊ တစ်နေ့ ဒီလိုဖြစ်လာရမယ်လို့ ငါတွေးမိသားပါ၊ လာ....ကျူးရင်၊ တို့ စခန်းကို ပြန်ကြမယ်၊ ယုနန်'

'ရှင် မမ'

'ခုမှတော့ မထူးဘူး၊ နင့်လူကို စခန်းကိုပဲ ခေါ်ခဲ့တော့၊ တို့ သွားနှင့်မယ်'

ကျူးယုနန်သည် မျက်နှာနီရဲကာ ခေါင်းငုံ့၍ ရပ်နေသည်။

တုံးရှောင်သည် သူ့အသက်အတွက် ရာယ်တင်လိုက်သော ကျူးယုနန်ကို မဖော်ပြနိုင်လောက်အောင် ကျေးဇူးတင်သွား လေသည်။

'ညီမ အစ်ကို့အတွက် အရှက်ကွဲလိုက်ရပြီပေါ့နော်'

တုံးရှောင်က ကျူးယုနန်အနီးသို့ လျှောက်လှမ်းလာကာ ပြောလိုက်လေသည်။

'ရှင်ဘာလို့ဒီနေရာကို ရောက်လာရတာလဲ၊ ကျွန်မ မရှိဘဲ အစ်မတစ်ယောက်တည်းနဲ့သာ တွေ့ရင်တော့ ရှင် သေနေပြီ'

သူ့အစ်မများ မရှိတော့သောအခါ ကျူးယုနန်က ရန်တွေ့ စကားဆိုလိုက်၍ တုံးရှောင် အံ့အားသင့်သွားသည်။

'အစ်ကို့ကို လူနှစ်ယောက်ကရိုက်ပြီး ပစ္စည်းတွေကို လုထား လိုက်တယ်၊ သူတို့ရန်ကလွတ်အောင်ပြေးရင်း တောတိုးမိလို့ ဒီထဲရောက်လာတာပါ'

www.burmeseclassic.com

www.burmeseclassic.com



'ဒါ အမှန်ပဲလားရှင်'

'အမှန်ပါပဲ'

'အခု ရှင့်အသက်ကို ကယ်တင်ချင်တာနဲ့ ကျွန်မအစ်မတွေက ကျွန်မကို အထင်လွဲသွားပြီဆိုတာ ရှင်သိတယ်မဟုတ်လား'

'သိပါတယ် ညီမ'

'ဒီတော့ ရှင် ကျွန်မကို သစ္စာရှိပါ၊ မစော်ကားပါနဲ့၊ ရှင့်ကို ကျွန်မ ချစ်လို့တော့မဟုတ်ဘူး။ ဘုမသိ ဘမသိနဲ့ သေမှာစိုးလို့'

'သိ—သိပါတယ်'

'သိရင် ကျွန်မနဲ့လိုက်ခဲ့၊ မမ ကျူးစန်းက ဘာကွေ့လုပ်ဦးမလဲ မသိဘူး၊ ဘာလုပ်လုပ် ကျွန်မကို ရှင့်ရဲ့ညီမအရင်းလို သဘောထားမယ်လို့ ကတိပေးပါ'

'ပေးပါတယ်'

စင်စစ် နတ်သမီးသုံးဖော်၏ ပျိုဝက်ခန်းမှာ စိမ်းလဲ့ကန်သာကန်ကြီး အနောက်ဘက်ရှိ ကျောက်တောင်နံရံကြီးတွင် ရှိသော ဂူထဲတွင် ရှိလေသည်။

သာမန်အားဖြင့် စိမ်းလဲ့ကန်သာသို့ ထူထပ်သော ချုံနွယ်များကိုဖြတ်ကာ လူစိမ်းတစ်ဦး ရောက်ရှိလာစေဦး တော့ ကျောက်တောင်နံရံရှိ ဂူပေါက်ကို တွေ့ရှိမည် မဟုတ်ပေ။

ကျောက်တောင်မှာ ရေကန်ထဲမှ အချပ်လိုက်ပေါ်ထွန်းနေသော ကျောက်ချပ်ကြီးများ ထောင်ထားသည့် တောင်မြင့်ကြီး ဖြစ်၏။

ထိုကျောက်တောင်နံရံမှ ကျောက်ချပ်လွှာတစ်လွှာကို ရွှေ့ပြောင်း၍ရအောင် နတ်သမီးသုံးဖော်တို့က စီစဉ်ထားခဲ့ကြလေသည်။

www.burmeseclassic.com



ခြေသလုံးခန့်တိမ်သော ရေကန်မဖြတ်လာစဉ် တုံးရှောင်မှာ မည်သည့်နေရာသို့ သွားနေပါလိမ့်ဘု အဓိပ္ပာယ်စဉ်းစားမရ ဖြစ်နေလေသည်။

ကျောက်တောင်ကြီးနားသို့ရောက်မှကျူးယုန်နန်သည်ကျောက်နံရံရှိ အုန်းသီးခန့် ဖုထွက်နေသော ကျောက်တုံးတစ်လုံးကို ညာခြေဖြင့် ဆောင့်ကန်လိုက်သည်။

'ဒုန်း...ဖြောင်း...ဂျိမ်း'

'ဟင်'

ကျယ်လောင်သောမြည်သံ ထွက်ပေါ်လာသော ကြောင့် တုံးရှောင်က နောက်သို့ပင် လန့်ဆုတ်လိုက်မိသည်။

လူတစ်ဦးဝင်စာ ဂူပေါက်ဝတစ်ခုသည် ကျောက်ချပ်လွှာကြီး တစ်ခုပေါ်သို့ မြင့်တက်သွားပြီး ပေါ်ပေါက်လာ၏။

'ရှင် မြန်မြန်ဝင်နော်'

'ဟုတ်ကဲ့'

ခပ်ဖြည်းဖြည်းဝင်မည်ဟု စိတ်ကူးထားသော တုံးရှောင် လှစ်ခနဲ ဝင်လိုက်ရသည်။

ထိုအခါမှ ရင်ထဲ ...င် အေးခနဲ ဖြစ်သွားရသည်။

'ဂျိမ်း'

'အိုး'



အောက်ခြေတွင် ခါးသွားကဲ့သို့ထက်သော ဂူပေါက်ပိတ် ကျောက်ချပ်လွှာသည် အပေါ်မှအရှိန်ဖြင့် ပြုတ်ကျကာ ဂူတံခါးကို ပြန်ပိတ်ပစ်လိုက်သည်ကို တွေ့ရသည်။

ထိုသို့ဖြစ်ရသည်မှာ အတွင်းဘက်မှ ကျောက်ချပ်လွှာကို သံမဏိကြိုးဖြင့် ဆွဲကာ ရေတင်သောခန္ဓကဲ့သို့ အလေးချိန်ကြီးသောကျောက်တုံးဖြင့် ချိန်ဆထားသောကြောင့်ပင်ဖြစ်သည်။

ဂူပြင်မှ ကျောက်တုံးကိုနင်းလိုက်လျှင် ထိုကျောက်တုံးသည် ကြိုးဖြင့်ဆွဲချခြင်းခံရ၍ အောက်သို့နိမ့်ဆင်းသွား၏။

ထိုအခါ ကျောက်ချပ်၏ထိပ်တွင် ဖောက်၍ချည်နှောင်ထားသော ကျောက်ချပ်ကြီးက ဆွဲတင်လိုက်ခြင်းခံရကာ အပေါ်သို့ တက်သွားရခြင်းပင် ဖြစ်လေသည်။

သို့သော် ကျောက်ချပ်လွှာသည် လူတစ်ယောက်စာ ဝင်ပေါက်၏အမြင့်ဆုံးသို့ရောက်ပြီး အတွင်းမှ ကျောက်တုံးကြီး အလေးချိန်ကြောင့် ချက်ချင်းပြန်ပြုတ်ကျခြင်း ဖြစ်သည်။

ဂူထဲတွင် အလင်းရောင်သည် မှိန်ပျပျသာ ထိန်လင်းနေလေသည်။

သို့သော် ဂူအမိုးပေါ်ရှိ ဆီမီးတိုင်ကို ကျူးစန်းက ထွန်းညှိလိုက်သည်နှင့် ဂူအတွင်းပိုင်းမှာ ထင်ရှားစွာ ထိန်လင်းလာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဂူထဲတွင် သန့်ပြန့်ရှင်းလင်း၍ မွှေးပျံ့သောပန်းရနံ့တစ်မျိုး ရနေသည်ကို တုံးရှောင် သတိထားလိုက်မိလေသည်။

သူ အံ့ဩစွာ ငေးနေစဉ်မှာပင်–

'ရှင် ကျွန်မနောက်ကို လိုက်ခဲ့ပါ'

ဟု ပြောသော ကျူးယုနန်အသံကို ကြားလိုက်ရလေသည်။

တုံးရှောင်သည် မိန်းမပျိုသုံးဦးနေထိုင်သော ကျောက်ဂူကို မျက်လုံးဝေ့၍ ကြည့်လိုက်သည်နှင့် အံ့ဩစရာများကို မြင်တွေ့လိုက်ရလေသည်။

သူသည် ကျူးယုနန်ခေါ်သွားသော ကျောက်ဂူ၏အလယ်ရှိ ဧည့်ခန်းမထဲသို့ လိုက်သွားရင်း မဘောနံရံဖက်ရှိ အထူးများကို ကြည့်ရှုသုံးသပ်၏။

နံရံများတွင် သစ်ဆေးများနှင့်ကပ်၍ စိုက်ထားသော သစ်ခွပန်းများမှာ အရောင်မျိုးစုံ အပွင့်မျိုးစုံလှသည်။

ကျောက်ဂူအမိုးမှာ လှ[illegible]ယောက်ကျရပ် မြင်ရလေရာ ကိုအမိုးအားတွင် [illegible] လှ[illegible] သစ်မျှင်များကို ဆွဲ[illegible]ကာ သစ်ဆေး[illegible] ကျန်းညှိထားသော ဆီမီးတိုင်မှ အရောင်သည် အားမန်[illegible] လင်းနေစေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ညော့ခန်းမထဲတွင် ထိုင်ခုံများများ မရှိပါ၊ စုစုပေါင်း ထိုင်ခုံ ဆယ်လုံးသာ ရှိသည်၊

ထိုင်ခုံများ အလယ်ရှိစားပွဲမှာ ဘဲဥပုံစားပွဲဖြစ်ပြီး ညာဘက် ထိပ်ရှိ ဘဲဥပုံစားပွဲထိပ်တွင် ကတ္တီပါအစိမ်းရောင် ထိုင်ခုံမြင့် တစ်လုံး ရှိလေသည်၊

ထိုထိုင်ခုံတွင် အဝါရောင်ဝတ်စုံ ဝတ်ထားသော ကျူးစန်းက ထိုင်လျက်ရှိသည်၊

ကျူးစန်းသည် သာမန်မိန်းမများထက် ပိုမြင့်ကာ ကိုယ်လုံး ကိုယ်ပေါက်မှာလည်း ခန္ဓာကိုယ်နှင့် လိုက်ဖက်အောင် လှပ တင့်တယ်နေလေသည်၊

ကျူးစန်းနှင့်မျက်နှာချင်းဆိုင် ဘဲဥပုံစားပွဲထိပ်တွင် ကျူးရင် က ထိုင်လျက်ရှိသည်၊

ထူးခြားသည်မှာ ညီအစ်မသုံးဦးလုံး၏ မျက်လုံးများမှာ တောက်ပ၍ အရောင်တလက်လက် ထွက်နေသည်ဟု ထင်ရ လေသည်။ ကျူးစန်းနှင့် ကျူးရင်တို့၏ မျက်နှာများမှာ ဣန္ဒြေ တည်ကြည်စွာဖြင့် ထိုင်လျက်ရှိကြသည်၊

ကျူးယုနန်နှင့်အတူ ဝင်၍လာသော တုံးရှောင်မှာ မဝံ့မရဲ ဖြစ်နေလေသည်၊

စားပွဲ၏ ထိပ်နှစ်ဖက်တွင် ညီအစ်မနှစ်ဦးမှာ ထိုင်နေကြ သောကြောင့် အလယ်ရှိထိုင်ခုံများတွင်သာ ဝင်၍ထိုင်လိုက်ကြ သည်၊

ထိုင်ခုံတစ်လုံးစီ၏ တစ်ဖက်တစ်ချက်ကျန်နေရာ တုံးရှောင် သည် သူ ဝင်လာမိရာ ကျူးရင်နှင့်အနီးဆုံးထိုင်ခုံတွင် ဝင်ထိုင်



လိုက်ပြီး ကျူးယုနန်မှာလည်း သူ့အစ်မအကြီးဆုံး ကျူးစန်း အနီးရှိထိုင်ခုံတွင် ထိုင်ချလိုက်မိလေသည်၊

ထိုကြောင့် တုံးရှောင်နှင့် ကျူးယုနန်တို့ နှစ်ယောက်ကြား တွင် ထိုင်ခုံနှစ်လုံးလွတ်နေလေသည်။

ညီမယုနန်၊ ဒီအချိန်ရောက်သော်မှ မမတို့ ဘာမှအားမနာ ပါနဲ့၊ ဟိုအမောင်လေးနာမည် ဘယ်သူ...

ကျွန်တော် နာမည် တုံးရှောင်...

ဟင်...ဒါဆိုမင်းဟာ စားမြေသိုင်းဝိဇ္ဇာကြီး တုံးလိန်စန်းရဲ့ သား...

တုံးရှောင်သည် ကျူးစန်းက သူ့ဖခင်အမည်ကို သိနေ၍ အံ့အားသင့်သွားသည်၊

ဟုတ်ပါတယ်၊ ကျွန်တော်ဟာ တုံးလိန်စန်းရဲ့ တစ်ဦးတည်း ရှိတဲ့သားပါ

ဟင်...

ကျူးရင်ထံမှ အံ့သြသံ ထွက်လာလေသည်၊

အင်း...မင်းဖေဖေရဲ့ကျူးဇူးဟာ မမတို့ညီအစ်မ သုံးဦး လုံးပေါ်မှာ ရှိပါတယ်ကွယ်၊ မမတို့ဒီအားထောင်ခုလုံးကိုသတ် ဖို့လာတဲ့ ယောက်ဆိုးတောင် သိုင်းဝိဇ္ဇာဖျူးထင်းရဲကို ဆရာကြီး တုံးလိန်စန်းသာ ဝင်ရောက်ခုခံမပေးရင် မမတို့ညီအစ်မ သုံးဦး လုံး ခုထိအသက်မရှင်တော့ဘူး

ဟင်...ဒါဆို ခမကျူးစန်းတို့ညီအစ်မက အရာကြီးကျူးရိန် ဝေ့ရဲ့သမီးတွေပေါ့

တုံးရှောင်က အံ့အားသင့်သံဖြင့် ပြောလိုက်လေတော့၏၊

www.burmeseclassic.com

www.burmeseclassic.com



ကျူးစန်းမှာ ထိုစကားကြောင့် ပြုံးကာခေါင်းညိတ်လိုက်လေတော့သည်။

'ဟုတ်တာပေါ့ကွယ်၊ မင်းဖေဖေက ဒီအကြောင်းတွေ မင်းကိုပြန်ပြောပြဖူးလို့လား'

တုံးရှောင်၏မျက်နှာ အကြိတ်ကိုပြန်၍သတိရသွားပုံမျိုးဖြင့် ညှိုးလျှသွားသည်။

'အင်း....သက်သေတော့ ဖေဖေဟာဒဏ်ရာကြီးနဲ့ ပြန်လာတာဟာ သက်ဆိုးတောင်သိုင်းဆရာကြီး ဟူးထင်းရဲနဲ့ တိုက်ခိုက်ခဲ့တဲ့တိုက်ပွဲကပြန်လာတာပေါ့....

'အဲဒီညက ဖေဖေ့ကို ဆန်းခေါင်အချိန်အထိ ကျွန်တော်မျှော်နေခဲ့တာ၊ ဖေဖေဟာ မိုးလင်းခါနီးမှ အိမ်နောက်ဖေး တံခါးမှာ ရင်ဝကိုလက်နဲ့အုပ်ပြီး မကျော့မှိုထိုင်နေတာ တွေ့ရတယ်'

ကျူးစန်း၊ ကျူးရင်နှင့်ကျူးနန်တို့ ညီအစ်မသုံးယောက်လုံးမှာ ငြိမ်သက်စွာနားထောင်နေသည်။

'ဖေဖေက သား....ဖေဖေ လူမည်ကာလေး သုံးယောက်ရဲ့အသက်ကိုကယ်ဘတ်လာခဲ့တယ်၊ ဖေဖေသေပျော်ပါပြီလို့ ပြောခဲ့တဲ့စကားကို ကျွန်တော်ခုထိကြားယောင်နေတုန်းပဲ၊ ဒီတုန်းက ကျွန်တော့်ရဲ့အသက်က ငါးနှစ်သားဆိုတော့ ဖေဖေ့ကိုချစ်တာနဲ့စိုးရိမ်တာ တစ်ခုပဲသိတယ်....

'ကျွန်တော် ဖေဖေ့ကိုဖက်ပြီးငိုတယ်၊ ဒီနောက်တော့ ဖေဖေအကြာကြီး သတိမေ့နေတာပဲ သိရတယ်၊ ဖေဖေဟာဒီဒဏ်ရာနဲ့ပြန်လာပြီး တစ်လလောက် အကြာမှာ ဘဝတစ်ပါးသို့ ပြောင်းသွားရှာပါတယ်'



ကျူးစန်းက သူ့မျက်ဝန်းအိမ်တွင် စို့ထွားလာသော မျက်ရည်များကို လက်ကိုင်ပဝါနှင့် တို့လိုက်လေသည်။

'အမှန်တော့ ဆရာကြီးတုံးလီစန်းဟာ ကကယ့်ကို [illegible] သိုင်းဝိဇ္ဇာပါ၊ သေစရာအကြောင်းမရှိပါဘူး [illegible] ဖေဖေ့ကြီးနဲ့ မပတ္တိညီအစ်မနှစ်ယောက်ကို လက်တွဲ၊ အခု မင်းရဲ့ချစ်သူ ကျူးယုံနန်ကိုချီပြီး ဒီစိမ်းမြကန်သာဂူကိုလာပြီး ကွက်ထားပေးတယ်၊ ဒါကြောင့် သူဟာဒဏ်ရာပိုပြင်းသွားလို့ သေရတာ၊ မမတို့ မင်းကိုကျေးဇူးဆပ်စရာတွေ ရှိနေပြီပေါ့ကွယ်'

တစ်ချက်ရှိုက်လိုက်ရင်း ပြောလိုက်သော ကျူးစန်း၏စကားကြောင့် ကျူးရင်နှင့် ကျူးယုံနန်တို့ပါ မျက်ရည်ဝဲလာကြလေသည်။

'ကဲ.. ယုံနန်၊ မင်းဟာ ဒီလိုကိုယ့်ကျေးဇူးရှင်ရဲ့သားနဲ့ချစ်သူဖြစ်တဲ့အတွက် မဖေ့ကူကိုယူပါတယ်၊ မင်းတို့နှစ်ဦးကိုမကန့်ကွက်စရာမရှိပါဘူး'

'ရှင်'

'ဗျာ'

ကျူးစန်း၏စကားကြောင့် မည်သို့မျှမပတ်သက်သော တုံးရှောင်နှင့်ကျူးယုံနန်တို့မှာ အံ့အားသင့်သွားကြသည်။

'ကျွန်တော်ရှင်းပြပါရစေ'

တုံးရှောင်က ထရပ်ရင်း ပြောလိုက်သည်။

ကျူးစန်းက တုံးရှောင်ကို လက်ဝါးကာပြလိုက်လေတော့သည်။

www.burmeseclassic.com



'ဘာမှ ရှင်းပြမနေပါနဲ့ကွယ်၊ ဆရာကြီး တုံးလိန်စန်း ကြောင့် မင်းက ကျူးယုနန်းကို လက်ထပ်ဖို့ ဘာမှအားနာစရာ မလိုပါဘူး'

'အုံ့ပါဘူး မနေ့ယ်၊ မကြာသူ ကိုယ်တိုင်မယ်ဆိုလို့ ကျွန်မ က...'

ကျူးယုနန်က အပြစ်ရှိမှုကို ရှင်းပြခွန် ကြိုးစားလိုက်လေ တော့သည်။

'ညီမ ယုနန်း မအေအားလုံးကို ခွင့်လွှတ်ပါတယ်၊ ဘာမှဖုံး ကွယ်စရာတွေ ပြောမနေပါနဲ့တော့၊ မမ မောင်လေး တုံးရှောင်ကို သတ်မဟုတ်လုပ်တုန်းက ညီမဟာ တုံးရှောင်ကို ဘယ်လောက်ချစ်တယ်ဆိုတာ ပေါ်လွင်သွားပါပြီ'

'အဲဒါက'

ကျူးယုနန်က ထပ်ရှင်းပြဖို့ ကြိုးစားသည်။

'အဲဒါက ကိုယ့်ချစ်သူကို ကိုယ့်အသက်ထက် အရှက်ထက် ချစ်ကြောင်း ညီမက ဆက်သေပြလိုက်တာပေါ့၊ မောင်လေး တုံး ရှောင်ကလဲ ကျူးကျော်ဂျာ... မယ်ဆိုတဲ့ မြစိမ်းကန်ယာ ကိုစွန့်ပြီး လာတာ... ညီမကို သူ့အသက်ထက် ချစ် ကြောင်း သက်သေပြလိုက်တာပေါ့'

ကျူးစန်းက စွတ်အရှက်ပြောဆိုနေသောကြောင့် တုံးရှောင် နှင့် ကျူးယုနန်တို့သည် မည်သို့မျှ ရှင်းပြ၍ မရတော့ပေ။

'မင်းတို့နှစ်ယောက်လုံး မတွေ့ရမှာ ဘယ်လောက်အနေ ဆင်းရဲခြင်းတယ်ဆိုတာ မတွေ့နှစ်ဦးလုံး သိပါပြီ၊ တစ်ဦးနဲ့ တစ်ဦး လွတ်လွတ်လပ်လပ် ချစ်ချစ်ခင်ခင်နေပါကွယ်'



အခန်းထဲတွင် ကျူးရှင်ကပေါ့ သူတို့နှစ်ဦးကို ချစ်သူဟု ခံယူ ယုံကြည်ကာ ဝမ်းမြောက်ပြောလိုက်ပြန်သည်။

'ကဲ... မောင်လေးတုံးရှောင်က ညီမနံဘေးကိုရွှေ့၊ ညီမ ကျူးယုနန်ကလဲ မောင်လေးနဲ့နီးအောင် ထိုင်ခုံရွှေ့ပြီး ထိုင်'

ကျူးစန်းက အမိန့်ပေးသည့်အတိုင်း တုံးရှောင်နှင့်ကျူးယုနန် တို့မှာ မငြင်းနိုင်ကာ မတုန့်မလှုပ် သိုင်းနံမြေနေရာတွင် ထိုင်လျက် ရှိကြသည်။

'ကဲပေါ့... ဒီနှစ်ယောက်ဟာ အရှက်သိပ်ကြီးနေပြီ၊ နေပါ စေဦး၊ ညီမကျူးရှင်ရဲ့ဒီညတော့ မင်္ဂလာအထိမ်းအမှတ်အဖြစ် တို့ မီးပုံပွဲလုပ်ကြတာပေါ့၊ ကျူးရှင် သူတို့နှစ်ယောက်အတွက် စီစဉ်စရာရှိတာ စီစဉ်နော်'

'ဟုတ်ကဲ့ မမ'

ကျူးရှင်သည် နေရာမှ ထသွားလေသည်။

ကျူးရှင်က သူတို့သီအမ်မသုံးယောက် အတူအိပ်စက်သော ဂူအတွင်းရှိ ... မတစ်ခုထဲမှ စောင်နှင့်ခေါင်းအုံးများကို ယူ ဆောင်ကာ မျက်နှာချင်းဆိုင်ရှိ အခန်းနှင့် ချုံနွယ်များ အုပ်ဆိုင်း နေသော ဂူတွင်းရှိ ဂူခန်းငယ်လေးထဲသို့ရွှေ့ကာ ယူဆောင်လာ လေသည်။

'ဟင်... ဘာလုပ်တာလဲ မမ'

မျက်နှာနီရဲကာ ရှက်ရွံ့စိတ်ဖြင့် ကျူးယုနန်ကလှမ်းမေးသည်။

'ညညီးဘာ အဖော်ရနေပြီဆိုတော့ နေရာပြောင်းရမှာပေါ့ အေ၊ ဒီနေရာက ညညီးတို့နှစ်ယောက်အတွက် မင်္ဂလာဦး ညအဖြစ် ဟင့်တယ်ပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဟင်'

သူတို့နှစ်ဦးအား အခန်း တစ်ခန်း၊ အပ် ခြင်း ဖြစ် ကြောင်း တုံးရှောင်သဘောပေါက်လိုက်သည်၊

မကြာမီ ဂူခန်းလေးထဲတွင် လုပ်သော ပိုးလိုက်ကာများနှင့် နှစ်ယောက်အိပ်စရာ အခင်းအကျင်းကို ကျူးရင်ပြင်ဆင်လိုက်လေသည်၊ ကျူးစန်းသည် ကလာဘာ အစားအသောက်များအဖြစ် ထားသော ဝက်ပေါင်ခြောက်များ၊ အသားကင်များ၊ ငါးခြောက်များယူကာ စားပွဲပေါ်တွင် ခင်းကျင်းလိုက်သည်၊ -

'မဖတ္တိနှစ်ယောက်လုပ်ပုံနဲ့ ယုနန်တော့ ရှက်လိုသေမှာပဲ'

ယုနန်က မျက်ရည်များကိုသုတ်ကာ ငိုသံဖြင့် ပြောလိုက်၏၊

'တန်ခဆောင်မနေပါနဲ့ ယုနန်ရယ်၊ ဒါ ရှက်စရာမှ မဟုတ်တာ၊ မောင်လေးတုံးရှောင်ကိုလဲ အားနာပါဦး'

အစားအသောက်များကို စားပွဲပေါ်သို့ချရင်း ကျူးစန်းက ပြောလိုက်သည်။

'အဟင့်...ဟင့်'

ကျူးယုနန်က မျက်နှာကို လက်ဝါးနှင့်အုပ်ကာ တသိမ့်သိမ့် ငိုကြွေးနေလေသည်၊

'မငိုပါနဲ့ ညီမရယ်၊ အစ်ကို ညီမကို သစ္စာရှိမှာပါ'

တုံးရှောင်က ကျူးယုနန်ဘေးသို့ တိုးထိုင်ရင်း ခပ်ဘိုးဘိုး ပြောလိုက်သည်၊

'အို...ဟိုဘက်ကိုတိုးပါ'

ကျူးယုနန်က တုံးရှောင်ကို လက်နှင့်တွန်းကာ ပြောလိုက်လေသည်။



'ဟေ...ဟေ၊ ကောင်မလေး တစ်ယောက် ရှက်နေပြီဟ... ဟိ'

'ခစ်...ခစ်...ခစ်'

အစ်မနှစ်ဦးက ကျူးယုနန်ကိုကြည့်ကာ လှောင်ရယ် ရယ်လိုက်လေသည်။

တုံးရှောင်သည် ရန်သူလိုက်၍ပြေးရာ မထင်မှတ်ဘဲ မိန်းမရသော အဖြစ်မျိုးကို ဆိုက်နေလေသည်။

သူ့အဖေ၏ကျေးဇူးရှိသော နတ်ပေးမီးသုံးဖော်တို့နှင့် ဆုံရသောကြောင့် သူ့အားဟက်ခဲ့မိသည်က အမှန်ပင်ဖြစ်သည်၊

သို့သော် သူ့အစ်မများ၏ ဇွင်တရှက်နိုင်မှုကြောင့် ဒုက္ခရောက်နေရသော ကျူးယုနန်ကို သနားသည်၊

စားသောက်ပြီးသောအခါတွင် ကျူးစန်းနှင့်ကျူးရင်တို့သည် ယူတို့ညီအစ်မသုံးဦး ယခင်က အိပ်စက်ခဲ့သည့် ကျောက်ဂူအခန်းထဲသို့ဝင်ကာ တံခါးပိတ်၍ အိပ်ရာဝင်ကြလေတော့သည်၊

စားပွဲတွင် ကျူးယုနန်နှင့် တုံးရှောင်တို့ နှစ်ဦးသာ ကျန်ရစ်ခဲ့သည်၊

စားပွဲပေါ်တွင် လှပသော လချေးစက္ကူဖြင့် ပြုလုပ်ထားသည့် မီးအိမ်လေးရှိသည်၊

မီးအိမ်လေးထဲတွင် ဖယောင်းတိုင်ကို ထွန်းညှိထား၍ အလင်းရောင်မှာ လှိုအပ်သည်လောက်သာ ပျံ့နှံ့ထွန်းလင်းနေလေသည်၊

www.burmeseclassic.com

www.burmeseclassic.com



ဂူအမိုးပေါ်မှ ဆီမီးတိုင်ကြီးမှာလည်း အချိန်အကန့်အသတ်နှင့် ထွန်းညှိထားခဲ့ခြင်းဖြစ်၍ ကုန်ဆုံးငြိမ်သက်သွားလေပြီ။

တိုးရှောင်သည် ကျူးယုနန်ကို လှည့်ကြည့်လိုက်သည်။

သူမသည် ကျောက်နံရံတစ်ချပ်လို ငြိမ်သက်နေသည်။

သူ၏မျက်လုံးများသည် စားပွဲပေါ်သို့ ငေးစိုက်ကြည့်နေလေသည်။

တစ်စုံတစ်ရာကို သူမ ငေးငေးမောမော တွေးတောနေခြင်းပင် ဖြစ်ဟန်တူသည်။

'ညီမ'

အသံခပ်တိုးတိုးဖြင့် တိုးရှောင်က ခေါ်လိုက်သည်။

တိုးရှောင်ခေါ်သံကြောင့် ကျူးယုနန်မှာ ဆတ်ခနဲ တွန့်သွားလေသည်။

ထူးသံမပေးဘဲ ကျူးယုနန်က တိုးရှောင်ကို လှည့်ကြည့်လိုက်သည်။

'ဒီဂူထဲမှာ အစာကိုအိပ်စရာနေရာ တခြားမှာ ရှိသေးလားဟင်'

ကျူးယုနန်က ခေါင်းခါပြလိုက်သည်။

ထိုစဉ်မှာပင် သူမ၏မျက်လုံးများ စိုစိုစွတ်စွတ် ဖြစ်လာသည်ကို တွေ့လိုက်ရလေသည်။

'ဟင်...နေတွေပလား'

'ဟုတ်တယ်၊ ဒီဂူထဲမှာ ညအက်ဆိုရင် ရေအက်တတ်တယ်လေ'

'ဩော်...ထူးဆန်းလိုက်တာ'

တိုးရှောင် အံ့အားသင့်အားသည်။



သူတို့နှစ်ဦးအတွက် သတ်မှတ်ထားသော ဂူပေါက်အခန်းထဲသို့ လှမ်းကြည့်လိုက်လေသည်။

ထိုအခန်းသည် လှေကားထစ်များဖြင့်တက်ရပြီး လူတစ်ရပ်စာသောက် မြင့်နေခဲ့လေသည်။

'ရေက ဘယ်လောက်ထိ တက်သလဲ'

'ရေက ဒီကစ်ခန်းလုံးပြည့်ပြီးတော့ ဟိုလှေကားထစ် အထိ တက်တာပေါ့၊ ဒီစိမ်းမြန်နှိုးအခါက ပင်လယ်နဲ့ ဆက်နေတယ်လို့ မမက ပြောတာပဲ'

'ဒါဆို ဒီအခန်းသုံးခန်းပဲ ရေမဝင်နိုင်တာပေါ့နော်'

မျက်နှာချင်းဆိုင် အခန်းနှစ်ခန်းအပြင် ယခုသူတို့စားသောက်နေသည့် အခန်းကျဉ်းလေးရှေ့ရှိ စားသောက်စရာများထားသော အခန်းကျဉ်းလေးကို ရည်ရွယ်ကာ ပြောလိုက်ခြင်း ဖြစ်လေသည်။

ဂူထဲသို့ဝင်လာသော ရေတို့သည် တဖြည်းဖြည်း မြေဝါးများကို စိုစွတ်စေပြီးသည်။

'လာ...တော်ကြာ အခက်ကြီး အပွတ်အစားတွေ ရေနတွေစိုကုန်လိမ့်မယ်'

ကျူးယုနန်က ခပ်တိုးတိုးပြောကာ ထလိုက်သည်။

ပြီးနောက် တိုးရှောင်ထံသို့ လက်တစ်ဖက် ကမ်းပေးလိုက်လေသည်။

တိုးရှောင်က ကျူးယုနန်၏လက်ကို သူ၏လက်ဖြင့် ဆုပ်ကိုင်ထားလိုက်သည်။

ပြီးနောက်...

www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ဦးအတွက် သတ်မှတ်ထားသောအခန်းထဲသို့ ဝင်လာခဲ့ကြသည်။

ကျူးယုနန်သည် ကျောက်ခုတင်ပေါ်တွင် နှစ်ယောက်အိပ်စရာ ဖဲခမွေ့ရာနှင့် အခင်းများကို ပြင်ဆင်ပေးသွားလိုက်လေသည်။ ဂူနံရံတွင်ချိတ်ထားသော မီးအိမ်လေးမှာ အမိုးချွန်ချွန်ဘုရားကျောင်းပုံလေးဖြစ်၍ ချစ်စဖွယ်ဖြစ်သည်။

အတွင်းတွင် မှောင်တိုင်ထွန်းညှိထားပုံရ၍ အိပ်ခန်း၏နံရံများတွင်လည်း အဝါနုရောင်ဇာပဝါများကို လှလှပပချိတ်ဆွဲထားသည်။

သူတို့တက်လာခဲ့သောတံခါးကို ကျူးယုနန်ကပိတ်ကာ တံခါးမင်းတုတ်ကို ချ လိုက်သည်။

ထိုအခန်းမှာ လုံခြုံလှပြီး အပူအအေးအလွန်မျှတသည်ကို တွေ့ရသည်။

အလုံပိတ်အခန်းဟု ထင်မှတ်ရသော်လည်း အသက်ရှူကျပ်ခြင်း၊ စိတ်အိုက်ခြင်း မဖြစ်ရပေ။

အခန်းထဲတွင်ရှိသော ခုတင်၊ စားပွဲနှင့် ကုလားထိုင်တို့မှာ ကျောက်သားများကို ထုလုပ်ထား၍ ပုံသေနေရာ ချ၍နေပေ။

'အင်း... ဒီလောက်လက်ရာမြောက်တဲ့ ကျောက်သားခုတင်တွေ၊ ကုလားထိုင်တွေကို ဘယ်သူများ လုပ်ခဲ့ပါလိမ့်'

ခုတင်ပေါ်တွင် ထိုင်လိုက်ကာ တုံးရှောင်က ရေရွတ်လိုက်သည်။

ကြည့်စရာမှန်ဝိုင်းလေး ချိတ်ထားသော စားပွဲရှေ့ရှိ ကုလားထိုင်တွင် ထိုင်ရင်း ဆံပင်များကို ဖြီးသင်နေသော ကျူးယုနန်ဆီ—



'ရှေးက မင်းတစ်ပါး ခိုအောင်းဖူးတဲ့ဂူလို့ သိရတယ် အစ်ကိုရဲ့၊ ဒါကြောင့် ဒီထဲမှာ နေစရာတွေ၊ ကျောက်ခုတင်၊ ကျောက်ကုလားထိုင်တွေ ရှိနေတာပေါ့၊ ပြီးတော့ သိပ်လုံခြုံတယ် မဟုတ်လား'

'အစ်ကိုတို့ အသက်ရှူတဲ့လေက ဘယ်ကဝင်လာသလဲ'

'ဒီကျောက်ပြားတွေက အလုံပိတ်မဟုတ်ဘူး၊ သေးငယ်တဲ့လေပေါက်တွေက အမိုးနဲ့ နံရံတွေမှာရှိတယ်၊ မျက်လုံးနဲ့တော့ မမြင်ရဘူး'

လိုက်ကာတစ်ခုကြားသို့ ထ၍ဝင်သွားသော ကျူးယုနန်မှာ အဝတ်အစား လဲနေပုံရသည်။

ထွက်လာသောအခါတွင် ရိုးရှင်းသော အနီရောင်ဂါဝန်ပွလေးကို ဝတ်လာသည်။

လက်ပြတ်ဖြစ်၍ဖြူဝင်းသောလက်မောင်းသားများပေါ်လွင်နေလေသည်။

ယင်ချုန်တောင်ကုန်းဒေသသို့ သူဝင်ဝင်ချင်း မမျှော်လင့်ဘဲ လူဆိုးနှစ်ဦးနှင့်တွေ့ကာ လုယက်တိုက်ခိုက်ခံရပြီး သတိမေ့နေခဲ့ရ၏။

သတိရ၍ ထပြေးလာသောအခါတွင် စိမ်းမြကန်သာသို့ ရောက်လာကာ နတ်သမီးသုံးဖော်နှင့်တွေ့ပြီး အငယ်ဆုံးညီမ ကျူးယုနန်နှင့် ချက်ချင်းလက်ထပ်လိုက်ရသည့် သူ့ဘဝကို တွေးကာ အံ့သြနေလေသည်။

ကျူးယုနန်က ဆံပင်များကို လက်နှစ်ဖက်နှင့် သပ်ရင်း တုံးရှောင်၏ဘေးတွင် ဝင်ထိုင်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



'အစ်ကိုတုံးရှောင်၊ နေရာသိုင်ရ ခက်နေပြီလား ဟင်'

အားတုံအာ ရွှေနှာမျက်နှာဖြစ်နေသော တုံးရှောင်ကို ကြည့်ပြီး ကျူးယွန်နက ပြုံး၍ပြောလိုက်သည်။

သူမမျက်နှာသည် အပြစ်ကင်းသော ကလေးငယ်တစ်ဦးလို ချစ်စဖွယ် ဖြစ်နေလေသည်။

'ညီမ အစ်ကို့အဆက်ကို ကယ်ချင်တာနဲ့ အခုလိုဖြစ်ရတာကို စိတ်မကောင်းပါဘူး၊ အစ်ကိုတို့ ရှင်းပြတာကိုလဲ မမကျူးစန်းက လက်မခံဘူးနော်'

ကျူးယွန်နက ခေါင်းညိတ်လိုက်လေသည်။

'အဲဒါ ကျွန်မအပြစ်လဲပါတယ်'

'ဟင်...ဘာဖြစ်လို့လဲ'

'ကျွန်မက ဘာစည်းရှယ်ချက်မှမရှိဘဲ မမကို အမြဲ စ လေ့ရှိတယ်၊ ကျွန်မချစ်သူက မော်မုခင်းတဲမှာရှိတယ်၊ ကျွန်မသွားချိန်းတွေ့လိုက်ဦးမယ်လို့ပြောပြီး မော်နှစ်ရယ်ဘက်ကို မကြာခဏပုန်းပြီး နေလေ့ရှိတယ်၊ အခု ရှင်ကမှ မမျှော်လင့်ဘဲ ရောက်လာတော့ မမကျူးစန်းက အဲဒါကို အတည်ထင်သွားတာပေါ့'

ကျူးယွန်နက ချိုသာသောအသံလေးဖြင့် ရှင်းပြနေလေ၏။

'လက်စသတ်တော့ ညီမက အစ်မတွေကို အနောက်လှန့်သွားတာကိုး၊ ဒါပေမယ့် ညီမ ဘာ စိတ်မပူပါနဲ့၊ အစ်ကိုဟာ သစ္စာရှိတဲ့ ယောကျ်ားတစ်ယောက်ပါ၊ ညီမကို အစ်ကို ကျေးဇူးရှင်တစ်ယောက်အနေနဲ့ အမြဲကိုလွမ်းသွားပါမယ်'

ကျူးယွန်နက ခေါင်းခါလိုက်သည်။

'မဖြစ်နိုင်ဘူး အစ်ကို'



'ဟင်...ဘာဖြစ်လို့လဲ'

မမကျူးစန်းက သိပ်ဒေါသကြီးတာပဲ၊ သူ့ရဲ့စခန်းထဲကို ရောက်လာတဲ့ ဘယ်လူစိမ်းကိုမှ အသက်ရှင်လျက် အပြင်ကို ပြန်ထွက်ခွင့်မပေးဘူး၊ ဒါကြောင့်မို့လို့လဲ ရှင့်ကို သူ့လူတစ်ဦး ဖြစ်အောင် ကျွန်မနဲ့ အမြီးအမိုက်လက်ထပ်ပေးလိုက်တာပဲ'

'ဒါဆို အစ်ကိုဘယ်ကိုမှ သွားလို့မရဘူးပေါ့'

ကျူးယွန်နက ပြုံး၍ခေါင်းညိတ်ပြလိုက်ရင်း–

'စိတ်ပျက်သွားပြီလား အစ်ကိုတုံးရှောင်၊ ကျွန်မနဲ့ အတူ မနေချင်လို့လား'

ဟု မေးလိုက်၏။

'ဟင့်...မဟုတ်ပါဘူး၊ အစ်ကို့မှာ ဂိုလိုသမားတစ်ထားမျိုး မျိုးပါဘူး၊ ညီမကသာ...'

စကားကိုမဆက်ဘဲ တုံးရှောင်က ရပ်ထားလိုက်လေသည်။

'ညီမက ဘာဖြစ်လဲ'

ကျူး ယွန်နက မျက်လုံးလေးဝိုင်း၍ မေးလိုက်လေသည်။

'အစ်ကို့ကြောင့် ဘဝမှာ အနှစ်နာခံလိုက်ရပြီပေါ့၊ ညီမ အစ်မတွေက ညီမကို ကယ်ချင်တဲ့သူနဲ့ လက်ထပ်ပြီလို့ ထင်နေတာ မဟုတ်လား'

ကျူးယွန်နက ခေါင်းငုံ့ထားရင်းမှ ခေါင်းညိတ်ပြလိုက်လေသည်။

'ဒီလိုဆိုတော့ ညီမရဲ့ပျိုဂုဏ်ဟာ အစ်ကို့ကြောင့် ထိခိုက်နေပြီပေါ့၊ ညီမအစ်ကို့ကို ဘာလို့ကယ်လိုက်ရတာလဲ'

'သနားလို့'

www.burmeseclassic.com



ကျူးယုနန်က မပွင့်တပွင့်ပြောသည်။

'သနားရှာတင်ပဲလားဟင်'

ကျူးယုနန်ပခုံးကို သူ့ဘက်သို့ဆွဲယူရင်း တုံးရှောင်က မေးလိုက်သည်။

'အစ်ကိုနော်၊ ကတိမတည်တဲ့ ကျွန်မကို အနိုင်ကျင့်တော့မလို့လား'

ကျူးယုနန်က ငိုသံလေးဖြင့် ပြောလိုက်၍ တုံးရှောင် ပခုံးကို ဖက်ထားသောလက်ကို လွှတ်ပေးလိုက်ရ၏။

သို့သော် ပြုံးနေသော ကျူးယုနန်၏မျက်နှာကို အကဲခတ်မိသောအခါတွင် တုံးရှောင်သည် အားမလို အားမရဖြစ်ကာ ကျူးယုနန်တစ်ကိုယ်လုံးကို သိမ်းကျုံးပွေ့ဖက်လိုက်လေသည်။

ကျိထန်းချန်းသည် သစ်သီးပို့သမားကို ခေါ်ယူစစ်ဆေးကြည့်သော်လည်း အားဖြည့်သစ်သီးထဲတွင် ပါလာသော နတ်သမီးအဆိပ်ကို မထည့်သည့်အကြောင်းကို သစ်သီးပို့သမားက ဖြေရှင်းခဲ့သည်။

မယုံကြည်ပါက သူ၏မိဘများကိုခေါ်ယူကာ ဖြေရှင်းမည်ဖြစ်ကြောင်း သစ်သီးပို့သမားက ရိုးသားစွာ ပြောပြသည်ကို ကြည့်လျက် နတ်သမီးအဆိပ်အပ်အစိုက်ခံရသည့် ပန်းသီးကိစ္စမှာ ဆက်လက်စုံစမ်း၍မရတော့ပေ။

'တောက်...ဒါဟာ ဘာပဲပြောပြော နတ်သမီးသုံးဖော်ရဲ့ လက်ချက်ပဲ၊ သူတို့ဆီက အဆိပ်အင်သာမသုံးခဲ့ရင် ဒီပန်းသီးထဲကို ဘယ်လိုလုပ် အဆိပ်ရောက်မလဲ'

ညှော်ခန်းတွင်ထိုင်ရင်း ကျိထန်းချန်းက မကျေမနပ်ဖြင့် ကြိမ်းဝါးလိုက်သည်။

www.burmeseclassic.com



'နတ်သမီးသုံးဖော်နဲ့ ကျွန်တော်တို့နဲ့က ဘာရန်ငြိုးရန်စမှ မရှိကြဘဲ အစ်ကိုထန်းချန်း၊ သူတို့က မီးနဂါးသိုင်းကို ဖျက်ဆီးရောအကြောင်း မရှိပါဘူး'

'ဒါဆိုရင်တော့ ဒီကိစ္စမှာ ရှိုးသားမှုတစ်ခုခုတော့ ရှိနေပြီ၊ ဒီနေ့ညနေလူစုမေ့၊ ပြောစရာရှိတာကြောင့်ရမယ်၊ ကောင်းချိန် ရော ကောင်းချိန်ကို မတွေ့တော့ကြဘူး'

'ကောင်းချိန်ကိုကျွန်တော် ပြန်ဖြစ်ခေါ်ပေးပြီး တောင်ပေါ်အောက်မှာ ကျွန်တော်ကျောက်ကုလားထိုင် လုပ်ခိုင်းထားတယ်'

'ဘာ'

'ဟုတ်ပါတယ် အစ်ကို'

'မင်းကလဲ...ဒါရွာသားကျောက်ဆစ်သမားတွေ လုပ်ရမယ့်အလုပ်၊ သွား...ကောင်းချိန်ကိုပါ သွားခေါ်၊ သူ့ကို တောင်ပေါ်မှာမနေခိုင်း၊ ဒီအချိန်ဟာ သိပ်အရေးကြီးတယ်၊ မီးနဂါးသိုင်းပညာကိုသိပါးလာရင်တော့ မင်းတို့စည်းလုံးမှ ဒီပညာဟာ ရေရှည်ခိုင်မြဲနိုင်မှာ၊ ရှိမှာ မင်းတို့ကို အမှည့်ခြွေခြွေပြီး တစ်ယောက်မကျန် ကြကုန်လိမ့်မယ်'

'ဟုတ်ကဲ့'

မီးနဂါးတောင်ထိပ်ပေါ်ရှိ သစ်သီးတစ်လုံး၌ နတ်သမီးအဆိပ်ပါသော မှုနှင့်ပတ်သက်၍ ထိုနေ့ညနေတွင် မျက်နှာစုံညီ အစည်းအဝေးခေါ်ကာ မီးနဂါးသိုင်းဝိဇ္ဇာကြီး ကျိုထန်းချန်ကသတိပေးစကားပြောကြားလိုက်လေသည်။

တကယ်တော့ သို့နတ်သမီးအဆိပ်ကို ယူဆောင်လာသူမှာ ကောင်းချိန်ပင်ဖြစ်၍ ကောင်းချိန်သည် နတ်သမီးသုံးဖော်နှင့်



အဆက်အသွယ်ရှိသော ရွာသားတစ်ဦးထံမှ ဝယ်ယူခဲ့ခြင်း ဖြစ်လေသည်။

'ဒီတော့ မင်းတို့အားလုံးသတိဝီရိယနဲ့နေပါ၊ ဒီတောင်ပေါ်ကို လူစိမ်းတစ်ယောက်ခိုးဝင်ပြီး ပန်းသီးထဲကို အဆိပ်အပ်နဲ့ စိုက်တာလဲဖြစ်နိုင်တယ်၊ ဒီလိုသာဆိုရင်တော့ တို့ရဲ့မီးနဂါးတောင်ကြီးဟာ လုံခြုံမှုမရှိတော့ဘူးလို့ ဆိုရတော့မှာပဲ'

ကောင်းချိန်တို့သုံးဦး လိုကျွန်းယိန့်ကျိုယုလင်းတို့မှာ ရှေ့တွင်ငြိမ်သက်စွာ ထိုင်နေကြလေသည်။ ကောင်းချိန်က စိတ်ထဲက တွေးလိုက်လေသည်။

'တော်သေးတာပေါ့၊ ဆရာ ထန်းချန်းက ချောင်းအိုမှုကို အပြစ်မမြင်လို့၊ ချောင်းအိုမှုကိုသာ သေချာ စစ်ဆေးရင်တော့ ပေါ်တော့မှာသေချာတယ်'

ချောင်းအိုမှုနှင့် ကောင်းချိန်တို့သည် တစ်ဦးမျက်နှာ တစ်ဦးကြည့်ကာ စိတ်အေးသွားကြ၏။

'ကောင်းချိန်'

ဆရာကျိုထန်းချန်းက ကောင်းချိန်ကို လှမ်းခေါ်လိုက်လေသည်။

'ဟုတ်ကဲ့...အမိန့်ရှိပါ ဆရာကြီး'

'ဒီမီးနဂါးသိုင်းပညာ အမွေခံတပည့်ထဲမှာ မင်းဟာအကြီးဆုံးပဲ၊ ဒီတော့ မီးနဂါးတောင် လုံခြုံရေးနဲ့ ပတ်သက်လို့ မင်းမှာတာဝန်အရှိဆုံး၊ မင်းလက်အောက်က တပည့်တွေကို လုံခြုံရေး အစီအစဉ်နဲ့ပတ်သက်ပြီး တာဝန်ပေးပါ၊ နောက် ဒီလိုဖြစ်ရပ်မျိုး ပေါ်မကြားချင်ဘူး'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့၊ အမိန့်ရှိပါဆရာကြီး'

လူအများရှေ့တွင် သူ့ကိုပညာသင်ဘက် တပည့်များအား အုပ်ချုပ်ရန် အခွင့်အာဏာကို ပေးအပ်လိုက်ခြင်းခံရ၍ ကောင်းချိန့်ကျေနပ်သွားလေသည်၊

'ဒီတစ်ခါမင်းငါ့လက်ကဘယ်တော့လွတ်မလဲလုံကျန်းယီရာ'

ဟု စိတ်ထဲမှ တေးထားလိုက်လေဟော့သည်၊

❋

'လုံကျန်းယီ၊ ဟေ့ကောင် လုံကျန်းယီ ထစမ်း၊ ဒီကောင်အအိပ်ကြီးရေသလား'

မိုးလင်းတလင်းအချိန်တွင် အခန်းရှေ့မှ ဆော်သံကြောင့် မျက်လုံးများကိုပွတ်ကာ လုံကျန်းယီ ထလာခဲ့သည်။

အခန်းတံခါးကို ဖွင့်လိုက်၏။ တံခါးဝတွင် ရပ်နေသော ကောင်းချိန့်ကို သူတွေ့လိုက်ရသည်၊

'ဟင်…အစ်ကိုကောင်းချိန့်'

ကောင်းချိန့်က ဒူးလေးကိုထမ်းထား၏။ ကောင်းချိန့်အား တွင်ရပ်နေသော ရှောင်အုံမူက ထောင်ချောက်နှစ်ခုကို ကိုင်



ထား၏။ ယုန်ထောင်ချောက်နှင့် ငှက်ထောင်ချောက်နှစ်ခု ဖြစ်လေသည်၊

'ဆရာကြီးထန်းချန်းအတွက် မနက်ဖြန်ညစာစားပွဲတစ်ခု လုပ်လိမ့်မယ်၊ အဲဒါ ညစာ စားဖို့အသားကြိုက်ဖို့ အမဲလိုက်ထွက်ရမယ်၊ ထောင်ချောက်တစ်ခု ယူထားကွ'

ရှောင်အုံမူလက်ထဲက ထောင်ချောက်တစ်ခုကို ကောင်းချိန့် လှမ်းယူလိုက်သည်၊

'ခဏလေး…ကျွန်တော် အဝတ်အစား လဲလိုက်ဦးမယ်'

တောထဲသို့သွားလျှင် ခပ်ကြမ်းကြမ်း တောတိုးနိုင်သည့် အဝတ်အစားများကိုဝတ်ဆင်ရင်းအဝတ်အစားယူဆောင်လေ့ ရှိသည့်ကြိုးအစ်မျောင်းကို နှစ်ပတ်သုံးပတ် ပတ်ကာ ယူဆောင်လာခဲ့ကြလေသည်။

ထိုနောက် ကောင်းချိန့်တို့နှင့် အမဲလိုက်ထွက်ရန် လာခဲ့ကြလေသည်၊

အပြင်ဘက်တွင် ကျွဲရုံက ကောင်းကြီးတစ်လုံးကိုကိုင်ကာ စောင့်နေ၏။

'သွားကြစို့၊ လုံကျန်းယီ နိုးနေတာနဲ့ မိုးမလင်းခင်နေပြီ၊ တောကြီး ထဲ ရောက်နေပြီ'

သူတို့ထွက်ခွာ၍ စံအိမ်ရှေ့သို့အရောက်တွင် စံအိမ်တံခါးတစ်ချပ်ပွင့်လာသည်၊

တံခါးဝတွင် ကျိုယုလင်းက ရပ်နေ၏၊

'အစ်ကိုတို့ ဘယ်သွားမလို့လဲ'

'ဆရာကြီးမွေးနေ့အတွက် အမဲလိုက်သွားမလို့'

www.burmeseclassic.com

www.burmeseclassic.com



'ဟင်....ကိုကိုလုံကျန်းယိကို ဖေဖေ့ဆာ တောင်ထိပ်ပေါ်က မြက်ရိုင်းတွေခုတ်ဖို့ ခိုင်းထားတယ် မဟုတ်လား၊ နေခဲ့လေ'

ကောင်းချိန်တို့နှင့် အမဲလိုက်မထွက်စေလိုသောကြောင့် ကျိယုလင်းက လုံကျန်းယိကို တားမြစ်လိုက်ခြင်းဖြစ်သည်။

သို့သော် ထိုစကားကို ပါးနပ်သောကောင်းချိန်က လက်မခံ။

'မြက်ရိုင်းတွေခုတ်တော့ တို့ဗလားယောက်ချိုင်းခုတ်မှာပါ၊ အခု ယာက လူအင်အားလိုနေလို့ အဖော်ခေါ်သွားတယ်လို့ ဆရာကြီးသန်းရွှန်းကို ပြောလိုက်'

အချေအနေနှင့်ဖြစ်နေ၍ ကျိယုလင်းက တားမြစ်၍ မကောင်းတော့ပေ။

'သို့သော်....'

လုံကျန်းယိတို့ကား သတိပေးစကားကို လှမ်းပြောလိုက်လေသည်။

'အစ်ကိုလုံကျန်းယိ.... သတိထားနော်၊ အစ်ကိုကောင်းချိန့် ထိုက တောကျွမ်းတယ်၊ ရှင်ကတော့မကျွမ်းဘူး၊ သတိတော့ ထားသွား'

လုံကျန်းယိက ခေါင်းညိတ်ပြလိုက်သည်။ ကောင်းချိန်၏ စိတ်ထဲက....

'အေး...နှင့်ကောင် ခုအောင်ကြည့်ထား၊ ဒီနေ့မနက်မြင်ရတာ နောက်ဆုံးပဲ၊ နောက်ထပ်မြင်ရမှာ မဟုတ်ဘူး'

ဟု စိတ်ထဲကကျိတ်၍ ပြောလာခဲ့လေသည်။



ကောင်းချိန်သည် အချိန်ကိုက် လုံကျန်းယိကိစ္စ ပြတ်အောင် စီစဉ်ရန်ကြိုတင်အကွက်ချထားပြီး ဖြစ်လေသည်။

လုံကျန်းယိကတော့ ကောင်းချိန်၏အကောက်ကြံမှုကို မရိပ်မိပေ။

'အစ်ကိုကောင်းချိန်၊ တောင်ပေါ်မှာနေရတာ ကြာတော့ ပျင်းလာတယ်နော်၊ အဲဒီလိုအမဲလိုက်ရင် ကျွန်တော့်ကိုလာပြီး ခေါ်သာခေါ်ပါ'

'အေးပေါ့၊ တစ်ခါတလေ တောထဲသွားရတာ ပျော်စရာကောင်းပါတယ်'

ကျိုးရှင်က ရိုးရိုးသားသား ဝင်ပြောလိုက်ခြင်း ဖြစ်လေသည်။

ကောင်းချိန်သည် ကျိုးရှင်ကို မခေါ်မဖြစ် ခေါ်လာခဲ့ရသည်၊ သို့သော် သူ့အစီအစဉ်တွင် ကျိုးရှင်နှောင့်ယှက်မည်ကို စိုးရိမ်မိလေသည်။

ရှောင်အုံမှုကတော့ သူနှင့်စိတ်တူကိုယ်တူဖြစ်သောကြောင့် အကြောင်းမဟုတ်ပေ။

သူတို့သည် နှင်းများကျနေသော တောင်အောက်သို့ မိုးလင်းစအချိန်မှာပင် ဆင်းလာကြသည်။

တောင်ဆင်းလမ်းမှာ ကြောင်လိမ်လှေကားကဲ့သို့ မီးနဂါးတောင်ကြီးကိုပတ်၍ ဖောက်ထားကြောင်း လုံကျန်းယိ သိလိုက်ရသည်။

'ဟာ....ဒီတောင်ကို ပတ်ပြီးတော့ ကျောက်လှေကားထစ်တွေဖောက်ထားတာပဲ'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်ဗျာ၊ ခင်ဗျားဒီလှေကားထစ်တွေပေါ်ကို တစ်ခါမှမဆင်းဖူးဘူး၊ မတက်ဖူးဘူးလား၊'

ရှောင်အို့မူက မေးလိုက်ခြင်းဖြစ်သည်။

လုံကျွန်းယီအည် မိနဂါးကျောင်းပေါ်သို့ သူရောက်ရှိလာပုံကိုသတိရသွားလေသည်။

'တယ်တက်ဖူးပါသေး၊ ဒီတောင်ပေါ်ကို ကျွန်တော်က ခင်ဗျားလက်ချက်နဲ့ သတိမေ့ပြီး ရောက်လာတာလေဗျာ'

ရှောင်အို့မူက ထိုအခါမှသဘောပေါက်သွား၏။

'အင်း... ဟုတ်တာပေါ့၊ ခင်ဗျားကို ကျွန်တော်နဲ့အစ်ကိုချိန်နဲ့ ထမ်းပြီး ခေါ်လာခဲ့တာ၊ အင်း... ခင်ဗျားလဲ တော်တော်ကံကောင်းတဲ့လူပဲ၊ အခုဆို သိုင်းလောင် ရှိသွားပြီးနော်'

'ဟုတ်ကဲ့၊ ဘာပဲဖြစ်ဖြစ် ခင်ဗျားကို ကျွန်တော်ကျေးဇူး တင်ပါတယ် ရှောင်အို့မူ'

ရှောင်အို့မူနှင့် လုံကျွန်းယီတို့ ကောင်းကောင်းမွန်မွန်တွင်စကား ပြောဆိုလာသည်ကို နောက်မှလိုက်ပါလာသော ကောင်းချိန်နှင့်ကျိုးရှင်တို့က နားထောင်ရင်း လိုက်ပါလာသည်။

'ဘာဖြစ်လို့လဲဗျ'

ရှောင်အို့မူက နားမလည်သလို မေးလိုက်သေးသည်။

'ခင်ဗျားက ကျွန်တော့်ကို ဒဏ်ရာရအောင် လုပ်လိုက်လို့ ကျွန်တော့်ကို ဆရာကြီးကျဲထန်းချန်းက ကရုဏာသက်သွားတယ်၊ ဒါကြောင့် သိုင်းပညာ သင်ပေးရင်တောင် ဂရုတစိုက် သင်ပေးတယ်ဗျ'



လုံကျွန်းယီ၏စကားများကို ကောင်းချိန်က နားကြားပြီး ကလဲနေလေသည်။

'မင်းကျမှရွေးပြီး ဂရုတစိုက်ရှိတာ မဟုတ်ပါဘူးကွာ၊ ဆရာကြီးထန်းချန်းက တို့ကိုသိုင်းပညာသင်ပေးလဲ ဒီလိုဂရုစိုက်တာပါပဲ'

စကားပြောဆိုမှုသည် ခေတ္တရပ်ဆိုင်းသွား၍ ကိုယ့်အတွေးနှင့်ကိုယ်စဉ်းစား၍ ဆင်းလာခဲ့ကြလေသည်။

မိနဂါးတောင်၏ အနောက်ဘက်၌ ကျယ်ပြန့်သော တောအုပ်ကြီးရှိသည်။

ထိုတောအုပ်ထဲတွင် သားကောင်များပေါများပြီး သူငယ်ရှုနက်သော ချောက်ကြီးတစ်ခုလည်း ရှိလေသည်။

တောအုပ်ထဲတွင် ယုန်ထောင်ခြင်း၊ တောကြက်ထောင်ခြင်း၊ ငှက်ဖမ်းခြင်းများကို သူတို့နေ့ဝက်မျှပြုလုပ်ကြသည်။

လူစုနှစ်စုခွဲ၍လုပ်ကိုင်ရာ ကျိုးရှင်နှင့် လုံကျွန်းယီက တစ်တွဲ၊ ကောင်းချိန်နှင့် ရှောင်အို့မူကတစ်တွဲ၊ တောထဲတွင် လိုက်လံဖမ်းဆီးကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



'အစ်ကိုကျိုးရင်၊ ကျွန်တော်တို့မိထားတဲ့ တောဝက်ကြီးက အကြီးကြီးပဲဗျ၊ အစ်ကိုကျိုးရင်ရဲ့ထောင်ချောက်က သိပ်သေချာတာပဲ။ ဝါးခွန်းက ဝက်ကြီးရဲ့ဝမ်းဗိုက်ကို တစ်ချက်တည်းထုတ်ချင်းခတ်ထိုးမိတာ လှုပ်တောင်မလှုပ်တော့ဘူး'

တောဝက်ကြီးကိုကြည့်ရင်း လုံကျွန်းယိက ပြောလိုက်လေသည်။

'ယုန်ဘယ်နှစ်ကောင် မိလဲ'

'ငါးကောင်'

'ဒါဆို မနည်းပါဘူး၊ သစ်ပင်တွေပေါ်မှာလဲ ငှက်ထောင်ချောက်တွေက ငှက်အနည်းဆုံးသုံးလေးကောင်စီတော့ မိမှာပဲ၊ ဒါကိုဖြုတ်ပြီးရင် တို့နားလို့ရပါပြီ'

သစ်ပင်များပေါ်သို့တက်ကာ ငှက်ထောင်ချောက်များကို လုံကျွန်းယိနှင့်ကျိုးရင် ဖြုတ်ယူကြသည်။

ထိုအခါတွင် ငှက်ငါးကောင်မိနေသည်ကို တွေ့လိုက်ရလေတော့သည်။

'ဟန်ကျပြီဟေ့၊ မင်းလဲဒီနေရာမှာ နားချင်နား၊ ပတ်ဝန်းကျင်လျှောက်ပြီး ကြည့်ချင်လဲကြည့်၊ အနောက်ဘက်တော့ သိပ်မသွားနဲ့၊ ကျားသချိုင်းချောက်တွေ ရှိတယ်'

ကျိုးရင်က ငှက်များကို သူတို့ယူလာသော တောဝက်နှင့်ယုန်များထည့်ထားသည့် တောင်းကြီးထဲသို့ ထည့်လိုက်ရင်း ပြောလိုက်သည်။

'အစ်ကိုကျိုးရင်ရော'



'ငါတော့ စမ်းချောင်းမှာသွားပြီး ရေချိုးလိုက်ဦးမယ်'

'အင်း...ကျွန်တော်လဲ ဟိုနားဒီနား လျှောက်ကြည့်လိုက်ဦးမယ်'

'အေး...ထမင်း တစ်အိုးကျက်လောက်ဆိုရင် ပြန်လာခဲ့၊ ကြားလား၊ ဟုတ်ကဲ့

သူတို့ဖမ်းမိသော သားကောင်များထည့်ထားသည့် တောင်းကို ပက်ရွက်များနှင့်အုပ်ပြီး လျှော်ကြိုးများဖြင့် လုံအောင်ချည်လိုက်ကြသည်။

ထို့နောက် သားရဲတိရစ္ဆာန်များ မဆွဲနိုင်စေရန် လူတစ်ရပ်ကျော် မြင့်သည့် သစ်ပင်ခွဆုံတွင် တင်ကာထားခဲ့ကြသည်။

'ကျားသချိုင်းချောက်ဆိုပါလား၊ ထူးဆန်းတဲ့နာမည်ပဲ၊ ဒီတော့ ငါလဲရောက်ဖူးတယ်ရှိအောင် သွားကြည့်ဦးမှ'

လုံကျွန်းယိသည် ကျိုးရင် သေသေချာချာ မှာထားခဲ့သည့်ကြားမှ ကျားသချိုင်းချောက်ဘက်သို့ ထွက်လာခဲ့လေသည်။

လွင်ပြင်တစ်ခုကို ဖြတ်လာပြီးသောအခါတွင် လူတစ်ရပ်မရှိတရှိ ချုံပုတ်များကြားသို့ ရောက်ရှိလာသည်။

ထိုချုံပုတ်များ၏အစပ်တွင် နက်ရှိုင်းသော အလျားလိုက်ချောက်ကြီးတစ်ခုကို တွေ့လိုက်ရသည်။

ချောက်ကြီး၏အကျယ်မှာ ဝါးတစ်ပြန်ခန့်ရှိသည်။ အောက်ဘက်၌ လေဘဖြူးဖြူးတိုက်ခတ်နေသည်ကို တွေ့လိုက်ရလေ၏။

'ဟင်...ဒါကြောင့် ဒီချောက်ကို ကျားသချိုင်းချောက်လို့ခေါ်တာပဲ၊ ဒီထဲကို ကျားတစ်ကောင်ကျရင်တောင် မတက်နိုင်ဘဲသေတယ်ထင်တယ်'

www.burmeseclassic.com

www.burmeseclassic.com



ရပ်၍ကြည့်ရင်း လုံကျန်းယိ စဉ်းစားနေမိသည်။

ထိုအချိန်မှာပင် ကောင်းချိန်သည် ချုံပုတ်များကြားမှ ခြေဖျားထောက်ကာ သူ့အနီးသို့ ချဉ်းကပ်လာလေသည်။

ကောင်းချိန်မှာ အကြံသမားဖြစ်၍ အမဲလိုက်အသည့်အလုပ်ကို ရှောင်အုံမှုနှင့်လွှဲကာ ကျိုးရင်နှင့် လုံကျန်းယိတို့နောက်သို့ မနောက်ယောင်ခံလိုက်ခဲ့ခြင်း ဖြစ်သည်။

ကျားသစ်ချိုင်းချောက်ကို လုံကျန်းယိ မရောက်မီ ရောက်အောင် သူသည်အမဲလိုက်ဖို့ နေရာခွဲသောအခါ အပိုင်းပိုင်း၍ ကြံတော အုပ်သို့ စေလွှတ်ခဲ့ခြင်း ဖြစ်သည်။

ညအခါတွင် သို့မဟုတ် ခရီးပြင်းပြင်းဖြင့် သတိမမူလာလျှင် ကျားသစ်ချိုင်းချောက်ထဲသို့ လူများကျ၍ သေနိုင်သည်။

'လူအသံလိုက်တာ၊ ဒီချောက်နှုတ်ခမ်းက တောတောက်လျှောက်မှာ သစ်ပင်တွေ ပေါက်နေပါလား'

ချောက်ကိုစိတ်ဝင်စားနေသော လုံကျန်းယိသည် နောက်မှ ချုံကွယ်ရင်း အလစ်ချောင်းနေသော ကောင်းချိန်အကြံကို မသိရှာပေ။

ကောင်းချိန်သည် ချောက်နှုတ်ခမ်းနံဘေးဝတွင် ရပ်နေသော လုံကျန်းယိကို ပြေးကာ သူ့ဓားဖြင့် ပိုင်းချလိုက်လေသည်။

ထိုအချိန်တွင် လုံကျန်းယိသည် ချောက်ကမ်းပါးမှ ကျောက်ကပ်ပန်း၊ အဝါလေးကို ငုံ့၍ခူးယူလိုက်၏။

'ဝိုး'

'ဟင်'

'ဘုံး'



အားရပါးရ ဓားနှင့်ပိုင်းချလိုက်သော ကောင်းချိန်မှာ လုံကျန်းယိက ခေါင်းငုံ့လိုက်၍ ဓားချက်ကလွဲချော်သွားပြီး အားလွန်ကာ လုံကျန်းယိ၏ဘေးတွင် မှောက်လျှားထိုး လဲကျသွားလေတော့သည်။

'ဟင်…အစ်ကိုကောင်းချိန် ခလုတ်တိုက်ပြီး လဲပြီထင်တယ်။ ဓားကြီးနဲ့ ဘာကောင်ကို လိုက်ဖမ်းတာလဲ'

မှောက်လျက်သား ဓားကိုကိုင်ရင်း လက်နှစ်ဖက်ဆန့်တန်းကာ ငေါက်ကျနေသော ကောင်းချိန်ကို လုံကျန်းယိက ထူမပေးလိုက်သည်။ သူသည် ကျောက်ကပ်ပန်းကို အာရုံစိုက်ကာ ငုံ့ခူးလိုက်သောကြောင့် သူ့ကိုဓားနှင့် နောက်ကပိုင်းလိုက်သည်ကို မသိချေ။

ကောင်းချိန်သည် အားလွန်၍ လဲကျသောကြောင့် ရင်ဘတ် အနည်းငယ် ပွန်းသွားသည်။

'အား'

'ဘာဖြစ်သွားသေးလဲ'

ထူပေးရင်း လုံကျန်းယိက မေးလိုက်သည်။

ကောင်းချိန်သည် ရှုံ့မဲ့၍ ထ၍ထိုင်ရင်း—

'ဘာမှမဖြစ်ပါဘူးကွာ၊ ဖယ်ပါ'

ဟု မျက်နှာထားတင်းတင်းဖြင့် ကောင်းချိန်ကပြောကာ တွန်းဖယ်လိုက်၏။

'အင်း…အစ်ကိုကောင်းချိန်က သူ့ဟာသူချော်လဲပြီး ရှက်ရမ်း ရမ်းနေပြန်ပြီ'

ဟု လုံကျန်းယိ တွေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ကောင်းချိန်သည် မထူးတော့သည့်အဆုံး လှရှင်းသော်နေရာတွင် လုံကျန်းယိကို ပြတ်ပြတ်သားသားပြော၍ စိန်ခေါ်ကာ တိုက်ခိုက်ပြီး ချောက်ထဲသို့ပစ်ချခဲ့မည်ဟု ဆုံးဖြတ်လိုက်သည်။

ထိုအချိန်မှာပင် အသံတစ်သံ ပေါ်လာလေသည်။

'လုံကျန်းယိရေ...တို့ သွားကြံစို့တော့၊ မင်း ချောက်နားကို ဘာလို့သွားနေရတာလဲ'

ကျိုးရင်သည် သူတို့နှစ်ဦးကို ချုံများကြားမှ ရပ်ကြည့်ရင်း ပြောလိုက်၏။

ကောင်းချိန်မှာ ကျိုးရင်ရောက်လာသောကြောင့် လူ့အကြံကို လက်လျှော့ကာ ခေးကိုစားအိမ်ထဲသို့ ပြန်ထည့်လိုက်သည်။

'ဟင်...အစ်ကိုချိန်၊ ဘာဖြစ်လို့ဒီဘက်ကို ရောက်လာရတာလဲ၊ ခင်ဗျားတို့အမဲလိုက်တာ အရှေ့ဘက်အခြမ်း မဟုတ်လား'

'ဟုတ်တယ် ကျိုးရင်၊ ငါ ငှက်တစ်ကောင်ထောင်ချောက်က လွတ်လို့ လိုက်ဖမ်းရင်း ဒီနေရာ ရောက်လာတာ'

ကောင်းချိန်က ယုတ္တိရှိအောင် ပြောလိုက်သည်။

ကျိုးရင်က ဤမျှဝေးလံသော နေရာအထိ ငှက်တစ်ကောင်အတွက် လိုက်လာရလားဟု မသင်္ကာဖြစ်မိ၏။

သို့သော် လုံကျန်းယိက—

'ဟုတ်တယ် အစ်ကိုကျိုးရင်၊ အဲဒီငှက်ကို ပြေးဖမ်းတာ အစ်ကိုချိန်၊ ကျွန်တော် နားမှာတောင် ယဲကျလို့'

ဟု ပြောလိုက်မိလေသည်။



'ဟား ဟား ဟား...သူများဒုက္ခက ကိုယ့်ဒုက္ခ ဖြစ်တယ်ဆိုတာ အဲဒါပေါ့ဗျာ၊ ဖော်ကြာ အစ်ကိုချိန်ကောင်း အားလွန်ပြီး ချောက်ထဲယိမ့်မကျတာ ကံကောင်းပဲ'

တောင်စောင်းတွင် ထိုင်ရင်း ရှောင်အုံမူက ကောင်းချိန်ကို ပြောလိုက်သည်။

'အောက်...ဒီကောင်ကိုက ကံကောင်း နေတာပါကွာ၊ ငါ ခေးနဲ့ ပိုင်းတဲ့အချိန်ကျမှ ဒီကောင်ကလဲ အောက်ကို ခေါင်းငုံ့ လိုက်တာ အသေးကို အားသွားတာပဲ ရှောင်အုံမူ'

'သူက သိလို့ ရှောင်တာမဟုတ်ဘူးလား'

'ဘယ်က ဟုတ်ရမှာလဲ၊ ဒီကောင်က အောက်၊ ငါ လဲတာ တောင် သာကူသေးတယ်၊ သူရှိပ်မိရင် ငါ့ကို ဒေါသထွက်မှာ ပေါ့...'

'သူ မရိပ်မိတာဘဲ တော်သေးတာပေါ့ အစ်ကိုချိန်'

'ငါတော့ စိတ်မရှည်တော့ဘူးကွာ'

'အစ်ကိုက ဘာဆပ်ချင်လို့လဲ'

'ဒီည ဆရာကြီးမွေးနေ့ဆိုရင် ထုံးစံအတိုင်း မီးနဂါးဘောင် မိသားစု မျက်နှာစုံညီ ညစာစားပွဲလုပ်ကြမှာမဟုတ်လား'

'ဟုတ်တယ်'

'ဒီကောင်လဲ အချက်တွေ ဘာတွေ သောက်ပြီး မောမောနဲ့ အိပ်တန်းကို မင်းနဲ့ငါ သူ့အခန်းထဲ ဝင်ပြီး ကိစ္စ ပြတ်အောင် လုပ်လိုက်ကြတာပေါ့'

'ဖြစ်ပါ့မလား'

www.burmeseclassic.com

'ဖြစ်ပါတယ်၊ ဒါဆိုရင်ကိစ္စပြီးဆောပေါ့၊ တခြားက ရန်သူလူသတ်သလိုလို ဘာလိုလိုဖြစ်လို့ ဟိုတစ်ခါ မန်းသီးထဲက နတ်သမီး အဆိပ်တွေကို ဆက်စုံစမ်းလို့ မရဘဲ ရပ်သွားမှာပဲ'

ရှောင်အုံမှုကတော့ ထိုကိစ္စအတွက် ရင်လေးနေလေသည်။

'ကြည့်လဲ လုပ်ပါဦး အစ်ကိုချိန်ရေ၊ ဒီကောင့်ကို အစ်ကိုချိန်လုပ်ကြံတာ နှစ်ခါရှိပြီ၊ ဒီတစ်ခါတော့ အစ်ကိုချိန် အန္တရာယ်ဖြစ်မှာ စိုးရတယ်'

'တောက်... နိမိတ်မရှိ နမာမရှိကွာ၊ မင်းပါးစပ် ပိတ်ထားစမ်း၊ ညွှန့်ခံပွဲမှာ မင်းက မျောက်အရက်ကို လုံကျွန်ယိယိများများသောက်အောင် ဘေးကဝင်ခေါက်ပြီး လုပ်စမ်းပါ'

'စိတ်ချ၊ ကျွန်တော် တာဝန် ယူမယ်၊ ဒါပေမယ့် သူ့ကိုလုပ်ကြံတဲ့နေ့ကျတော့ မလိုက်ပါရစေနဲ့၊ ဒီနေ့တစ်နေ့လုံးကျွန်တော် စိတ်တွေ လေးနေတယ် အစ်ကိုချိန်၊ ပြီးတော့... ဆရာကျိုထန်းချွန်းနဲ့ ကျေးဇူးကို ခေါင်းပေါ်ထားတာဝ အထိ ကျွန်တော်အရောက်မခံနိုင်ဘူး'

ရှောင်အုံမှုက ပွင့်ပွင့် လင်းလင်း ပြောလိုက်သောကြောင့် ကောင်းချိန်က လခေါ်ဘ ရှုလိုက်တော့သည်။

'အေးလေ... လှုပ်ရှားမှုကင်းမဲ့နေတဲ့ လူတစ်ယောက်ကို သတ်ရတာ ဘာမှခက်ပါဘူး၊ မင်းအနီး ရပ်နေပြီးတော့ မျောက်အရက်များများသာ လုံကျွန်ယိတိုက်သဲဝင်အောင် တိုက်ဖို့ တာဝန် ယူတော့'



'အစ်ကိုချိန်သာသတိထားပေါ့၊ ခုတလော အစ်ကိုချိန် ပျော်ပျော်ပါးပါး မနေတာကို ဆရာကျိုထန်းချွန်း သတိထားမိနေမိတယ်....'

'စိတ်ချပါကွာ၊ ဆရာကျိုထန်းချွန်းတို့အိမ်မှာ ငါခေါင်မိုးက ဖောက်ပြီး ဝင်ကိုဝင်မယ်'

တောင်စောင်းတွင်ထိုင်နေရာမှ သူတို့ဂေဟာရှိရာသို့ ကောင်းချိန်နှင့် ရှောင်အုံမှုတို့ ထပြန်လာခဲ့ကြတော့သည်။

မီးနဂါးတောင်ထိပ်ရှိ စံအိမ်ကြီးထဲတွင် မီးများထိန်လင်းနေလေသည်။

မီးနဂါးတောင်ခြေမှ ကျေးရွာတကြီးအာကဲများ၊ သမားတော်ကြီးများနှင့် ခင်မင်သော သိုင်းသမားမိတ်ဆွေများကို ဖိတ်ကြားကာ ဆရာကြီးကျိုထန်းချွန်း၏ ခုသက်ခြောက်ဆယ်ပြည့် မွေးနေ့ပွဲကြီးကို ကျင်းပလေသည်။

ညွှန့်သည်များကို ညွှန့်ခံရန်အတွက် ရှောင်အုံမှု၊ လုံကျွန်းယိနှင့် ကျိုယူလင်းတို့ကို တာဝန်ပေးထားသောကြောင့် သူနေပိုင်းတွင် အစားအသောက်နှင့်အရက်တ[illegible]များကို မစားမသောက်နိုင်အောင် သူတို့ချွေးသံရွှဲနေရလေသည်။

မှောင်ပျိုးသည်နှင့် ညွှန့်သည်များမှာ တောင်အောက်သို့ အလျိုအလျို ပြန်ဆင်းသွားကြလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဆရာကြီးကျိထန်းချန်းသည် သူ၏သိုင်းပညာ သင်သော တပည့်များကို စားပွဲရှည်ကြီးတစ်ခုတွင် ထိုင်စေကာ ဝိုင်းတစ်ဝိုင်း ဖွဲ့လိုက်ကြလေသည်။

'ကဲ...ပျော်ပျော်ပါးပါး သောက်ကြစားကြဟေ့၊ ဒီတစ်နေ့ကတော့ မင်းတို့အားလုံးအတွက် လွတ်လပ်ခွင့်ပေးထားတယ်'

ရွှောင်အိုမွှသည် စားပွဲရှည်၏ထိပ်တွင် လိုကျန်းယိနှင့်အတူ ယှဉ်ကာ ထိုင်လိုက်သည်။

လိုကျန်းယိအားတွင် အသက်အငယ်ဆုံးဖြစ်သော ကျိယုလင်းက ထိုင်ရလေသည်။

ဝက်သားကင်၊ ကြက်သားကြော်၊ ခေါက်ဆွဲကြော်၊ စွပ်ပြုတ် စားစရာပန်းကန်များမှာ စားပွဲပေါ်တွင် ပြည့်နေ၏။

အရက်ကရားများမှာလည်း စားပွဲရှည်ကြီးပေါ်တွင် အလုံးနှစ်ဆယ်ခန့် ရှိလေသည်။

'ကောင်းချီး သောက်လေကွာ၊ မင်း အရက်ကြိုက်တတ်တာ ငါသိပါတယ်၊ နောက်ရက်တွေတော့ တောင်ပေါ်မှာ အရက်မသောက်ရဘူးနော်'

ဆရာကျိထန်းချန်းအားတွင် ထိုင်နေသည့် ကျိထန်းယွဲ့က လှမ်းပြောလိုက်ခြင်း ဖြစ်သည်။

'ဟုတ်ကဲ့'

ရွှောင်အိုမွှက အရက်ကရားထဲမှ အရက်များကို လိုကျန်းယိရှေ့ရှိ ပန်းကန်လုံးထဲသို့ ထည့်လိုက်သည်။

'လိုကျန်းယိ သောက်ဗျာ၊ တစ်ခါတလေ ပျော်ပျော်ပါးပါးပေါ့'



လိုကျန်းယိသည် ပန်းကန်လုံးထဲရှိ မျောက်အရက်များကို တဂွတ်ဂွတ် မော့သောက်လိုက်လေသည်။

ကျိယုလင်းကတော့ ခေါက်ဆွဲကြော်ကိုစားရင်း ကြည့်နေ၏။

လိုကျန်းယိ ပန်းကန်လုံးထဲသို့ အရက်ကရားထဲမှ အရက်များကို ထပ်ထည့်လိုက်သည်။

လိုကျန်းယိက ကြက်ပေါင်ကြော်တစ်ခုကို ကိုက်ဖဲ့စားနေလေသည်။

တဖန် ကြက်ပေါင်ကြော်ကိုချကာ ပန်းကန်လုံးထဲမှ အရက်များကို မော့သောက်လိုက်ပြန်လေ၏။

လိုကျန်းယိသောက်ပြီး ပြန်ချ ချင်း ရွှောင်အိုမွှက ပန်းကန်လုံးထဲသို့ အရက်များကို ထပ်လည့်လိုက်ပြန်၏။

'ရှောင်အိုမွှ၊ ရှင်အစ်ကိုလိုကျန်းယိ ပန်းကန်လုံးထဲ အရက်ထည့်တာ သုံးခါရှိပြီ'

'ဘာဖြစ်လို့လဲ မယုလင်း၊ ဒီနေ့ လိုကျန်းယိရော ကျွန်တော်ပါ ပျော်ပျော်ပါးပါး သောက်နေကြတာပါ'

'ရှင့်ပန်းကန်လုံးထဲက အရက်သောက်တာ ကျွန်မ မတွေ့သေးဘူး'

ထိုအခါတွင် ရွှောင်အိုမွှသည် သူ့ပန်းကန်လုံးထဲမှ အရက်ကို မော့သောက်လိုက်လေသည်။

ညဉ့်သည် တဖြည်းဖြည်းနက်လာ၏။

လိုကျန်းယိမှာသည်း အတော်ပင် မူးနေပြီ။

'ကျုပ်...ကျုပ်ဝေဟာကို မပြန်နိုင်တော့ဘူး'

'ဒါဆို ကျုပ်လိုက်ပို့ပါမယ်'

www.burmeseclassic.com

www.burmeseclassic.com



ကျီယုလင်းက မိန်းကလေးပီပီ စောစောထ၍ အိပ်ရာဝင်သွားပြီဖြစ်သည်။

'ကဲ...ငါ အိပ်တော့မယ်ဟေ့၊ မင်းတို့ဝရင် ဝိုင်းသိမ်းလိုက်ကြဟော့'

ဆရာကြီး ကျီထန်းချန်းစကားကြောင့် စားသောက်ဝိုင်းကို သိမ်းလိုက်ကြသည်။

ထိုဝိုင်းတွင် အကြီးအကဲများဖြစ်၍ အမှုက်သိမ်းမှုကြသေးသော ကောင်းချိန်နှင့် ကျိုးရင်တို့က ဝိုင်းကိုသိမ်းဆည်းရှင်းသင်းနေ ကျန်ခဲ့ကြ၏။

ရှောင်အုံမှုသည် ယိမ်းယိုင်နေသော လုံကျွန်းယီကိုတွဲကာ သူနေထိုင်ရာဧည့်ဂေဟာသို့ လိုက်၍တွဲပို့သည်ကို အိပ်ခန်းပြတင်းပေါက်မှ ကျီယုလင်းက ရပ်ကြည့်နေလေသည်။

ညသည် တိတ်ဆိတ်သွား၏။

ကောင်းချိန်သည် ကြက်တူရွေးကိုနှုတ်ထောင်၍ သန်းခေါင်ချိန်သို့ ရောက်သည်နှင့် မျက်လုံးဖော်ခေါင်းစွပ်ဝတ်ထားသော အနက်ရောင် ဝတ်စုံကို ဝတ်ဆင်လိုက်၏။

သယ်ဘက်လက်ထဲတွင် သူ၏ဓားကို ဓားအိမ်နှင့် ဆုပ်ကိုင်လိုက်လေသည်။

ရှောင်အုံမှုမှာမူ အိပ်မပျော်သေးချေ။

ဝတ်အစားလဲသကြား၍ အခန်းဝမှ လာကြည့်သည်။

'အစ်ကိုချိန်၊ ဘာဝတ်စားရှာ သတိထားပါနော်'

'မင်း အသံမကျယ်နဲ့၊ ကျိုးရင် ကြားသွားမယ်၊ ကဲ...ငါ သွားမယ်'



ထိုအခါ နှုတ်ဆိတ်သောမျက်နှာဖြင့် ရှောင်အုံမှုက ခေါင်းညိတ်ပြလိုက်လေသည်။

ကောင်းချိန်သည် ပြတင်းပေါက်မှ လွှားခနဲ ခုန်ဆင်းကာ ... ၍ ... ခေါင်မိုးပေါ်သို့ လွှားခနဲ ခုန်တက်လိုက်လေသည်။

ထိုအချိန်တွင် ထူးဆန်းသော ငှက်အော်သံတစ်ခုကို ကြားလိုက်ရ၏။

'ကျီကော့'

ခေါင်မိုးပေါ်မှ ကောင်းချိန်ပင် ထိုငှက်သံကြောင့် မေ့သွား၏။

သူသည် စိတ်ကိုချုပ်တည်းကာ ခေါင်မိုးပေါ်မှအုတ်ပြားကို ခွာကာ အောက်ခန်းပေါ်သို့ လွှားခနဲ ခုန်ဆင်းလိုက်သည်။

နှစ်ယောက်ကြားမှ ... ပင်ပင်ပန်းပန်းကြောင့် ပက်လက်လှန်၍ အိပ်ပျော်နေသော လုံကျွန်းယီကို တွေ့ရသည်။

သူသည် အနီးသို့ကပ်ကာ ... လိုက်ပြီးနောက် လေအုပ်ဖြင့် မြင်ရသော လုံကျွန်းယီ၏ဘည်တိုင်ကို နှုတ်ဆွဲလိုက်လေတော့သည်။

'ဒုတ်'

'အင့်'

စိတ်ထဲတွင် ပေါ့ရွှတ်ရွှတ်ဖြစ်သွား၏။

ရှေ့ချင်းလိုက်သော ... သူသည် စိုးစားကြည့်လိုက်လေသည်၊ လုံကျွန်းယီမှာတော့ ... ကို ခေါင်းချပေးလာခြင်းဖြစ်ကြောင်း သိရသည်။

www.burmeseclassic.com

www.burmeseclassic.com



ကောင်းချိန် ထိတ်လန့်သွားသည်။

ထိုစဉ်မှာပင် တံခါးဝမှ လှုရိပ်တစ်ရိပ် ပေါ်လာ၏။

'မင်းက တော်တော်ဉာဏ်များတာကိုး၊ သိကြရောပေါ့'

ကောင်းချိန်သည် ထိုသို့ရေရွတ်ကာ တံခါးဝမှ လူရိပ်ကို လှမ်း၍ခါးနှင့် ပြေးကာဝင်တိုက်လိုက်သည်။

'ထန်....ထန်....ထန်'

မီးနဂါးသိုင်းကွက်၏ ခြောက်ဆယ်မြောက် ဘီလူးကျားရဲ သိုင်းကွက်ကိုသုံးကာ တိုက်ခိုက်လိုက်သော်လည်း ထိုလူရိပ်ကို သူသည် မယိဘဲ ဝမ်းဗိုက်ကို ခြေနှင့်ဆောင့်ကန်ခြင်းခံလိုက်ရကာ အခန်းနံရံနှင့်တိုက်၍ ကောင်းချိန် ဖင်ထိုင်ကျသွားလေသည်။

ထိုအချိန်မှာပင် တစ်စုံတစ်ဦးက မီးအိမ်ကိုထွန်း၊ညှိလိုက်၍ မီးရောင်က အခန်းထဲတွင် ထိန်လင်းသွားသည်။

'အိုး'

ကောင်းချိန် အံ့အားသင့်သွား၏။

သူ့ တစ်ကိုယ်လုံး သွေးလည်ပတ်မှု ရပ်တန့်သွားလောက် အောင်ပင် ထိတ်လန့်သွားလေသည်။

သူ တိုက်ခိုက်မိသောသူမှာ ဆရာကြီး ကျိထန်းချန်းကိုယ်တိုင် ဖြစ်နေသောကြောင့်ပင်။

ကောင်းချိန် နံရံမှီထား၍ ပြတင်းပေါက်မှ ခုန်ချထွက်ပြေးရန် လှမ်းလိုက်သည်။

ပြတင်းပေါက်မှ ဆရာကျိယန်းယွဲ၏မျက်နှာ ပေါ်လွင်လာ၏။

အခန်းထောင့်တွင် မီးအိမ်ကို ထွန်းညှိလိုက်သူမှာ ကျိယုလင်း ဖြစ်နေကြောင်း တွေ့လိုက်ရလေသည်။



'ကောင်းချိန်၊ မင်း မျက်နှာဖုံးကို ချွတ်လိုက်စမ်း'

ဆရာကြီးကျိထန်းချန်းက အမိန့်ပေးလိုက်သောကြောင့် ကောင်းချိန်မှာ မျက်နှာဖုံးကို ချွတ်လိုက်ရသည်။

ဆရာကြီးကျိထန်းချန်းနှင့် မျက်နှာချင်းမဆိုင်ရဲသောကြောင့် သူသည် ခေါင်းကိုအောက်သို့ ငုံ့ထားလိုက်လေသည်။

'ညဦးမှာ မင်းက ရှောင်အံ့မှုကို လုံကျွန်းယီအရက်များများ သောက်အောင် တိုက်တွန်းဖို့ ခိုင်းတားတယ်ဆိုတာ ငါရိပ်မိ တယ်၊ ငါ့ကိုမှန်မှန်ပြောစမ်း ကောင်းချိန်၊ အားဖြည့်သစ်သီး ထဲမှာ အဆိပ်ထည့်ခိုင်းတာ မင်းပဲမဟုတ်လား'

'ဟုတ် ...ဟုတ်ပါတယ်'

'မင်း ဒီအဆိပ်ကို ဘယ်လိုရလာသလဲဆိုတာ ပြောစမ်း'

'နတ်သမီးသုံးဖော်သဲက အလတ်ဖြစ်တဲ့ ကျိုးရင်ဆီကနေပြီး တော့ မီးနဂါးတောင်ခြေရွာက သစ်ခုတ်သမားတစ်ဦးကို ငွေ ပေးပြီး ဝယ်ခိုင်းပါတယ်'

'တောက်—ကောင်းကွာ၊ ဟိုကမီးနဂါးတောင်ထဲ နာမည် နဲ့မင်းကိုယုံကြည်ပြီး ရောင်းလိုက်တာပေါ့'

'ကျွန်တော် မှားပါတယ်ဆရာကြီး'

ယခုအခါတွင် ကောင်းချိန်မှာ လူမိသောသူခိုးကဲ့သို့ ကျုံ့ ကျုံ့လေး ဖြစ်နေရှာလေသည်။

'ငါ မင်းကို သိုင်းပညာသင်ပေးခဲ့တာ ဒီလိုယုတ်မာဖို့မဟုတ် ဘူးကောင်းချိန်၊မင်းဟာငါ့တပည့်အကြီးဆုံးဖြစ်ပေမယ့် အမိုက် မဲဆုံးလူတစ်ယောက်ပဲ၊ ကဲ—မင်းအခု ဘာလုပ်ချင်သလဲ ငါ့ကို ပြော'

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော် လုံကျွန်းယိနဲ့တစ်ယောက်ချင်းတိုက်ချင်ပါတယ်၊ နောက်မှရောက်လာပြီးဆရာကြီးက ကျွန်တော့် ထက်သိုင်းပညာကို ဂရုတိုက်သင်ပေးတာ ကျွန်တော် မခံနိုင်ဘူး'

ကောင်းချိန်က ကျွဲယုလင်းနှင့်တော်သက်၍ ဂနားမှိုဝန်တို့ ဖြစ်သည်ကို မကျေနပ်သေးသောအကြောင်းကို ထည့်၍ပြောလေတော့သည်။

'ကောင်းပြီလေ၊ မင်းဆန္ဒ ပြည့်ရမှာပေါ့၊ တစ်ခုတော့ မှတ်ထားနော်၊ နောက်ထပ်ချိန်ပြိုင်ရန်စတွေ ငါမလိုချင်ဘူး၊ မင်းတို့စိတ်ထဲက အကျဉ်းကွဲနေပြီးဖြစ်ကြတော့ ဘူးဆိုတော့လုံကျွန်းယိနိုင်ရင်တော့ မင်းစိတ်ကျေသွားပေါ့၊ မင်းနိုင်ရင်လဲလုံကျွန်းယိ ဗီကောင်ပေါ်တာနေ အပြီးအပိုင်ထွက်သွားဖို့ ငါအမိန့်ပေးမယ်၊ ကျေနပ်ပြီလား'

'ကျေနပ်ပါတယ် ဆရာကြီး'

'အေး...ခါးဗီညာ အေးအေးဆေးဆေးပြန်ပြီး အနားယူတော့'

'ဟုတ်ကဲ့'

ဆရာကြီးသုံးယောက်ရှေ့မှ ကောင်းချိန် ခေါင်းငိုက်စိုက်ချကာ ထွက်သွားလေသည်။

ကောင်းချိန် ထွက်သွားတော့မှ ကျွဲယုလင်းက...

'ဖေဖေ... အစ်ကိုလုံကျွန်းယိက ခုမှမီးနဂါးသိုင်းကွက် လေးဆယ်ပဲရသေးတယ်၊ အစ်ကိုကောင်းချိန်က မီးနဂါးသိုင်းကွက် ခြောက်ဆယ်လုံး ရထားတယ်၊ အစ်ကိုလုံကျွန်းယိ တစ်ပန်းရှုံးတာပေါ့'



'ဒါတော့မဟုတ်နိုင်ဘူး သမီး၊ ဖေဖေက လုံကျွန်းယိကို သူမသင်ရသေးတဲ့ သိုင်းကွက်နှစ်ဆယ်ရဲ့အဓိပ္ပာယ်ကို မကျဉ်းရုံ ပြောပြပြီးပါမယ်၊ ကောင်းချိန်က တပည့်ကြီးဆိုတော့ ဗီလောက်တော့သူ့ကို အခွင့်အရေးပေးရမှာပေါ့'

သူ့အဖေ၏ပြောလိုက်သောစကားကြောင့် ကျွဲယုလင်းမှာ မည်သို့မျှဆက်၍ မပြောတော့ပေ၊ သူတို့သားအဖသည် မီးအိမ်ကိုငြိမ်းခဲ့ပြီးနောက် အခန်းဝသို့ ထွက်လိုက်လေသည်။

ကျွန်ုယဲ့...ခုတင်ခေါက်အ လုံကျွန်းယိကို ခုတင်ခုပေါ်တင် လိုက်တော့'

'ဖြစ်...ဖြစ်ပါ[illegible]အစ်ကို[illegible]ကောင်းချိန်နောက် တစ်ခေါက်[illegible]လာပြီ[illegible]

'ဗီကောင် ဗီလိုဆော့ မလုပ်ရဲ့[illegible]ညီလေးကျွန်းယဲ့ လုံကျွန်းယိအား[illegible] ဗီညအိပ်ချင်အိပ်ပေါ့'

'အဲဒါ ကောင်းမယ်အင်[illegible]'

မှာက လုံကျွန်းယိကို ကြည့်မရသော ကျွဲကန်းယဲ့ပင် လုံကျွန်းယိအသည်းခံမှု ကြီးစားမှု ကျိုးနွံမှုတို့ကြောင့် သံယောဇဉ်တွယ်ကာ ခင်မင်ရင်းနှီးနေပြီ ဖြစ်လာသည်။

ငါတော့ ဗီအစီအစဉ်ကိုအကြိုက်ဆုံးပဲ၊ ဒါတရားဝင်ဆရာကြီးကျွဲထန်းချန်နဲ့ ဆရာကြီးကျွဲထန်းယဲ့တို့ရှေ့မှာ ဗီကောင့်ကို ထတ်ခွင့်ရတာပဲ'

www.burmeseclassic.com



အခန်းထဲသို့ဝင်လာရင်း စိတ်လှုပ်ရှားသောအသံဖြင့် ပြောဆိုလိုက်သောအသံကြောင့် အိပ်၍မရဘဲ ကောင်းချိန်အတွက် ပူပန်မိသည့်ရှောင်အိမ့်မူမှာ ခုတင်ပေါ်မှ ခုန်ထလိုက်၏။

'အခု ဘာတွေဖြစ်ခဲ့ပြီလဲ'

'ဘာတွေဖြစ်ခဲ့ရမလဲ၊ မင်းဆာအသုံးမကျဘဲ လုံကျွန်းယိကို အရက်တွေ အတင်းပြောင်တိုက်နေတာကို ရိပ်မိတဲ့ ဆရာကြီးကျိုထန်းချွန်းက ငါ့ကိုဓါးစာနဲ့ စောင့်ဖမ်းတာ မိသွားပြီပေါ့'

'ဟာ-ဒုက္ခပါပဲ၊ ကျွန်တော့်ကိုပါ အပြစ်ပေးတော့မှာပေါ့'

'ဆရာကျိုထန်းချွန်းက သဘောထား ကြီးတယ်ကွ၊ စိတ်မကောင်း ဖြစ်သွားပုံလဲရတယ်၊ မင်းကငါ့ကို မလွန်ဆန်နိုင်ဘူး ဆိုတာသူသိပါတယ်၊ ဒါကြောင့် မနက်ဖြန်ကျရင် လုံကျွန်းယိနဲ့ ငါတစ်ယောက်ချင်းတိုက်ခိုက်ခွင့်ပေးမယ်တဲ့'

'ဟင်.. လုံကျွန်းယိက ဟိုက်ရဲပါ့မလား'

'ဒါတော့ ငါမသိဘူး၊ ဒီကောင့်ကို သိုင်းကွက် လေးဆယ်လောက်တော့ ရောက်နေပြီ'

သူတို့နှစ်ဦး အော်ကြီးဟစ်ကျယ် ပြောဆိုနေမှုကြောင့် တစ်ဖက်ခန်းမှကျိုးရင် အိပ်ရာမှနိုးကာ ထလာလေသည်။

'ကျွန်တော် ဒီလိုမဖြစ်စေချင်ဘူး အစ်ကိုချိန်'

တံခါးဝမှဝင်လာရင်း ကျိုးရင်ကပြောလိုက်လေသည်။

'မင်းက ဘယ်လိုဖြစ်စေချင်လို့လဲ'

'ကျွန်တော်က အစ်ကိုချိန် အမှားကို ဝန်ခံတောင်းပန်၊ နောက်ကိုရန်မမူဘဲ ကျေအေးလိုက်တာကောင်းမယ်လို့ ကျွန်တော်ထင်တာပဲ'



'တော်စမ်းပါ ကျိုးရင်ရာ၊ ငါကအညံ့ခံရင် နောက်မှရောက်လာတဲ့ လုံကျွန်းယိကို အရှုံးပေးသလို ဖြစ်ပြီပေါ့၊ မနက်ဖြန် သူ့သေကိုယ်သေ ရှင်းလိုက်တာကောင်းပါတယ်'

ကျိုးရင်သည် ကောင်းချိန်၏စကားကြောင့် အခန်းထောင့်ရှိ ကုလားထိုင်တစ်လုံးတွင် ဝင်၍ထိုင်လိုက်လေသည်။

'တစ်ယောက်နဲ့ တစ်ယောက် ဒေါသ အာဃာတ ဖြစ်ကြတယ်ဆိုတာ မကောင်းပါဘူးအစ်ကိုချိန်၊ တကယ်လို့ အစ်ကိုချိန်တွက်ထားသလို လုံကျွန်းယိကို၊ အစ်ကိုချိန် နိုင်ပါပြီပဲ ထားပါတော့၊ လုံကျွန်းယိ သေသွားခဲ့ရင် ဆရာကြီးကျိုထန်းချွန်းကော ကျိယ့်လင်းကကော ကျေနပ်ကြပါ့မလား၊ သူတို့ခင်မင်တဲ့သူကို သူ့ရှေ့မှာ သတ်ပစ်တဲ့အတွက် စိတ်မကျေမနပ် ဖြစ်ကြမှာပေါ့'

ကျိုးရင်၏ ယူဆချက်မှာ အတွေးအခေါ်အရ နည်းလမ်းကျနေ၍ ကောင်းချိန်သည် သူ့ရှေ့မှ စားပွဲကို လက်နှင့် ပုတ်ဆွဲနေလေသည်။

'ဟုတ်ပါတယ် အစ်ကိုချိန်ရာ၊ ဒီလိုကိစ္စမှာ ဆရာကျိုထန်းချွန်းက သဘောထားကြီးမှန်း သိလျက် ကိုယ့်အမှား ကိုယ် ဝန်ခံတောင်းပန်လိုက်ရင် ရှေ့ရေးအတွက် သိပ်ကောင်းမှာပဲ'

ကောင်းချိန်သည် သူ့ပညာဆင်ဘက်ညီနှစ်ဦး၏ပြောစကားကြောင့် ထိုင်ရာမှ ဝုန်းခနဲ ထရပ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ငါ အမျိုးမျိုး စဉ်းစားပြီးပါပြီ၊ ခုဆိုရင် ကျွဲယုလင်းဟာ ငါ့ကို အသက် ရှိဘယ်တောင် မထင်မတော့ဘူး၊ ဟိုကောင်... လုံကျွန်းယီ ဘက်ကို လုံးလုံးပါသွားပြီ၊ ငါ ဘယ်လောက် ရှင်နေရဦးမှာလဲ၊ သူတို့နှစ်ယောက်လက်ထပ်တာကို ငါဟာ မျက်ရည်သုတ်ပြီး ကြည့်သာချင်မယောင် ဆက်အောင့် နေရမလား...

ကောင်းချိန်သည် ရင်တွင်းခံစားချက်များကိုအမှန်အတိုင်း ထုတ်ဖော်ပြောဆိုနေသကြောင်း ကျိုးချင်နှင့် ရှောင်အုံမှုတို့က ငြိမ်ငြိမ် လိုက်၍ ငြိမ်နေကြသည်။

'ငါ့ရင်ထဲက မင်းတို့ဝင်ကြည့်မယ်ဆိုရင် ကိုယ်ချစ်ရတဲ့ မိန်းကလေးကို ကိုယ့်ရင်မှာ ရောက်ခါနီးမှ ဘယ်ကခွန်းမသိတဲ့ ကောင်ကြောင့် ဆုံးရှုံးသွားပြီ၊ လုယူတာ မင်းတို့ ခံနိုင်မလား၊ ကိုယ်ချင်းစာကြည့်စမ်းပါ'

ကျိုးချင်က ခေါင်းညိတ်လိုက်သည်။

ယုသည် စကားနည်း၍ အေးဆေးစွာ နေတတ်သူ ဖြစ်လေသည်။ ယခုအချိန်တွင်...

သူသည် ကောင်းချိန်အဖို့ တွင် အကြီးမားဆုံး အခက်အခဲကို ရင်ဆိုင်နေရပြီဟုသိသောကြောင့်...

'အစ်ကိုချိန် တစ်ခါတစ်ရံ ဘဝမှာ စဉ်းစားဆုံးဖြတ်မှုတစ်ခုဟာ အရေးကြီးပါတယ်၊ အခုဟာက အစ်ကိုကြီးရဲ့ နှလုံးသားပြဿနာပဲ၊ ကိုယ့်ကိုမှ မချစ်တော့တဲ့ သူဟာ ဘယ်သူ့ လက်ထဲ ရောက်ရောက်ပေါ့၊ အစ်ကိုချိန်ရဲ့ဘဝ ငြိမ်းချမ်းမှုတွေပျက်ယွင်းတဲ့ အထိ မဖြစ်သင့်ပါဘူး'



'အစ်ကို ကျိုးချင် ပြောတာ ဟုတ်ပါတယ် အစ်ကိုချိန်၊ တစ်ဦးချင်း တိုက်ခိုက်ရမယ့်ကိစ္စကို ဆရာထန်းချွန်းနဲ့ ဆရာထန်းယဲ့တို့ကို ပြောင်းပန့်ပြီး ရှုပ်သိမ်းလိုက်ပါ'

ကောင်းချိန်သည် ခေါင်းကို နှလုံးပြင်းစွာပင် ခါယမ်းလိုက်သည်။

'မဖြစ်နိုင်တော့ပါဘူးကွာ၊ ဒီတိုက်ခိုက်မှုဟာ ငါ့ရဲ့တို့ နွေးနွေးဖြစ်ခဲ့တဲ့ ဝိတ်စွဲတွေပါပါ... သူ ငါ့ကို နိုင်သွားရင်လဲ၊ ပေါကြ ဆင်းသွားပါမယ်၊ အေး... ငါ နိုင်ခဲ့ရင်တော့ ဆွမ်းချင့် မပေးဘူး တစ်ခါတည်း ငါ့ကို မင်းတို့ တားမရအုန်း မဖြစ်နိုင်တော့ဘူး'

ကောင်းချိန်ဟာ မည်သို့မျှ ... သိသောကြောင့် ကျိုးချင်နှင့် ရှောင်အုံမှုတို့ စကား သိပ်တိတ်သွားတော့သည်။

မီးနဂါးတောင်စင်ကိုပိမ့်မြက်ခင်းပြင်တွင် ဆရာကြီးကျိုးထန်းချွန်း သူ့တပည့်နှစ်ဦး၏ သိုင်းပြိုင်ပွဲတစ်ခုပြင်ဆင်ရန်အတွက် နှံ့နှံ့ စေ့စေ့အပြင် စီစဉ်ခိုင်းလိုက်လေသည်။

ပြိုင်ပွဲနေရာမှာ လုံကျွန်းယီတို့ သင်ခဲ့လေ့ကျင့်သည့် မီးနဂါး တောင် အနောက်ဘက် မြက်ခင်းပြင် ဖြစ်ပြီး သိုင်းပြိုင်ပွဲစည်း ကမ်းမှာ လက်နက်မဲ့ အရှုံးအနိုင် ယှဉ်ပြိုင်ရန်ဖြစ်သည်။

www.burmeseclassic.com



မီးနဂါးသိုင်းပညာက တပည့်နှစ်ဦး၏ ပြဿနာကို ကျိတ်န်၊ ချုန်းသည် ဆရာပီသစွာ ဖြေရှင်းပေးခြင်း ဖြစ်လေသည်။

နှင်းမှုန်များတစ်ဖွဲဖွဲကျနေသော နံနက်နေရောင်ခြည် ထွက်ဦးစမှာပင် မြက်ခင်းပြင်သို့ လူစုံတက်စုံရောက်ရှိနေကြသည်။

လုံကျွန်းယီကား ထိုသို့ စီစဉ်သည်ကို အလွန်ပင်အံ့သြသွားသည်။ သို့သော်....

သူသည် ဆရာ၏အမိန့်ကို မလွန်ဆန်နိုင်ချေ။

'ညီမ စဉ်းစားကြည့်ပါဦး၊ အစ်ကိုချိန်နဲ့ အစ်ကိုဟာ ရန်သူတွေမှ မဟုတ်တာ၊ ဘာဖြစ်လို့ ပညာတူ တပည့်ချင်း ယှဉ်ပြိုင်ရမှာလဲ၊ သူ့ကို အစ်ကိုက ပညာသင်ဘက် အစ်ကိုကြီး အနေနဲ့ အရှုံးပေးပြီးပြီပဲ'

'ရှင် ဘယ်လောက်ပဲ အရှုံးပေးပေး၊ သူ့ရဲ့တောင်းဆိုချက်က ရှင်နဲ့သူ ဘောင်ထိပ်မှာ တစ်ယောက်ယောက်မရှိမှ ဖြစ်မယ့်သဘောပဲ'

ကျိယုလင်းက လုံကျွန်းယီသဘောပေါက်အောင် သွယ်ဝိုက်၍ ပြောပြလိုက်သည်။

'ဘာဖြစ်လို့လဲ'

'ဒါကတော့ ရှင့်ဟာရှင် စဉ်းစားကြည့်ပေါ့၊ ပထမရှင့်ကို သစ်သီးနဲ့ အဆိပ်ခပ်သတ်တယ်၊ နောက်ပြီး အမဲလိုက်ရင်းလဲ ရှင့်ကို လုပ်ကြံခဲ့သေးတယ် မဟုတ်လား'

'ဟင်....ဟုတ်လား'

'ရှင်ဟာ တော်တော်ရိုးအတဲ့သူပဲ၊ အစ်ကိုလုံကျွန်းယီ ရှင့်ကို မားနဲ့ ပိုင်းလိုက်တာကို တွေ့တဲ့ အစ်ကိုကျိုးရင်က ပြန်ပြောပြလို့ ဖေဖေနဲ့ ကျွန်မ သိရတာ၊ အဲဒီတုန်းက ရှင်တို့ ပြဿနာ မဖြစ်အောင် သူက ဝင်ထိန်းခဲ့တာပဲ'



လုံကျွန်းယီသည် ကျွားသေခေါက်မှ ဖြစ်ရပ်ကို ပြန်စဉ်းစားကြည့်မိသည်။

'ဟာ.... ဟုတ်တာပေါ့၊ အစ်ကို ကျောက်ခက်ပန်းလေး ငုံ့ကောက်တုန်းက ... ဓားချက်က ချော်ပြီး အစ်ကို ဘေးမှာ လဲတာပဲ၊ ဒါကို အစ်ကိုကငုံ့လိုက်ဖမ်းရင်း ချော်လဲတယ်အောက်မေ့တာ'

'အင်း...ရှင် ကံကောင်းလို့မသေတာဘဲ၊ ရှင့်လိုအိုးတိုးအတ ကို ကံကြမ္မာက ဖေးမလို့သာပေါ့၊ ညကတော့ ရှင့်ကိုယ်တွေ့ပဲလေ၊ ဖေဖေတို့က ရှင့်ကိုခုတင်အောက်မှာ သိပ်ပြီးသာ စောင့်မဖမ်းခဲ့ရင် ရှင်ဒီမနက် မျက်နှာသစ်စရာမရှိတော့ဘူး'

'အင်းနော်... အစ်ကိုချိန်က အစ်ကို့ကိုမုန်းတီးပုံက အတော်အံ့သြစရာပဲ'

သိုင်းပြိုင်ပွဲ၌တိုက်ခိုက်ရန် မြက်ခင်းပြင်သို့လှမ်းလာရင်း လုံကျွန်းယီနှင့်ကျိယုလင်းတို့ စကားပြောလာကြခြင်းပင် ဖြစ်လေသည်။

မြက်ခင်းပြင်၌ ဆရာကျိတ်န်းယဲ့၊ ကျိုးရင်၊ ရှောင်အုံမှုနှင့် ကောင်းချိန်တို့ ရောက်ရှိနေကြပြီဖြစ်သည်။

ကောင်းချိန်သည် အညိုရောင်ခပ်ပွပွသိုင်းအင်္ကျီကို ဝတ်ဆင်ထားပြီး သူ၏လက်စွဲတော် နှစ်ဖက်သွားဓားရှည်ကို ကိုင်ကာ မြက်ခင်းထဲတွင် သေးပူစေရန် သိုင်းကွက်များကို လေ့ကျင့်နေသည်ကို တွေ့ရသည်။

www.burmeseclassic.com

လုံကျန်းယီကတော့ သိုင်းပြိုင်ပွဲတစ်ခုကို ယှဉ်ပြိုင်ရမည် သိသော်လည်း သူသည်ခပ်အေးအေးပင်နေလေသည်။

သူသည် ကောင်းချိန်ကို သဲသဲမဲမဲ အသေအကျေတိုက်ခိုက်လိုစိတ်မရှိပါ။

တတ်နိုင်လျှင် ကောင်းချိန်ကိုအနိုင်ပေး၍ သူမီးနဂါးတောင်ပေါ်မှ ဆင်းသွားလိုက်ချင်သည်။

သူ့မရောက်မီကတည်းက ရှိနှင့်နေသောကောင်းချိန်ကို ပယ်ထုတ်၍ သူ နေရာဝင်ယူစေချင်သောဆန္ဒသာ မရှိပါချေ။

'အစ်ကိုကျန်းယီ'

'ဘာလဲ'

'အစ်ကိုဟာ ဉာဏ်ကောင်းပါတယ်၊ ခုနေဖက်လဲ အစ်ကိုကို ပသင်ရသေးတဲ့ သိုင်းကွက်နှစ်ဆယ်ကို တိုက်ပွဲမှာမီ ပြောပြမှာပါ၊ အစ်ကိုအညံ့မခံနဲ့နော်၊ ဒီဟာတွေယ်လို့မှရှောင်လွှဲလို့မရဘဲ ကိုးပါ'

လုံကျန်းယီက ခေါင်းညိတ်လိုက်လေသည်။

'ဒါပေမယ့် ဒီလိုပြိုင်ပွဲမျိုးကို အစ်ကို စိတ်မကောင်းဘူး'

'ဘယ်သတ်နိုင်မလဲ၊ အစ်ကိုကောင်းချိန်မဟုတ်ဘဲ တခြားလူဆိုရင် ညာနေပေမယ့် အသေသတ်မှာပဲ၊ သူ့ရဲ့ထဲမဆုံးတဲ့ညီမြင်ရသေးတာ ဒီသိုင်းကျမ်းအရေး ပေးရတာပဲ'

'ခဏ ပြောရင်း မြက်ခင်းပြင်သို့ရောက်ရှိလာကြ၏

ထိုအချိန်မှာပင် မီးနဂါးသိုင်းဂိုဏ်းချုပ်ကြီးကျိုထန်းချန်းမှာလည်း အတူပါလာသော ခြွေရံမီးချောင်းနှင့် ရှေ့ကို ရောက်ရှိလာသေသည်။



ကျိုထန်းချန်းသည် မီးနဂါးတောင် ဂိုဏ်းချုပ်ကြီး၊ အဖြစ်ခံညံ့ခံပွဲများကို တက်ရောက်လေ့ရှိသော အနီရောင်ဝတ်စုံကြီးကို ဝတ်ဆင်ကာ နဂါးဦးထုပ်ကြီးကို ဆောင်းလာလေသည်။

ဆရာကြီးကျိုထန်းချန်းသည် မီးနဂါးတောင်ဂိုဏ်းအတွက် လုံကျန်းယီနှင့်ကောင်းချိန်တို့ ယှဉ်ပြိုင်တိုက်ခိုက်ရမည့်ပွဲကို အရေးကြီးသော ဖြစ်ရပ်တစ်ခုအဖြစ် သတ်မှတ်ကြောင်း ထင်ရှားနေလေသည်။

ခါတိုင်းနေ့များကဲ့သို့ ဆရာကြီးကျိုထန်းချန်း၏ မျက်နှာမှာ ချိုသာပြုံးပြခြင်းမရှိဘဲ တည်တည်ကြည် လေးနက်နေလေသည်။

ထိုကြောင့်ပင်—

ဆရာကျိုထန်းချန်း ရောက်လာသည်နှင့် အားလုံးထရပ်လိုက်ကြသည်။

ကျိုထန်းချန်းသည် ရောင်အုံစုနှင့်ကျိုးငြိမ်ကြည့်ရှု နေရာချထားပေးသော မြက်ခင်းပြင်ကို ထိုင်ခုံမြင့်တွင် ဝင်ထိုင်လိုက်သည်။

မြက်ခင်းပြင်တွင် ထိုင်ခုံငါးလုံးရှိရာ ထိုထိုင်ခုံငါးလုံးတွင် အလယ်ရှိထိုင်ခုံမှာ အမြင့်ဆုံးဖြစ်လေသည်။

ဒုတိယအမြင့်ဆုံးထိုင်ခုံမှာ ဆရာကျိုထန်းပေါ်မှာ ထိုင်လေသည်။ ဘေးတစ်ဖက်တစ်ချက်ရှိ ထိုင်ခုံသုံးလုံးတွင် ကျိုယုံလင်း၊ ကျိုးဝင်နှင့်ရှောင်အုံမှုတို့ ထိုင်လိုက်ကြသည်။

မြက်ခင်းပြင်၏ တစ်ဖက်တစ်ချက်တွင် မျက်နှာချင်းဆိုင်ကာ လုံကျန်းယီနှင့်ကောင်းချိန်တို့ ရပ်လိုက်ကြသည်။

www.burmeseclassic.com



'ကောင်းချိန်၊ လက်ထဲကဓားကိုလာအပ်ပါ'

ကောင်းချိန်မှာ ဆရာကြီးထန်းချန်း၏ပြတ်သားသေစအမိန့်သံကြောင့် မလွှဲသာတော့ဘဲ ဓားကို လာရောက်အပ်နှံလိုက်ရလေတော့သည်။

'ကဲ...မင်းတို့တိုက်ခိုက်ဖို့ နေရာယူကြပါ'

ဆရာကျော်ထန်းချန်းသည် ထိုင်ရာမှထရပ်ကာ အမိန့်ပေးလိုက်သည်။

မြက်ခင်းဘေးဖက်တစ်ချက်တွင် မီးနဂါးသိုင်းပညာရှင်၏ ရန်သူကိုရင်ဆိုင်မည့်ပုံစံအတိုင်း လက်နှစ်ဖက်ကိုရှေ့သို့ဆန့်တန်းကာ ညာခြေထောက်ကိုညွှတ်၍ ဘယ်ခြေနောက်သို့ဆန့်လျက် အနေအထားမျိုး လုံကျွန်းယီနှင့်ကောင်းချိန်တို့ အသင့်ပြင်ထားလိုက်ကြသည်။

'လုံကျွန်းယီ...အသေအချာနားထောင်ပါ၊ မင်းဟာ မီးနဂါးသိုင်းကွက်လေးဆယ်ကို အချိန်တိုအတွင်းမှာ တတ်မြောက်ခဲ့တဲ့သူပဲ...

'နောက်ဆင့်ကွန်ချာသိုင်းကွက်နှစ်ဆယ်ကို မင်းမတတ်သေးဘူး၊ ငါ့မြို့နားလည်အောင် ကွန်ချာသိုင်းကွက် နှစ်ဆယ်အကြောင်းကို နည်းနည်းပြောပြမယ်'

ဆရာကျော်ထန်းချန်း၏ အမိန့်စကား မဆုံးမီ ကောင်းချိန်၏စကား ထွက်ပေါ်လာသည်။

'ကွန်ချာသိုင်းကွက် နှစ်ဆယ်အကြောင်းကို သူ့ကိုပြောမပြလို့မရဘူးလား'



လုံကျွန်းယီဘက်မှ လိုက်သလိုလိုသဘောမျိုးဖြင့်ကောင်းချိန်က မထီလေးစား ပြောလိုက်ခြင်းဖြစ်သည်။

'ကောင်းချိန်၊ မင်းကိုငါကကွန်ချာသိုင်းကွက် နှစ်ဆယ်လုံးကို သင်ကြားပေးခဲ့ပြီးပြီပဲ၊ အခုန်တော့ မင်းလိုပဲလုံကျွန်းယီကိုငါက ကွန်ချာ သိုင်းကွက်နှစ်ဆယ်ကို သင်ကြားပေးပြီးမှသာ မင်းနဲ့ယှဉ်ပြိုင်ခွင့်ပေးရမှာ....

'ဒါပေမယ့် ငါဟာ ဒီလိုမလုပ်ဘူး၊ ဆရာသမားရဲ့ တပည့်တွေအပေါ်မှာ မျှတတဲ့စေတနာအတိုင်း ငါဟာ လုံကျွန်းယီကို ကွန်ချာသိုင်းကွက်နှစ်ဆယ်အကြောင်းကိုပြောပြတာ တရားမမျှဘူးလား'

ကောင်းချိန်သည် ဆရာထန်းချန်း၏ပြတ်သားသော စကားသံကြောင့် မည်သို့မျှထပ်၍မပြောဝံ့တော့ချေ။

လုံကျွန်းယီ...ကွန်ချာသိုင်းကွက်နှစ်ဆယ်မှာ ပထမသိုင်းကွက်ဆယ်ကွက်ဟာ ရန်သူကိုယောင်ချောက်ဆင်ပြီး တိုက်တဲ့ သိုင်းကွက်တွေပဲ၊ ဘာနဲ့သဘောတူသလဲဆိုရင်မင်းတတ်ပြီးခဲ့တဲ့နဂါးနဂါးအရိပ်သိုင်းကွက်ကို နဂါးပတ်ခေါက်ကွက်နဲ့ ရောမြိုးသုံးတဲ့သဘောပဲ...

နဂါးပတ်ခေါက်ကွက်မှာ ဓားဟာရန်သူ ကိုယ့်အကွက်ထဲက မထွက်နိုင်အောင် ဘေးဂ ရံတယ်မဟုတ်လား၊ အဲဒါကို နှစ်ထပ်ဖြစ်အောင် လေ့ကျင့်ထားတဲ့သဘောပဲ'

လုံကျွန်းယီသည် ဆရာကျော်ထန်းချန်း၏စကားကိုနားထောင်ရင်း စိတ်ထဲတွင် သိုင်းကွက်များကို မြင်ယောင် လာလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကောင်းချိန်မှာ ဈာန်နှလုံးရင်း သမုဒ္ဒရာပြူး ပြူးနေတော့သည်။

သဘောမှာ ကျွန်ချာသိုင်းကွက်ဆယ်ကွက်ကို မလေ့ကျင့်ဘဲ ခုခံလို့ရမလားဟူသောသဘောပင် ဖြစ်၏။

ဆရာကျော်ထန်းချွန်းက နောက်ထပ် သိုင်းကွက်ဆယ်ကွက် အကြောင်းကို ဆက်ပြောသည်။

'အဲဒါဆိုရင် ရှေ့ကျွန်ချာသိုင်းကွက် ဆယ်ကွက်ကို မင်း ခန့်မှန်းမိလောက်ပြီ၊ နောက်ကျွန်ချာသိုင်းကွက် ဆယ်ကွက်တော့ ရန်သူကို ထွက်ပေါက်ပေးပြီး တိုက်ခိုက်တဲ့ သိုင်းကွက်တွေပဲ၊ ဘာနဲ့သဘောတူသလဲဆိုရင် ရန်သူကို အထပ်ထပ်ပိတ်ဆို့ပြီး တိုက်ခိုက်တဲ့အခါ ရန်သူဟာထိတ်လန့်ပြီး ထွက်ပေါက်ကို ရှာမယ်၊ အဲဒီထွက်ပေါက်ကို ဖွင့်ပေးပြီးတော့ လေထဲမှာနေ ရန်သူရဲ့ ပြေးလမ်းကို ကြိုပိတ်ပြီး တစ်ချက်တည်းနဲ့ အနိုင်တိုက်တဲ့ နည်းပဲ၊ အဲဒီမှာ ညာလက်ဝါးချက်၊ ဘယ်လက်ဝါးချက် ငါးကွက်နဲ့ ခြေဖနောင့်ငါးကွက် စုစုပေါင်း ဆယ်ကွက်ပဲ'

ကျော်ထန်းချွန်းသည် စကားပြောရင်း လုံကျွန်းယိမျက်နှာကို အကဲခတ်နေသည်။

လုံကျွန်းယိသည် ထိုသိုင်းကွက်များကို စိတ်နှင့်ခန့်မှန်းကာ အာရုံလေ့ကျင့်နေပြီဖြစ်ကြောင်း ရိပ်မိလိုက်သည်။

'လုံကျွန်းယိ၊ သိုင်းကွက်တွေကို မှတ်မိသလား၊ ပြန်ပြောဖို့ လိုသေးသလား'

'ရပါပြီ ဆရာကြီး၊ ဒီလောက်ဆိုရင် ကျွန်တော် အသွားအလာကို ခန့်မှန်းနိုင်ပါပြီ'



လုံကျွန်းယိက ဦးညွှတ်ကာ ပြောလိုက်လေသည်။

'ကဲ...ဒါဆိုရင် ငါ့ကုလားထိုင်မှာ ထိုင်ချလိုက်တာနဲ့ စတင်တိုက်ခိုက်လို့ရပါပြီ'

[illegible] ကောင်းချိန်သည် ကျွန်းရဲ့ကုလားထိုင်ဆီသို့ သွားခနဲ ခုန်ဝင်ကာ လုံကျွန်းယိကို တိုက်ခိုက်လိုက်လေသည်။

'မြန်း....မြန်း'

'ဖြောင်း'

လုံကျွန်းယိက ညာလက်ဖြင့် ရိုက်ချသော လက်ဖျံကို သူ့ဘယ်လက်ဖြင့် ခံလိုက်သည်၊

တဖန် ဘယ်လက်နှင့် ထပ်ရိုက်သော ရိုက်ချက်ကို ညာလက်ဖျံဖြင့် ရိုက်ထုတ်လိုက်သည်၊

ထိုရိုက်ချက်နှစ်ချက်ကို လုံကျွန်းယိက ခုခံလိုက်စဉ်မှာပင် ကောင်းချိန်သည် လုံကျွန်းယိဝမ်းဗိုက်ထဲသို့ သူ့ခြေထောက်ကို ကန်ထည့်လိုက်ခြင်း ဖြစ်သည်။

သို့သော် လုံကျွန်းယိသည် သူ့ဘယ်ခြေကိုမြှောက်ကာ ကောင်းချိန်ညာဘက်ပေါင်ခြံကို ခပ်မြန်မြန်ဖြင့် လှမ်း၍ကန်ထုတ်လိုက်သောကြောင့် ကောင်းချိန်မှာ နောက်သို့ခုန်ဆုတ်လိုက်ရလေ၏။

ပေါင်ခြံကိုထိသော လုံကျွန်းယိ ဘယ်ခြေဖျားကန်ချက်မှာ ပြင်းထန်၍ ကောင်းချိန် အနည်းငယ်ထိတ်လန့်သွား၏။

သူ၏ညာဘက်ပေါင်သည် မျက်ခနဲ ဖြိုးသွားခဲ့ရလေသည်။

ကောင်းချိန် တိုက်ကွက်များမှာ မီးနဂါးသိုင်းပညာ၏ ရှေ့ပိုင်းတိုက်ကွက်များ၏ အသုံးချခြင်းဖြစ်၍ လုံကျွန်းယိမှာ ကောင်းကောင်းခုခံနိုင်ခြင်း ဖြစ်သည်ဟု ထင်မှတ်မိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



**'အင်း—ဒီကောင့်ကို ကွန်ချာသိုင်းကွက်တွေ သုံးမှဖြစ်မယ်'**

**ကောင်းချိန်သည် ထိုသို့တွေးတောကာ ကွန်ချာသိုင်းကွက်ထဲမှ နံပါတ်သုံး ကွန်ချာတိုက်ကွက်ကို စ၍အသုံးပြုလိုက်သည်။**

လက်ဝါးရိပ်များသည် လုံကျန်းယီပတ်ဝန်းကျင်တွင် တရိပ်ရိပ် ဖုံးလွှမ်းနေကြသည်။

ဘယ်ညာပြောင်းကာ ရိုက်ချက်များ လျှင်မြန်စွာ ရိုက်ချနေသောကြောင့် လုံကျန်းယီမှာ ထွက်ပေါက်မရှိဘဲ ဖြစ်နေလေသည်။

ထိုအချိန်မှာပင် လုံကျန်းယီသည် သူ့ကိုယ်ကို တစ်ပတ်လည်ကာ လက်ဝါးရိုက်ချက်များကို လှည့်ပတ်ခုန်ကာ ခုန်ထွက်လိုက်သည်။

'ဖြောင်း'

'အိုး'

လုံကျန်းယီ တိုက်ခိုက်လိုက်သော သိုင်းကွက်မှာ ကွန်ချာသိုင်းကွက်ကို ဖော[illegible]ထုတ်သည့် နည်းသစ်တစ်ခုအဖြစ် ဆရာကြီးကျိုထန်းချွန်းနှင့် ညီဖြစ်သူကျိုထန်းယွဲ့တို့ တွေ့မြင်လိုက်ကြရသည်။

ကျိုထန်းချွန်းနှင့်ကျိုထန်းယွဲ့သည် တစ်ဦးနှင့်တစ်ဦး နားလည်သော မျက်လုံးများဖြင့် ကြည့်လိုက်မိကြလေသည်။

ဝင်စစ် ကွန်ချာသုံး တိုက်ကွက်မှာ ရန်သူအား [illegible]က်ထွက်ပေါက် မရှိအောင် ပိတ်ဆို့ကာ ခသော တိုက်ကွက်ဖြစ်သည်။

ရန်သူကို စက်ဝိုင်းပုံပတ်ကာ တဖြည်းဖြည်း နယ်မြေကျဉ်းအောင် လုပ်ပြီး ရန်သူထိတ်လန့်နေစဉ်တွင် ရင်ဘတ်က စုကြဲ ဆွဲကြောကြီးကို ရိုက်ပိတ်ကာ အနိုင်ယူမည့် တိုက်ကွက်ဖြစ်၏။



လုံကျန်းယီက တိုက်ကွက်အသွားအလာကို စောင့်ကြည့်ရင်း နောက်ဆုံးရိုက်ချက်မရောက်မီ သူ၏ဘယ်ညာလက် နှစ်ဆင့်ရိုက်ချက်ဖြင့် ခန္ဓာကိုယ်ကို တစ်ပတ်လှည့်ကာ ရိုက်ပြီးခုန်ထွက်သွား[illegible]ကြောင့် ကောင်းချိန်၏ကွန်ချာသုံးတိုက်ကွက် ပျက်သွားရုံသာမက သူ့ညာလက်မှာလည်း ထုံကျဉ်သွားရလေသည်။

လုံကျန်းယီသည် ယခုတိုက်ခိုက်နေသည့်တိုက်ကွက်များအထိ ကောင်းချိန်ရိုက်ချက်ကို မမိရုံသာမက ကောင်းချိန်၏ညာခြေနှင့် ညာပေါင်တို့ကို နာကျင်အောင် ပြုနိုင်ခဲ့ပြီးဖြစ်၏။

ကောင်းချိန်သည် နောက်သို့သုံးလေးလှမ်း ဆုတ်လိုက်ကာ သိုင်းကွက်အသစ်ကို သုံးလိုက်သည်။

ဒုတိယကွန်ချာသိုင်းကွက်၏ ကိုးကွက်မြောက် ကျားနဲ့နဂါး တွေ့ဆုံပွဲအမည်ရှိ သိုင်းကွက်ဖြစ်သည်။

ထိုသိုင်းကွက်မှာ အဖွင့်သိုင်းကွက်မဟုတ်ဘဲ အချုပ်သိုင်းကွက်ဖြစ်၍ ရန်သူကိုချုပ်နှောင်ကာ အပြတ်တိုက်ခိုက်ခြင်းမဟုတ်ဘဲ ဆို့ပိတ်ချည်နှောင်ဟန်ပြု၍ ရန်သူထွက်သည့် ထွက်ပေါက်ကို စောင့်ကာ တစ်ချက်စည်း ဆို့ပိတ်၍ ခြေစုံတိုက်ကွက်ဖြင့် အပြီးသတ်မည့် တိုက်ကွက်ပင် ဖြစ်သည်။

လုံကျန်းယီထံ လှသွားခနဲ ခုန်ဝင်ကာ တိုက်လိုက် ပြန်ထွက်လိုက်နှင့် ကောင်းချိန် ချိန်ဆနေလေသည်။

သုံးကြိမ်မြောက် လုံကျန်းယီထံသို့ ခုန်ဝင်ကာ ကောင်းချိန်ပြန်အထွက် လုံကျန်းယီသည် လေထဲတွင် ကျွမ်းတစ်ပတ်ပစ်ကာ ကောင်းချိန့်ရှေ့မှ ခြေထောက်စုံဖြင့် မှောက်လျားထိုးကာ ကန်ချလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

'ဂုန်း'

'အား'

ကောင်းချိန်က ထိုတိုက်ကွက်မျိုးကို လုံကျွန်းယီ သုံးလိမ့်မည်ဟု မထင်ခဲ့ပေ။

ယခုကားတော့ ကောင်းချိန်သည် သူ့တိုက်ခိုက်မှုကို လုံကျွန်းယီ မခံနိုင်ဘဲ နောက်သို့ဆုတ်ရှောင်လိုက်လျှင် ဤသို့ပြန်ရန် ရည်ရွယ်ထားခြင်း ဖြစ်သည်။

အခုတော့ ကျန်ချာသိုင်းကွက် နှစ်ဆယ်ကို မသင်ရသေးသော လုံကျွန်းယီသည် ကောင်းချိန်သုံးမည့်သိုင်းကွက်ကို အချိန်စောစွာ သူက ခန့်မှန်းအသုံးပြုလိုက်ရာ ဆရာကျိုထန်းချွန်၊ ရှင်းပြသော သိုင်းကွက်ပေမ်းကြောင်းဖြင့် သူ့တွက်ဆမှု မှန်ကန်နေ၍ ကောင်းချိန် မြေကြီးပေါ်တွင် ဗိုင်းကိုင်လျက် လဲကျသွားလေ၏။

သူ့မျက်နှာမှာ ရှုံ့မဲ့နေပြီး ပါးစပ်ထဲမှ သွေးများကို ထွက်ခနဲ အန်ချလိုက်သည်။

ကောင်းချိန်သည် လုံကျွန်းယီကို အံ့အားသင့်စွာ မော့ကြည့်နေ၏။

စင်စစ် ထိုအချိန်တွင် လုံကျွန်းယီသည် ကောင်းချိန်မျက်နှာကို ခြေထောက်နှင့် ခုန်ဝင်ကန်ရမည်ဖြစ်သည်။

သို့သော် လုံကျွန်းယီသည် ထိုသို့မပြုလုပ်ခဲ့ပေ။

လုံကျွန်းယီ သိုင်း...ညာနှင့်သိုင်းကွက်ကို ဆရာကျိုထန်းချွန်းနှင့် ကျိုတန်းယဲ့ပါ အံ့အား...င့်သွားကြသည်။

ကောင်းချိန်သည် မြေကြီးပေါ်တွင် လက်ထောက်ထားရင်း ရုတ်တရက် မထနိုင်ဖြစ်နေသည်။



လူသည် ကိုချင်းသွေးကြောက် ထိခိုက်ခြင်းခံရ၍ လောလောဆယ် ခြေလက်များကို တိုက်ခိုက်မှုအတွက် လှုပ်ရှားခြင်း မပြုနိုင်တော့ပေ။

'ကဲ...ကောင်းချိန်၊ မင်း ရှုံးသွားပြီ...ရော့...မင်းရဲ့ဓား'

ဆရာကြီးကျိုထန်းချွန်းသည် ထချပ်ကာ ကောင်းချိန်၏ ဓားကို ပစ်ပေးလိုက်သည်။

ကောင်းချိန်မှာ သူ့ဓားကို ဆီးကြိုဖမ်းယူလိုက်သည်။

ကောင်းချိန်သည် အားယူကာ ထရပ်လိုက်၏။

ထို့နောက် ဆရာကျိုထန်းချွန်းအပါအဝင် ပွဲကြည့်သူများဘက်သို့ တစ်ချက်လှည့်ကြည့်လိုက်သည်။

'ခင်ဗျားတို့အားလုံး ဒီကိစ္စအတွက် နောင်တရစေရမယ်လို့ ကျုပ်ပြောခဲ့မယ်'

ကောင်းချိန်စကားကြောင့် ဆရာကျိုထန်းယဲ့က ထ၍ ရိုက်သတ်ရန် ပြင်လိုက်လေသည်။

သို့သော် ဆရာကြီးကျိုထန်းချွန်းက သူ့ညီပေါင်ကို လက်ဖြင့် ဖိထားလိုက်သည်။

'လူ့ကောင်းပေါ်က ဆင်းသွားပါစေ ကျန်းယဲ့၊ သူ့ကို အနှောင့်အယှက်မပေးပါနဲ့'

ကောင်းချိန်သည် နာကြည်းဝမ်းနည်းသော မျက်လုံးများဖြင့် ကျိုယုသင်းကို စူးစိုက်ကြည့်ပြီးနောက် ချာခနဲလှည့်ကာ မြက်ခင်းပြင်ပေါ်မှ ထွက်သွားလေတော့သည်။

'ဟေ့ဟေ့၊ သူ့မျက်လုံးတွေဟာ သမီးတို့အပေါ်မှာ တော်တော် နာကြည်းမုန်းတီးသွားတဲ့ မျက်လုံးတွေပဲ'

www.burmeseclassic.com

www.burmeseclassic.com



'ဘယ်တတ်နိုင်မလဲ သမီး၊ ဖေဖေဟာ ဆရာဖြစ်တဲ့အတွက် ကိုယ့်တပည့်ကို ကိုယ်ပြန်သတ်တဲ့လူတစ်ယောက် မဖြစ်ချင်ဘူး'

စိတ်မကောင်းသောအသံဖြင့် ဆရာကျော်ထန်းချန်းက ပြောလိုက်သည်၊

'အစ်ကို ထန်ချန်း၊ ကောင်းချိန်လိုလူမျိုးကို တောင်ဓပေါ်က ဆင်းခွင့်ပေးလိုက်တာတော့ မှားပြီလို့ ကျွန်တော်ထင်တယ်'

ထန်းယဲ့က နောက်ထပ်ဖြစ်ပွားလာမည့် ကလဲ့စား ချေမှုကို မနှစ်မြို့ဟန်ဖြင့် ပြောလိုက်သည်။

လုံကျွန်းယိသည် ဆရာကြီး ကျော်ထန်းချန်းထံသို့လျှောက်လှမ်းလာကာ ဒူးထောက်၍ အရိုအသေပေးလိုက်လေသည်၊

'အစ်ကိုချိန်ကို ကျွန်တော် ဒီလို အနိုင်ယူလိုက်မိတာ စိတ်မကောင်းပါဘူး ဆရာကြီး၊ သူ့နောက်ကို ကျွန်တော် လိုက်ပြီး တောင်းပန်ခွင့် ပြုပါ'

ကောင်းချိန်၏ နောက်သို့လိုက်၍တောင်းပန်ခွင့်ကို လုံကျွန်းယိက တောင်းဆိုလိုက်သည်၊

ဆရာကြီး ကျော်ထန်းချန်းက ခေါင်းခါလိုက်သည်။

'မင်း လိုက်တောင်းပန်ဖို့ မလိုပါဘူး၊ ဒီတိုက်ပွဲဟာ တရားမျှတပါတယ်၊ သူကိုယ်တိုင် ရွေးချယ်ခဲ့တဲ့ နည်းလမ်းပဲ'

မီးနဂါးတောင်တွင် စိတ်မကောင်းစရာ ဖြစ်ရပ်တစ်ခုကြောင့် တစ်ဦးနှင့်တစ်ဦး စကားမပြောဆိုကြတော့ဘဲ နေဟာများသို့ အသီးသီး ပြန်သွားခဲ့ကြလေတော့သည်၊



အထူးသဖြင့် ကောင်းချိန် ထွက်ခွာသွားမှုအတွက်ဝမ်းနည်း စိတ်မကောင်းအဖြစ်ဆုံးလူနှစ်ဦးမှာ ကျိုးရင်နှင့်ရှောင်အုံမှတို့ပင် ဖြစ်လေသည်၊

ထိုနေ့မှ အစပြု၍ ကောင်းချိန်သည် မီးနဂါးတောင်ရှိသိုင်း ဝိဇ္ဇာကြီးကို တိုက်ခိုက်နိုင်မည့် သိုင်းကိုက်းများကို လှည့်လည် ရှာဖွေလေတော့သည်၊

www.burmeseclassic.com

www.burmeseclassic.com

917
783 90
654

256
347 67
268
189

25
7
29

25
91
16

96
97
06
07

ကာလပရိစ္ဆေဒအားဖြင့် တစ်နှစ်တိတိကြာခဲ့ပြီဖြစ်သည်။

လုံကျွန်းယီသည် မီးနဂါး သိုင်းပညာ၏ လျှို့ဝှက်ချက် သိုင်းချက်ကိုပါ ဆရာကျိယန်းချွန်းက ဖွင့်ဟ ပြောဆိုခြင်း ခံလိုက်ရသည်။

တစ်နှစ်တာ ကာလအတွင်း လုံကျွန်းယီ နှင့် ကျိယုလင်းတို့မှာလည်း ချစ်ကျွမ်းဝင်ခဲ့ကြပြီးနောက် မီးနဂါးတောင်ထိပ်မှာပင် မိတ်ဆွေများကို ဖိတ်ကြားကာ ကျိယန်းချွန်းထံ သူတို့ နှစ်ဦးကို လက်ထပ်ပေးစားခဲ့လေသည်။

လက်ထပ်ပွဲပြီးနောက် တစ်နေ့တွင် ဆရာကြီး ကျိယန်းချွန်းသည် လုံကျွန်းယီတို့ လင်မယားကို ခေါ်ယူတွေ့ဆုံခဲ့၏။



'မင်းတို့ နှစ်ယောက်ဟာ အခုအကြင်လင်မယားဘဝရောက်သွားကြပြီ၊ ဒီတော့ သိုင်းလောကမှာရှိတဲ့သိုင်းပညာရပ်နဲ့သိုင်းဂိုဏ်းတွေကို လှည့်လည် လေ့လာ ဆည်းပူးဖို့ပဲ လိုတယ်၊ မင်းတို့ ယှဉ်ရှယ်တဲ့ သိုင်းစုံတွဲဟာ သိုင်းလောကထဲကိုဝင်သင့်ပြီ'

'ဟုတ်ကဲ့ပါ ဆရာကြီး၊ ကျွန်တော်ဟာလဲ ကျွန်တော့် ဒေသကို ပြန်ချင်တဲ့အတွက် ဆရာကြီးဆီမှာ ခွင့်တောင်း မလို့ပါဘဲ၊ ကျွန်တော် ဇနီး ကျိယုလင်းကို ကိုယ့်ဒေသကို ခေါ်ဆောင်သွားချင်ပါတယ်'

'ကောင်းတာပေါ့၊ သမီးလဲ မရောက်ဖူးတဲ့အရပ်ဒေသတစ်ခုကို ရောက်ရတာပေါ့၊ ဒါပေမယ့် မင်းတို့ နှစ်ယောက်ဟာ ကိုယ်တတ်တဲ့ သိုင်းပညာနဲ့ သိုင်းလောကမှာ အနိုင်ကျင့် နှိပ်စက်တာ၊ နာမည်ပျက်တာမျိုး မဖြစ်ရအောင် ဂရုစိုက်ကြပါ'

'စိတ်ချပါ ဆရာကြီး၊ ကျွန်တော်ဟာ အမှန်တရားဘက်မှာ အမြဲရပ်တည်ပြီးတော့ တရားမျှတတဲ့ တိုက်ပွဲကိုပဲ ရင်ဆိုင် တိုက်ခိုက်မယ်လို့ ကတိပေးပါတယ်'

'သမီးလဲ ဒီလိုပဲ ကတိပေးပါတယ် ဖေဖေ'

လုံကျွန်းယီနှင့် ကျိယုလင်းတို့သည် သူတို့၏ဆရာသခင်မိဘကို ကန်တော့လိုက်သည်။

'ကြော် – မင်းက ဒီလို ပညာစုံတော့ ငါ့တပည့်ကြီးကောင်းချိန်ကိုလဲ သတိရမိတယ်၊ သူ့သတင်းလဲ စုံစမ်းပါဦး၊ သူ့ကို မျက်အာပယ်ထား မထားကြပါနဲ့ကွာ'

www.burmeseclassic.com

www.burmeseclassic.com



'စိတ်ချပါ ဆရာကြီး၊ ကျွန်တော် အမျက်အာဃာတ မထား ဘူးလို့ ကတိပေးပါတယ်၊ အစ်ကို ကောင်းချိန်က အမျက်ထား သို့ တိုက်ခိုက်ရင်တောင် ရှောင်ရှားပါ့မယ်'

လုံကျွန်းယိက သူ့စိတ်ရင်း အမှန်အတိုင်း ပြောကြားလိုက် သည်။

ထို့နောက်....

သူတို့သည် ပညာသင်ဘက်ညီအစ်ကိုများဖြစ်ကြသော ကျိုး ရင်နှင့် ရှောင်အိုမှုတို့ကို နှုတ်ဆက်ကာ စကား ပြောဆိုလိုက်ကြ သည်။

'အေးလေ... တို့လဲ သိုင်းလောကထဲမှာ ရှိနေမှာပဲ၊ ကြုံတဲ့ အခါ တစ်ဦးနဲ့တစ်ဦး ကူညီကြတာပေါ့၊ ဆရာကြီးနှစ်ဦးကတော့ ဒီတောင်ထိပ်ပေါ်မှာပဲ တရားအားထုတ်မယ်လို့ ပြောကြတယ်'

'အင်း... ဆရာကြီးတွေလဲ ပညာ သင်စရာ တပည့်မရှိတော့ ငြိမ်းချမ်းသွားပြီပေါ့ဗျာ၊ သွားမယ်...ကျွန်တော်ကတော့ တန် ယန်းမြို့မှာ ရှိနေမှာပါ၊ အဲဒီမှာ ကိစ္စတစ်ခုတော့ရှိတယ်'

'ကောင်းပြီလေ၊ ကျုပ်တို့ တန်ရန်းမြို့ ရောက်ရင် ဝင်ခဲ့ပါ မယ်...'

လုံကျွန်းယိသည် ကျိယုလင်းကို လက်ဆွဲကာ တောင်ပေါ်မှ ဆင်းလာခဲ့လေတော့သည်။

ပတ္တမြားသခင်ကြီးသည် ပန်းချီကားသုံးချပ်ကို ကြည့်လိုက် သည်။

မိန်းမပျို သုံးဦး၏ပုံကို ရေးခြယ်ထားသော ပန်းချီကားဖြစ် သည်။

မိန်းမပျို သုံးဦးလုံးမှာ အလှပဂေးများဖြစ်၍ တစ်ဦးနှင့်တစ် ဦး ရုပ်ချင်းဆင်တူကြလေသည်။

သူ့ရှေ့တွင် ဒူးထောက်နေသော ပန်းချီဆရာကြီး ယိုချိလန် သည် ပန်းချီကား တစ်ခုချင်းကို ရှေ့တွင် ခင်း၍ ပြလိုက်လေ သည်။

မိန်းမပျိုသုံးဦး၏ပုံမှာ ရေထဲတွင် ကိုယ်တစ်ပိုင်းဖြင့် ရေချိုး နေကြသော ပုံများဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သုံးဦးစလုံးမှာ ဝင်းစက်လှပသော ရုပ်သွင်များ ရှိကြလေသည်။

ပန်းချီဆရာ ယိုချီလန်က စကားဆလိုက်လေသည်။

'ပြောပါဦး'

'ဒီ မိန်းမသုံးဦးဟာ အသက်ရှင်ထင်ရှားရှိကြတဲ့ မိန်းမပျိုတွေပဲ'

'ဟင်၊ ဒီမိန်းမပျိုတွေဟာသက်ရှိထင်ရှားတကယ်ရှိသလား'

'ရှိပါတယ်'

'ဘယ်မှာ နေသလဲ'

'သူတို့ ယင်ချန်တောင်ကုန်းရဲ့ လျှို့ဝှက်တဲ့ တောအုပ်ကြား ဒေသ
ထာနမှာ ရှိပါတယ်'

'ဟင်...အဲဒီနေရာကို ဘာခေါ်သလဲ'

'အဲဒီ နေရာကို သိုင်းသမား တော်တော်များများက စိမ်းမြကန်သာလို့ ခေါ်ကြပါတယ်၊ ဒါပေမယ့် စိမ်းမြကန်သာကိုရှာဖွေတွေ့ရှိတဲ့ သိုင်းသမားဟာ ပြန်လမ်းမရှိပါဘူး'

'ဘာဖြစ်လို့လဲ'

'ပန်းချီကားတွေကိုတော့ ကြိုက်သွားပြီ၊ ဒါပေမယ့် ဒီပန်းချီကားတွေရဲ့ ဆုစဝင်ကိုတော့ ပြောပြမှ ဖြစ်မယ်'

ကတ္တီပါထိုင်ခုံအနီကြီးပေါ်၌ ထိုင်နေသော ပတ္တမြားသခင်ကြီးက သူ့ခန္ဓာကိုယ်ကြီးကို ဘယ်ညာ စောင်းကာ ပြောလိုက်သည်။

'ပန်းချီကားရဲ့ ဆုစဝင်ကလဲ သိပ်တော့ စိတ်ဝင်စားစရာကောင်းပါတယ် သခင်ကြီး'



ပတ္တမြားသခင်ကြီးသည် ပန်းချီကားသုံးခုကိုကြည့်ကာ မျက်နှာ ရွှင်မြူးနေလေသည်။

'နတ်သမီးသုံးဖော်က သူတို့ဒေသ မပေါက်ကြားအောင် သုတ်သင်ပစ်လိုက်ကြလို့ပါပဲ'

'အင်း...ကြားဖူးတယ်၊ ကြားဖူးတယ်၊ လက်စသတ်တော့ နတ်သမီးသုံးဖော်ဆိုတာ ဒါပဲကိုး၊ ဒါနဲ့ ပန်းချီဆရာကြီးက ဘယ်လိုလုပ်ပြီး သူတို့ကို တွေ့ခဲ့ရတာလဲ'

'ကျွန်တော်က ယင်ချန်တောင်ကုန်းမှာ မျက်စိလည် လမ်းမှားပြီး ချုံနွယ်ထူထပ်တဲ့ ဒေသတစ်ခုမှာ ထွက်ပေါက်ရှာရင်းနဲ့ ရောက်သွားတာပါ၊ အဲဒီမှာ ရေချိုးနေတဲ့ နတ်သမီးသုံးဖော်တို့ကို တွေ့လို့ စိတ်အာရုံနဲ့ မှတ်သားပြီး အပြန်မှာ ရေးဆွဲတဲ့ ပန်းချီကားပါပဲ'

'ပန်းချီကားတောင် ဒီလောက်လှ ထယ်ဆိုရင် တော့ သူ့ကိုယ်တိုင်များ တွေ့လိုက်ရရင် မျက်စိကို လွှဲနိုင်မှာမဟုတ်ဘူး'

'ကဲ...ကျွန်တော် ပန်းချီကားတွေကို ဝယ်ဖို့ သဘောတူပြီလား'

'ဟာ...တူပါပြီ၊ တူပါပြီ'

'ကျူးရှိုကို'

သူ့ နောက်တွဲတော် ကျူးရှိုကိုသည် အခန်းလေးတစ်ခန်းထဲမှ ပြေးထွက်လာ၏။

'အမိန့်ရှိပါ သခင်ကြီး'

'ဒီပန်းချီဆရာကို လျှာမငွေသုံးထောင် ပေးလိုက်ပါ'

'ဟုတ်...ဟုတ်ကဲ့'

www.burmeseclassic.com

www.burmeseclassic.com



ပန်းချီဆရာကြီး ယိုချိုလန်မှာ မကြုံဖူးအောင် ဝမ်းသာသွားလေသည်။

'ခင်ဗျားခရီးလမ်းတွေကိုတော့ မှတ်သားမထားခဲ့ဘူးလား'

'မှတ်သားမထားမိပါဘူး၊ ဘာလို့လဲဆိုတော့ ချုံနွယ်တွေက အထပ်ထပ်နဲ့ လမ်းကိုရှာရခက်တဲ့ ဒေသမျိုးမို့ပါ'

'ကောင်းပြီ၊ ဒီပန်းချီကားကို မှတည်ပြီးတော့ စုံစမ်းရတော့မှာပဲ၊ ကဲ...ပန်းချီဆရာကြီး၊ ပြန်ချင်ရင်ပြန်နိုင်ပါပြီ'

'ဟုတ်...ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်'

ပန်းချီဆရာကြီး ဝမ်းသာအားရ ပြန်သွားလေတော့သည်။



ပတ္တမြားသခင်ကြီးသည် နတ်သမီးသုံးဖော်တို့နေထိုင်သော စိမ်းမြကန်သာကို လမ်းပြနိုင်ပါက ပတ္တမြားငါးလုံးကို ပေးမည်ဟု သိုင်းလောကသားများအား ကြေငြာစေခဲ့လေသည်။

သိုင်းလောကသားများမှာ ထိုသတင်းကို စိတ်ဝင်စားသောကြောင့် ယင်းချုံတောင်ကုန်းဒေသသို့ လာရောက်ကြကာရှာဖွေကြလေသည်။

သို့သော်...

စိမ်းမြကန်သာ၏ဝန်းကျင်တွင် နတ်သမီးသုံးဖော်တို့ စိုက်ပျိုးထားသော ဝက်ပါဆူးချုံကြီးများကြောင့် တိုး၍ မရနိုင်ဘဲ လက်လျှော့၍ ပြန်သွားရသူ များလေသည်။

ထူးခြားစွာ ဇွဲရှိရှိဖြင့်ရှာဖွေသောကြောင့် နတ်သမီးသုံးဖော်တို့ နေထိုင်သည့် စိမ်းမြကန်သာရေအိုင်ကြီးကို ခြေရာခံမိခဲ့သော သိုင်းသမားတစ်ဦး ရှိလေသည်။

သူသည် ချုံများကိုရှင်းရန် သံတူးဓားကို သုံးကာ သူဝင်သောလမ်းကို ပိတ်စ အနီစည်း၍ ချုံနွယ်များကို မှတ်သားခဲ့လေသည်။

စိမ်းမြကန်သာ ရေအိုင်နှင့် ကျောက်ချပ်တောင်ကို တွေ့မြင်သောအခါ ပါလာသောအစားကိုစား၍ ချုံထဲမှချောင်းကြည့်ရာ ကျူးစန်းနှင့် ကျူးရင် ညီအစ်မနှစ်ဖော် ရေချိုးနေသည်ကို တွေ့မြင်ခဲ့ရလေသည်။

သူသည် အပြန်လမ်းကို ပိုးကြိုးနီများဖြင့် စည်းကာ လမ်းကြောင်းကို မှတ်ခဲ့ပြီးနောက် ထူထပ်သောချုံများကို တစ်ရက်

www.burmeseclassic.com

www.burmeseclassic.com



ကြာ ထိုးဖောက်၍ ယင်ချွန်တောင်ကုန်း၏ ခရီးသွားလမ်းမပေါ်သို့ ပြန်ရောက်လာခဲ့လေသည်။

ထိုသူကား အခြားသူမဟုတ်....။

ယခင်က တုံးပေါ် [illegible]ကိုချွန်တို့နှင့် တွဲကာ လုယက်ခြင်း၊ ပြန်ပေးဆွဲခြင်းများကိုလုပ်ကိုင်ခဲ့သောသိုင်းသမား ကုန်းချွန်းရင် ပင် ဖြစ်သည်။

ကုန်းချွန်းရင်သည် ပတ္တမြားသခင်ကြီး၏သလင်းစံအိမ်ကြီးရှိရာသို့ခပြေးကာ ဝင်လာခဲ့လေတော့သည်။

ရုတ်တရက် ခပြေးဝင်လာသောကြောင့် စံအိမ် တံခါးစောင့်သည် သူ၏လှံရှည်ကြီးကို လှဲကာ တားလိုက်သည်။

'ရပ် ဘယ်သွားမလို့လဲ'

'ပတ္တမြားသခင်ကြီးဆီကို သွားမလို့ပေါ့ကွ'

'ဘာကိစ္စလဲ'

'သူ ကြေငြာထားတဲ့ ကိစ္စ'

'စိမ်းမြကန်သာ ကိစ္စလား'

'ဟုတ်ဘယ်၊ နတ်သမီးသုံးပော်ရှိတဲ့ ရေအိုင်ကြီးကို ကျုပ်တွေ့ သားပြီ၊ အဲဒါကြောင့် ပတ္တမြားသခင်ကြီးကို ကြောင်းကြားဖို့ လာတာပေါ့'

'ဒါဆိုရင် ဝင်သွား'

ဝင်းတံခါးစောင့်က ပြောလိုက်သောကြောင့် ကုန်းချွန်းရင်သည် သလင်းကျောက်ဖြူစံအိမ်ကြီး၏ ခလုကားထစ်များပေါ်သို့ လှမ်းတက်လာခဲ့လေတော့သည်။



စံအိမ်၏ ဧည့်ခန်းဝတွင် အိုးရန်နှင့် အိုးတင်းတို့က လှံရှည်နှစ်[illegible] ချောင်းဖြင့် ကြက်ခြေခတ်ကာ တားယား[illegible]

'ဘယ်သူလဲ ဘာကိစ္စလဲ'

'ကျုပ် နတ်သမီးသုံးပော်ရှိတဲ့ စိမ်းမြကန်[illegible] တွေ့လို့ လာခဲ့တာပဲ'

အိုးရန်၊ အိုးတင်းတို့က တံခါးကို ကိုင်တိုင်ဖွင့်ကာ ကုန်းချွန်းရင်ကို လက်ထစ်ဖက်စီကိုင်၍ ခေါ်လာကြ၏။

'ဘာလဲကွ၊ စံအိမ်ထဲကို သူခိုး ဝင်လာပြန်ပြီလား၊ ငါ့ကို အာပြမနေနဲ့၊ သတ်ပြီး လွှင့်ပစ်လိုက်'

ဝဖိုင့်သော ခန္ဓာကိုယ်ဖြင့် အရက် ထိုင်သောက် နေသော ပတ္တမြားသခင်ကြီးက ပြောလိုက်သည်။

'မဟုတ်ပါဘူး သခင်'

'မဟုတ်ရင် ဘာလဲ၊ ငါ့ရဲ့ စံအိမ်ရှေ့မှာ မထီလေးစားလာ လုပ်တာလား၊ ဒါဆိုလဲ လက်စသ ဖျောက်ပစ်လိုက်ပါကွာ'

ပတ္တမြားသခင်ကြီးမှာ မုန်းမုန်းနှင့် အော်လိုက်ပြန်သည်။

'ကျွန်တော်က ပတ္တမြားသခင်ကြီးရဲ့ ကြေငြာချက်ကြောင့် လာခဲ့တာပါ'

'ဘာကြေငြာချက်လဲ၊ မင်းက ငါနဲ့ ဒိုင်းပညာချင်းယှဉ်ချင်လို့လား၊ ငါနဲ့ယှဉ်ပြိုင်မယ့် သိုင်းသမားလိုလာခဲ့ဖို့ ငါ ကြေညာထားတာ ကြာပြီ'

ပြောပြောဆိုဆို ဝဖိုင့်၍ ကုပ်ပိုးဝိုနေသော ပတ္တမြားသခင်ကြီးမှာ သူ့ ဗိုက်ကြီးကို ပွတ်ကာ ထလာလေသည်။

www.burmeseclassic.com

www.burmeseclassic.com

'သခင်ကြီး မှားမယ်...မတော်တော်ဘူး၊ သူက နတ်သမီးသုံးဖော် နေတဲ့ စိမ်းမြကန်သာ စခန်းကို လမ်းကြောင်းသိလို့ ပေါက်လာတာပါ'

'ဟေ'

ယိုစကားကို ကြားသည်နှင့် ပတ္တမြားသခင်ကြီးမှာချက်ချင်း အမူအရာပြောင်းသွားလေသည်။

'သေချာလား၊ မင်းနာမည် ဘယ်လိုခေါ်လဲ'

'ကုန်းချုန်းမှုင်လို့ ခေါ်ပါတယ်'

'အေး...ကုန်းချုန်ရင်ကို ပတ္တမြား ငါးလုံး ချက်ချင်း ထုတ်ပေးလိုက်ပါ၊ 'ကဲ...အိရုန်နဲ့ အိတာင်း ဝေါယာဉ်ကို ခရီးထွက်ဖို့ အဆင်သင့်လုပ်ကြ'

စားပွဲပေါ်မှ အရက်ကရားနှင့်ပန်းကန်လုံးများ၊ စားစရာများကို ပတ္တမြားသခင်ကြီးက ဘေးသို့ တွန်းလှဲလိုက်လေသည်၊

ဝုန်းခနဲ လဲပြိုသံကြောင့် ကုန်းချုန်းရင်သည် လန့်သွားသည်၊

အစေခံများက ရှိနေကြပုံပေါ်နေသဖြင့် ချက်ချင်းပင် လာရောက်၍ သိမ်းဆည်းလိုက်ကြလေသည်။

ကျုံဝရှိုးသည် ကတ္တီပါအိတ်ရှုံ့လေးနှင့် အရည်အသွေးကောင်းသည့် ပတ္တမြား ငါးလုံးကို လာ၍ပေးခဲ့လေသည်။

သစ်ပင်တွင် အဝတ်စအနီရောင်ကို စည်းထားသည်ကို တွေ့ရသောကြောင့် လုံကျန်းယိသည် ကျွဲယုလင်းကိုဆွဲထားရင်း ခြေလှမ်းကို တုံ့ခနဲ ရပ်ပစ်လိုက်လေသည်၊

'ဘာဖြစ်လို့လဲအစ်ကို ဘာတွေ့လို့လဲ'

'ဟိုသစ်ပင်ကို ကြည့်စမ်း၊ ပိုးစအနီလေး စည်းထားတယ်၊ ဒါဟာ အမှတ်အသား တစ်ခုခုပဲ၊ ဟောဟိုက ချုံရဲ့အရင်းက ဆူးပင်မှာလဲ အဝတ်စ အနီပါလား'

'ဟုတ်တယ်နော်၊ ထူးဆန်းလိုက်တာ'

'လာ...ညီမ၊ ဒါဟာ လမ်းကြောင်း တစ်ခုခုကို မှတ်သားထားတဲ့ အစီအစဉ်ပဲ၊ တို့ ခရီးသွားရင်း ဝင်လေ့လာကြည့်ရအောင်'

'ကောင်းသားမဲ့'

www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် အပတ်စနီစည်းထားသောချုံရှိလူတစ်ယောက်ဝင်စာမနေရာမှ တိုးဝင်ခဲ့လေသည်။

ရှေ့တွင် ချုံများပိတ်ကာ လမ်းခွ သုံးခု ဖြစ်နေလေသည်။

'ညီမ…မစာစော်ကာလိုပဲ ပိုးစအနီလေးကိုပဲရှာမယ်'

'ဟုတ်ကဲ့'

သူတို့နှစ်ဦးသည် လမ်း သုံးခွမှ နည်းနည်းဝင်ကြည့်လိုက်ရာပိုးစနီကို မတွေ့၍ မူလနေရာသို့ ပြန်လာလိုက်သည်။

နောက်ဆုံးတွင် သူတို့သည် ပိုးစနီ စည်းထားသော လမ်းကြောင်းကို တွေ့ရလေသည်။

ဤသို့ဖြင့် လမ်းနှစ်ခွဆုံ၊ ငါးခွဆုံ၊ သုံးခွဆုံများကို ကျော်ဖြတ်လာခဲ့ရာ၊ နောက်ဆုံးတွင် ခက်မိုးတောသို့ရောက်ရှိလာခဲ့လေတော့သည်။

ခက်မိုးတောမှ ငုံ့ကြည့်လိုက်သောအခါတွင် ရေကန်ကြီးသို့ တွေ့မြင်လိုက်ရသည်

သို့သော်….

အောင်ဟစ်သံ၊ တိုက်ခိုက်သံများကို ကြားနေရလေသည်။

'ထန်း'

'ချွမ်း'

'အိုး'

'ချွင်'

'အမယ်လေ၊'



ထိုတိုက်ခိုက်သံ၊ အော်သံများကြောင့် မက်စုံချုံထဲမှ ထွက်ကြည့်လိုက်သောအခါ ရေကန်အောက်၊ ကျောက်တောင်ကြီးခြေရင်းတွင် လူအုပ်တစ်စုက တောင်နံရံထဲမှ ထွက်လာသောမိန်းမပျိုသုံးဦးနှင့် ယောကျ်ားတစ်ဦးအား ဝိုင်းဝန်းတိုက်ခိုက်နေသည်ကို တွေ့လိုက်ရလေသည်။

ပတ္တမြားသခင်ကြီးနှင့် သူ့လူများက နတ်သမီးသုံးဖော်ကိုဖမ်းဆီးရန်ဝိုင်း၍တိုက်ခိုက်နေကြခြင်းဖြစ်လေသည်။

'ဟေ…ကောင်မလေး သုံးယောက်ကတော့ မသေစေနဲ့၊ အမိအရဖမ်း၊ ဟိုကောင့်ကိုတော့ သေအောင်သတ်'

ပတ္တမြားသခင်ကြီးက တိုက်ပွဲကိုရပ်ကြည့်ရင်း အမိန့်ပေးနေသည်။

'ဟင်'

'ဒါ နတ်သမီးသုံးဖော်ရဲ့စခန်းပဲ အစ်ကို'

'ဟာ…ဟိုမှာ ကိုယ့်ညီငယ်ချင်း တိုးရှောင်ပဲ၊ သူ့ကို လူငါးယောက်လောက် ဝိုင်းတိုက်နေတယ်လား၊ လာ…ညီမလေး မတရားဝိုင်းတိုက်နေကြတာပဲ၊ အစ်ကိုတို့ ဝင်တိုက်ကြရအောင်'

'ကောင်းသားပဲ'

မမျှော်လင့်ဘဲ လုံကျွန်းယီနှင့်ကျိုယုလင်းသည် တိုက်ပွဲထဲတွင် ဝင်ရောက်လာကြောင့် ပတ္တမြားသခင်ကြီး၏လူများမှာ အထိနာသွားကြသည်။

'တိုးရှောင်…ငါရောက်လာပြီဟေ့၊ အားမလျှော့နဲ့'

'ဟင်…လုံကျွန်းယီ၊ မင်းဘယ်က ရောက်လာတာလဲ'

www.burmeseclassic.com

www.burmeseclassic.com



'နောက်မှ ပြော၊ ဒီကောင်တွေ အရင်ရှင်း'

တိုက်သံ၊ ခိုက်သံများ ဆူဆူညံညံ ထွက်ပေါ်လာရာ ပတ္တမြား သခင်ကြီး၏အမေအေပါး ဆယ်ဦးမှာ အချိန်တိုအတွင်းမှာပင် လဲကျကုန်လေသည်။

'မကျူးစန်း၊ ဘာမှအားမငယ်နဲ့တော့၊ ကျွန်မတို့ ရောက်လာပြီ'

'ဟင် ... မီးနဂါးဆရာကြီး သမီးပါလား၊ ကျေးဇူးပါပဲ'

ကျူးစန်းတို့ကလည်း အားဟက်ကာ တိုက်ခိုက်လိုက်ကြလေသည်။

မိမိလူများဘက်မှ အထိနာလာ၍ ပတ္တမြား သခင်ကြီးမှာ သူ၏သုံးမြှောင့်ဓားရှည်ကြီးကို ဆွဲထုတ်ကာ တိုက်ပွဲထဲသို့ ခုန်ဝင်လိုက်လေတော့သည်။

'ထန်း'

'ခွမ်း'

'အိုး'

ပတ္တမြားသခင်ကြီးက ဝင်ရောက် တိုက်ခိုက်သောကြောင့် အိရန်နှင့်အိဘင်းတို့ကို တိုက်ခိုက်နေသော ဓားမြသမား တုံးရှောင်မှာ လွင့်ထွက်သွားလေသည်။

ကိုယ်ခန္ဓာမှာ ဝဖိုင့်ပြီး လည်ကုပ်ကိုနေသော်လည်း ပတ္တမြား သခင်ကြီး၏ သိုင်းပညာမှာ အဆင့်မြင့်မားလှပေသည်။

တုံးရှောင်သည် နောက်သို့သာခုန်မရှောင်ပါက ခန္ဓာကိုယ် အထက်ပိုင်း ပြတ်သွားနိုင်လေသည်။



တို့ကြောင့်...

အိရန်ကိုဝင်၍ ဓားချက်ဖြင့်ပွဲသိမ်းလိုက်ကာ လုံကျွန်းယီသည် ပတ္တမြားသခင်ကြီးကို မျက်နှာချင်း ဆိုင်လိုက်လေတော့သည်။ ထိုအချိန်မှာပင် ကျိယုလင်းကလည်း အိုတင်း၏ ဗိုက်ထဲသို့ သူမ၏ဓားကို ထိုးသွင်းနိုင်ခဲ့ပြီး ဖြစ်ခလာသည်။

နတ်သမီးညီအစ်မသုံးဖော်မှာ ပတ္တမြားသခင်ကြီး၏ နောက်လိုက်သုံးဦးနှင့် ရင်ဆိုင်တိုက်ခိုက်လျက်ရှိ၏။

ပတ္တမြားသခင်ကြီးကို တုံးရှောင်နှင့် လုံကျွန်းယီတို့နှစ်ဦး ရင်ဆိုင်လိုက်သကဲ့သို့ ပတ္တမြားသခင်ကြီး၊ လူယုံတော် ကျူးရှိကို ကျိယုလင်းက ခုန်လွှားကာ တိုက်ခိုက်လိုက်ပြန်သည်။

ထန်း ထန်း ထန်း

ပတ္တမြားသခင်ကြီးသည် သူ့ခန္ဓာကိုယ်ကို ပေါ့ပါးစွာခုန်၍ ရှောင်ရင်းရှောင်ရင်း တိုက်ခိုက်နေလေသည်။

တုံးရှောင်၏မြွေဓားမှာ ပါးလွှာသောကြောင့် ပတ္တမြား သခင်ကြီး၏ဓားကို မခံနိုင်၍ ရှောင်ရှားနေရ၏။

လုံကျွန်းယီသည် ကြီးမားသောပတ္တမြားသခင်ကြီး၏ဓားကို သူ၏ဓားနှင့်ရင်မဆိုင်ဘဲ ရှောင်တိမ်းကာ ကျွန်ချာ သိုင်းကွက် ခုနှစ်ကွက်ဖြင့် လေထဲတွင်နှစ်ပတ်ခုန်ကာ ပတ္တမြားနဂါးကြီး၏ နောက်စေ့ကို သူ၏ဖနောင့်နှစ်ဖက်ဖြင့် ခြေစုံပေါက်ချလိုက်လေတော့သည်။

'ဘုန်း'

'အီး'

www.burmeseclassic.com

www.burmeseclassic.com



ပတ္တမြားသခင်ကြီး၏ လည်ကုပ်ပေါ်မှ ဆံမြိတ်ကျင်သွေးကြောများပြတ်သွား ၍မှောက်လျှောက်လျက် လဲကျသွားလေတော့သည်။

ထိုအချိန်မှာပင်—

နတ်သမီးသုံးဖော်ကလည်း လူသုံးဦးကို ရှင်းလင်းနိုင်ခဲ့ပြီး ကျိုယုသင်းက ပတ္တမြားကြီး၏ ကျုံးရှိသည့်တိုင်ကို ခါးနှင့်ခုတ်ပိုင်းဖြတ်လိုက်ခြင်း ဖြစ်လေသည်။

မိန်းမပျိုများကိုဖျက်ဆီးသော ပတ္တမြားသခင်ကြီးမှာ တဏှာအလိုကိုလိုက်ရင်း ဇီဝိန်ကြွေသွားခဲ့လေသည်။

တုံးမရှောင်နှင့် လိုကျူန်းယီတို့ ညီး တစ်ဦးနှင့်တစ်ဦး ပြေးဖက်လိုက်ကြသည်။

'ငါ့မင်းကိုလာရှာတာ'

'ငါလဲ မင်းကိုမတွေ့ချင်နေတာ'

တုံးမရှောင် ပြောပြသောကြောင့် နေဘီလူးဂိုဏ်းချုပ်စီမင်းကိုရှင်းသင်းရန် လိုကျူန်းယီ ဆုံးဖြတ်လိုက်လေသည်။

တုံးမရှောင်နှင့် အတူ နတ်သမီးသုံးဖော်ကလည်း လိုက်ပါကူညီရန် ဆုံးဖြတ်လိုက်ကြလေသည်။

သူတို့ခြောက်ယောက် သည် တစ်သွေး တစ်သား တည်း ဖြစ်သွားကြလေတော့သည်။

BURMESE CLASSIC .com

ကောင်းချိန်သည် ယင်ချွန်းပြည်နယ်မှထွက်ရင်း စီမင်းဖြင့်တွေ့ဆက်လောက် အိကျုံးနှင့် ဆုံစည်းမိကြသည်။

ထိုအချိန်တွင် အိကျုံးသည် သူတို့ကို လိမ်လည်အညီဖော်ယူသော တုံးလီနှင့် ကောက်ချွန်းတို့ကို သုတ်သင်ပြီးသောအချိန်ဖြစ်သည်။

အိကျုံးက ကောင်းချိန်အား သူရှာဖွေသောလူနှစ်ယောက်ကို မေးသည်။

လိုကျူန်းယီသည် မီးနဂါးတောင်တွင်ရှိကြောင်း၊ လိုကျူန်းယီကို သုတ်သင်နိုင်ရန် လူအင်အားလိုကြောင်း ပြောပြ၍ စီမင်းထံသို့သွားသော လူအင်အားနှင့် ပြန်တိုက်ရန် အိကျုံးသဘောတူလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အိကျင်းသည် ကောင်းချိန်ကို ခေါ်သွား၍ နေဘီလူးဂိုဏ်းချုပ်ကြီးအား အခြေအနေအရပ်ရပ်ကို ပြောပြလိုက်လေသည်။

စီမင်းသည် သူ့အစ်မ မုယုယု၊ သူ့တူ စီရွှန်းအပါအဝင် လူနှစ်ဆယ်ခန့်နှင့် ယင်ချုန်တောင်ကုန်းဘက်သို့ ထွက်လာခဲ့ကြလေတော့သည်။

ယင်ချုန်တောင်ကုန်း အဝင်အဝတွင် တောင်ပေါ်မှ ဆင်းလာသော လုံကျန်းယီဘို့အုပ်စုနှင့် စီမင်းတို့ ရင်ဆိုင်တွေ့ဆုံကြလေသည်။

'စီမင်း၊ ခင်ဗျားကို ကျုပ် တွေ့ချင်နေတာကြာပြီ'

မျက်နှာချင်းဆိုင်ရပ်မိရင်း စီမင်းကို လုံကျန်းယီက ပြောလိုက်သည်။

BURMESE CLASSIC .com

'ဒီတစ်ခါတော့ မင်း သေရမယ့်နေ့ပဲ'

စီမင်းက ပြောပြောဆိုဆို ခုန်ဝင်လာသည်။

ကောင်းချိန်နှင့် စီမင်း၏လူများသည် တစ်ပြိုင်တည်းဝင်၍ တိုက်ခိုက်လိုက်ကြ၏။

နတ်သမီးသုံးဖော်သည် နောက်လိုက်နောက်ပါများကို လူတို့၏အဝါရောင် နတ်သမီးအဆိပ်အပ်များဖြင့် ပစ်လွှတ်၍ နှိမ်နင်းလိုက်၏။

'အား....အား'

'အို'



ပြင်းထန်သော အဆိပ်မိကာ လဲကျကုန်လေသည်။

စီမင်းသည် တော်တော်အံ့ဩသွားသည်။

မုယုယုသည် သူ့သားစီရွှန်းကိုဖက်ကာ နတ်သမီးသုံးဖော်ထဲမှ အကြီးဆုံးကျူးစန်းအား တောင်းပန်စကားဆိုလိုက်သည်။

'မမတို့သားအမိကိုတော့ ခွင့်လွှတ်ပါကွယ်'

'ရှင်တို့သားအမိကတော့ အစ်ကိုလုံကျန်းယီကို ခွင့်လွှတ်ခဲ့လို့သား'

ပြောပြောဆိုဆို ကျူးစန်းလက်သည် လှုပ်ရှားလိုက်သည်။

မုယုယုနှင့် စီရွှန်းတို့၏ နဖူးပြင်တွင် အဝါရောင်အဆိပ်အပ်တစ်ခုစီ စိုက်ဝင်သွားလေသည်။

စီမင်းမှာ အခြေအနေမဟန်မှန်းသိ၍—

'လုံကျန်းယီ၊ မင်းအဖေပါမှာ ငါမှားခဲ့တာရှိရင် တောင်းပန်ပါတယ်'

ဟု ပြောလိုက်၏။

'ဒါပေမယ့် ကျွန်တော့်အဖေ လုံကောင်းချန်က အသေဖြောင့်မှာ မဟုတ်ဘူး'

'ငါ....ငါ မင်းအဖေကို မသတ်ပါဘူး'

ဟု ပြောရင်း စီမင်းသည် နောက်သို့ဆုတ်ပြေးလိုက်၏။

လုံကျန်းယီသည် လေထဲမှ စီမင်း၏နှလုံးအိမ်ကို ကွန်ချာသိုင်းကွက်ဖြင့် ရိုက်ခဲ့လိုက်လေသည်။

'အား'

www.burmeseclassic.com

www.burmeseclassic.com



စိမ်းအော်သံမှာ တောင်နံရံများထွင် ပဲ့တင်ထပ်သွား၏ ...

ကောင်းချိန်မှာလည်း ထွက်ပြေးဖို့ကြိုးစားရာမှ စုံးမှောင်...
မြွေဆွေးချက်မိကာသွားရှာပြီ ဖြစ်လေသည်။

'အစ်ကိုချိန်— အစ်ကိုချိန်'

လုံကျွန်းယိသည် ပြေး၍ပွေ့ဖက်လိုက်သည်။

ထိုနေရာသို့ ဘျိုယူလင်းပါ ပြေးကာရောက်ရှိလာသည်။

'အစ်ကိုချိန်'

ကောင်းချိန်သည် မျက်လုံးများကိုဖွင့်ကာ ပြုံးပြလိုက်၏။

'ငါ့ကို ခွင့်လွှတ်ကြပါ လုံကျွန်းယိနဲ့ကျိုယူလင်း၊ မကောင်း...
စိတ်ဟာ ဘယ်တော့မှအကျိုးမပေးဘူးဆိုတာ ငါယုံပါတယ်'

စကားအဆုံးတွင် ကောင်းချိန်မှာ အသက်ထွက်သွား...
တော့သည်။

ယင်ချုန်တောင်တန်းဒေသတွင် လေတဖြူးဖြူး တိုက်ခတ်...
နေသည်။

သူဟာစ်ပါးအား မတရားနှိပ်စက်လိုသော မိသားစုမှာ ...
တပြား သေဆုံးနေကြလေသည်။

လုံကျွန်းယိသည် ကျိုယုလင်းလက်မောင်းကို ဆွဲထူလိုက်၏။

ကျိုယုလင်း မျက်လုံးအိမ်တွင် မျက်ရည်များ စိုစွတ်နေ...
သည်။



တိုးရှောင်ဘည် ကျူးယွဲ့နန်လက်ကိုဆွဲကာ လုံကျွန်းယိရှိရာသို့
လျှောက်လှမ်းလာလေသည်။


နတ်သမီးသုံးပေါ်မှ အစ်မအကြီးဆုံး ကျူးစန်းနှင့် ကျူးရင်
တို့က ရှုခင်းများကို ကြည့်နေကြသည်။

'အမ၊ တုန်ရန်မြို့ကို ကျွန်မတို့ သွားကြည့်ကြရအောင်နော်'

ဟု ကျူးရင်က ပြောလိုက်လေသည်။

ပြီးပါပြီ။

မောင်နှင်းဆွေ



www.burmeseclassic.com
BURMESE CLASSIC .com
www.burmeseclassic.com